ကန့်သတ်

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန
# သစ်တောဦးစီးဌာန









# ခရိုင်သစ်တောအုပ်ချုပ်လုပ်ကိုင်မှုစီမံကိန်း
# ကော့သောင်းခရိုင်၊ တနင်္သာရီတိုင်းဒေသကြီး

## ၂၀၁၆ - ၂၀၁၇ ခုနှစ်မှ ၂၀၂၅ - ၂၀၂၆ ခုနှစ်အထိ

## စီမံကိန်း အပိုင်း(၁)


ပြုစုသူ
ဦးအိုက်စင်း *B.Sc(Forestry)*
လက်ထောက်ညွှန်ကြားရေးမှူး



မတ်လ၊ ၂၀၁၆ ခုနှစ်



ကန့်သတ်

## သစ်တောအုပ်ချုပ်လုပ်ကိုင်မှုစီမံကိန်း

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ | |
|---|---|---|---|
| | | မှ | ထိ |
| | **စီမံကိန်းအကျဉ်းချုပ်** | ၁ | ၈ |
| | **အပိုင်း (၁) လက်ရှိအခြေအနေ** | | |
| ၁ | **နိဒါန်း** | ၉ | ၁၁ |
| ၂ | **အခြေခံအချက်အလက်များ** | | |
| | ၂.၁ ဇီဝဆိုင်ရာအချက်အလက်များ | ၁၁ | ၂၁ |
| | ၂.၂ မြေအသုံးချမှု | ၂၁ | ၂၉ |
| | ၂.၃ သစ်တောသယံဇာတအရင်းအမြစ် | | |
| | ၂.၃.၁ သစ်တောအမျိုးအစားများနှင့်ဧရိယာအကျယ်အဝန်း | ၃၀ | ၃၅ |
| | ၂.၃.၂ သစ်ပင်ပေါက်ရောက်မှုအခြေအနေ | | |
| | ၂.၃.၂.၁ ကြိုးဝိုင်းတောများ | ၃၅ | ၄၀ |
| | ၂.၃.၂.၂ ကြိုးပြင်ကာကွယ်တောများ | ၄၀ | ၄၂ |
| | ၂.၃.၂.၃ ကြိုးပြင်တောများ (သစ်တောဖုံးလွှမ်းလျှက်ရှိသည့် အစိုးရစီမံခန့်ခွဲပိုင်ခွင့်ရှိသောမြေ) | ၄၂ | ၄၈ |
| | ၂.၃.၃ သစ်မဟုတ်သည့်သစ်တောထွက်ပစ္စည်းများ | ၄၈ | ၄၉ |
| | ၂.၃.၄ သဘာဝထိန်းသိမ်းရေးနယ်မြေများ | ၅၀ | ၅၀ |
| ၃ | **လူဦးရေဆိုင်ရာအချက်အလက်များ** | ၅၀ | ၅၃ |
| ၄ | **ယခင်အုပ်ချုပ်လုပ်ကိုင်မှု** | | |
| | ၄.၁ ထုတ်လုပ်ခြင်း | ၅၃ | ၅၄ |
| | ၄.၂ သစ်တောစိုက်ပျိုးပြုစုခြင်းနှင့်အုပ်ချုပ်လုပ်ကိုင်ခြင်း | ၅၄ | ၅၇ |
| | ၄.၃ လုပ်ငန်းဖွဲ့စည်းပုံနှင့်စီမံခန့်ခွဲခြင်း | ၅၈ | ၆၀ |
| | ၄.၄ လေ့ကျင့်ရေး၊ သုတေသနနှင့်ဖွံ့ဖြိုးရေး | ၆၁ | ၆၁ |
| | ၄.၅ အခွန်တော်ငွေနှင့်အသုံးစရိတ် | ၆၁ | ၆၁ |
| ၅ | **ယခင်လုပ်ငန်းဆောင်ရွက်မှုများအပေါ် သုံးသပ်ခြင်း** | | |
| | ၅.၁ ရည်မှန်းချက်များအကောင်အထည်ဖော်နိုင်မှု | ၆၁ | ၆၁ |
| | ၅.၂ လူမှုရေးနှင့်လူ့အဖွဲ့အစည်းဆိုင်ရာပြဿနာများ | ၆၁ | ၆၁ |
| | ၅.၃ အုပ်ချုပ်လုပ်ကိုင်မှုလုပ်ငန်းများ | ၆၁ | ၆၁ |

## သစ်တောအုပ်ချုပ်လုပ်ကိုင်မှုစီမံကိန်း

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ | |
|---|---|---|---|
| | ၅.၄ အဖွဲ့အစည်း၊ လုပ်ထုံးလုပ်နည်းဥပဒေနှင့် စည်းမျဉ်းစည်းကမ်းများ ဆိုင်ရာ စီစဉ်ခန့်ခွဲမှု | ၆၁ | ၆၂ |
| | ၅.၅ ပြင်ပအကြောင်းရင်းများမှ အကျိုးသက်ရောက်မှု | ၆၂ | ၆၂ |
| | ၅.၆ လိုအပ်ချက်နှင့်ဖြည့်ဆည်းပေးနိုင်မှု | ၆၂ | ၆၂ |
| | ၅.၇ အခွန်တော်ငွေနှင့်အသုံးစရိတ် | ၆၂ | ၆၂ |
| | ၅.၈ လုပ်ငန်းဆိုင်ရာအခက်အခဲအတားအဆီးများ | ၆၃ | ၆၃ |
| | ၅.၉ အထွေထွေ | ၆၃ | ၆၃ |
| **၆** | **နိဂုံး** | ၆၃ | ၆၃ |

**သစ်တောအုပ်ချုပ်လုပ်ကိုင်မှုစီမံကိန်း**

**မာတိကာ**


| စဉ် | အကြောင်းအရာ | စာမျက်နှာ | |
|---|---|---|---|
| | | မှ | ထိ |
| | **အပိုင်း (၂) အနာဂတ်အုပ်ချုပ်လုပ်ကိုင်မှု** | | |
| ၇ | **သစ်တောမူဝါဒ** | ၆၄ | ၆၅ |
| ၈ | **အုပ်ချုပ်လုပ်ကိုင်မှု ဦးတည်ချက်များနှင့် ရည်ရွယ်ချက်များ** | | |
| | ၈.၁ အုပ်ချုပ်လုပ်ကိုင်မှု ဦးတည်ချက်များ | ၆၅ | ၆၆ |
| | ၈.၂ အုပ်ချုပ်လုပ်ကိုင်မှု ရည်ရွယ်ချက်များ | ၆၆ | ၆၇ |
| ၉ | **အုပ်ချုပ်လုပ်ကိုင်မှု စီမံကိန်းရေးဆွဲခြင်း** | | |
| | ၉.၁ ထုတ်လုပ်ရေး သဘာဝသစ်တောများ | ၆၇ | ၆၇ |
| | ၉.၁.၁ အုပ်ချုပ်လုပ်ကိုင်မှု ရည်ရွယ်ချက်များ | ၆၇ | ၆၇ |
| | ၉.၁.၂ အုပ်ချုပ်လုပ်ကိုင်မှုနည်းလမ်းများ | ၆၈ | ၆၈ |
| | ၉.၁.၂.၁ ထုတ်လုပ်ရေးအလုပ်တိုက်နယ် | ၆၈ | ၆၈ |
| | ၉.၂ ထုတ်လုပ်ရေးသစ်တောစိုက်ခင်းများ | | |
| | ၉.၂.၁ အုပ်ချုပ်ရေးလုပ်ကိုင်မှုရည်ရွယ်ချက်များ | ၆၉ | ၇၈ |
| | ၉.၂.၂ အုပ်ချုပ်လုပ်ကိုင်မှု နည်းလမ်းများ | ၇၈ | ၇၉ |
| | ၉.၂.၂.၁ စိုက်ခင်းအလုပ်တိုက်နယ် | ၇၉ | ၉၉ |
| | ၉.၂.၃ အဖွဲ့အစည်း၊ လုပ်ထုံးလုပ်နည်း၊ ဥပဒေနှင့် စည်းမျဉ်းစည်းကမ်း များဆိုင်ရာ စီစဉ်ခန့်ခွဲမှု | ၉၉ | ၉၉ |
| | ၉.၂.၄ ဘတ်ဂျက်နှင့် ဘဏ္ဍာရေး | ၉၉ | ၉၉ |
| | ၉.၃ ဒေသထောက်ပံ့ရေး/ ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောများ | | |
| | ၉.၃.၁ အုပ်ချုပ်လုပ်ကိုင်မှု ရည်ရွယ်ချက်များ | ၁၀၀ | ၁၀၀ |
| | ၉.၃.၂ အုပ်ချုပ်လုပ်ကိုင်မှုနည်းလမ်းများ | ၁၀၀ | ၁၀၀ |
| | ၉.၃.၂.၁ ဒေသထောက်ပံ့ရေး/ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တော များ အလုပ်တိုက်နယ် | ၁၀၁ | ၁၀၁ |
| | ၉.၃.၃ အဖွဲ့အစည်း၊ လုပ်ထုံးလုပ်နည်း, ဥပဒေနှင့် စည်းမျဉ်းစည်းကမ်း များ ဆိုင်ရာ စီစဉ်ခန့်ခွဲမှု | ၁၁၆ | ၁၁၆ |
| | ၉.၃.၄ ဘတ်ဂျက်နှင့် ဘဏ္ဍာရေး | ၁၁၆ | ၁၁၆ |
| | ၉.၄ ရေဝေရေလဲ သစ်တောများ | | |
| | ၉.၄.၁ အုပ်ချုပ်လုပ်ကိုင်မှု ရည်ရွယ်ချက်များ | ၁၁၇ | ၁၁၇ |

## သစ်တောအုပ်ချုပ်လုပ်ကိုင်မှုစီမံကိန်း

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ | |
|---|---|---|---|
| | | မှ | ထိ |
| | ၉.၄.၂ အုပ်ချုပ်လုပ်ကိုင်မှု နည်းလမ်းများ | ၁၁၇ | ၁၁၈ |
| | ၉.၄.၂.၁ ရေဝေရေလဲသစ်တောများ အလုပ်တိုက်နယ် | ၁၁၈ | ၁၂၁ |
| | ၉.၄.၂.၂ ပြည်သူလူထုပူးပေါင်းပါဝင်ဆောင်ရွက်ခြင်း | ၁၂၁ | ၁၂၁ |
| | ၉.၄.၂.၃ သစ်တောပညာပေးခြင်း | ၁၂၁ | ၁၂၂ |
| | ၉.၅ သစ်မဟုတ်သည့်သစ်တောထွက် ပစ္စည်းများ | ၁၂၂ | ၁၂၂ |
| | ၉.၅.၁ အုပ်ချုပ်လုပ်ကိုင်မှု ရည်ရွယ်ချက်များ | ၁၂၂ | ၁၂၂ |
| | ၉.၅.၂ အုပ်ချုပ်လုပ်ကိုင်မှု နည်းလမ်းများ | ၁၂၂ | ၁၂၃ |
| | ၉.၅.၂.၁ သစ်မဟုတ်သည့်သစ်တောထွက် ပစ္စည်းများအလုပ်တိုက်နယ် | ၁၂၃ | ၁၂၅ |
| | ၉.၅.၂.၂ငှက်သိုက်အလုပ်တိုက်နယ် | ၁၂၅ | ၁၂၅ |
| | ၉.၅.၂.၂.၁အလုပ်တိုက်နယ်နှင့်လုပ်ကွက်စဉ်များဖွဲ့စည်းခြင်း | ၁၂၅ | ၁၂၅ |
| | ၉.၅.၂.၂.၂ငှက်သိုက်ထွက်ရှိမှုအခြေအနေ | ၁၂၆ | ၁၂၆ |
| | ၉.၅.၂.၂.၃ငှက်သိုက်ဆွတ်ခူးရာတွင်လိုက်နာဆောင်ရွက်ရမည့်လုပ်နည်းစဉ်များ | ၁၂၇ | ၁၂၇ |
| | ၉.၅.၂.၂.၄ငှက်သိုက်စုသိမ်းခွင့်ပြုသည့်ကာလ | ၁၂၈ | ၁၂၈ |
| | ၉.၅.၂.၂.၅ထုတ်လုပ်ခွင့်ပြုသည့်အရွယ်အစားနှင့်ပမာဏ | ၁၂၈ | ၁၂၈ |
| | ၉.၅.၂.၂.၆ထွက်ရှိမှုတွက်ချက်ခြင်း | ၁၂၈ | ၁၂၈ |
| | ၉.၅.၂.၂.၇အနားပေးကာလ | ၁၂၈ | ၁၂၈ |
| | ၉.၅.၂.၂.၈အုပ်ချုပ်လုပ်ကိုင်မှုဆိုင်ရာပြဌာန်းချက်များ | ၁၂၈ | ၁၂၉ |
| | ၉.၅.၃ ဒီရေတောအလုပ်တိုက်နယ် | ၁၂၉ | ၁၂၉ |
| | ၉.၅.၃.၁ အုပ်ချုပ်လုပ်ကိုင်မှု ရည်ရွယ်ချက်များ | ၁၂၉ | ၁၂၉ |
| | ၉.၅.၃.၂ အုပ်ချုပ်လုပ်ကိုင်မှုနည်းလမ်းများ | ၁၃၀ | ၁၃၀ |
| | ၉.၅.၃.၂.၁ ဒီရေတောသစ်တောများအလုပ်တိုက်နယ် | ၁၃၀ | ၁၃၄ |
| | ၉.၅.၃.၃ ပြည်သူလူထုပူပေါင်းပါဝင်ဆောင်ရွက်ခြင်း | ၁၃၄ | ၁၃၄ |
| | ၉.၅.၃.၄ သစ်တောပညာပေးခြင်း | ၁၃၅ | ၁၃၅ |
| | ၉.၅.၃.၅ အဖွဲ့အစည်းလုပ်ထုံးလုပ်နည်းနှင့် ဥပဒေစည်းမျဉ်းစည်းကမ်းများဆိုင်ရာစီမံခန့်ခွဲမှု | ၁၃၅ | ၁၃၅ |

# သစ်တောအုပ်ချုပ်လုပ်ကိုင်မှုစီမံကိန်း

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ | |
|---|---|---|---|
| | | မှ | ထိ |
| | ၉.၆ သဘာဝထိန်းသိမ်းရေး နယ်မြေများ | ၁၃၅ | ၁၃၆ |
| | ၉.၆.၁ ဂေဟာစနစ်များ အုပ်ချုပ်လုပ်ကိုင်ခြင်း | ၁၃၇ | ၁၃၇ |
| | ၉.၆.၁.၁ အုပ်ချုပ်လုပ်ကိုင်မှု ရည်ရွယ်ချက်များ | ၁၃၈ | ၁၃၈ |
| | ၉.၆.၁.၂ အုပ်ချုပ်လုပ်ကိုင်မှု နည်းလမ်းများ/ အမျိုးအစား | ၁၃၈ | ၁၃၉ |
| | ၉.၆.၂ တောရိုင်းတိရစ္ဆာန် နှင့် သဘာဝ အပင်များ အုပ်ချုပ်လုပ်ကိုင် ခြင်း | ၁၄၉ | ၁၅၁ |
| | ၉.၆.၃ အဖွဲ့အစည်း၊ လုပ်ထုံးလုပ်နည်း၊ ဥပဒေနှင့် စည်းမျဉ်းစည်းကမ်း များ ဆိုင်ရာ စီစဉ်ခန့်ခွဲမှု | ၁၅၂ | ၁၅၂ |
| | ၉.၆.၄ ဘက်ဂျက်နှင့် ဘဏ္ဍာရေး | ၁၅၂ | ၁၅၂ |
| | ၉.၇ သစ်တောကာကွယ်ခြင်း | | |
| | ၉.၇.၁ နယ်နိမိတ် သတ်မှတ်ပြင်ဆင်ထိန်းသိမ်းခြင်း | ၁၅၂ | ၁၅၄ |
| | ၉.၇.၂ မီးကာကွယ်ခြင်း | ၁၅၄ | ၁၅၅ |
| | ၉.၇.၃ ပိုးမွှားရောဂါကာကွယ်ခြင်း | ၁၅၅ | ၁၅၅ |
| | ၉.၇.၄ လှည့်လည်စစ်ဆေးခြင်း | ၁၅၅ | ၁၅၅ |
| | ၉.၇.၅ ကြိုးဝိုင်းတော/ကြိုးပြင်ကာကွယ်တောများဖွဲ့စည်းခြင်း | ၁၅၅ | ၁၅၆ |
| | ၉.၈. လေ့ကျင့်ရေး၊ သုတေသနနှင့် ဖွံ့ဖြိုးရေး | | |
| | ၉.၈.၁ လေ့ကျင့်ရေး | ၁၅၇ | ၁၅၇ |
| | ၉.၈.၂ သုတေသန | ၁၅၇ | ၁၅၇ |
| | ၉.၈.၃ ဖွံ့ဖြိုးရေး | ၁၅၇ | ၁၅၈ |
| | ၉.၉ သစ်တောအခြေခံလုပ်ငန်း | | |
| | ၉.၉.၁ ပြည်သူပိုင်ကဏ္ဍ | ၁၅၈ | ၁၅၈ |
| | ၉.၉.၂ သမဝါယမကဏ္ဍ | ၁၅၈ | ၁၅၈ |
| | ၉.၉.၃ ဖက်စပ်ပိုင်ကဏ္ဍ | ၁၅၈ | ၁၅၈ |
| | ၉.၉.၄ ပုဂ္ဂလိကပိုင်ကဏ္ဍ | ၁၅၈ | ၁၅၉ |

**သစ်တောအုပ်ချုပ်လုပ်ကိုင်မှုစီမံကိန်း**

**မာတိကာ**


| စဉ် | အကြောင်းအရာ | စာမျက်နှာ | |
|---|---|---|---|
| | | မှ | ထိ |
| | ၉.၁၀ သဘာဝဝန်းကျင်နှင့်ပက်သက်၍ထည့်သွင်းစဉ်စားရမည့် အချက်များ | ၁၅၉ | ၁၆၁ |
| | ၉.၁၁ အခြေခံအဆောက်အအုံ | ၁၆၂ | ၁၆၄ |
| | ၉.၁၂ ဝန်ထမ်းအင်အားနှင့် ဘတ်ဂျက် | ၁၆၅ | ၁၈၄ |
| | ၉.၁၃ ကြီးကြပ်စစ်ဆေးခြင်းနှင့် အကဲဖြတ်ခြင်း | ၁၈၄ | ၁၈၆ |
| | ၉.၁၄ အထွေထွေ | ၁၈၆ | ၁၈၇ |
| | **မြေပုံနှင့် နောက်ဆက်တွဲများ** | ၁၈၇ | ၁၈၇ |

# စီမံကိန်းအကျဉ်းချုပ်

## စီမံကိန်းအမည်

၁။ ဤစီမံကိန်းသည် တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းခရိုင်အတွက် ရေးဆွဲထားသော ကော့သောင်းခရိုင် သစ်တောအုပ်ချုပ်လုပ်ကိုင်မှု စီမံကိန်းဖြစ်ပါသည်။

## စီမံကိန်းကာလ

၂။ စီမံကိန်းကာလမှာ ၁၀ နှစ်(၂၀၁၆-၂၀၁၇ ခုနှစ် မှ ၂၀၂၅-၂၀၂၆ ခုနှစ်အထိ) ဖြစ်ပါ သည်။

## စီမံကိန်းရည်ရွယ်ချက်

၃။ သစ်တောများ ထာဝစဉ်တည်တံ့ဖွံ့ဖြိုးရေး အုပ်ချုပ်လုပ်ကိုင်မှု (Sustainable Forest Management) ဖြင့် ကော့သောင်းခရိုင်အတွင်းရှိ သစ်တောသယံဇာတများကို လုပ်ငန်း စီမံကိန်း အစီအစဉ်များ ချမှတ်လျှက် ထိန်းသိမ်းပြုစုပြီး စနစ်တကျထုတ်ယူသုံးစွဲခြင်းကို အကောင်အထည် ဖော် ဆောင်ရွက်ရန်ဖြစ်ပါသည်။

## အခွင့်အာဏာ

၄။ ၁၉၉၂ခုနှစ်သစ်တောဥပဒေပုဒ်မ ၁၀ အရ သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်သည် ဤသစ်တောအုပ်ချုပ်လုပ်ကိုင်မှုစီမံကိန်းကို သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၏ ခွင့်ပြုချက်ဖြင့် စီမံခန့်ခွဲမှု အခွင့်အာဏာများကို ကျင့်သုံးပြီး အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်ပါသည်။

၅။ ၁၉၉၅ ခုနှစ် မြန်မာ့သစ်တောမူဝါဒ၊ မူဝါဒသဘောထားကြေငြာချက် အခန်း ၃- ၆ တွင်လည်း ယေဘုယျ လမ်းညွှန်ချက်များနှင့် ရည်မှန်းချက်များချမှတ်ပေးမည့် (၁၀)နှစ် စီမံကိန်း တစ်ရပ် ရေးဆွဲရန် မူဝါဒလုပ်ငန်းတစ်ရပ်အဖြစ် ချမှတ်ပြဋ္ဌာန်းထားပါသည်။

## အကျယ်အဝန်းနှင့်လူဦးရေ

၆။ ကော့သောင်းခရိုင်တွင် ကော့သောင်းမြို့နယ်နှင့်ဘုတ်ပြင်းမြို့နယ်အပါအဝင် မြို့နယ်ပေါင်း (၂) မြို့နယ်ရှိပါသည်။ ခရိုင်၏ဧရိယာအကျယ်အဝန်းမှာ(၂၂၆၉၂၈၁)ဧကဖြစ်ပါသည်။ ကော့သောင်း ခရိုင်၊လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ဦးစီးဌာန၏ ၂၀၁၄ခုနှစ်၊ ဒီဇင်ဘာလ လူဦးရေနှင့်အိမ် အကြောင်းအရာ သန်းခေါင်စာရင်းအရ ခရိုင်၏ လူဦးရေမှာ (၂၂၁၇၃၈) ဦး ဖြစ်ပါသည်။

## မြေမျက်နှာသွင်ပြင်

၇။ ကော့သောင်းခရိုင်၏ မြေမျက်နှာသွင်ပြင်အနေအထားမှာ မြောက်ဘက်မှတောင်ဘက်သို့ တနင်္သာရီရိုးမတောင်တန်းအတိုင်း မြင့်မားသွယ်တန်းလျှက်ရှိပါသည်။ အနောက်ဘက် တစ်လျှောက်တွင် လွင်ပြင်များဖြစ်ပေါ်လျှက်ရှိပြီး လွင်ပြင်နှင့်ပင်လယ်ကမ်းခြေတို့တွင် မြို့ရွာများတည်ရှိလျက်ရှိပါသည်။ အနောက်ဘက်ကပ္ပလီပင်လယ်အတွင်း ကျွန်းစုများဖြစ်ပေါ်လျက်ရှိသည်။ ကျွန်းစုများတွင် ငှက်သိုက်ကျွန်းများနှင့် လန်ပိကျွန်းနှင့်အနီးကျွန်းငယ်များအား လန်ပိအဏ္ဏဝါအမျိုးသားဥယျာဉ် သဘာဝထိန်းသိမ်းရေးနယ်မြေများအဖြစ် ဖွဲ့စည်းသတ်မှတ်ထားပြီး ဖြစ်ပါသည်။ ပါချန်မြစ်သည် မြောက်ဘက်တွင်မြစ်ဖျားခံ၍ တောင်ဘက်သို့ ဖြတ်သန်းလာပြီး ကပ္ပလီပင်လယ်သို့ စီးဝင်ပါသည်။ တစ်နှစ်ပတ်လုံးရေစီးဆင်းလျှက် သယ်ယူပို့ဆောင်နိုင်သော မြစ်တစ်ခုဖြစ်ပါသည်။ လေညာမြစ်သည် တောင်ဘက်တွင်မြစ်ဖျားခံ၍ မြောက်ဘက်သို့ဖြတ်သန်းလာပြီး ကပ္ပလီပင်လယ်သို့စီးဝင်ပါသည်။

## ရာသီဥတု

၈။ ကော့သောင်းခရိုင်၏ ပျမ်းမျှအမြင့်ဆုံး အပူချိန်မှာ ၃၉.၇၀ ဒီဂရီစင်တီဂရိတ်ဖြစ်ပြီး ပျမ်းမျှအနိမ့်ဆုံး အပူချိန်မှာ ၁၂.၆၀ ဒီဂရီစင်တီဂရိတ် ဖြစ်ပါသည်။ တစ်နှစ်ပတ်လုံး မိုးရေချိန်မှာ ၁၇၆.၃၂ လက်မခန့် ရွာသွန်းပြီး ပျမ်းမျှစိုထိုင်းဆမှာ ၈၃ % ဖြစ်ပါသည်။

## သစ်တောမြေအသုံးချမှု

၉။ ၂၀၁၅ ခုနှစ် သစ်တောမြေအသုံးချမှုအခြေအနေမှာအောက်ပါအတိုင်း ဖြစ်ပါသည်-

| စဉ် | အမျိုးအစား | အရေအတွက် | ဧရိယာ(ဧက) | ခရိုင်ဧရိယာ၏ % |
|---|---|---|---|---|
| (၁) | (၂) | (၃) | (၄) | (၅) |
| ၁။ | ကြိုးဝိုင်းတော | ၃ | ၇၉၂၀၂၀ | ၃၄.၉၀ |
| ၂။ | ကြိုးပြင်ကာကွယ်တော | ၇ | ၄၆၀၇၁ | ၂.၀၃ |
| ၃။ | သဘာဝထိန်းသိမ်းရေးနယ်မြေ | ၁ | ၅၀၅၂၈ | ၂.၂၃ |
| | **စုစုပေါင်း** | **၁၁** | **၈၈၈၆၁၉** | **၃၉.၁၆** |
| ၄။ | ကြိုးပြင်တော | | ၄၇၄၃၉၈ | ၂၀.၉၁ |
| **စုစုပေါင်း** | | | **၁၃၆၃၀၁၇** | **၆၀.၀၇** |

**ဇစ်မြစ်-၂၀၁၅ ခုနှစ်၊ ခရိုင်သစ်တောဦးစီးဌာန၊ ကော့သောင်းမြို့။**

## သစ်တောအမျိုးအစားနှင့် သစ်၊ ကြိမ်၊ ဝါးများ

၁၀။ ကော့သောင်းခရိုင်တွင် ဒီရေတောနှင့်အမြဲစိမ်းတောများ ပေါက်ရောက်လျက်ရှိပါသည်။ အမြဲစိမ်းတောသည် ခရိုင်၏ ၇၂.၇၀ % ဒီရေတောသည် ၇.၄၇ % ဖြစ်ပါသည်။ အဖိုးတန်သစ်မာများ ပေါက်ရောက်နေပါသည်။ အခြားသစ်တောထွက်ပစ္စည်းများဖြစ်သည့် ဝါး၊ ကြိမ်နှင့်ဓနိတို့လည်း ထွက်ရှိပါသည်။ ကြိမ်အမျိုးအစားမှာ ရေကြိမ်၊ တောင်ကြိမ်၊ ခပေါင်းကြိမ်၊ ကြိမ်ဖြူ၊ ကြိမ်နံ့သာများ ဖြစ်ကြပါသည်။ ဝါးအမျိုးအစားများမှာ ဝါးနွယ်၊ ဝါးယား၊ တင်းဝါး၊ ဝါးဘိုးဝါး၊ ကျသောင်းဝါး၊ ကျခတ်ဝါး၊ ဝါးနက်တို့ ဖြစ်ပါသည်။ ကညင်၊ ကတွတ်၊ သင်္ကန်း၊ စကား၊ ကရဝေး၊ မှန်သင်း၊ ပျဉ်းမ၊ သစ်ခါး၊ ကံ့ကော်၊ တောင်သရက်၊ တောင်ပိန္နဲ၊ သပြေ၊ ဥဘန်၊ အောက်ချင်းစာ၊ ကောင်းမှူ၊ ယမနေ၊ သစ်ယာ သစ်မျိုးများကို အမြဲစိမ်းတောများတွင်တွေ့ရပြီး ဒီရေတောများတွင် လမု၊ သဖြူ၊ ဖြူးခြေထောက်၊ ဖြူးဥတစ်လုံး၊ ပင်လယ်အုန်း၊ မဓမနှင့်သမဲ့ စသည့် သစ်မျိုးများ ပေါက်ရောက် လျှက်ရှိပါသည်။

## သစ်ပင်ပေါက်ရောက်မှုနှင့် သစ်ထုထည်

၁၁။ ကော့သောင်းခရိုင်၊ ထုတ်လုပ်ရေးအလုပ်တိုက်နယ်တွင် ပေါက်ရောက်လျှက်ရှိသော ရင်စို့ လုံးပတ်(၂)ပေနှင့် အထက်ရှိ အပင်အရေအတွက်နှင့်၎င်းတို့၏ထုထည်မှာ အောက်ပါအတိုင်း ဖြစ်ပါ သည်-

| စဉ် | သစ်မျိုး | ပင်ရေ | ရောင်းတန်းဝင် ထုထည် (ကုဗတန်) | ၁ ဧကရှိ ရောင်းတန်းဝင် ထုထည် (ကုဗတန်) |
|---|---|---|---|---|
| (၁) | (၂) | (၃) | (၄) | (၅) |
| ၁။ | အုပ်စု(၁)သစ်မာများ | ၂၆၆၇၅ | ၁၄၁၅၁ | ၀.၁၀ |
| ၂။ | အုပ်စု(၂)သစ်မာများ | ၁၁၄၆၁၅၇ | ၄၆၅၂၄၅၅ | ၃၀.၂၀ |
| ၃။ | အုပ်စု(၃)သစ်မာများ | ၉၃၆၈၀၂ | ၆၃၃၃၉၀ | ၄.၁၁ |
| ၄။ | အုပ်စု(၄)သစ်မာများ | ၁၁၅၅၀၀ | ၅၈၁၉၅ | ၀.၃၇ |
| ၅။ | အုပ်စု(၅)သစ်မာများ | ၂၆၀၅၃၂၈ | ၁၅၀၄၀၂၁ | ၉.၇၆ |
| | **စုစုပေါင်း** | **၄၈၃၀၄၆၂** | **၆၈၆၂၂၁၂** | **၄၄.၅၄** |

**ဇစ်မြစ်-၂၀၁၅ ခုနှစ်၊ သစ်တောသယံဇာတစာရင်းကောက်ယူခြင်း။**

၁၂။ ကော့သောင်းခရိုင်အတွင်း သစ်နှင့်သစ်မဟုတ်သည့် သစ်တောထွက်ပစ္စည်းများ အထူးသဖြင့် ဝါး၊ ကြိမ်နှင့် ငှက်သိုက်များ ထွက်ရှိပါသည်။ ဝါးကို ဒေသအတွင်းသာသုံးစွဲပြီး ကြိမ်အနည်းငယ်နှင့်ငှက်သိုက်ကိုမူ စီးပွားဖြစ် ထုတ်လုပ်လျက်ရှိပါသဖြင့် သစ်တောကဏ္ဍသည် ဒေသခံပြည်သူများအတွက် အရေးပါသည့် အခန်းကဏ္ဍမှ ပါဝင်လျှက်ရှိ ပါသည်။

## လွန်ခဲ့သော (၁၀) နှစ်တာကာလအတွင်းထုတ်လုပ်မှု

၁၃။ လွန်ခဲ့သော(၁၀)နှစ်တာကာလအတွင်း ကော့သောင်းခရိုင်တွင် သစ်တောလုပ်ငန်းများကို လျာထားချက်ပြည့်လုနီးပါး ဆောင်ရွက်နိုင်ခဲ့ပြီး သစ်မာမျိုးစုံကို နှစ်စဉ်ခွင့်ပြုတောထွက် (AAC) ထက်မကျော်လွန်စေဘဲ၊ နယ်မြေလုံခြုံရေးအခြေအနေအရ MP စနစ်ဖြင့် ထုတ်လုပ်ခဲ့ခြင်း၊ အုပ်မိုးကာဆိုင်းခုတ်လှဲပေးခြင်း၊ နွယ်ဖြတ်ညောင်ပတ်လှဲခြင်း၊ ကြိုးဝိုင်းနယ်နိမိတ် ပြင်ဆင်ခြင်း၊ အကွက်နယ်နိမိတ်ပြင်ဆင်ခြင်းများ ပြုလုပ်နိုင်ခဲ့ပါသည်။

၁၄။ (၁၀)နှစ်တာကာလအတွင်း ပျမ်းမျှနှစ်စဉ် သစ်မာထုတ်လုပ်မှုမှာ စုစုပေါင်း (၁၅၇၅၈) ကုဗတန် ဖြစ်ပါသည်။ ပျမ်းမျှနှစ်စဉ် ဝါးထုတ်လုပ်မှုပမာဏမှာ ထောင်ပေါင်း (၁၈၀) ဖြစ်ပြီး၊ ကြိမ်ထုတ်လုပ်မှုမှာ ထောင်ပေါင်း(၆၀)ဖြစ်ပါသည်။ အခြားသစ်တောထွက်ပစ္စည်းများဖြစ်သည့် ထင်း(၄၈၀၀)ကုဗတန်၊ မီးသွေး(၇၉၀၀)ကုဗတန်၊ ဓနိ/သက်ကယ်ဖျစ် (ထောင်ပေါင်း) (၆၅၀)ဖျစ် ၊ ငှက်သိုက် (၉၀၀) ပိဿာခန့် ထုတ်လုပ်ခဲ့ပါသည်။

## သစ်အခြေခံစက်မှုလုပ်ငန်းများ

၁၅။ ခရိုင်အတွင်းသစ်အခြေခံစက်မှုလုပ်ငန်းများအနေဖြင့် ပုဂ္ဂလိကပိုင် သစ်စက်ကြီး (၂) စက်၊ စက်သေး (၄)လုံး ရှိပါသည်။

## အလုပ်တိုက်နယ်များ

၁၆။ ကော့သောင်းခရိုင်ကို အောက်ဖော်ပြပါအတိုင်း အလုပ်တိုက်နယ်များဖြင့် ဖွဲ့စည်းတည်ထောင်ထားပြီး ချမှတ်ရေးဆွဲထားသောလုပ်ငန်းအစီအစဉ်များနှင့်အညီ သိပ္ပံနည်းကျ စီမံအုပ်ချုပ်လုပ်ကိုင်သွားမည်ဖြစ်ပါသည်။

### (က) ထုတ်လုပ်ရေးအလုပ်တိုက်နယ်

ဤအလုပ်တိုက်နယ်ကို ခုတ်စဉ်(၃)ခုဖြင့် ဖွဲ့စည်းထားပြီး အကျယ်အဝန်းအားဖြင့် (၁၅၄၀၆၃) ဧက ကျယ်ဝန်းပါသည်။ ခုတ်စဉ်(၃)ခုမှ သစ်မာ အုပ်စု(၁) မှ(၅)အထိ နှစ်စဉ်တောထွက် (၁၅၂၇၀)ပင် ဖြစ်ပါသည်

## (ခ) စိုက်ခင်းများအလုပ်တိုက်နယ်

ဤအလုပ်တိုက်နယ်ကို စီးပွားရေးစိုက်ခင်းများအလုပ်တိုက်နယ်နှင့် ပုဂ္ဂလိက စိုက်ခင်းများ အလုပ်တိုက်နယ်များဖြင့် ဖွဲ့စည်းထားပြီးဧရိယာမှာ (၂၆၂၃၅၈) ဧက ဖြစ်ပါသည်။ ဌာနမှ တည်ထောင်ပြီးစိုက်ခင်းများမှာ စီးပွားရေး (ကျွန်း) စိုက်ခင်း (၁၂၀) ဧက၊ စီးပွားရေး(ပျဉ်းကတိုး) စိုက်ခင်း (၄၃၀) ဧက၊ စီးပွားရေး (ကြက်ဆူ)စိုက်ခင်း (၃၀) ဧက၊ ပေါင်း(၅၈၀)ဧက တည်ထောင်ထားပါသည်။ ပုဂ္ဂလိကသစ်မာမျိုးစုံ (ပျဉ်းကတိုး) စိုက်ခင်း (၁၀၃)ဧက၊ သစ်မွှေး (၃)ဧက၊ ကုမ္ပဏီများနှင့် ပုဂ္ဂလိကများမှ စိုက်ပျိုးသည့် ပုဂ္ဂလိက ရာဘာစိုက်ခင်း (၉၆၇၈) ဧက၊ ပုဂ္ဂလိက ဆီအုန်းစိုက်ခင်း (၈၄၈၈၂) ဧက၊ ပုဂ္ဂလိကစိုက်ခင်းပေါင်း (၉၄၆၆၆)ဧက တည်ထောင်ထားရှိပါသည်။ စိုက်ကွက်စဉ် (၆)ခုဖြင့်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ စီမံကိန်းကာလအတွင်း ဤအလုပ်တိုက်နယ်တွင် ပုဂ္ဂလိကစိုက်ခင်းများဖြစ်သည့် သစ်မာမျိုးစုံ၊ ရာဘာ၊ ဆီအုန်းစိုက်ခင်းများ၊ သစ်တောနယ်မြေအတွင်း ကျူးကျော်လုပ်ကိုင်ထားသည့် ဥယျာဉ်ခြံ၊ နှစ်ရှည်စိုက်ခင်း၊ အိတ်ဖွင့်တင်ဒါ အောင်မြင်သည့်စိုက်ခင်းများအပါအဝင် စုစုပေါင်း (၄၁၇၄၉)ဧကကို တည်ထောင်သွားမည်ဖြစ်ပါသည်။ ကျန်စိုက်ခင်းအလုပ်တိုက်နယ်တွင် ပါဝင်သော ဧရိယာ (၁၂၅၃၆၃)ဧကကို သဘာဝတောထိန်းသိမ်းခြင်းလုပ်ငန်း ဆောင်ရွက်ခြင်း ဖြင့် ထိန်းသိမ်းဆောင်ရွက်သွားမည် ဖြစ်ပါသည်။

## (ဂ) ဒေသထောက်ပံ့ရေး၊ ဒေသခံပြည်သူ အစုအဖွဲ့ပိုင် သစ်တောများ အလုပ် တိုက်နယ်

ဤအလုပ်တိုက်နယ်ကို ကျေးရွာသုံးထင်းစိုက်ခင်းပေါင်း (၁၃၀)ဧက၊ ဒေသခံပြည်သူ အစုအဖွဲ့ပိုင်သစ်တောစိုက်ခင်း(ဒီရေတော)(၂၀၀)ဧက၊ ကျေးလက်အိမ်ရာ ထူထောင်ရေး၊ ကျေးရွာပိုင်သစ်တောစိုက်ခင်းတစ်ရွာတစ်ဧကစိုက်ခင်း စုစုပေါင်း (၁၄)ဧက၊ မလိဝမ်းဒေသအတွက် ပါချန်ကြိုးဝိုင်းအတွင်းရှိ ဒီရေတော (၁၅၄၅၂)ဧက၊ တောနိမ့် ဧရိယာ (၂၆၀)ဧက၊ မလိဝမ်း ကြိုးပြင်ကာကွယ်တော(ဒီရေတော) (၂၈၄၇)ဧက၊ အောင်ဘာဒေသအတွက် အောင်ဘာ ကြိုးပြင်ကာကွယ်တော(ဒီရေတော)(၁၁၂၉)ဧက၊ ချန်းဖန်းဒေသအတွက် ချန်းဖန်း (မပုတေး) ကြိုးပြင်ကာကွယ်တော (ဒီရေတော) (၂၄၆၇)ဧက၊ အော်ကြီးဒေသအတွက် အော်ကြီးကြိုးပြင်ကာကွယ်တော (အော်ကြီး ချောင်း) (ဒီရေတော) (၁၆၀၁)ဧက၊ အော်ကြီးကြိုးပြင်ကာကွယ်တော (ပုလောကျိုလီ) (ဒီရေတော) (၁၁၈၄)ဧက၊ စူငယ်ဘာလိုင်းဒေသအတွက် စူငယ်ဘာလိုင်းကြိုးပြင် ကာကွယ်တော(ဒီရေတော) (၁၂၀၂) ဧက၊ ချောင်းကဖီးဒေသအတွက် ချောင်းကဖီး ကြိုးပြင်ကာကွယ်တော (ဒီရေတော) (၃၄၆၉၉) ဧက၊ ရေငံကြီးဒေသအတွက် ရေငံကြီး အဆိုပြုကြိုးပြင်ကာကွယ်တော (ဒီရေတော)(၂၈၅၂၃)ဧက၊ ထီးခီးဒေသအတွက်

လေညာကြိုးဝိုင်းအတွင်းမှ သဘာဝတောနိမ့် (၂၃၈၉၆) ဧက၊ ရုံးတော်ဒေသအတွက် လေညာကြိုးဝိုင်းအတွင်းမှ သဘာဝတောနိမ့် (၄၃၂၆) ဧက၊ ရတနာပုံဒေသအတွက် လေညာကြိုးဝိုင်းအတွင်းမှ သဘာဝတောနိမ့် (၅၅၆၂) ဧက၊ ရွာဟီးလူဒေသအတွက် သဘာဝတောနိမ့် (၁၂၉၇၈)ဧက၊ ဧရိယာ စုစုပေါင်း (၁၃၆၄၇၀) ဧကဖြင့် ဖွဲ့စည်းထားပါသည်။ ဒီရေတော အလုပ်တိုက်နယ်မှ ဧရိယာ (၈၉၁၀၄)ဧကနှင့်ထပ်၍ ဖွဲ့စည်းထားပါသည်။

## (ဃ) ရေဝေရေလဲအလုပ်တိုက်နယ်

ကော့သောင်းခရိုင်အတွင်းတွင် တည်ဆောက်ထားသော ရေလှောင်တမံကြီးများ မရှိသော်လည်း ကော့သောင်းမြို့အား သုံးရေရရှိရန် တည်ဆောက်ထားသော ယင်းဝါရေကန်အား သန့်ရှင်းသောရေရရှိစေရန်နှင့် ရေရှည်တည်တံ့စေရန်ရည်ရွယ်၍ ယင်းဝါအဆိုပြုကြိုးပြင်ကာကွယ်တော(၅၅၄)ဧကအား ရေဝေရေလဲအလုပ်တိုက်နယ်အဖြစ် ယခင်(၁၀)နှစ်တာကာလအတွင်းက ဖွဲ့စည်းထားခဲ့ပါသည်။ သို့ရာတွင် လက်ရှိမြေပြင်အခြေအနေအရအဆိုပါယင်းဝါအဆိုပြုကြိုးပြင်ကာကွယ်တော(၅၅၄)ဧကသည် ဒေသခံပြည်သူများ၏စိုက်ခင်း(၄၂၂)ဧကနှင့် တပ်ဧရိယာ (၁၃၀)ဧကပါဝင်နေပြီး၊ လက်ကျန်သဘာဝတောအနေဖြင့် (၂)ဧကခန့်သာ ကျန်ရှိနေခြင်း၊ မြို့နှင့်နီးကပ်ခြင်း၊ မြို့နယ်စည်ပင်သာယာရေး နယ်နိမိတ်ကျရောက်နေခြင်းတို့ကြောင့် ကြိုးပြင်ကာကွယ်တောဖွဲ့စည်းရန် မသင့်တော့ကြောင်းတင်ပြထားသဖြင့် အဆိုပါဧရိယာကို ဤစီမံကိန်းကာလအတွင်း ရေဝေရေလဲအလုပ်တိုက်နယ်တွင် ထည့်သွင်းဖွဲ့စည်းခြင်းမပြုလုပ်တော့ပါ။ ဤအလုပ်တိုက်နယ်ကို ပါချန်ကြိုးဝိုင်းအတွင်း (၁၄)မိုင်အနီး ရေထွက်ထိန်းသိမ်းရန်အတွက် ဧရိယာ (၁၉၁၇)ဧက၊ ဆလုံဖူးနီချောင်းဖျားရေဝေရေလဲအတွက် ဧရိယာ (၁၂၅၉၄)ဧက၊ ဟန်ကဒိုင်းချောင်းဖျားရေဝေရေလဲအတွက်ဧရိယာ (၆၁၈၄)ဧက၊ လေညာကြိုးဝိုင်းအတွင်း တောင်မတ်စောက်သည့်ဧရိယာအား ရေတိုက်စားမှုမှ ထိန်းသိမ်းရန်အတွက် ဧရိယာ(၆၃၉၂)ဧက၊ စုစုပေါင်းဧရိယာ(၂၇၀၈၇)ဧကဖြင့် ဖွဲ့စည်းထားပါသည်။

## (င) သစ်မဟုတ်သည့် သစ်တောထွက်ပစ္စည်းများအလုပ်တိုက်နယ်

ကော့သောင်းခရိုင်အတွင်းသစ်မဟုတ်သည့် သစ်တောထွက်ပစ္စည်း အလုပ်တိုက်နယ်အား သစ်တောထွက်ပစ္စည်းများ စီးပွားဖြစ်ထုတ်လုပ်နိုင်ရေးကို ရည်ရွယ်၍ ဖွဲ့စည်းထားပါသည်။ ဘုံခွန်းကြိုးပြင်တော(၃၄၉၁၄)ဧက၊ မနိုးရုံးကြိုးပြင်တော(၃၄၂၀၂)ဧက၊ ပါချန်ကြိုးဝိုင်း(ပိုင်း)(၈၄၉၄၇)ဧက ထုတ်လုပ်ရေးအလုပ်တိုက်နယ်မှနှင့်ထပ်၍ဧရိယာ (၁၅၄၀၆၃)ဧကဖြစ်ပါသည်။ ၎င်းအလုပ်တိုက်နယ်အတွင်းမှ သစ်မဟုတ်သော

သစ်တောထွက်ပစ္စည်းများဖြစ်သည့် ဝါး၊ ကြိမ်၊ ဓနိ/ သက်ကယ်စသည်တို့ကို စီမံကိန်းလျာထားချက်များနှင့်အညီ ထုတ်လုပ် သွားနိုင်ရေး အကောင်အထည်ဖော် ဆောင်ရွက်သွားပါမည်။

**(စ) ၄က်သိုက်အလုပ်တိုက်နယ်**

၄က်သိုက်ထွက်ရှိသည့် ကော့သောင်းခရိုင်၊ ကော့သောင်းမြို့နယ်တွင် ကဆိုင်းလှ အုပ်စု၌ ပုလိုဘော(၆.၅၀)ဧက၊ပုလိုစလန်ခင်း(၄က်သိုက်ကျွန်း) (၁၆.၀၀)ဧက၊ ပုလို ပရီဝေါင်းပါဝင်သည့်တားရက်ကျွန်းများ(၉.၇၂)ဧကစုစုပေါင်း(၃၃)ဧက၊ ကော့၄ား ကျွန်းများအုပ်စုကျွန်းအမှတ်(၂၃)နှင့်(၂၄)(ဝိတိုရိယအငူအနောက်ဘက် မိုင်(၃၀)ခန့်ကွာ ရှိစိန်မက်သယူးကျွန်းအနောက်ဘက်တွင် တည်ရှိသည့်ကျွန်း၏ အမည်များကို တလက်မတမိုင်စကေး အိန္ဒိယမြေတိုင်း မြေပုံတွင်ဖော်ပြထားခြင်းမရှိပါ။) ခန့်မှန်း ဧရိယာ(၁၈၀)ဧကနှင့်ဘုတ်ပြင်းမြို့နယ်တွင်လန်ပိ၄က်သိုက်ကျွန်းမှ(၅၃)ဧက စုစုပေါင်း (၂၆၆)ဧကဖြင့်ဖွဲ့စည်းထားပါသည်။ ၄က်သိုက်ကျွန်း ကြိုးဝိုင်းများနှင့် စားကျက် ဒေသများကို စနစ်တကျထိန်းသိမ်း အုပ်ချုပ်နိုင်ခြင်းဖြင့် ဇီဝဖိုး၄က် တိုးတက်များပြား လာစေရန်နှင့် ၄က်သိုက်ထုတ်လုပ်မှု စနစ်ကျပြီး တိုးတက်ထွက်ရှိလာခြင်းဖြင့် စီးပွားရေးတိုးတက်ဖွံ့ဖြိုးလာစေရန် ရည်ရွယ်ချက်ဖြင့် ဖွဲ့စည်းလုပ်ကိုင်လျက်ရှိရာ နှစ်စဉ် အိတ်ဖွင့်တင်ဒါခေါ်ယူ၍ ဈေးပြိုင် စနစ်ဖြင့် ထုတ်လုပ်လျက် ရှိပါသည်။

**(ဆ) သဘာဝထိန်းသိမ်းရေးနယ်မြေ**

ကော့သောင်းခရိုင်အတွင်း သဘာဝထိန်းသိမ်းရေးနယ်မြေကို လန်ပိအဏ္ဏဝါ အမျိုးသား ဥယျာဉ်မှ ဧရိယာ (၅၀၂၁၁)ဧက၊ လေညာအဆိုပြုအမျိုးသားဥယျာဉ်မှ ဧရိယာ (၃၅၅၆၆၈)ဧက၊ စုစုပေါင်း ဧရိယာ (၄၀၅၈၇၉)ဧကဖြင့် ဖွဲ့စည်းထားပါသည်။

**(ဇ)ဒီရေတောအလုပ်တိုက်နယ်**

ဒီရေတောအလုပ်တိုက်နယ်တွင် ကော့သောင်းခရိုင်အတွင်းရှိ ပါချန်ကြိုးဝိုင်း မှ ဒီရေတောဧရိယာ (၁၅၄၅၂) ဧက၊ ဖွဲ့စည်းတည်ထောင်ထားပြီးဖြစ်သည့် ဒီရေတော ကြိုးပြင်ကာကွယ်တောများဖြစ်သည့် အောင်ဘာဒီရေတော ကြိုးပြင်ကာကွယ်တော (၁၁၂၉)ဧက၊ စူငယ်ဘာလိုင်းဒီရေတောကြိုးပြင်ကာကွယ်တော (၁၂၀၂)ဧက၊ အော်ကြီး ချောင်းဒီရေတောကြိုးပြင်ကာကွယ်တော (၁၆၀၁)ဧက၊ အော်ကြီး (ပုလောကျိလိ) ဒီရေတောကြိုးပြင်ကာကွယ်တော (၁၁၈၄)ဧက၊ မလိဝမ်းဒီရေတော ကြိုးပြင်ကာကွယ် တော (၂၈၄၇)ဧက၊ ချန်းဖန်း(မပုတေး) ဒီရေတောကြိုးပြင်ကာကွယ်တော (၂၄၆၇) ဧက၊ ချောင်းကဖီးဒီရေတော ကြိုးပြင်ကာကွယ်တောမှ ဧရိယာ (၃၄၈၁၉)ဧက၊ ရေငံကြီး အဆိုပြု ကြိုးပြင်ကာကွယ်တောမှ ဧရိယာ (၂၈၇၀၃)ဧက၊ ဒီရေတော

ကောင်းမွန်သည့် ကြိုးပြင်တောများဖြစ်သည့် တောင်ငယ်ဒေသအနီးရှိ ဒီရေတော ဧရိယာ (၁၀၉၀၀)ဧက၊ ကြိမ်မဲဒေသအနီးရှိ ဒီရေတော (၉၂၁၄)ဧက၊ ဟန်ကချင်းဒေသ အနီးရှိ ဒီရေတော (၁၃၉၉၉)ဧက၊ ဟန်ကဒိုင်းဒေသအနီးရှိ ဒီရေတော (၂၃၃၀)ဧက၊ ရွှေဂဲညိုဒေသ အနီးရှိ ဒီရေတော (၉၃၀၀)ဧက၊ စုစုပေါင်း ဧရိယာ( ၁၃၅၁၄၇)ဧကဖြင့် ဖွဲ့စည်းထားပါသည်။

### (ဈ) အလုပ်တိုက်နယ်တွင်မပါဝင်သောဧရိယာများ

လေညာကြိုးဝိုင်းအတွင်း သတ္တုစမ်းသပ်တူးဖော်ရန် ခွင့်ပြုထားသည့် ဧရိယာ (၅၀၃) ဧက၊ သစ်တောနယ်မြေအတွင်း နှစ်ကာလအတိုင်းအတာအထိ ကျူးကျော်ဝင်ရောက် နေထိုင် သည့်အိမ်ခြေ (၅၀)အထက်နှင့်အောက်စာရင်း ကောက်ယူရာမှ အိမ်ခြေ (၅၀)အောက် ပြန့်ကျဲနေထိုင်သည့် အိမ်ရာမြေဧရိယာ (၄)ဧက၊ သာသနာ့နယ်မြေ ဧရိယာ (၃၂)ဧက၊ စုစုပေါင်း (၅၃၉) ဧက ဖြင့် ဖွဲ့စည်းထားပါ သည်။

## တည်ထောင်ပြီး စိုက်ခင်းများ

၁၇။ စိုက်ခင်းများတည်ထောင်မှုအနေဖြင့် ၂၀၁၅-၂၀၁၆ ခုနှစ်အထိ စီးပွားရေးစိုက်ခင်း ကျွန်း (၁၄၅)ဧက၊ ပျဉ်းကတိုး(၄၆၅)ဧက၊ ကြက်ဆူစိုက်ခင်း (၃၀)ဧက၊ ကျေးရွာသုံးထင်း စိုက်ခင်း (၂၅၅)ဧက၊ ဒီရေတောစိုက်ခင်း (၉၀)ဧက၊ စုစုပေါင်း သစ်တောစိုက်ခင်း (၉၈၅)ဧကကို တည်ထောင် ပြီး ဖြစ်ပါသည်။ ပုဂ္ဂလိကသစ်မာစိုက်ခင်း (ပျဉ်းကတိုး) (၁၀၃) ဧက၊ (သစ်မွှေး) (၃)ဧက၊ ကြိုးဝိုင်း အတွင်းတွင်ကုမ္ပဏီများနှင့်ပုဂ္ဂလိကများမှ ပုဂ္ဂလိကရာဘာစိုက်ခင်း(၉၆၇၈)ဧက၊ ပုဂ္ဂလိကဆီအုန်း စိုက်ခင်း(၈၄၈၈၂)ဧက၊ စုစုပေါင်း ပုဂ္ဂလိက စိုက်ခင်းပေါင်း (၉၄၆၆၆)ဧက တည်ထောင်ထားရှိပါ သည်။

## သဘာဝထိန်းသိမ်းရေးနယ်မြေများ

၁၈။ ကော့သောင်းခရိုင်တွင် သဘာဝထိန်းသိမ်းရေးနယ်မြေများအဖြစ် လန်ပိအဏ္ဏဝါအမျိုးသား ဥယျာဉ် တည်ထောင်ထားရှိပြီး ဧရိယာမှာ(၅၀၅၂၈)ဧက ရှိပါသည်။ လေညာ အဆိုပြုအမျိုးသား ဥယျာဉ်ကိုလည်း တည်ထောင်နိုင်ရန် ကြေးတိုင်ပုံစံပြင်ဆင် ရေးဆွဲတင်ပြထားဆဲဖြစ်သဖြင့် ဤစီမံကိန်းကာလအတွင်း ဖွဲ့စည်းတည်ထောင်သွားရန် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

## သစ်တောခရိုင်ဖွဲ့စည်းပုံ

၁၉။ ကော့သောင်းခရိုင်တွင် (က) အဆင့်မြို့နယ်(၂) မြို့နယ် ပါဝင်ပြီး လက်ထောက် ညွှန်ကြားရေးမှူး (၁)ဦး နှင့် ဦးစီးအရာရှိ(၂)ဦး အပါအဝင် ဝန်ထမ်းစုစုပေါင်း (၁၁၃)ဦးဖြင့် ဖွဲ့စည်းထားပါသည်။

# အပိုင်း(၁)

# လက်ရှိအခြေအနေ

## ၁။ နိဒါန်း

ကော့သောင်းခရိုင်သည် ယခင်အုပ်ချုပ်လုပ်ကိုင်မှုစီမံကိန်းရေးဆွဲစဉ်က မြိတ်ခရိုင်တွင် ပါဝင်ခဲ့ပါသည်။ ကော့သောင်းခရိုင်ကို ၁၉၉၃-၉၄ ခုနှစ်အတွင်းနယ်မြေအုပ်ချုပ်မှုအရ ပြင်ဆင်ဖွဲ့စည်းခဲ့ခြင်းဖြစ်ပါသည်။

ကော့သောင်းခရိုင်ကို ကော့သောင်းမြို့နယ်၊ ဘုတ်ပြင်းမြို့နယ်ဟူ၍ (က)အဆင့် မြို့နယ်နှစ်ခုဖြင့် ဖွဲ့စည်းပြီး အုပ်ချုပ်ပါသည်။ သစ်တောဦးစီးရုံးချုပ်၏ (၂၂.၃.၁၉၉၅)နေ့စွဲပါ အမိန့်ကြော်ငြာစာ အမှတ်(၁၂၂)အရ ကော့သောင်းခရိုင်ကို ၁၉၉၅ ခုနှစ်၊ ဧပြီလ(၁)ရက်နေ့မှ စတင်၍ (ဂ)အဆင့်ဖြင့် လုပ်ငန်းများ ဆောင်ရွက်ခဲ့ပါသည်။

(၁၉၉၆-၉၇) မှ (၂၀၀၅-၀၆)ခုနှစ်အထိ (၁၀)နှစ်တာကာလအတွက် ရေးဆွဲခဲ့သည့် အုပ်ချုပ်လုပ်ကိုင်မှုစီမံကိန်း (ပထမနှစ်စီမံကိန်း)တွင် ထုတ်လုပ်ရေးအလုပ်တိုက်နယ်၊ ဒေသထောက်ပံ့ရေးအလုပ်တိုက်နယ်၊ သစ်မဟုတ်သည့်သစ်တောထွက်ပစ္စည်းများ အလုပ်တိုက်နယ် နှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများဟူ၍ အလုပ်တိုက်နယ် (၄)မျိုးဖြင့်သာ ဖွဲ့စည်းပြီး ရေးဆွဲခဲ့ပါသည်။ ယင်းစီမံကိန်းအား ဦးစိန်ဝင်း၊ လက်ထောက်ညွှန်ကြားရေးမှူးမှ ဦးဆောင်၍ ပါဝင်ရေးဆွဲသူများမှာ ဦးကျော်ဟိန်း၊ ဦးစီးအရာရှိ၊ ဘုတ်ပြင်းမြို့နယ်နှင့် ဦးဝင်းလှိုင်၊ တောအုပ်ကြီး၊ ကော့သောင်းမြို့နယ် တို့ဖြစ်ပါသည်။

ယခင် ၂၀၀၆-၀၇ ခုနှစ် မှ ၂၀၁၅-၁၆ ခုနှစ်ထိ ရေးဆွဲခဲ့သည့် အုပ်ချုပ်လုပ်ကိုင်မှုစီမံကိန်း(ဒုတိယစီမံကိန်း)တွင် အချို့ကြိုးဝိုင်းတောများအား သဘာဝထိန်းသိမ်းရေးနယ်မြေများ ပြန်လည်ဖွဲ့စည်းခြင်း၊ အချို့ကြိုးပြင်တောများအား ကြိုးဝိုင်းနှင့် ကြိုးပြင်ကာကွယ်တောများ အသစ်ပြန်လည်ဖွဲ့စည်းခြင်းရှိပါသဖြင့် ကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တောဧရိယာပြောင်းလဲမှု ရှိပါသည်။ အလုပ်တိုက်နယ်များပြန်လည်ဖွဲ့စည်းခြင်း၊ သစ်တောအုပ်ချုပ်လုပ်ကိုင်မှုဆိုင်ရာ အချက်အလက်များစုစည်းခြင်း၊ တောအခြေအနေများကို ကွင်းဆင်းတိုင်းတာစစ်ဆေးခြင်း တို့ကိုအချိန်တိုအတွင်း ဆောင်ရွက်ခဲ့သဖြင့် ဤစီမံကိန်းတွင်အားနည်းချက်များ တွေ့ရှိရမည်ဖြစ်ပါသည်။ နောင်ပြန်လည်ရေးဆွဲမည့် သစ်တောအုပ်ချုပ်လုပ်ကိုင်မှုစီမံကိန်းများတွင် လိုအပ်သကဲ့သို့ပြင်ဆင်ဖြည့်စွက်ပါက ပိုမိုကောင်းမွန်ပြည့်စုံသော သစ်တောအုပ်ချုပ်လုပ်ကိုင်မှုစီမံကိန်း တစ်ခု ဖြစ်ပေါ်လာနိုင်ကြောင်း တင်ပြထားခဲ့ပါသည်။

တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းခရိုင်၏ ၂၀၀၆-၂၀၀၇ ခုနှစ်မှ ၂၀၁၅-၂၀၁၆ ခုနှစ်အထိ သစ်တောအုပ်ချုပ်လုပ်ကိုင်မှုစီမံကိန်းအား လက်ထောက်ညွှန်ကြားရေးမှူး ဦးမင်းလွင် မှ ဦးဆောင်၍ ဦးစီးအရာရှိ ဦးမြင့်စိန်နှင့် ဦးစီးအရာရှိ ဦးမြင့်သိန်းထွန်းတို့မှ ရေးဆွဲခဲ့ကြပါသည်။

၂၀၁၀ခုနှစ်၊ ဧပြီလ (၂၆)ရက်နေ့တွင် သစ်တောဦးစီးဌာန၊ ဦးစီးရုံးချုပ်၊ နေပြည်တော်၌ ကျင်းပပြုလုပ်သည့် သစ်တောအုပ်ချုပ်လုပ်ကိုင်မှုစီမံကိန်း ပြန်လည်ရေးဆွဲရေးဆိုင်ရာ အစည်းအဝေးတွင် သစ်တောဦးစီးဌာန၏ သစ်တောခရိုင်များအလိုက် ရေးဆွဲခဲ့ပြီးသော သစ်တောအုပ်ချုပ်လုပ်ကိုင်မှုစီမံကိန်းများကို ပြန်လည်သုံးသပ်ရာတွင် လက်ရှိအခြေအနေနှင့် လိုက်လျော ညီထွေမှုရှိစေရန်အတွက် ပြန်လည်ပြင်ဆင်ရေးဆွဲရန် လိုအပ်လျှက်ရှိပါကြောင်းနှင့် စီမံကိန်းများကို လက်ရှိအခြေအနေနှင့် လိုက်လျောညီထွေရှိသည့် သစ်တောများ ထာဝစဉ်တည်တံ့စေသော အုပ်ချုပ်လုပ်ကိုင်မှုနည်းစနစ်များနှင့်အညီ ပြန်လည်ပြုစုရေးဆွဲနိုင်ရေးအတွက် အားလုံးက အလေးထားဆောင်ရွက်သွားရန် လိုအပ်ကြောင်း လမ်းညွှန်ချက်အရ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျင်သိန်းမှ ဦးဆောင်၍ ဦးစီးအရာရှိ ဦးထွန်းထွန်းဇော်နှင့် ဦးစီးအရာရှိ ဦးနိုင်လင်း တို့မှ ပြန်လည်ပြင်ဆင် ရေးဆွဲခဲ့ပါသည်။

ယခု ၂၀၁၆-၁၇ ခုနှစ် မှ ၂၀၂၅-၂၆ ခုနှစ်ထိ ရေးဆွဲသည့် သစ်တောအုပ်ချုပ်လုပ်ကိုင်မှုစီမံကိန်း (တတိယနှစ် စီမံကိန်း)ကို ဦးအိုက်စင်း၊ လက်ထောက်ညွှန်ကြားရေးမှူးမှ ဦးဆောင်၍ ဦးသန်းထွန်းဦး၊ ဦးစီးအရာရှိ (ဘုတ်ပြင်းမြို့နယ်) နှင့် ဦးရဲထွဋ်၊ ဦးစီးအရာရှိ (ကော့သောင်းမြို့နယ်)တို့မှ ရေးဆွဲကြပါသည်။ ဦးအိုက်စင်း လက်ထောက်ညွှန်ကြားရေးမှူး ပြောင်းရွှေ့သွားသည့်နောက်ပိုင်း၌ ဦးဝင်းထွန်း လက်ထာက်ညွှန်ကြားရေးမှူးမှ ဖြည့်စွက်ရေးဆွဲခဲ့ပါသည်။

ယခုရေးဆွဲသည့် ကော့သောင်းခရိုင်၊ သစ်တောအုပ်ချုပ်လုပ်ကိုင်မှုစီမံကိန်းတွင်

(က) ထုတ်လုပ်ရေးအလုပ်တိုက်နယ်

(ခ) စိုက်ခင်းများအလုပ်တိုက်နယ်

(ဂ) ဒေသထောက်ပံ့ရေး/ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တော အလုပ်တိုက်နယ်

(ဃ) ရေဝေရေလဲသစ်တောအလုပ်တိုက်နယ်

(င) သစ်မဟုတ်သည့်သစ်တောထွက်ပစ္စည်းများအလုပ်တိုက်နယ်

(စ) ငှက်သိုက်အလုပ်တိုက်နယ်

(ဆ) ဒီရေတောအလုပ်တိုက်နယ်

(ဈ) သဘာဝထိန်းသိမ်းရေးနယ်မြေများဖြင့် ဖွဲ့စည်းဆောင်ရွက်သွားမည် ဖြစ်ပါသည်။

## ၂။ အခြေခံအချက်အလက်များ

### ၂.၁ ဇီဝရူပဆိုင်ရာအချက်အလက်များ

#### ၂.၁.၁ တည်နေရာ၊ ဧရိယာ အကျယ်အဝန်းနှင့် ဥပဒေအကျိုးသက်ရောက်မှု

(က) ကော့သောင်းခရိုင်နှင့်ဆက်စပ်လျှက်ရှိသော ခရိုင်များမှာ မြောက်ဘက် မြိတ်ခရိုင်၊ အရှေ့ဘက် ထိုင်းနိုင်ငံ၊ တောင်ဘက် ကပ္ပလီပင်လယ်(ထိုင်းနိုင်ငံနယ်နိမိတ်)၊ အနောက်ဘက် ကပ္ပလီပင်လယ် တို့နှင့်ထိစပ်လျှက်ရှိပါသည်။ ကော့သောင်းခရိုင်၏ တည်နေရာသည် မြောက်လတ္တီတွဒ် (၉ ဒီဂရီ ၈ မိနစ်) မှ (၁၁ ဒီဂရီ ၅၅မိနစ်)အကြားနှင့် အရှေ့လောင်ဂျီတွဒ်(၉၆ ဒီဂရီ ၃၃ မိနစ်) မှ (၉၇ ဒီဂရီ ၄၆မိနစ်)အကြားတွင် တည်ရှိပါသည်။

| | |
|---|---|
| မြောက်ဘက်။ | မြိတ်ခရိုင်၊ တနင်္သာရီမြို့နယ်နှင့် ကျွန်းစုမြို့နယ်၊ တနင်္သာရီ မြို့နယ်၊ တောင်ဖရုကြိုးဝိုင်း နယ်နိမိတ်တစ်လျှောက် ငဝန်ချောင်းအထိ။ |
| အရှေ့ဘက် ။ | ဘုတ်ပြင်းမြို့နယ်၊ လေညာကြိုးဝိုင်းနှင့် တနင်္သာရီမြို့နယ်၊ ငဝန်ကြိုးဝိုင်းဆုံရာမှစ၍ မြန်မာနှင့် ထိုင်းနယ်နိမိတ်တစ်လျောက် ကော့သောင်းမြို့နယ်၊ ပါချန်မြစ်နှင့် ဆုံရာအထိလည်းကောင်း၊ ၎င်းမှ ပါချန်မြစ်တစ်လျောက် ဘုရင့်နောင်အငူအထိ၊ (ဆက်စပ်ဧရိယာများမှာ ထိုင်းနိုင်ငံ၊ ရနောင်းခရိုင်နှင့် ပါချန်မြစ်အတိုင်း(၈၇)မိုင်၊ ချွန်ဖွန်ခရိုင် နှင့် (၄၀)မိုင်၊ ပရာကျွတ်ခရိုင်နှင့် (၄၅)မိုင်၊ ပေါင်း(၁၇၂)မိုင်ခန့်) |
| တောင်ဘက် ။ | ကပ္ပလီပင်လယ်၊ မြန်မာနှင့်ထိုင်းနိုင်ငံ နယ်နိမိတ်တစ်လျှောက်။ |
| အနောက်ဘက်။ | ကပ္ပလီပင်လယ်။ |

ဤခရိုင်အတွင်း ထင်ရှားသောမြစ်များမှာ လေညာမြစ်နှင့် ပါချန်မြစ်တို့ ဖြစ်ပါသည်။ ပချန်မြစ်သည် မြောက်မှတောင်ဘက်သို့ စီးဝင်သည်။ မြန်မာနိုင်ငံနှင့်

ထိုင်းနိုင်ငံ၏ နယ်ခြားမြစ်တစ်စင်းဖြစ်ပါသည်။ ခရိုင်၏အလယ်တွင် တနင်္သာရီရိုးမ တောင်တန်းများ မှာ မြောက်မှတောင်သို့ ဖြစ်ပေါ်တည်ရှိလျက်ရှိပြီး တောင်ကြောများ အရှေ့နှင့်အနောက်သို့ ထိုးထွက်တည်ရှိပါသည်။ အနောက်ဘက် ပင်လယ်အတွင်း ဇာဒက်ကြီးကျွန်းစု၊ လန်ပိကျွန်းများ၊ ငှက်သိုက် ကျွန်းစုများနှင့် ကျွန်းငယ်များ အများအပြား တည်ရှိလျက် ရှိပါသည်။ကော့သောင်းခရိုင်၏ ဧရိယာအကျယ်အဝန်းစုစုပေါင်းမှာ(၂၂၆၉၂၈၁)ဧကရှိပါသည်။ ကော့သောင်းခရိုင် အတွင်း ကြိုးဝိုင်းတော(၃)ခုရှိပြီး ဧရိယာ အကျယ်အဝန်း အားဖြင့်ဧရိယာ (၇၉၂၀၂၀)ဧကရှိပါသည်။ ကြိုးပြင်ကာကွယ်တော (၇)ခု ရှိပြီး ဧရိယာအကျယ် အဝန်းမှာ (၄၆၀၇၁)ဧက၊ သဘာဝထိန်းသိမ်းရေးနယ်မြေမှာ လန်ပိအဏ္ဏဝါ အမျိုးသားဥယျာဉ် (၅၀၅၂၉)ဧက ရှိပါသည်။ ကော့သောင်းခရိုင်အတွင်းရှိ ကြိုးဝိုင်းတော၊ ကြိုးပြင်ကာကွယ် တောများနှင့် သဘာဝထိန်းသိမ်းရေး နယ်မြေများ၏ ဖွဲ့စည်းသည့်ကာလနှင့် အမိန့်ကြော်ငြာစာတို့ကို **ဇယား(၂-၁-၁)** ဖြင့် ဖော်ပြအပ်ပါ သည်။

## ကော့သောင်းခရိုင်အတွင်းရှိ ကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တော/
## သဘာဝထိန်းသိမ်းရေးနယ်မြေများစာရင်း

ဇယား(၂-၁-၁)

| စဉ် | ကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တော/ သဘာဝထိန်းသိမ်းရေးနယ်မြေအမည် | ဧရိယာ (ဧက) | အမိန့်ကြော်ငြာစာ အမှတ်နှင့်ရက်စွဲ | မှတ်ချက် |
|---|---|---|---|---|
| (၁) | (၂) | (၃) | (၄) | (၅) |
| | **ကြိုးဝိုင်းတော** | | | |
| ၁ | ပါချန် | ၃၅၃၇၇ | ၁၇၅(၁၀.၇.၁၉၃၁) | ကော့သောင်း- ၃၁၃၈၃၁<br>ဘုတ်ပြင်း- ၄၁၅၄၆ |
| ၂ | ၄က်သိုက်(ပိုင်း) | ၂၆၆ | ၃၄၄(၁.၁၁.၁၉၄၆) | ကော့သောင်း- ၂၁၃<br>ဘုတ်ပြင်း- ၅၃ |
| ၃ | လေညာ | ၄၃၆၃၇၇ | ၂၈၇(၂၂.၉.၁၉၇၀) | |
| | **ပေါင်း** | **၇၉၂၀၂၀** | | |
| | **ကြိုးပြင်ကာကွယ်တော** | | | |
| ၁ | ချောင်းကဖီးဒီရေတော | ၃၅၆၄၁ | ၁၉၂(၂၉.၁၁.၂၀၁၁) | |
| ၂ | အောင်ဘာဒီရေတော | ၁၁၂၉ | ၃၆(၁၂.၆.၂၀၁၃) | |
| ၃ | စူငယ်ဘာလိုင်းဒီရေတော | ၁၂၀၂ | ၃၇(၁၂.၆.၂၀၁၃) | |
| ၄ | အော်ကြီး(ပုလောကျိုလိ)ဒီရေတော | ၁၁၈၄ | ၃၈(၁၂.၆.၂၀၁၃) | |
| ၅ | အော်ကြီး(အော်ကြီးချောင်း)ဒီရေတော | ၁၆၀၁ | ၃၉(၁၂.၆.၂၀၁၃) | |
| ၆ | မလိဝမ်းဒီရေတော | ၂၈၄၇ | ၄၀(၁၂.၆.၂၀၁၃) | |
| ၇ | ချန်းဖန်းဒီရေတော | ၂၄၆၇ | ၄၁(၁၂.၆.၂၀၁၃) | |
| | **ပေါင်း** | **၄၆၀၇၁** | | |
| | **သဘာဝထိန်းသိမ်းရေးနယ်မြေ** | | | |
| ၁ | လန်ပိအဏ္ဏဝါအမျိုးသားဥယျာဉ် | ၅၀၅၂၉ | ၄၀(၂၀.၈.၁၉၉၆) | |
| | **ပေါင်း** | **၅၀၅၂၉** | | |
| | **သစ်တောနယ်မြေပေါင်း** | **၈၈၈၆၂၀** | | |
| | **အဆိုပြုကြိုးပြင်ကာကွယ်တော** | | | |
| ၁ | ရေငုံကြီးဒီရေတော | ၃၂၁၆၀ | ၄၈(၂၃.၁၀.၂၀၀၉) | ရည်ရွယ်ကြောင်း ကြော်ငြာထားပါသည်။ |
| | **ပေါင်း** | **၃၂၁၆၀** | | |

**ဇစ်မြစ်- ၂၀၁၅ ခုနှစ်၊ ခရိုင်သစ်တောဦးစီးဌာန၊ ကော့သောင်းမြို့။**

## ၂.၁.၂ မြေမျက်နှာသွင်ပြင်

ကော့သောင်းခရိုင်၏ မြေမျက်နှာသွင်ပြင်အနေအထားမှာ မြောက်ဘက်မှ တောင်ဘက်သို့ တနင်္သာရီတောင်တန်းအတိုင်း မြင့်မားသွယ်တန်းလျှက်ရှိပါသည်။ တနင်္သာရီ ရိုးမတောင်တန်း၏ အရှေ့ဘက်နှင့်အနောက်ဘက် တစ်လျှောက်တွင် လွင်ပြင်များ ဖြစ်ပေါ်လျှက်ရှိပြီး လွင်ပြင်နှင့် ပင်လယ်ကမ်းခြေတို့တွင် မြို့ရွာများ တည်ရှိလျှက်ရှိပါ သည်။ အနောက်ဘက် ဘင်္ဂလားပင်လယ်အော်အတွင်း ကျွန်းစုများ ဖြစ်ပေါ်လျှက်ရှိ ပါသည်။ ကျွန်းစုများတွင် ငှက်သိုက်ကျွန်းများနှင့် လန်ပိအဏ္ဏဝါအမျိုးသားဥယျာဉ်များကို သဘာဝထိန်းသိမ်းရေးနယ်မြေအဖြစ် ဖွဲ့စည်းသတ်မှတ်ထားပြီးဖြစ်ပါသည်။

## ၂.၁.၃ ဘူမိဗေဒနှင့်မြေဆီလွှာ

ကော့သောင်းခရိုင်တွင် အနည်ကျကျောက်၊ မီးသင့်မြေ / မြေပြာ / နွံပေါက်မြေ နှင့် ဂဝံမြေများ တွေ့နိုင်ပါသည်။ အခြားတွင်းထွက်မိုင်းတွင်းများရှိသော်လည်း အနည်းငယ်မျှသာ ထုတ်လုပ်နိုင်ပါသည်။ မြို့နယ်အလိုက်၊ ကြိုးဝိုင်းအလိုက် မြေအမျိုးအစားများကို **ဇယား (၂-၁-၃)** ဖြင့် ဖော်ပြအပ်ပါသည်။ အနည်ကျကျောက်များဖြစ်သော သလင်းကျောက် (Quartzite), သင်ပုန်း ကျောက်(Slate), ယှေလကျောက် (Shale) နှင့် မီးသင့်ကျောက်များဖြစ်သော နှမ်းဖတ်ကျောက်(Granite) အနည်းငယ် ထုတ်လုပ်နိုင်ပြီး အပေါ်ယံမြေသားသည် ဂဝံမြေ (Latertic soil) အမျိုးအစားများ ဖြစ်ပါသည်။

# ကော့သောင်းခရိုင်အတွင်း မြို့နယ်အလိုက်/ကြိုးဝိုင်းအလိုက်တွေ့ရှိရသော မြေအမျိုးအစား

ဇယား(၂-၁-၃)

| စဉ် | မြို့နယ် အမည် | ကြိုးဝိုင်း/ကြိုးပြင် ကာကွယ်တော အမည် | မြေအမျိုးအစား | | | မှတ်ချက် |
|---|---|---|---|---|---|---|
| | | | မြန်မာ အမည် | FAO အမည် | Landused အမည် | |
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) |
| ၁ | ကော့သောင်း | ပါချန်ကြိုးဝိုင်း | ဂဝံမြေ | Ferrasols | Lateritic | |
| ၂ | ကော့သောင်း | ပါချန်ကြိုးဝိုင်း | သဲကုန်းတောမြေ | Arenosols | Dune Forest & Beach Sand | |
| ၃ | ကော့သောင်း | ပါချန်ကြိုးဝိုင်း | နုံးမြေ | Fluvisols | Alluvial | |
| ၄ | ဘုတ်ပြင်း | လေညာကြိုးဝိုင်း | လယ်မြေ/နုံးမြေ | Gleysols | Meadow Alluvial | |
| ၅ | ဘုတ်ပြင်း | လေညာကြိုးဝိုင်း | နွံပေါက်မြေ | Gleysols | Swampy | |
| ၆ | ဘုတ်ပြင်း | လေညာကြိုးဝိုင်း | ကနစိုတော | Solonchaks | Mangrove Forest | |
| ၇ | ဘုတ်ပြင်း | ချောင်းကဖီး ဒီရေတော | ဗျူခြေထောက် တော | Solonchaks | Mangrove Forest | |
| ၈ | ကော့သောင်း | အောင်ဘာ ဒီရေတော | ဗျူခြေထောက် တော | Solonchaks | Mangrove Forest | |
| ၉ | ကော့သောင်း | စူငယ်ဘာလိုင်း ဒီရေတော | ဗျူခြေထောက် တော | Solonchaks | Mangrove Forest | |
| ၁၀ | ကော့သောင်း | အော်ကြီး(ပုလော ကျိုလိ)ဒီရေတော | ဗျူခြေထောက် တော | Solonchaks | Mangrove Forest | |
| ၁၁ | ကော့သောင်း | မလိဝမ်းဒီရေတော | ဗျူခြေထောက် တော | Solonchaks | Mangrove Forest | |
| ၁၂ | ကော့သောင်း | ချန်းဖန်းဒီရေတော | ဗျူခြေထောက် တော | Solonchaks | Mangrove Forest | |
| ၁၃ | ဘုတ်ပြင်း | ရေငန်ကြီး ဒီရေတော | ဗျူခြေထောက် တော | Solonchaks | Mangrove Forest | ရည်ရွယ် ကြောင်း ကြော်ငြာ |

ဇစ်မြစ်- ဘူမိဗေဒနှင့်ဓါတ်သတ္တုတူးဖော်ရေးဌာန၊ ကော့သောင်းမြို့။

## ၂.၁.၄ ရာသီဥတု

ကော့သောင်းခရိုင်အတွင်းရှိ လအလိုက်ပျမ်းမျှမိုးရေချိန်နှင့် ပျမ်းမျှအပူချိန် များကို လွန်ခဲ့သည့် (၁၀)နှစ်တာကာလအတွက် မိုးလေဝသနှင့်ဇလဗေဒဦးစီးဌာနမှ ရယူ ပြီး **ဇယား(၂-၁-၄)** တွင် ဖြည့်စွက်ဖော်ပြအပ်ပါသည်။

ကော့သောင်းခရိုင်အတွင်း လွန်ခဲ့သည့် (၁၀)နှစ်တာကာလအတွင်း ရွာသွန်းခဲ့သည့် မိုးရေချိန်လက်မများကို မိုးလေဝသနှင့် ဇလဗေဒဦးစီးဌာနမှ ရယူပြီး **ဇယား (၂-၁-၄)(က)**ဖြင့်ဖော်ပြအပ်ပါသည်။

**(၂၀၀၆ မှ ၂၀၁၅ ခုနှစ်အထိ)**

**ခရိုင်အတွင်းလအလိုက်ရာသီဥတုဆိုင်ရာကိန်းဂဏန်းများ**

**မိုးလေဝသစခန်းတည်နေရာ.......ကော့သောင်းမြို့** **ဇယား ( ၂-၁-၄)**

| လအမည် | ပျမ်းမျှ မိုးရေချိန် (လက်မ) | ပျမ်းမျှအပူချိန် (စင်တီဂရိတ်) | အမြင့်ဆုံးအပူချိန် (စင်တီဂရိတ်) | အနိမ့်ဆုံးအပူချိန် (စင်တီဂရိတ်) | စိုထိုင်းဆ ရာခိုင်နှုန်း |
|---|---|---|---|---|---|
| (၁) | (၂) | (၃) | (၄) | (၅) | (၆) |
| ဇန်နဝါရီ | ၀.၄၃ | ၂၆.၉၀ | ၃၄.၅၀ | ၁၆.၆၀ | ၇၉ |
| ဖေဖော်ဝါရီ | ၀.၃၈ | ၂၂.၈၀ | ၃၇.၀၀ | ၁၇.၅၀ | ၇၇ |
| မတ် | ၂.၆၀ | ၂၉.၁၀ | ၃၈.၂၀ | ၁၆.၂၀ | ၇၉ |
| ဧပြီ | ၇.၃၆ | ၂၉.၄၅ | ၃၉.၇၀ | ၁၇.၀၀ | ၇၇ |
| မေ | ၁၆.၀၈ | ၃၀.၉၀ | ၃၉.၅၀ | ၁၅.၀၀ | ၈၃ |
| ဇွန် | ၃၀.၅၃ | ၂၈.၉၀ | ၃၆.၁၀ | ၁၇.၅၀ | ၈၇ |
| ဇူလိုင် | ၃၂.၀၆ | ၂၇.၅၅ | ၃၄.၅၀ | ၁၈.၅၀ | ၉၁ |
| သြဂုတ် | ၂၇.၉၈ | ၂၇.၅၀ | ၃၆.၀၀ | ၁၇.၅၀ | ၈၈ |
| စက်တင်ဘာ | ၂၉.၀၀ | ၂၆.၁၀ | ၃၄.၅၀ | ၁၇.၀၀ | ၉၁ |
| အောက်တိုဘာ | ၁၉.၈၉ | ၂၆.၃၀ | ၃၄.၂၀ | ၁၄.၆၀ | ၈၆ |
| နိုဝင်ဘာ | ၈.၂၁ | ၂၆.၃၀ | ၃၃.၅၀ | ၁၂.၆၀ | ၈၆ |
| ဒီဇင်ဘာ | ၁.၈၀ | ၂၆.၇၀ | ၃၃.၅၀ | ၁၅.၀၀ | ၈၃ |
| **စုစုပေါင်း** | **၁၇၆.၃၂** | **၂၆.၃၀** | **၃၉.၇၀** | **၁၂.၆၀** | **၈၃** |

**ဇစ်မြစ်- ၂၀၁၅ ခုနှစ်၊ မိုးလေဝသနှင့်ဇလဗေဒဦးစီးဌာန၊ ကော့သောင်းမြို့။**

## ကော့သောင်းခရိုင်အတွင်း နှစ်အလိုက်မိုးရွာသွန်းမှုအခြေအနေ

ဇယား (၂-၁-၄)(က)

| ခုနှစ် | ၂၀၀၆ | ၂၀၀၇ | ၂၀၀၈ | ၂၀၀၉ | ၂၀၁၀ | ၂၀၁၁ | ၂၀၁၂ | ၂၀၁၃ | ၂၀၁၄ | ၂၀၁၅ |
|---|---|---|---|---|---|---|---|---|---|---|
| မိုးရေချိန် လက်မ | ၁၈၂.၈၉ | ၁၆၆.၃၉ | ၁၄၇.၀၆ | ၁၈၁.၀၆ | ၁၄၇.၇၁ | ၁၈၅.၇၈ | ၁၉၃.၉၂ | ၁၉၆.၀၈ | ၁၇၇.၂၈ | ၁၀၄.၄၅ |

ဇစ်မြစ်- ၂၀၁၅ ခုနှစ်၊ မိုးလေဝသနှင့်ဇလဗေဒဦးစီးဌာန၊ ကော့သောင်းမြို့။




ကော့သောင်းခရိုင်အတွင်း လအလိုက် ပျမ်းမျှ အပူချိန်
(၂၀၀၆ မှ ၂၀၁၅ အထိ)
စင်တီဂရိတ်
၆၅.
၆၀.
၃၅.
၃၀.
၂၅.
၂၀.
၁၅.
၁၀.
၅.
၀.
ဇန်နဝါရီ
ဖေဖော်ဝါရီ
မတ်
ဧပြီ
မေ
ဇွန်
ဇူလိုင်
ဩဂုတ်
စက်တင်ဘာ
အောက်တိုဘာ
နိုဝင်ဘာ
ဒီဇင်ဘာ


ကော့သောင်းခရိုင်အတွင်း နှစ်အလိုက်မိုးရွာသွန်းမှုအခြေအနေ
(၂၀၀၆ မှ ၂၀၁၅ အထိ)
လက်မ
၂၅၀.
၂၀၀.
၁၅၀.
၁၀၀.
၅၀.
၀.
၂၀၀၆
၂၀၀၇
၂၀၀၈
၂၀၀၉
၂၀၁၀
၂၀၁၁
၂၀၁၂
၂၀၁၃
၂၀၁၄
၂၀၁၅

### ၂.၁.၅ ဇလဗေဒ၊ ရေစီးရေလာနှင့်ရေရရှိမှု

ကော့သောင်းခရိုင်အတွင်းရှိပါ ချန်မြစ်သည် မြောက်ဘက်တွင်မြစ်ဖျားခံ၍တောင်ဘက်သို့ ဖြတ်သန်းလာပြီး ကပ္ပလီပင်လယ်သို့ စီးဝင်ပါသည်။ ပါချန်မြစ်သည် မြန်မာနှင့် ထိုင်းနယ်နိမိတ်ကို မြစ်အလယ်တစ်လျှောက် သတ်မှတ်ထားသဖြင့် နှစ်နိုင်ငံပိုင်မြစ်ဖြစ်ပါသည်။ တစ်နှစ်ပတ်လုံး ရေစီးဆင်းလျက် သယ်ယူပို့ဆောင်နိုင်သောမြစ်ဖြစ်ပါသည်။ လေညာမြစ်သည် တောင်ဘက်တွင် မြစ်ဖျားခံ၍ မြောက်ဘက်သို့ ဖြတ်သန်းလာပြီး ကျွန်းစုမြို့နယ်၊ ကပ္ပလီပင်လယ်သို့ စီးဝင်ပါသည်။ မြစ်၏ ဝဲ/ယာတွင် ကျေးရွာများ တည်ရှိလျက် တစ်နှစ်ပတ်လုံး ရေစီးဆင်းလျက် သယ်ယူပို့ဆောင်နိုင်သော မြစ်ဖြစ်ပါသည်။ ၎င်းမြစ်ကမ်းရိုး တစ်လျှောက်တွင် သဘာဝပေါက်ပင်များ၊ ဒီရေတောများ ကွက်ကြား ပေါက်ရောက် ဖုံးလွှမ်းလျှက် ရှိပါသည်။ လယ်မြေများ၊ ဥယျာဉ်ခြံမြေများလည်း ရှိပါသည်။

### ၂.၁.၆ အပင်များ

ဤခရိုင်သည် အမြဲစိမ်းသစ်တောမျိုးများ ပေါက်ရောက်နေပြီး အဖိုးတန်သစ်မျိုး အနေဖြင့် သစ်မာအုပ်စု(၁)မှ (၅)အထိ များပြားစွာ ပေါက်ရောက်နေသည်ကို တွေ့ရှိရပါသည်။ ပင်လယ်ကမ်းခြေ ဒီရေရောက်သောနေရာများတွင် ဒီရေတောများ ဖုံးလွှမ်းပေါက်ရောက်လျက်ရှိပါသည်။ အခြား သစ်တောထွက်ပစ္စည်းများဖြစ်သည့် ကြိမ်နှင့်ဓနိတို့လည်း ထွက်ရှိပါသည်။ ဝါးအနည်းငယ်ပေါက်ရောက်ပါသည်။ အမြဲစိမ်းတောတွင် ဥဘန်၊ ကတွတ်၊ သင်္ကန်း၊ စံကား၊ ကရဝေး၊ မှန်သင်း၊ ပျဉ်းမ၊ သစ်ခါး၊ ကံ့ကော်၊ တောင်သရက်၊ တောင်ပိန္နဲ၊ သပြေ၊ကညင်၊ အောက်ချင်းစာ စသည့် သစ်မျိုးများနှင့် ဒီရေတောတွင် လမု၊ သဗြူ၊ ဗြူးခြေထောက်၊ ဗြူးဥတလုံး၊ ပင်လယ်အုန်း၊ မဓမနှင့် သမဲ့ စသည့် သစ်မျိုးများ ပေါက်ရောက် ပါသည်။

### ၂.၁.၇ သားငှက်တိရစ္ဆာန်များ

ကော့သောင်းခရိုင်အတွင်းတွင်တောဆင်ရိုင်းများ၊ ဝက်ဝံ၊ မျောက်မျိုးစုံ၊ တောဝက်၊ စိုင်၊ ဆတ်၊ ဂျီ၊ ဂျီလောင်၊ သာလိကာ၊ ကြက်တူရွေး၊ ဒေါင်း၊ ကြွံသူတော် စသည်များ တွေ့ရှိရပါသည်။ ရာသီအလိုက် ကျက်စားလေ့ရှိသည့် ဗျိုင်း၊ ရေစစ္စလီ၊ ရေဘဲ၊ တောဘဲ၊ စနိုက်၊ ပင်လယ်ငှက်မျိုးစုံ စသည်တို့ကိုလည်း တွေ့ရှိရပါသည်။

## ၂.၁.၈ အခြေခံအဆောက်အဦ

### ၂.၁.၈.၁ အဆောက်အအုံ၊ လမ်းနှင့် တံတားများ

ကော့သောင်းခရိုင်အတွင်းရှိ သစ်တောဦးစီးဌာနပိုင် အဆောက်အအုံ၊ သစ်တောလမ်းများ၊ တံတား များစာရင်းကို **အတွဲ(၂)၊ ဇယား(၂-၁-၈-၁)က၊ အတွဲ(၂)၊ ဇယား(၂-၁-၈-၁)ခ ၊ အတွဲ(၂)၊ ဇယား(၂-၁-၈-၁)ဂ** တွင် ဖော်ပြထားပါသည်။

### ၂.၁.၈.၂ ဆက်သွယ်ရေး

ကော့သောင်းခရိုင်အတွင်းရှိ ဆက်သွယ်ရေးစာရင်းဇယားများကို မြို့နယ် အလိုက် ဖော်ပြအပ်ပါသည်။

**ခရိုင်အတွင်းရှိ မြို့နယ်အလိုက် ဆက်သွယ်ရေးစနစ်အသုံးပြုမှုဇယား**

**ဇယား(၂-၁-၈-၂)**

| စဉ် | မြို့နယ် | အသုံးပြုသည့်နည်းစနစ်များ | | | မှတ်ချက် |
|---|---|---|---|---|---|
| | | တယ်လီဖုန်း | ကြိုးမဲ့ကြေးနန်း | အခြား | |
| (၁) | (၂) | (၃) | (၄) | (၅) | (၆) |
| ၁ | ကော့သောင်း | ၀၅၉-၅၁၆၇၄ | - | - | ခရိုင်ရုံး |
| | | ၀၅၉-၅၁၂၄၈ | | | မြို့နယ်ရုံး |
| ၂ | ဘုတ်ပြင်း | ၀၅၉-၅၀၀၁၂ | - | - | မြို့နယ်ရုံး |

**ဇစ်မြစ်.....၂၀၁၅ ခုနှစ်၊ ခရိုင်သစ်တောဦးစီးဌာန၊ ကော့သောင်းမြို့။**

### ၂.၁.၈.၃ စက်နှင့်စက်ပစ္စည်းကိရိယာများ

ခရိုင်အတွင်း လက်ရှိသုံးစွဲနေသောမော်တော်ယာဉ်၊ စက်ကိရိယာများနှင့် ပတ်သက်၍ အရေအတွက်နှင့် လက်ရှိအခြေအနေများကို **အတွဲ(၂)၊ ဇယား (၂-၁-၈-၃)** တွင် ဖော်ပြထားပါသည်။

### ၂.၁.၉ သစ်တောအခြေခံလုပ်ငန်းများ

ကော့သောင်းခရိုင်အတွင်းရှိ သစ်တောအခြေခံလုပ်ငန်းနှင့် ပတ်သက်၍ ၂၀၁၅ ခုနှစ်အထိ သစ်စက်များကို စက်ကြီး(၄)လုံး၊ စက်ငယ် (၂)လုံး၊ ပေါင်း (၆)လုံး လိုင်စင်ထုတ်ပေးခဲ့ပါသည်။ အသေးစိတ်စာရင်းကို **အတွဲ(၂)၊ ဇယား (၂-၁-၉)**တွင် ဖော်ပြထားပါသည်။

## ၂.၂ မြေအသုံးချမှု

### ၂.၂.၁ လက်ရှိမြေအသုံးချမှု

ကော့သောင်းခရိုင်အတွင်း လက်ရှိမြေအသုံးချမှု အခြေအနေများကို ကြိုးဝိုင်းတော၊ ကြိုးပြင်ကာကွယ်တော၊ သဘာဝထိန်းသိမ်းရေးနယ်မြေများ၊ သစ်တော ဖုံးလွှမ်းလျက်ရှိသော အစိုးရစီမံခန့်ခွဲပိုင်ခွင့်ရှိသောမြေ (ကြိုးပြင်တော)၊ လယ်မြေ၊ အခြားမြေ စသည်တို့အား ဧရိယာကေဖြင့် **ဇယား (၂-၂-၁)**တွင် ဖော်ပြအပ်ပါသည်။

ကော့သောင်းခရိုင်အတွင်း လက်ရှိမြေယာ အသုံးချဇုန်နယ်မြေခွဲဝေခြင်း အခြေအနေစာရင်းချုပ်ကို **ဇယား (၂-၂-၁)က**တွင် ဖော်ပြအပ်ပါသည်။ လက်ရှိမြေယာ အသုံးချဇုန်နယ်မြေခွဲဝေခြင်းအခြေအနေအသေးစိတ်စာရင်းများကို**အတွဲ(၂)၊ ဇယား (၂-၂-၁)ခ** တွင်ဖော်ပြထားပါသည်။

## ကော့သောင်းခရိုင်အတွင်း လက်ရှိမြေအသုံးချမှုစာရင်း

ဧယား(၂-၂-၁)

ဧက

| အမှတ်စဉ် | မြို့နယ်အမည် | ကြိုးဝိုင်းတော | ကြိုးပြင်ကာကွယ်တော | သစ်တောဖုံးလွှမ်းလျက်ရှိသော အစိုးရစီမံခန့်ခွဲပိုင်ခွင့်ရှိသောမြေ (ကြိုးပြင်တော) | သဘာဝထိန်းသိမ်းရေးနယ်မြေ | လယ်မြေ/ယာမြေ | အခြားမြေ | စုစုပေါင်းဧရိယာ | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) | (၈) | (၉) | (၁၀) |
| ၁ | ကော့သောင်း | ၃၁၄၀၄၄ | ၁၀၄၃၀ | ၅၅၀၇၅ | - | ၁၃၂၈၁၃ | ၁၅၄၃၁၀ | ၆၆၆၆၇၂ | |
| ၂ | ဘုတ်ပြင်း | ၄၇၇၉၇၆ | ၃၅၆၄၁ | ၄၁၉၃၂၃ | ၅၀၅၂၈ | ၁၈၄၉၄၈ | ၄၃၄၁၉၃ | ၁၆၀၂၆၀၉ | |
| | | **၇၉၂၀၂၀** | **၄၆၀၇၁** | **၄၇၄၃၉၈** | **၅၀၅၂၈** | **၃၁၇၇၆၁** | **၅၈၈၅၀၃** | **၂၂၆၉၂၈၁** | |

**ဇစ်မြစ်- ကော့သောင်းခရိုင်၊ သစ်တောဦးစီးဌာန**

# ကော့သောင်းခရိုင်အတွင်းလက်ရှိမြေယာအသုံးချဧရိယာမြေ

ဇယား (၂-၂-၁)က

ဧက

| အမှတ်စဉ် | မြို့နယ်အမည် | ထုတ်လုပ်ရေးဧရိယာ | ရေဝေရေလဲထိန်းသိမ်းဧရိယာ | စိုက်ခင်းများဧရိယာ | | | လယ်မြေဧရိယာ | သဘာဝထိန်းသိမ်းရေးနယ်မြေဧရိယာ | ဒေသထောက်ပံ့ရေးဧရိယာ | သယံဇာတတူးဖော်ရေးဧရိယာ | ဖွံ့ဖြိုးရေးဧရိယာ | ဒီရေတောထိန်းသိမ်းရေးဧရိယာ | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | ဥယျာဉ် | ပုဂ္ဂလိက | စက်မှုကုန်ကြမ်း | | | | | | | |
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) | (၈) | (၉) | (၁၀) | (၁၁) | (၁၂) | (၁၃) | (၁၄) |
| ၁ | ကော့သောင်း | ၈၅၁၆၀ | ၁၄၅၁၁ | ၂၉၅ | ၁၀၁၀၆ | ၁၉၁၃၆၈ | - | - | ၅၁၇ | - | ၁ | ၂၂၈၅၈ | ၃၂၄၈၁၆ |
| ၂ | ဘုတ်ပြင်း | ၆၉၁၆၉ | ၁၂၅၇၆ | ၂၈၅ | ၀ | ၆၀၃၀၄ | - | ၄၀၅၈၇၉ | ၄၆၈၄၉ | ၅၀၃ | ၃၅ | ၁၁၂၂၈၉ | ၇၀၇၈၈၉ |
| | **စုစုပေါင်း** | **၁၅ ၄၃၂၉** | **၂၇၀၈၇** | **၅၈၀** | **၁၀၁၀၆** | **၂၅၁၆၇၂** | | **၄၀၅၈၇၉** | **၄၇၃၆၆** | **၅၀၃** | **၃၆** | **၁၃၅၁၄၇** | **၁၀၃၂၇၀၅** |

## ၂.၂.၂ သစ်တောဖုံးလွှမ်းမှုအခြေအနေ

ကော့သောင်းခရိုင်အတွင်း သစ်တောဖုံးလွှမ်းမှုအခြေအနေများကို ဧရိယာ ဧကဖြင့် ဖော်ပြအပ်ပါသည်။

| စဉ် | တောအမျိုးအစား | ဧရိယာ(ဧက) | ရာခိုင်နှုန်း |
|---|---|---|---|
| ၁။ | ထူထပ်သည့်သစ်တော | ၆၆၃၈၆၀ | ၃၀ |
| ၂။ | ရွက်အုပ်ပွင့်သစ်တော | ၇၉၃၂၄၅ | ၃၅ |
| ၃။ | တောနိမ့် | ၁၉၂၆၄၁ | ၈ |
| ၄။ | ဒီရေတော | ၁၆၉၆၁၀ | ၇ |
| ၅။ | အခြားအသုံးချမြေ | ၁၃၈၈၁၂ | ၆ |
| ၆။ | ရေပြင်ဧရိယာ | ၃၁၁၁၁၃ | ၁၄ |
| | စုစုပေါင်း | ၂၂၆၉၂၈၁ | ၁၀၀ |

ဇစ်မြစ်၊GIS Section စီမံကိန်းနှင့်စာရင်းအင်းဌာန



## ၂.၂.၃ မြေအသုံးချမှုဆိုင်ရာ ပြောင်းလဲမှုများ

ကော့သောင်းခရိုင်၊ ကော့သောင်းမြို့နယ်အတွင်းရှိ ပါချန်ကြိုးဝိုင်း၏ မူလဧရိယာမှာ (၃၁၆၈၇၀)ဧက ရှိပါသည်။ ကာကွယ်ရေးဝန်ကြီးဌာနပိုင်မြေအဖြစ် (၂၅၆၀)ဧကကိုလည်းကောင်း၊ ယုဇနဆီအုန်းကုမ္ပဏီသို့ စက်ရုံပိုင်မြေအဖြစ် (၁၈၀)ဧကကိုလည်းကောင်း၊ မြို့မြေ၊ ကျေးရွာမြေ၊ အများပိုင်မြေအဖြစ် (၂၉၈.၈၃)ဧကကိုလည်းကောင်း၊ စုစုပေါင်း (၃၀၃၈.၈၃)ဧကအားကြိုးဝိုင်းမြေ အဖြစ်မှစွန့်လွှတ်ပေးခဲ့ပါသဖြင့် ကော့သောင်းမြို့နယ်အတွင်းရှိ ပါချန်ကြိုးဝိုင်း၏ လက်ရှိဧရိယာမှာ (၃၁၃၈၃၁.၁၇)ဧက ကျန်ရှိပါသည်။ ဘုတ်ပြင်းမြို့နယ်အတွင်းရှိ ပါချန်ကြိုဝိုင်း၏ မူလဧရိယာမှာ (၄၁၉၁၀)ဧကရှိပါသည်။ ကာကွယ်ရေးဝန်ကြီး ဌာနပိုင်မြေအဖြစ် (၃၅၀)ဧကကိုလည်းကောင်း၊ ရွာမြေ၊ အများပိုင်မြေအဖြစ် (၁၄.၄၁)ဧကကိုလည်းကောင်း ကြိုးဝိုင်းမြေအဖြစ်မှ စွန့်လွှတ်ပေးခဲ့ပါသဖြင့် ဘုတ်ပြင်းမြို့နယ်အတွင်းရှိ ပါချန် ကြိုးဝိုင်း ဧရိယာမှာ (၄၁၅၄၅.၅၉)ဧက ကျန်ရှိပါသည်။ ဘုတ်ပြင်းမြို့နယ်ရှိ လေညာကြိုးဝိုင်း၏ မူလဧရိယာမှာ (၄၃၆၄၈၀) ဧကရှိပါသည်။ ကျေးရွာမြေ၊ အများပိုင်မြေအဖြစ် (၁၀၃)ဧကကို ကြိုးဝိုင်းမြေအဖြစ်မှ စွန့်လွှတ်ပေးခဲ့ပါသဖြင့် လေညာကြိုးဝိုင်း၏ လက်ရှိဧရိယာမှာ (၄၃၆၃၇၇)ဧကရှိပါသည်။ ဘုတ်ပြင်းမြို့နယ်အတွင်းရှိ ချောင်းကဖီးဒီရေတောကြိုးပြင်ကာကွယ်တော၏ မူလဧရိယာမှာ (၃၅၆၄၈)ဧက ရှိပါသည်။ ကျေးရွာမြေအဖြစ် (၆.၅၈)ဧကကို ကြိုးပြင်ကာကွယ်တောမြေအဖြစ်မှ စွန့်လွှတ်ပေးခဲ့ပါသဖြင့် ချောင်းကဖီးဒီရေတောကြိုးပြင်ကာကွယ်တော၏ လက်ရှိဧရိယာမှာ (၃၅၆၄၁.၄၂)ဧက ရှိပါသည်။ ဘုတ်ပြင်းမြို့နယ်ရှိ လန်ပိအဏ္ဏဝါအမျိုးသားဥယျာဉ်၏ မူလဧရိယာမှာ (၅၀၆၁၇)ဧက ရှိပါသည်။ ကျေးရွာမြေ၊ အများပိုင်မြေအဖြစ် (၈၈.၈၇) ဧကကို သဘာဝနယ်မြေမှ စွန့်လွှတ်ပေးခဲ့ပါသဖြင့် လန်ပိအဏ္ဏဝါအမျိုးသားဥယျာဉ်၏ လက်ရှိဧရိယာမှာ (၅၀၅၂၈.၁၃)ဧကရှိပါသည်။ ကော့သောင်းခရိုင်အတွင်းရှိ မြေအသုံးချမှုဆိုင်ရာ ပြောင်းလဲမှုများစာရင်းချုပ်ကို **ဇယား(၂-၂-၃)**တွင် ဖော်ပြအပ်ပါသည်။

ကော့သောင်းခရိုင်အတွင်းရှိ မြေအသုံးချမှုဆိုင်ရာ ပြောင်းလဲမှုများစာရင်းအသေးစိတ်ကို **အတွဲ(၂)၊ ဇယား(၂-၂-၃)က**တွင် ဖော်ပြထားပါသည်။

## ကော့သောင်းခရိုင်အတွင်းရှိ မြေအသုံးချမှုဆိုင်ရာ ပြောင်းလဲမှုအသေးစိတ်စာရင်း

## (၂၀၀၆-၂၀၀၇ခုနှစ်မှ ၂၀၁၅-၂၀၁၆ ခုနှစ်အထိ)

ဇယား(၂-၂-၃)

| စဉ် | ကြိုးဝိုင်း/ ကြိုးပြင်ကာကွယ်တော/ သဘာဝထိန်းသိမ်းရေး နယ်မြေ | ကြိုးဝိုင်းတော | ကြိုးပြင်ကာကွယ်တော | သဘာဝထိန်းသိမ်းရေး နယ်မြေ | အမိန့်ကြော်ငြာစာ အမှတ်နှင့် ရက်စွဲ | ပယ်ဖျက်ရသည့် အကြောင်းရင်း |
|---|---|---|---|---|---|---|
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) |
| | **ဖွဲ့စည်းခြင်း** | | | | | |
| | **ကြိုးပြင်ကာကွယ်တော** | | | | | |
| ၁ | ချောင်းကဖီးဒီရေတော | | ၃၅၆၄၁ | | ၁၉၂(၂၉.၁၁.၂၀၁၁) | |
| ၂ | အောင်ဘာဒီရေတော | | ၁၁၂၉ | | ၃၆(၁၂.၆.၂၀၁၃) | |
| ၃ | စူငယ်ဘာလိုင်းဒီရေတော | | ၁၂၀၂ | | ၃၇(၁၂.၆.၂၀၁၃) | |
| ၄ | အော်ကြီး(ပုလောကျိုလိ) ဒီရေတော | | ၁၁၈၄ | | ၃၈(၁၂.၆.၂၀၁၃) | |
| ၅ | အော်ကြီး(အော်ကြီးချောင်း) ဒီရေတော | | ၁၆၀၁ | | ၃၉(၁၂.၆.၂၀၁၃) | |
| ၆ | မလိဝမ်းဒီရေတော | | ၂၈၄၇ | | ၄၀(၁၂.၆.၂၀၁၃) | |
| ၇ | ချန်းဖန်းဒီရေတော | | ၂၄၆၇ | | ၄၁(၁၂.၆.၂၀၁၃) | |
| | **စုစုပေါင်း** | | **၄၆၀၇၁** | | | |

## ကော့သောင်းခရိုင်အတွင်းရှိ မြေအသုံးချမှုဆိုင်ရာ ပြောင်းလဲမှုအသေးစိတ်စာရင်း

## (၂၀၀၆-၂၀၀၇ခုနှစ်မှ ၂၀၁၅-၂၀၁၆ ခုနှစ်အထိ)

ဇယား(၂-၂-၃)

| စဉ် | ကြိုးဝိုင်း/ ကြိုးပြင်ကာကွယ်တော/ သဘာဝထိန်းသိမ်းရေး နယ်မြေ | မူလ ဧရိယာ (ဧက) | ပယ်ဖျက် ဧရိယာ (ဧက) | လက်ရှိ ဧရိယာ (ဧက) | အမိန့်ကြော်ငြာစာ အမှတ်နှင့် ရက်စွဲ | ပယ်ဖျက်ရသည့် အကြောင်းရင်း |
|---|---|---|---|---|---|---|
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) |
| | **<u>ပယ်ဖျက်ခြင်း</u>** | | | | | |
| ၁ | ပါချန်ကြိုးဝိုင်း | ၃၅၈၇၈၀ | ၈၅၀.၀၀ | ၃၅၇၉၃၀ | ၂၇(၂၀.၃.၂၀၀၈) | ခမရ(၂၈၈)(၅၉၇) |
| | | | ၅၀၀.၀၀ | ၃၅၇၄၃၀ | ၈၃(၁၆.၁၂.၂၀၀၈) | ခမရ(၅၉၂) |
| | | | ၄၁၀.၀၀ | ၃၅၇၀၂၀ | ၂၆(၈.၂.၂၀၁၀) | ခမရ(၅၈၄) |
| | | | ၆၀၀.၀၀ | ၃၅၆၄၂၀ | ၄၅(၁၈.၃.၂၀၁၀) | အမတ(၃၀၃) |
| | | | ၁၈၀.၀၀ | ၃၅၆၂၄၀ | ၉၇(၁၇.၈.၂၀၁၀) | ယုဇနဆီအုန်းစက်ရုံ |
| | | | ၁၅၀.၀၀ | ၃၅၆၀၉၀ | ၁၄၂(၂၇.၁၀.၂၀၁၀) | စကခ(၂၀) |
| | | | ၄၀၀.၀၀ | ၃၅၅၆၉၀ | ၁၄၃(၂၇.၁၀.၂၀၁၀) | ခမရ(၅၉၆) |
| | | | ၁၅.၆၁ | ၃၅၅၆၇၄.၃၉ | ၁၅၁(၄.၈.၂၀၁၁) | ခမောက်ကြီးရဲစခန်း |
| | | | ၁.၈၃ | ၃၅၅၆၇၂.၅၆ | ၈၄(၂၃.၁၀.၂၀၁၃) | ခမောက်ကြီးထွေအုပ် |
| | | | ၁၂၆.၀၂ | ၃၅၅၅၄၆.၅၄ | ၂၆၀(၂၃.၁၀.၂၀၁၃) | ခမောက်ကြီးမြို့မြေ |
| | | | ၁၅၅.၃၇ | ၃၅၅၃၉၁.၁၇ | ၄၆၉(၂၈.၄.၂၀၁၅) | အိမ်ခြေ(၅၀)အထက် |
| | | | ၁၄.၁၄ | ၃၅၅၃၇၆.၇၆ | ၄၇၃(၂၈.၄.၂၀၁၅) | အိမ်ခြေ(၅၀)အထက် |
| ၂ | လေညာကြိုးဝိုင်း | ၄၃၆၄၈၀ | ၁၀၃ | ၄၃၆၃၇၇ | ၄၇၄(၂၈.၄.၂၀၁၅) | အိမ်ခြေ(၅၀)အထက် |
| | **ပေါင်း** | **၇၉၅၂၆၀** | **၃၅၀၆.၂၄** | **၇၉၁၇၅၃.၇၆** | | |
| ၁ | ချောင်းကဖီးဒီရေတော | ၃၅၆၄၈ | ၆.၅၈ | ၃၅၆၄၁.၄၂ | ၄၇၂(၂၈.၄.၂၀၁၅) | အိမ်ခြေ(၅၀)အထက် |
| | **ပေါင်း** | **၃၅၆၄၈** | **၆.၅၈** | **၃၅၆၄၁.၄၂** | | |
| ၁ | လန်ပိအဏ္ဏဝါ အမျိုးသားဥယျာဉ် | ၅၀၆၁၈ | ၅၉.၈၇ | | ၄၇၀(၂၈.၄.၂၀၁၅) | အိမ်ခြေ(၅၀)အထက် |
| | | | ၂၉ | | ၄၇၁(၂၈.၄.၂၀၁၅) | အိမ်ခြေ(၅၀)အထက် |
| | **ပေါင်း** | **၅၀၆၁၈** | **၈၉** | **၅၀၅၂၉** | | |
| | **စုစုပေါင်း** | **၈၈၁၅၂၆** | **၃၀၆၂** | **၈၇၇၉၂၄** | | |

ဇစ်မြစ်- ကော့သောင်းခရိုင်၊ သစ်တောဦးစီးဌာန

## ၂.၂.၄ သစ်တောမြေအတွင်း ကျူးကျော်မှုအခြေအနေ

ကော့သောင်းခရိုင်၊ ကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တောများ အတွင်း လယ်၊ ယာမြေ နှင့် အခြားမြေ ကျူးကျော်မှုများကို **ဇယား(၂-၂-၄)**ဖြင့် ဖော်ပြအပ်ပါသည်။

## ၂.၂.၅ သစ်တောမြေအတွင်း ရွှေ/သတ္တုတူးဖော်မှုအခြေအနေ

ကော့သောင်းခရိုင်၊ ကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တောများအတွင်း စာချုပ်ချုပ်ဆို ငှါးရမ်းခွင့်ပြုခဲ့သည့် ရွှေ/သတ္တု တူးဖော်သည့် ကုမ္ပဏီများနှင့်ပတ်သက်၍ **ဇယား ( ၂-၂-၅)**ဖြင့် ဖော်ပြအပ်ပါသည်။

**ကော့သောင်းခရိုင်၊ ကြိုးဝိုင်းတော/ကြိုးပြင်ကာကွယ်တောများအတွင်းရှိ ကျူးကျော်မှုအခြေအနေ**

**ဇယား(၂-၂-၄)**

| စဉ် | မြို့နယ် | ကြိုးဝိုင်း/ကြိုးပြင် ကာကွယ်တောအမည် | ဧရိယာ (ဧက) | ကျူးကျော်ဧရိယာ(ဧက) | | | | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| | | | | လယ် | ယာ | အခြား | ပေါင်း | |
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) | (၈) | (၉) |
| ၁ | ကော့သောင်း | ပါချန်ကြိုးဝိုင်း(ပိုင်း) | ၁၁၃၈၁ | | | ၁၂၈၁၃ | ၁၂၈၁၃ | |
| | **ပေါင်း** | | | | | **၁၂၈၁၃** | **၁၂၈၁၃** | |
| ၂ | ဘုတ်ပြင်း | ပါချန်ကြိုးဝိုင်း(ပိုင်း)<br>လေညာကြိုးဝိုင်း<br>ချောင်းကဖီးဒီရေတော ကြိုးပြင်ကာကွယ်တော<br>လန်ပိအဏ္ဏဝါအမျိုးသား ဥယျာဉ် | ၄၁၅၄၆<br>၄၃၆၃၇၇<br>၃၅၆၄၁<br><br>၅၀၅၂၉ | | | ၃၂၇<br>၄၂၇၈<br>၈၂၂<br><br>၃၁၇ | ၃၂၇<br>၄၂၇၈<br>၈၂၂<br><br>၃၁၇ | |
| | **ပေါင်း** | | | | | **၅၇၄၄** | **၅၇၄၄** | |
| | **စုစုပေါင်း** | | | | | **၁၈၅၅၇** | **၁၈၅၅၇** | |

**ဇစ်မြစ်၊ ကော့သောင်းခရိုင်၊သစ်တောဦးစီးဌာန။**

## ကော့သောင်းခရိုင်အတွင်း ကြိုးဝိုင်းတော/ ကြိုးပြင်ကာကွယ်တောများတွင် ရွှေ/သတ္တုတူးဖော်မှုအခြေအနေ

ဇယား(၂-၂-၅)

| စဉ် | မြို့နယ် | ခွင့်ပြုမိန့်ရသူ အမည် | တူးဖော်ခွင့်ပြုသည့်ရွှေ/သတ္တု အမျိုးအစား | ခွင့်ပြုမိန့်အမှတ် | ကြိုးဝိုင်း/ကြိုးပြင် ကာကွယ်တော | | ဧရိယာ (ဧက) | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| | | | | | အမည် | အကွက် အမှတ် | | |
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) | (၈) | (၉) |
| ၁ | ဘုတ်ပြင်း | မြေကမ္ဘာသတ္တု တူးဖော်ရေးကုမ္ပဏီ | ခဲမဖြူ၊ အဖြိုက်နက် ရောရာသတ္တု | ဦးစီးရုံးချုပ်၏ (၂၄.၁၂.၁၂) ရက်စွဲပါစာအမှတ်၊ စီမံကိန်း/ သတ္တု/(၁၅၇၃၄-၃၆/၁၂) | လေညာ ကြိုးဝိုင်း | | ၂၉၃ | |
| ၂ | ဘုတ်ပြင်း | Hong Htaike Development Co,Ltd | ခဲမဖြူ၊ အဖြိုက်နက် ရောရာသတ္တု | ဦးစီးရုံးချုပ်၏ (၅.၂.၁၄) ရက်စွဲပါစာအမှတ်၊ စီမံကိန်း/ သတ္တု/(၃၂၁၄-၁၇/၁၄) | လေညာ ကြိုးဝိုင်း | | ၁၁၁ | |
| ၃ | ဘုတ်ပြင်း | မာန်ပြည့်ဖြိုး ကုမ္ပဏီ | ခဲမဖြူ၊ အဖြိုက်နက် ရောရာသတ္တု | ဦးစီးရုံးချုပ်၏ (၁၆.၃.၁၅) ရက်စွဲပါစာအမှတ်၊ စီမံကိန်း/ သတ္တု/(၅၅၉၈-၆၀၀/၁၅) | လေညာ ကြိုးဝိုင်း | | ၉၉ | စာချုပ်မချုပ် ရသေးပါ။ |
| | စုစုပေါင်း | | | | | | ၅၀၃ | |

ဇစ်မြစ် - ကော့သောင်းခရိုင်၊ သစ်တောဦးစီးဌာန။

## ၂.၃ သစ်တောသယံဇာတအရင်းအမြစ်

### ၂.၃.၁ သစ်တောအမျိုးအစားနှင့်ဧရိယာအကျယ်အဝန်း

ကော့သောင်းခရိုင်အတွင်း သစ်တောအမျိုးအစားနှင့် ဧရိယာအကျယ်အဝန်းမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

**သစ်တောဖုံးလွှမ်းမှု ဧရိယာ(ဧက)**

| စဉ် | တောအမျိုးအစား | ဧရိယာ(ဧက) | ရာခိုင်နှုန်း |
|---|---|---|---|
| ၁။ | အမြဲစိမ်းတော | ၁၆၄၉၇၄၆ | ၇၃ |
| ၂။ | ဒီရေတော | ၁၆၉၆၁၀ | ၇ |
| ၃။ | ရေ | ၃၁၁၁၁၃ | ၁၄ |
| ၄။ | စိုက်ပျိုးမြေ/အခြားမြေ | ၁၃၈၈၁၂ | ၆ |
| | **စုစုပေါင်း** | **၂၂၆၉၂၈၁** | **၁၀၀** |

ကော့သောင်းခရိုင်အတွင်း မြို့နယ်အလိုက် သစ်တောအမျိုးအစားနှင့် ဧရိယာ အကျယ်အဝန်းများကို **အတွဲ(၂) ဇယား** (၂-၃-၁)ဖြင့်ဖော်ပြထားပါသည်။

**ဇစ်မြစ်၊GIS Section စီမံကိန်းနှင့်စာရင်းအင်းဌာန**



### ၂.၃.၁.၁ သဘာဝတောများ

ကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တောများ (အဆိုပြုကြိုးဝိုင်း/ ကြိုးပြင်ကာကွယ် တော အပါအဝင်)နှင့် ကြိုးပြင်တောများအတွင်းရှိသဘာဝတောများ၏ တောအမျိုးအစား နှင့် ဧရိယာအကျယ်အဝန်းကို မြို့နယ်/ ကြိုးဝိုင်း/ ကြိုးပြင်ကာကွယ်တော/ ကြိုးပြင်တော အလိုက် **အတွဲ(၂)၊ ဇယား (၂-၃-၁-၁)** တွင် ဖော်ပြထားပါသည်။

### ၂.၃.၁.၂ သစ်တောစိုက်ခင်းများ

ကော့သောင်းခရိုင်တွင် (၁၉၉၆-၉၇ ခုနှစ်မှ ၂၀၁၅-၂၀၁၆ ခုနှစ်အထိ) စီးပွားရေး စိုက်ခင်း (ကျွန်း/ပျဉ်းကတိုး/ကြက်ဆူ) (၆၄၀)ဧက၊ ကျေးရွာ ထင်း စိုက်ခင်း (၂၅၅) ဧက၊ ဒီရေတောစိုက်ခင်း (၉၀)ဧက၊ စုစုပေါင်း (၉၈၅) ဧက တည်ထောင်ထား ခဲ့ပါသည်။ ကော့သောင်းခရိုင်၊ ကော့သောင်းမြို့နယ် နှင့် ဘုတ်ပြင်းမြို့နယ်များ၏ စိုက်ခင်းစာရင်းများကို **အတွဲ(၂)၊ ဇယား(၂-၃-၁-၂)က** တွင်ဖော်ပြထားပါသည်။ ကော့သောင်းခရိုင်ရှိ တည်ထောင်ထား သော သစ်တောစိုက်ခင်း စာရင်းချုပ်အား **ဇယား(၂.၃.၁.၂) ခ** ဖြင့် ဖော်ပြ အပ်ပါသည်။

ကော့သောင်းခရိုင်အတွင်း(၂၀၁၅-၂၀၁၆)ခုနှစ်အထိ၊ ပုဂ္ဂလိက သစ်မာစိုက် ခင်း (၁၀၆)ဧက၊ ပုဂ္ဂလိက ရာဘာစိုက်ခင်း (၉၆၇၈)ဧက၊ ပုဂ္ဂလိကဆီအုန်း စိုက်ခင်း (၈၄၈၈၂)ဧက တည်ထောင်ထားရှိခဲ့ပါသည်။ ကော့သောင်းခရိုင် အတွင်း ပုဂ္ဂလိက စိုက်ခင်း(ကျွန်းနှင့်သစ်မာ)များ တည်ထောင်ထားရှိမှုကို **အတွဲ(၂)၊ ဇယား (၂.၃.၁.၂)ဂ** ဖြင့်ဖော်ပြထားပါသည်။ ပုဂ္ဂလိကစိုက်ခင်း (ကျွန်းနှင့်သစ်မာ) စာရင်းချုပ်အား**ဇယား (၂.၃.၁.၂)ဃ** ဖြင့်ဖော်ပြအပ်ပါ သည်။

ပုဂ္ဂလိကစိုက်ခင်း (ရာဘာ၊ ဆီအုန်း၊ ကြံနှင့်အခြား)များ တည်ထောင် ထားရှိ မှုအား **အတွဲ(၂)၊ ဇယား(၂.၃.၁.၂) င** ဖြင့် ဖော်ပြထားပါသည်။ ပုဂ္ဂလိက စိုက်ခင်း (ရာဘာ၊ ဆီအုန်းနှင့်ကြံ) စာရင်းချုပ်အား **ဇယား (၂.၃.၁.၂)စ** ဖြင့် ဖော်ပြအပ်ပါသည်။

## ခရိုင်အတွင်းရှိ တည်ထောင်ထားသည့် စိုက်ခင်းစာရင်းချုပ်

**ဇယား(၂-၃-၁-၂)ခ**

| စဉ် | စိုက်ခင်းအမျိုးအစား | သစ်မျိုး | ဧရိယာ(ဧက) | မှတ်ချက် |
|---|---|---|---|---|
| (၁) | (၂) | (၃) | (၄) | (၅) |
| ၁ | စီးပွားရေးစိုက်ခင်း | ကျွန်း<br>ပျဉ်းကတိုး<br>ကြက်ဆူ | ၁၄၅<br>၄၆၅<br>၃၀ | |
| | | **ပေါင်း** | **၆၄၀** | |
| ၂ | ကျေးရွာသုံးထင်းစိုက်ခင်း | မယ်ဇလီ၊ အော်ရီရှား | ၂၅၅ | |
| | | **ပေါင်း** | **၂၅၅** | |
| ၃ | ဒီရေတောစိုက်ခင်း | ဗြူးခြေထောက်<br>ဗြူးအုပ်ဆောင်း | ၉၀ | |
| | | **ပေါင်း** | **၉၀** | |
| | | **စုစုပေါင်း** | **၉၈၅** | |

**ဇစ်မြစ်- ကော့သောင်းခရိုင်၊ သစ်တောဦးစီးဌာန။**

## ကော့သောင်းခရိုင်အတွင်းရှိ တည်ထောင်ထားသည့် ပုဂ္ဂလိကစိုက်ခင်းစာရင်းချုပ်

ကျွန်းနှင့်သစ်မာ ဇယား(၂-၃-၁-၂)ဃ

| စဉ် | တည်ထောင်သည့်ခုနှစ် | မြို့နယ် | သစ်မျိုး | ဧရိယာ(ဧက) | မှတ်ချက် |
|---|---|---|---|---|---|
| (၁) | (၂) | (၃) | (၄) | (၅) | (၆) |
| ၁ | ၂၀၀၆-၂၀၀၇ | ကော့သောင်း | ပျဉ်းကတိုး | - | |
| ၂ | ၂၀၀၇-၂၀၀၈ | ကော့သောင်း | ပျဉ်းကတိုး | ၁၃ | |
| ၃ | ၂၀၀၈-၂၀၀၉ | ကော့သောင်း | ပျဉ်းကတိုး | ၅ | |
| ၄ | ၂၀၀၉-၂၀၁၀ | ကော့သောင်း | ပျဉ်းကတိုး | ၂၅ | |
| ၅ | ၂၀၁၀-၂၀၁၁ | ကော့သောင်း | ပျဉ်းကတိုး | ၃၀ | |
| ၆ | ၂၀၁၁-၂၀၁၂ | ကော့သောင်း | ပျဉ်းကတိုး | ၃၀ | |
| ၇ | ၂၀၁၂-၂၀၁၃ | ကော့သောင်း | ပျဉ်းကတိုး | - | |
| ၈ | ၂၀၁၃-၂၀၁၄ | ကော့သောင်း | ပျဉ်းကတိုး | - | |
| ၉ | ၂၀၁၄-၂၀၁၅ | ကော့သောင်း | ပျဉ်းကတိုး | - | |
| ၁၀ | ၂၀၁၅-၂၀၁၆ | ကော့သောင်း | သစ်မွှေး | ၃ | |
| | | **စုစုပေါင်း** | | **၁၀၆** | |

**ဇစ်မြစ်- ကော့သောင်းခရိုင်၊ သစ်တောဦးစီးဌာန။**

## ကော့သောင်းခရိုင်အတွင်းရှိ တည်ထောင်ထားသည့်

## ပုဂ္ဂလိကစိုက်ခင်းစာရင်းချုပ်

ရာဘာ၊ ဆီအုန်း၊ ကြံနှင့်အခြား ဇယား(၂-၃-၁-၂)စ

| စဉ် | တည်ထောင်သည့် ခုနှစ် | မြို့နယ် | | | | ခရိုင်ပေါင်း | |
|---|---|---|---|---|---|---|---|
| | | ကော့သောင်း | | ဘုတ်ပြင်း | | | |
| | | ရာဘာ | ဆီအုန်း | ရာဘာ | ဆီအုန်း | ရာဘာ | ဆီအုန်း |
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) | (၈) |
| ၁ | ၁၉၉၉-၂၀၀၀ | - | ၁၆၉၉၃ | - | - | - | ၁၆၉၉၃ |
| ၂ | ၂၀၀၀-၂၀၀၁ | - | ၂၄၁၈၃ | - | ၂၀၀၇ | - | ၂၆၁၉၀ |
| ၃ | ၂၀၀၁-၂၀၀၂ | ၁၀ | - | - | ၁၁၀၀ | ၁၀ | ၁၁၀၀ |
| ၄ | ၂၀၀၂-၂၀၀၃ | - | - | - | ၉၀၇ | - | ၉၀၇ |
| ၅ | ၂၀၀၃-၂၀၀၄ | - | - | - | ၉၉၀ | - | ၉၉၀ |
| ၆ | ၂၀၀၄-၂၀၀၅ | ၁၈ | - | - | ၁၇၉၆ | ၁၈ | ၁၇၉၆ |
| ၇ | ၂၀၀၅-၂၀၀၆ | ၆ | - | - | ၁၅၀၄ | ၆ | ၁၅၀၄ |
| ၈ | ၂၀၀၆-၂၀၀၇ | ၇၀၀ | - | - | ၁၀၅၀ | ၇၀၀ | ၁၀၅၀ |
| ၉ | ၂၀၀၇-၂၀၀၈ | ၈၄၈ | ၁၄၅၃၈ | - | ၁၅၉၈ | ၈၄၈ | ၁၆၁၃၆ |
| ၁၀ | ၂၀၀၈-၂၀၀၉ | ၁၄၅၃ | - | - | ၁၈၄၃ | ၁၄၅၃ | ၁၈၄၃ |
| ၁၁ | ၂၀၀၉-၂၀၁၀ | ၄၂ | - | - | - | ၄၂ | - |
| ၁၂ | ၂၀၁၀-၂၀၁၁ | ၇၀၆ | - | - | ၆၀၂ | ၇၀၆ | ၆၀၂ |
| ၁၃ | ၂၀၁၁-၂၀၁၂ | ၁၄၆၂ | ၅၆၄၆ | - | - | ၁၄၆၂ | ၅၆၄၆ |
| ၁၄ | ၂၀၁၂-၂၀၁၃ | ၁၄၅၃ | ၅၅၄၅ | - | - | ၁၄၅၃ | ၅၅၄၅ |
| ၁၅ | ၂၀၁၃-၂၀၁၄ | ၂၀၃၀ | - | ၂၀၀ | ၃၀၂၀ | ၂၂၃၀ | ၃၀၂၀ |
| ၁၆ | ၂၀၁၄-၂၀၁၅ | ၇၅၀ | - | - | ၁၅၆၀ | ၇၅၀ | ၁၅၆၀ |
| ၁၇ | ၂၀၁၅-၂၀၁၆ | - | - | - | - | - | - |
| | **ပေါင်း** | **၉၄၇၈** | **၆၆၉၀၅** | **၂၀၀** | **၁၇၉၇၇** | **၉၆၇၈** | **၈၄၈၈၂** |

**ဇစ်မြစ်- ကော့သောင်းခရိုင်၊ သစ်တောဦးစီးဌာန။**

### ၂.၃.၁.၃ အခြားသစ်တောများ

ကော့သောင်းခရိုင်အတွင်း တည်ထောင်ထားရှိခဲ့သော ဒေသခံပြည်သူအစု အဖွဲ့ပိုင် သစ်တောစိုက်ခင်း(၂၀၀)ဧက တည်ထောင်ထားခဲ့ပါသည်။ ကော့သောင်းခရိုင် အတွင်း တည်ထောင်ထားရှိခဲ့သော ဒေသခံပြည်သူအစု အဖွဲ့ပိုင် သစ်တောစိုက်ခင်း နှင့် ပုဂ္ဂလိကသစ်မာစိုက်ခင်းစာရင်းကို မြို့နယ်အလိုက်၊ နှစ်အလိုက် အကျယ်အဝန်း များကို **အတွဲ(၂)ဇယား(၂-၃-၁-၃)** တွင်ဖော်ပြထားပါသည်။ ကျေးလက်အိမ်ယာ ထူထောင်ရေးကျေးရွာပိုင် သစ်တောစိုက်ခင်းများဖြစ်သည့် တစ်ရွာ(၁)ဧကစိုက်ခင်း အား ရွာ(၁၄) ရွာတွင် (၁၄)ဧက၊ တစ်အိမ်ထောင်စု ယူကလစ်အပင်(၂၀)အား ကျေးရွာ ပေါင်း (၈၄)ရွာ၊ အိမ်ထောင်စု (၇၇၁၆) စု အတွက် ယူကလစ်နှင့်သစ်မာ အပင်ပေါင်း(၁၅၄၃၂၀)ပင်၊ တစ်အိမ်ထောင် ကျွန်း(၃)ပင်အစား ပျဉ်းကတိုး (၃)ပင်အား ကျေးရွာပေါင်း(၁၈၅)ရွာ၊ အိမ်ထောင်စုပေါင်း (၃၂၃၃၁) အတွက် ပျဉ်းကတိုး ပင်ပေါင်း (၉၇၀၀၀)ပင်၊ လူ(၁)ဦးလျှင် ကျွန်း(၁)ပင် အစား ပျဉ်းကတိုး(၁)ပင်အား လူဦးရေပေါင်း (၁၄၂၀၀)အတွက် ပျဉ်းကတိုးပင်ပေါင်း (၁၄၂၀၀) ဖြန့်ဝေ စိုက်ပျိုးထားပါသည်။ ကျေးလက် အိမ်ယာထူထောင်ရေး ကျေးရွာပိုင် သစ်တောစိုက်ခင်းများ တည်ထောင်ပြီး စာရင်းအား **အတွဲ(၂)၊ ဇယား(၂.၃.၁.၃)က** တွင် ဖော်ပြထားပါသည်။ ကျေးလက်အိမ်ယာထူထောင်ရေး ကျေးရွာပိုင်သစ်တော စိုက်ခင်းများ လျာထားချက် စာရင်းအား **အတွဲ(၂)၊ ဇယား (၂.၃.၁.၃)ခ** ဖြင့်ဖော်ပြထား ပါ သည်။

ဆက်သွယ်ရေးလမ်းမကြီးဘေးဝဲယာတွင် ကျွန်းပင်ပေါင်း (၃၄၅၀)ပင်နှင့် ပျဉ်းကတိုးပင် (၉၀၀၀)ပင်၊ စုစုပေါင်း (၁၂၄၅၀) ပင် စိုက်ပျိုးထားပါသည်။ ဆက်သွယ်ရေး လမ်းမကြီးဘေးဝဲယာစိုက်ခင်းများအား **အတွဲ(၂) ဇယား (၂.၃.၁.၂)ဆ**ဖြင့် ဖော်ပြထားပါ သည်။

### ၂.၃.၂ သစ်ပင်ပေါက်ရောက်မှုအခြေအနေ

### ၂. ၃.၂.၁ကြိုးဝိုင်းတောများ

ကော့သောင်းခရိုင်တွင် ကြိုးဝိုင်းတော(၃)ခုရှိပါသည်။ ကော့သောင်းခရိုင်တွင် ပါချန်ကြိုးဝိုင်း(၃၅၃၇၇)ဧက၊ငှက်သိုက်ကြိုးဝိုင်း(၂၆၆)ဧက၊ လေညာ ကြိုးဝိုင်း (၄၃၆၃၇၇)ဧက၊ စုစုပေါင်း (၇၉၂၀၂၀)ဧက ပါဝင်ပါသည်။

## ၂.၃.၂.၁.၁ ထုတ်လုပ်ရေးသစ်တောများ

ကော့သောင်းခရိုင်အတွင်းရှိ ပါ ချန်ကြိုးဝိုင်း၏ (၈၄၉၄၇)ဧကအား ထုတ်လုပ်ရေးသစ်တောအဖြစ် ဖွဲ့စည်းထားပါသည်။

### ၂.၃.၂.၁.၁.၁သဘာဝတောများ

#### ၂.၃.၂.၁.၁.၁. ၁ ကြီးထွားနှုန်း

သဘာဝတောများမှ သက်န်း အဖိုးတန်သစ်များ အပါအဝင် အခြား သစ်မျိုးများ၏ ကြီးထွားနှုန်း အသင့်အတင့် ကောင်း မွန်ပါသည်။

#### ၂.၃.၂.၁.၁.၁.၂ သေကြေပျက်စီးနှုန်း

ကော့သောင်းခရိုင်အတွင်းရှိ သစ်တောများသည် အပူပိုင်းမိုး သစ်တောများဖြစ်ပြီး လောင်းရိပ်မိ၍ သေကြေခြင်း၊ တိရစ္ဆာန်များ ကြောင့်သေကြေခြင်း၊ တောမီးကြောင့် သေကြေခြင်း ရှိပါသည်။ တရားမဝင် သစ်ထုတ်ယူခြင်းများ နှင့် ကျူးကျော်ဥယျာဉ်၊ နှစ်ရှည် စိုက်ခင်းများကြောင့်လည်း သစ်တောများ သေကြေပျက်စီးရပါ သည်။ တောများအား အပြောင်ရှင်း၍ ဆီအုန်း၊ ရာဘာစိုက်ပျိုး ခြင်းဖြင့်လည်း သစ်တောများ ပျက်စီး ဆုံးရှုံးရခြင်းဖြစ်ပါသည်။

#### ၂.၃.၂.၁.၁.၁.၃ မျိုးဆက်မှု

ကော့သောင်းခရိုင်၊ ကော့သောင်းမြို့နယ်နှင့် ဘုတ်ပြင်းမြို့နယ် အတွင်းရှိ သဘာဝတောများ၌ ဓမ္မတာမျိုးဆက်ခြင်း ကောင်းမွန် ပါသည်။

#### ၂.၃.၂.၁.၁.၁.၄ ပင်ထောင်ဇယား

ကော့သောင်းခရိုင်အတွင်းရှိ ပါချန်ကြိုးဝိုင်း၏ ထုတ်လုပ်ရေး သစ်တောကို (၈၄၉၄၇)ဧကဖြင့် ဖွဲ့စည်းထားပါသည်။

ပင်ထောင်ဇယားအား **ဇယား (၂.၃.၂.၁.၁.၁.၄)** ဖြင့် ဖော်ပြ အပ်ပါသည်။

**ပင်ထောင်ဇယား**

**ခရိုင်အမည် - ကော့သောင်းခရိုင်** **ဇယား(၂-၃-၂-၁-၁-၁-၄)**

**မြို့နယ်အမည် - ကော့သောင်းမြို့နယ်** **ဧရိယာ ၈၄၉၄၇ ဧက**

**ကြိုးဝိုင်းအမည် - ပါချန်ကြိုးဝိုင်း** **(ပင်ရေ)**

| သစ်မျိုးအုပ်စု | ၂' ၀" မှ ၅ '၅ " | ၅' ၆" မှ ၆'၅" | ၆' ၆" မှ ၇'၅" | ၇' ၆" မှ ၇'၁၁" | ၈' နှင့် အထက် | ပေါင်း | ပါဝင်မှု % |
|---|---|---|---|---|---|---|---|
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) | (၈) |
| အုပ်စု(၁) | ၁၇၅၀၀ | | ၀ | ၀ | ၀ | ၁၇၅၀၀ | ၀.၆၉ |
| အုပ်စု(၂) | ၃၅၀၀၀၀ | ၄၂၀၀၀ | ၂၁၀၀၀ | ၃၅၀၀ | ၀ | ၄၁၆၅၀၀ | ၁၆.၃၀ |
| အုပ်စု(၃) | ၃၇၁၀၀၀ | ၂၄၅၀၀ | ၁၄၀၀၀ | ၃၅၀၀ | ၁၇၅၀၀ | ၄၃၀၅၀၀ | ၁၆.၈၅ |
| အုပ်စု(၄) | ၁၀၅၀၀၀ | ၁၀၅၀၀ | ၀ | ၀ | ၀ | ၁၁၅၅၀၀ | ၄.၅၂ |
| အုပ်စု(၅) | ၁၄၆၃၀၀၀ | ၅၆၀၀၀ | ၂၈၀၀၀ | ၀ | ၂၈၀၀၀ | ၁၅၇၅၀၀၀ | ၆၁.၆၄ |
| **စုစုပေါင်း** | **၂၃၀၆၅၀၀** | **၁၃၃၀၀၀** | **၆၃၀၀၀** | **၇၀၀၀** | **၄၅၅၀၀** | **၂၅၅၅၀၀၀** | ၁၀၀ |

**ဇစ်မြစ်- ၂၀၁၅ ခုနှစ်၊ သစ်တောသယံဇာတစာရင်းကောက်ယူမှုစာရင်းများအရ**

**၂.၃.၂.၁.၁.၁.၅ ထုထည်ဇယား**

ပါချန်ကြိုးဝိုင်း၏ (၈၄၉၄၇)ဧကအား ထုတ်လုပ်ရေး သစ်တော အဖြစ်ဖွဲ့စည်းထားပါသည်။ ထုထည်ဇယားအား **ဇယား** (၂.၃.၂.၁.၁.၁.၅) ဖြင့် ဖော်ပြအပ်ပါသည်။

**ထုထည်ဇယား**

**ခရိုင်အမည် - ကော့သောင်းခရိုင်** **ဇယား(၂-၃-၂-၁-၁-၁-၅)**

**မြို့နယ်အမည် - ကော့သောင်းမြို့နယ်** **ဧရိယာ ၈၄၉၄၇ ဧက**

**ကြိုးဝိုင်းအမည် - ပါချန်ကြိုးဝိုင်း** **(ကုဗတန်)**

| သစ်မျိုး အုပ်စု | ၂' ၀" မှ ၅' ၅" | ၅' ၆" မှ ၆' ၅" | ၆' ၆" မှ ၇' ၅" | ၇' ၆" မှ ၇' ၁၁" | ၈' နှင့် အထက် | ပေါင်း | ပါဝင်မှု % |
|---|---|---|---|---|---|---|---|
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) | (၈) |
| အုပ်စု(၁) | ၆၂၆၇ | ၀ | ၀ | ၀ | ၀ | ၆၂၆၇ | ၀.၃၉ |
| အုပ်စု(၂) | ၂၀၉၅၇၄ | ၈၃၃၄၂ | ၆၄၀၆၁ | ၁၃၇၂၁ | ၀ | ၃၇၀၆၉၈ | ၂၃.၃၅ |
| အုပ်စု(၃) | ၁၅၃၈၃၈ | ၃၃၀၉၁ | ၂၈၉၉၂ | ၈၇၃၃ | ၇၈၇၃၀ | ၃၀၃၃၈၄ | ၁၉.၁၁ |
| အုပ်စု(၄) | ၃၈၂၆၀ | ၁၉၉၃၅ | ၀ | ၀ | ၀ | ၅၈၁၉၅ | ၃.၆၇ |
| အုပ်စု(၅) | ၅၅၃၂၃၇ | ၇၅၀၄၀ | ၅၆၇၉၁ | ၀ | ၁၆၃၉၂၉ | ၈၄၈၉၉၆ | ၅၃.၄၈ |
| စုစုပေါင်း | ၉၆၁၁၇၆ | ၂၁၁၄၀၈ | ၁၄၉၈၄၄ | ၂၂၄၅၄ | ၂၄၂၆၅၉ | ၁၅၈၇၅၄၁ | ၁၀၀ |

**ဇစ်မြစ်- ၂၀၁၅ ခုနှစ်၊ သစ်တောသယံဇာတစာရင်းကောက်ယူမှုစာရင်းများအရ**

**၂.၃.၂.၁.၁.၂ သစ်တောစိုက်ခင်းများ**

**၂.၃.၂.၁.၁.၂.၁ ကြီးထွားနှုန်း**

သစ်တောစိုက်ခင်း (ကျွန်း)များ၏ တစ်နှစ်အမြင့် ကြီးထွား နှုန်းမှာ ၂.၀ ပေ ဖြစ်သဖြင့် ကြီးထွားမှုညံ့ပါသည်။ ပျဉ်းကတိုး စိုက်ခင်း၏ တစ်နှစ်အမြင့် ကြီးထွားနှုန်းမှာ ၃.၀ ပေ ဖြစ်ပါ သည်။

**၂.၃.၂.၁.၁.၂.၂ သေကြေပျက်စီးနှုန်း**

မီးလောင်ခြင်းနှင့် ကျူးကျော်ခြင်းများကြောင့် သေကြေ ပျက်စီးမှုများရှိပါသည်။ တောမီးလောင်ခြင်း နှင့် တောရိုင်း တိရစ္ဆာန်များကြောင့်လည်း ပျက်စီးမှုရှိပါသည်။

**ကော့သောင်းခရိုင်၊ ကြိုးဝိုင်းတောအတွင်းရှိစိုက်ခင်းများ**
**သေကြေပျက်စီးမှုဇယား**

| စဉ် | စိုက်ခင်း အမျိုးအစား | စာရင်းရှိ (ဧက) | ပျက်စီး (ဧက) | သေကြေ ပျက်စီးနှုန်း |
|---|---|---|---|---|
| (၁) | (၂) | (၃) | (၄) | (၅) |
| ၁ | စီးပွားရေး | ၃၅၅ | ၅ | ၁.၄၁% |
| ၂ | ကျေးသုံး | ၆၀ | ၁၀ | ၁၆.၆၇% |

**ဇစ်မြစ်-၂၀၁၅ ခုနှစ်၊ ခရိုင်သစ်တောဦးစီးဌာန၊ ကော့သောင်းမြို့။**

**၂.၃.၂. ၁.၁.၂.၃ စိုက်ခင်းဇယား**

ကော့သောင်းခရိုင်အတွင်း ကြိုးဝိုင်းများအတွင်း စီးပွားရေး စိုက်ခင်း (၃၅၀)ဧက တည်ထောင်ခဲ့ပါသည်။ တည်ထောင်ခဲ့ သည့် သစ်တောစိုက်ခင်း(၃၅၀)ဧက၏ အကြောင်းအရာများ ကို **အတွဲ (၂)၊ ဇယား(၂-၃-၂-၁-၁-၂-၃)** ဖြင့် ဖော်ပြထား ပါသည်။

**၂.၃.၂.၁.၂ ရေဝေရေလဲသစ်တောများ**

ကော့သောင်းခရိုင် ကြိုးဝိုင်းများအတွင်း တည်ဆောက်ထားသော ဆည်၊ ရေလှောင်တမံများမရှိပါ။ ရေဝေရေလဲစိုက်ခင်းတည်ထောင်ထားခြင်း မရှိပါ။ ကြိုးဝိုင်းအတွင်း ရေဝေရေလဲ သစ်တောများအနေဖြင့် **ဇယား (၂-၃-၂-၁-၂)** ဖြင့် ဖော်ပြအပ်ပါသည်။

**ရေဝေရေလဲသစ်တောဧရိယာများဇယား**

**ဇယား(၂-၃-၂-၁-၂)**

| စဉ် | ကြိုးဝိုင်းအမည် | ဧရိယာ (ဧက) | မှတ်ချက် |
|---|---|---|---|
| (၁) | (၂) | (၃) | (၄) |
| ၁ | ပါချန်ကြိုးဝိုင်း | ၁၉၁၇ | (၁၄)မိုင်ဒေသရေထွက်ထိန်းသိမ်းရန် |
| ၂ | ပါချန်ကြိုးဝိုင်း | ၁၂၅၉၄ | ဆလုံဖူးနီချောင်းဖျားရေဝေရေလဲ |
| ၃ | ပါချန်ကြိုးဝိုင်း | ၆၁၈၄ | ဟန်ကဒိုင်းချောင်းဖျားရေဝေရေလဲ |
| ၄ | လေညာကြိုးဝိုင်း | ၆၃၉၂ | မတ်စောက်သည့်တောင်တန်း |
| | **စုစုပေါင်း** | **၂၇၀၈၇** | |

**၂.၃.၂.၁.၃ ဒေသထောက်ပံ့ရေးသစ်တောများ**

ကော့သောင်းခရိုင်၊ ကြိုးဝိုင်းများအတွင်း ဒေသထောက်ပံ့ရေးသစ်တောများကို (၆၂၅၂၄) ဧက ဖြင့် ဖွဲ့စည်းထားရှိပါသည်။ ဒေသထောက်ပံ့ရေးသစ်တောများ တွင်ပါဝင်သည့် ကျေးရွာသုံးထင်းစိုက်ခင်း(၅၀)ဧက စာရင်းအား **အတွဲ(၂)၊ ဇယား(၂-၃-၂-၁-၃)** ဖြင့်ဖော်ပြထားပါသည်။

### ၂.၃.၂.၁.၄ ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောများ

ကော့သောင်းခရိုင်၊ ကြိုးဝိုင်းများအတွင်း ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောများတည်ထောင်ထားခြင်း မရှိပါ။

### ၂.၃.၂.၁.၅ အခြားသစ်တောများ

ကော့သောင်းခရိုင်၊ ကြိုးဝိုင်းများအတွင်း အခြားသစ်တောအမျိုးအစားများ တည်ထောင်ထားခြင်း မရှိပါ။

### ၂.၃.၂.၂ ကြိုးပြင်ကာကွယ်တောများ(အဆိုပြုကြိုးပြင်ကာကွယ်တောအပါအဝင်)

ကော့သောင်းခရိုင်အတွင်းတွင် ကြိုးပြင်ကာကွယ်တော(၇)ခု ရှိပါသည်။ ကော့သောင်းမြို့နယ်တွင် အောင်ဘာဒီရေတော ကြိုးပြင်ကာကွယ်တော (၁၁၂၉) ဧက၊ စူငယ်ဘာလိုင်းဒီရေတောကြိုးပြင်ကာကွယ်တော (၁၂၀၂) ဧက၊ အော်ကြီး (အော်ကြီးချောင်း) ဒီရေတောကြိုးပြင်ကာကွယ်တော (၁၆၀၁)ဧက၊ အော်ကြီး (ပုလောကျိုလိ) ဒီရေတောကြိုးပြင်ကာကွယ်တော (၁၁၈၄)ဧက၊ မလိဝမ်းဒီရေတော ကြိုးပြင်ကာကွယ်တော (၂၈၄၇)ဧက၊ ချန်းဖန်း(မပုတေး) ဒီရေတော ကြိုးပြင်ကာကွယ်တော (၂၄၆၇)ဧကနှင့် ဘုတ်ပြင်းမြို့နယ်တွင် ချောင်းကဖီး ဒီရေတော ကြိုးပြင်ကာကွယ်တော(၃၅၆၄၁)ဧက၊ ရေငံကြီးအဆိုပြု ဒီရေတောကြိုးပြင်ကာကွယ်တော (၁)ခု (၃၂၁၆၀)ဧက စုစုပေါင်း (၇၈၂၃၁)ဧက ရှိပါသည်။

### ၂.၃.၂.၂.၁ ထုတ်လုပ်ရေးသစ်တောများ

ကော့သောင်းခရိုင်အတွင်း ကြိုးပြင်ကာကွယ်တောများတွင် ထုတ်လုပ်ရေး သစ်တောများ ဖွဲ့စည်းတည်ထောင်ထားခြင်း မရှိပါ။

#### ၂.၃.၂.၂.၁.၁ သဘာဝတော

##### ၂.၃.၂.၂.၁.၁.၁ ကြီးထွားနှုန်း

အမြဲတမ်းနမူနာကွက်များမရှိပါ။ မှတ်တမ်းတင်ထားခြင်း မရှိ၍ ဖော်ပြ နိုင်ခြင်းမရှိပါ။

##### ၂.၃.၂.၂.၁.၁.၂ သေကြေပျက်စီးနှုန်း

ကြိုးပြင်ကာကွယ်တောများသည် ဒီရေတောများ ဖြစ်ပါသည်။ ဒီရေတောများအတွင်း တရားမဝင် မီးသွေးဖုတ်ခြင်း၊ ရေလုပ်ငန်း သုံးတိုင်၊ မျောများ တရားမဝင်ထုတ်လုပ်ခြင်းများကြောင့် သေကြေ ပျက်စီးမှုများရှိပါသည်။ သေကြေပျက်စီးမှု ရာခိုင်နှုန်းမှာ ၈% မှ ၉% ခန့်ထိရှိပါသည်။

၂.၃.၂.၂.၁.၁.၃ **မျိုးဆက်ခြင်း**

ဒီရေတောအများစုဖြစ်၍ မျိုးဆက်မှု ကောင်းမွန်ပါသည်။

၂.၃.၂.၂.၁.၁.၄ **ပင်ထောင်ဧယား**

ကြိုးပြင်ကာကွယ်တောများအတွင်း သစ်တောသယံဇာတ စာရင်းကောက်ယူခြင်း မဆောင်ရွက်နိုင်သဖြင့် ပင်ထောင်ဧယားအား တွက်ချက်တင်ပြခြင်းမရှိပါ။

၂.၃.၂.၂.၁.၁.၅ **ထုထည်ဧယား**

ကြိုးပြင်ကာကွယ်တောများအတွင်း သစ်တောသယံဇာတ စာရင်းကောက်ယူခြင်း မဆောင်ရွက်နိုင်သဖြင့် ထုထည်ဧယားအား တွက်ချက်တင်ပြခြင်းမရှိပါ။

**၂.၃.၂.၂.၁.၂ သစ်တောစိုက်ခင်းများ**

ချောင်းကဖီးဒီရေတော ကြိုးပြင်ကာကွယ်တောတွင် ဒီရေတော စိုက်ခင်း (၉၀)ဧက တည်ထောင်ထားရှိပြီး ဖြစ်ပါသည်။

၂.၃.၂.၂.၁.၂.၁ **ကြီးထွားနှုန်း**

ဒီရေတောသစ်တောစိုက်ခင်း ဖြူးခြေထောက်၏ တစ်နှစ် အမြင့်ကြီးထွားနှုန်းမှာ ၁.၅ ပေ ဖြစ်ပါသည်။

၂.၃.၂.၂.၁.၂.၂ **သေကြေပျက်စီးနှုန်း**

ဒီရေတောသစ်တောစိုက်ခင်းများမှ စိုက်ပင်များကို စိုက်ပျိုးစဉ်တွင် ဂဏန်း၊ ပုဇွန်များ ကိုက်ဖြတ်မှုကြောင့် သေကြေပျက်စီးမှုရှိသော်လည်း စဉ်ဆက်မပြတ် ဖာထေးဆောင်ရွက် ထားခြင်းကြောင့် သေကြေပျက်စီးနှုန်း တွက်ချက်တင်ပြနိုင်ခြင်း မရှိပါ။

၂.၃.၂.၂.၁.၂.၃ **စိုက်ခင်းဧယား**

ကော့သောင်းခရိုင်၊ ကြိုးပြင်ကာကွယ်တော အတွင်း (၂၀၁၅-၂၀၁၆) ခုနှစ်အထိ၊ ဒီရေတောစိုက်ခင်း (၉၀)ဧက တည်ထောင်ထားခဲ့ပါသည်။ တည်ထောင်ခဲ့သည့် ဒီရေတော စိုက်ခင်း(၉၀)ဧက၏ အကြောင်း အရာ များကို **အတွဲ(၂)**၊ **ဧယား(၂-၃-၂-၂-၁-၂-၃)** ဖြင့် ဖော်ပြထားပါ သည်။

**၂.၃.၂.၂.၂ ရေဝေရေလဲသစ်တောများ**

ကြိုးပြင်ကာကွယ်တောဧရိယာ အတွင်းတွင် ရေဝေရေလဲ သစ်တော စိုက်ခင်းများ တည်ထောင်ထားခြင်းမရှိပါ။ ရေဝေရေလဲသစ်တောများလည်း ဖွဲ့စည်းထားခြင်းမရှိပါ။

**၂.၃.၂.၂.၃ ဒေသထောက်ပံ့ရေးသစ်တောများ**

ကြိုးပြင်ကာကွယ်တော(ဒီရေတော) အတွင်းတွင် ဒေသခံပြည်သူများ အတွက် လိုအပ်သော ထင်း၊ မီးသွေး၊ တိုင်၊ မျော့များအား ထုတ်လုပ်နိုင်ရန် အကျယ်အဝန်းအားဖြင့် (၄၅၁၂၉)ဧက ရှိပါ သည်။

**၂.၃.၂.၂.၄ ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောများ**

ကြိုးပြင်ကာကွယ်တောအတွင်းတွင် ဒေသခံပြည်သူ အစုအဖွဲ့ပိုင် သစ်တော တည်ထောင်ထားခြင်းမရှိပါ။ ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တော တည်ထောင်ခွင့်ပြုနိုင်ရေးအတွက် စီစဉ် ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

**၂.၃.၂.၂.၅ အခြားသစ်တောများ**

ဖော်ပြရန်မရှိပါ။

**၂.၃.၂.၃ ကြိုးပြင်တောများ (သစ်တောဖုံးလွှမ်းလျှက်ရှိသည့်အစိုးရစီမံခန့်ခွဲပိုင်ခွင့်ရှိသောမြေ)**

**၂.၃.၂.၃.၁ ထုတ်လုပ်ရေးသစ်တောများ**

ကော့သောင်းခရိုင်၊ သစ်ထုတ်နိုင်သည့် ကြိုးပြင်တောများအား ထုတ်လုပ်ရေးသစ်တောအဖြစ် ဖွဲ့စည်းထားပါသည်။ ဘုံခွန်းကြိုးပြင်တွင် (၃၄၉၁၄) ဧက နှင့် မနိုးရုံးကြိုးပြင်တွင် (၃၄၂၀၂)ဧက ဖြင့် ဖွဲ့စည်းထားပါသည်။ ကြိုးပြင်တောရှိ ထုတ်လုပ်ရေးသစ်တောဧရိယာ စုစုပေါင်းမှာ (၆၉၁၁၆) ဧကဖြစ်ပါသည်။

**၂.၃.၂.၃.၁.၁ သဘာဝတောများ**

**၂.၃.၂.၃.၁.၁.၁ ကြီးထွားနှုန်း**

ကြိုးပြင်တောအတွင်းရှိ သစ်ပင်များ၏ ကြီးထွားမှုအား မှတ်တမ်းတင်ထားခြင်းမရှိ၍ဖော်ပြနိုင်ခြင်းမရှိပါ။

**၂.၃.၂.၃.၁.၁.၂ သေကြေပျက်စီးနှုန်း**

ကြိုးပြင်တောအတွင်း တရားမဝင်သစ်ထုတ်ခြင်း၊ ဥယျာဉ်ခြံ တည်ထောင်ခြင်းများကြောင့် သေကြေပျက်စီးမှု ရှိပါသည်။ အမြဲတမ်းနမူနာကွက်များဖြင့် မှတ်တမ်းတင်ထားခြင် မရှိသဖြင့် ဖော်ပြနိုင်ခြင်း မရှိပါ။

**၂.၃.၂.၃.၁.၁.၃ မျိုးဆက်မှု**

ကြိုးပြင်တောအတွင်း ကညင်၊ ကတွတ်၊ ဥဘန်၊ တောသရက်၊ ကံ့ကော်၊ မှန်သင်း သစ်မျိုးများ၏ မျိုးဆက်မှု ကောင်းမွန်ပါ သည်။

**၂.၃.၂.၃.၁.၁.၄ ပင်ထောင်ဇယား**

ကော့သောင်းခရိုင်အတွင်းရှိ ကြိုးပြင်တောများအနက် ဘုံခွန်း ကြိုးပြင်နှင့် မနိုးရုံးကြိုးပြင်တို့တွင်သာ လုံခြုံရေးနှင့် လမ်းပန်း ဆက်သွယ်ရေးအရ သစ်ထုတ်နိုင်မည်ဖြစ်ပါသည်။ အဆိုပါကြိုးပြင် တောများတွင် ပေါက်ရောက်လျှက်ရှိသည့် သစ်ပင်အရေအတွက် စာရင်းများ၏ပင်ထောင်ဇယားများ တွက်ချက်ရာတွင် ၂၀၁၅ ခုနှစ် (One Shot Inventory) ဖြင့်ကောက်ယူရရှိသည့် ကိန်းဂဏန်း များအား အခြေခံ၍ တွက်ချက် ထားပါသည်။ ကြိုးပြင်တောအလိုက်၊ သစ်မျိုး၊ အုပ်စုအလိုက် ပင်ထောင်ဇယားကို **ဇယား(၂-၃-၂-၃-၁-၁-၄)** တွင် ဖော်ပြအပ်ပါသည်။

### ပင်ထောင်ဇယား

**ခရိုင်အမည် - ကော့သောင်းခရိုင်** **ဇယား(၂-၃-၂-၃-၁-၁-၄)**

**မြို့နယ်အမည် - ဘုတ်ပြင်း** **ဧရိယာ ၃၄၉၁၄ ဧက**

**ကြိုးဝိုင်းအမည် - ဘုံခွန်းကြိုးပြင်** **(ပင်ရေ)**

| သစ်မျိုးအုပ်စု | ၂ ' ၀" မှ ၅ ' ၅" | ၅ ' ၆" မှ ၆' ၅" | ၆ ' ၆" မှ ၇' ၅" | ၇ ' ၆" မှ ၇' ၁၁" | ၈' နှင့်အထက် | ပေါင်း | ပါဝင်မှု % |
|---|---|---|---|---|---|---|---|
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) | (၈) |
| အုပ်စု(၁) | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| အုပ်စု(၂) | ၃၂၄၂၀၂ | ၅၆၂၂၀ | ၁၆၈၆၆ | ၁၈၇၄ | ၉၃၇၀ | ၄၀၈၅၃၂ | ၅၇.၆၇ |
| အုပ်စု(၃) | ၅၆၂၂၀ | ၁၁၂၄၄ | ၅၆၂၂ | ၀ | ၇၄၉၆ | ၈၀၅၈၂ | ၁၁.၃၈ |
| အုပ်စု(၄) | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| အုပ်စု(၅) | ၁၉၁၁၄၈ | ၁၆၈၆၆ | ၉၃၇၀ | ၀ | ၁၈၇၄ | ၂၁၉၂၅၈ | ၃၀.၉၅ |
| **စုစုပေါင်း** | **၅၇၁၅၇၀** | **၈၄၃၃၀** | **၃၁၈၅၈** | **၁၈၇၄** | **၁၈၇၄၀** | **၇၀၈၃၇၂** | **၁၀၀** |

**ဇစ်မြစ်- ၂၀၁၅ ခုနှစ်၊ သစ်တောသယံဇာတစာရင်းကောက်ယူမှုစာရင်းများအရ၊**

### ပင်ထောင်ဇယား

**ခရိုင်အမည် - ကော့သောင်းခရိုင်** **ဇယား(၂-၃-၂-၃-၁-၁-၄)**

**မြို့နယ်အမည် - ဘုတ်ပြင်း** **ဧရိယာ ၃၄၂၀၂ ဧက**

**ကြိုးဝိုင်းအမည် - မနိုးရုံးကြိုးပြင်** **(ပင်ရေ)**

| သစ်မျိုးအုပ်စု | ၂ ' ၀" မှ ၅ ' ၅" | ၅ ' ၆" မှ ၆' ၅" | ၆ ' ၆" မှ ၇' ၅" | ၇ ' ၆" မှ ၇' ၁၁" | ၈' နှင့်အထက် | ပေါင်း | ပါဝင်မှု % |
|---|---|---|---|---|---|---|---|
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) | (၈) |
| အုပ်စု(၁) | ၇၃၄၀ | ၁၈၃၅ | ၀ | ၀ | ၀ | ၉၁၇၅ | ၀.၅၈ |
| အုပ်စု(၂) | ၂၄၅၈၉၀ | ၄၂၂၀၅ | ၁၁၀၁၀ | ၅၅၀၅ | ၁၆၅၁၅ | ၃၂၁၁၂၅ | ၂၀.၄၉ |
| အုပ်စု(၃) | ၃၇၉၈၄၅ | ၃၁၁၉၅ | ၉၁၇၅ | ၁၈၃၅ | ၃၆၇၀ | ၄၂၅၇၂၀ | ၂၇.၁၆ |
| အုပ်စု(၄) | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| အုပ်စု(၅) | ၇၀၀၉၇၀ | ၆၉၇၃၀ | ၁၄၆၈၀ | ၁၈၃၅ | ၂၃၈၅၅ | ၈၁၁၀၇၀ | ၅၁.၇၆ |
| **စုစုပေါင်း** | **၁၃၃၄၀၄၅** | **၁၄၄၉၆၅** | **၃၄၈၆၅** | **၉၁၇၅** | **၄၄၀၄၀** | **၁၅၆၇၀၉၀** | **၁၀၀** |

**ဇစ်မြစ်- ၂၀၁၅ ခုနှစ်၊ သစ်တောသယံဇာတစာရင်းကောက်ယူမှုစာရင်းများအရ၊**

## ၂.၃.၂.၃.၁.၅ ထုထည်ဇယား

ကော့သောင်းခရိုင်၊ သစ်ထုတ်နိုင်သော ကြိုးပြင်တောများ၏ ထုထည်ဇယားကို ကြိုးပြင်အလိုက်၊ အုပ်စုအလိုက်၊ လုံးပတ်အတန်းအစားအလိုက် **ဇယား (၂-၃-၂-၃-၁-၁-၅)** တွင် ဖော်ပြ အပ်ပါသည်။

### ထုထည်ဇယား

**ခရိုင်အမည် - ကော့သောင်းခရိုင်** **ဇယား(၂-၃-၂-၃-၁-၁-၅)**

**မြို့နယ်အမည် - ဘုတ်ပြင်း** **ဧရိယာ ၃၄၉၁၄ ဧက**

**ကြိုးဝိုင်းအမည် - ဘုံခွန်းကြိုးပြင်** **(ကုဗတန်)**

| သစ်မျိုး အုပ်စု | ၂ ' ၀" မှ ၅ ' ၅" | ၅ ' ၆" မှ ၆' ၅" | ၆ ' ၆" မှ ၇' ၅" | ၇ ' ၆" မှ ၇' ၁၁" | ၈' နှင့် အထက် | ပေါင်း | ပါဝင်မှု % |
|---|---|---|---|---|---|---|---|
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) | (၈) |
| အုပ်စု(၁) | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| အုပ်စု(၂) | ၁၇၉၄၉၅ | ၁၁၃၀၃၇ | ၅၀၇၉၂ | ၄၈၀၁ | ၄၀၆၄၅ | ၃၈၈၇၇၀ | ၆၆.၆၁ |
| အုပ်စု(၃) | ၂၆၀၄၈ | ၁၅၃၆၉ | ၁၀၀၇၆ | ၀ | ၂၅၃၆၈ | ၇၆၈၆၁ | ၁၃.၁၇ |
| အုပ်စု(၄) | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| အုပ်စု(၅) | ၇၂၅၇၈ | ၂၁၇၇၆ | ၁၇၇၇၅ | ၀ | ၅၉၁၅ | ၁၁၈၀၄၄ | ၂၀.၂၂ |
| **စုစုပေါင်း** | **၂၇၈၁၂၁** | **၁၅၀၁၈၂** | **၇၈၆၄၃** | **၄၈၀၁** | **၇၁၉၂၈** | **၅၈၃၆၇၅** | **၁၀၀** |

**ဇစ်မြစ်- ၂၀၁၅ ခုနှစ်၊ သစ်တောသယံဇာတစာရင်းကောက်ယူမှုစာရင်းများအရ**

## ထုထည်ဇယား

ခရိုင်အမည် - ကော့သောင်းခရိုင် ဇယား(၂-၃-၂-၃-၁-၁-၅)

မြို့နယ်အမည် - ဘုတ်ပြင်း ဧရိယာ ၃၄၂၀၂ ဧက

ကြိုးဝိုင်းအမည် - မနိုးရိုးကြိုးပြင် (ကုဗတန်)

| သစ်မျိုးအုပ်စု | ၂'၀"မှ ၅'၅" | ၅'၆"မှ ၆'၅" | ၆'၆"မှ ၇'၅" | ၇'၆"မှ ၇'၁၁" | ၈'နှင့်အထက် | ပေါင်း | ပါဝင်မှု % |
|---|---|---|---|---|---|---|---|
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) | (၈) |
| အုပ်စု(၁) | ၅၃၅၈ | ၂၅၂၆ | ၀ | ၀ | ၀ | ၇၈၈၄ | ၀.၆၆ |
| အုပ်စု(၂) | ၁၅၉၈၀၁ | ၈၅၄၆၀ | ၂၉၅၄၅ | ၂၂၁၅၈ | ၉၇၀၉၃ | ၃၉၄၀၅၇ | ၃၃.၀၅ |
| အုပ်စု(၃) | ၁၇၁၅၀၀ | ၄၀၅၁၆ | ၁၉၅၃၇ | ၄၄၅၈ | ၁၇၁၃၄ | ၂၅၃၁၄၅ | ၂၁.၂၄ |
| အုပ်စု(၄) | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| အုပ်စု(၅) | ၃၀၇၃၇၇ | ၉၁၀၅၆ | ၂၇၇၈၃ | ၄၈၃၀ | ၁၀၅၉၃၄ | ၅၃၆၉၈၀ | ၄၅.၀၅ |
| **စုစုပေါင်း** | **၆၄၄၀၃၆** | **၂၁၉၅၅၈** | **၇၆၈၆၅** | **၃၁၄၄၆** | **၂၂၀၁၆၁** | **၁၁၉၂၀၆၆** | **၁၀၀** |

**ဇစ်မြစ်- ၂၀၁၅ ခုနှစ်၊ သစ်တောသယံဇာတစာရင်းကောက်ယူမှုစာရင်းများအရ**

### ၂.၃.၂.၃.၁.၂ သစ်တောစိုက်ခင်းများ

#### ၂.၃.၂.၃.၁.၂.၁ ကြီးထွားနှုန်း

သစ်တောစိုက်ခင်း(ကျွန်း)များ၏ တစ်နှစ်ကြီးထွားနှုန်း (အမြင့်) မှာ ၂.၀ ပေ ဖြစ်သဖြင့် ကြီးထွားမှုညံ့ပါသည်။ ပျဉ်းကတိုး စိုက်ခင်း၏ ကြီးထွားနှုန်း(အမြင့်) မှာ ၂.၅ ပေ ဖြစ်ပါသည်။

#### ၂.၃.၂.၃.၁.၂.၂ သေကြေပျက်စီးနှုန်း

ကော့သောင်းခရိုင်၊ ကြိုးပြင်တောအတွင်း စိုက်ပျိုးထားသော စိုက်ခင်းများ၏ (၂၀)နှစ်အတွင်း သေကြေပျက်စီးနှုန်းမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

**ကော့သောင်းခရိုင်၊ ကြိုးပြင်တောအတွင်းရှိ စိုက်ခင်းများ၏**
**သေကြေပျက်စီးမှု ဇယား**

| စဉ် | စိုက်ခင်း အမျိုးအစား | စာရင်းရှိ (ဧက) | ပျက်စီး (ဧက) | သေကြေ ပျက်စီးနှုန်း |
|---|---|---|---|---|
| (၁) | (၂) | (၃) | (၄) | (၅) |
| ၁ | စီးပွားရေး | ၂၈၅ | ၅၅ | ၁၉.၃၀% |
| ၂ | ကျေးသုံး | ၁၉၅ | ၁၁၅ | ၅၈.၉၇% |

**ဇစ်မြစ်-၂၀၁၅ ခုနှစ်၊ ခရိုင်သစ်တောဦးစီးဌာန၊ကော့သောင်းမြို့**

သေကြေပျက်စီးနှုန်းများရခြင်းမှာယုဇနဆီအုန်းကုမ္ပဏီမှ တောရှင်းရာတွင်လည်းကောင်း၊ တောမီးလောင်ကျွမ်းခြင်း ခံရခြင်းကြောင့်လည်းကောင်း ဖြစ်ပါသည်။

### ၂.၃.၂.၃.၁.၂.၃ စိုက်ခင်းဇယား

ကော့သောင်းခရိုင်၊ ကြိုးပြင်တောအတွင်း စီးပွားရေး စိုက်ခင်း (၂၃၀)ဧက တည်ထောင်ထားပါသည်။ တည်ထောင် ခဲ့သည့် စိုက်ခင်းများအား စိုက်ခင်းအမျိုးအစား အလိုက်၊ နှစ်အလိုက် အကြောင်းအရာများအား **အတွဲ(၂)၊ ဇယား(၂-၃-၂-၃-၁-၂-၃)** ဖြင့် ဖော်ပြထားပါသည်။

### ၂.၃.၂.၃.၂ ရေဝေရေလဲသစ်တောများ

ကော့သောင်းခရိုင်၊ ကြိုးပြင်တောများတွင် ရေဝေရေလဲသစ်တောများ ဖွဲ့စည်းထားခြင်းမရှိပါ။ ရေဝေရေလဲ သစ်တောစိုက်ခင်းများလည်း တည်ထောင်ထားခြင်းမရှိပါ။

### ၂.၃.၂.၃.၃ ဒေသထောက်ပံ့ရေးသစ်တောများ

ကော့သောင်းခရိုင်ရှိ ကြိုးပြင်တောများတွင် ကျေးရွာသုံးထင်းစိုက်ခင်း (၈၀) ဧကအားဒေသထောက်ပံ့ရေးသစ်တောများအဖြစ်ဖွဲ့စည်းထားပါသည်။ ကြိုးပြင်တောအတွင်း တည်ထောင်ထားသော ကျေးရွာသုံး ထင်းစိုက်ခင်း(၈၀)ဧက၏ အကြောင်းအရာများအား **အတွဲ(၂)၊ ဇယား(၂-၃-၂-၃-၃) ဖြင့်** ဖော်ပြထားပါသည်။

၂.၃.၂.၃.၄ ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောများ

ကော့သောင်းခရိုင်၊ ကြိုးပြင်တောများတွင် အောင်ဘာကျေးရွာဒေသခံ ပြည်သူများအတွက် ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တော ဧက(၁၀၀) ကို အောင်ဘာကျေးရွာအနီးရှိ ကြိုးပြင်တော(ဒီရေတော)တွင် လည်းကောင်း၊ အောင်မြန်မာကျေးရွာဒေသခံပြည်သူများအတွက် ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တော (၁၀၀)ဧကကို အောင်မြန်မာကျေးရွာအနီးရှိ ကြိုးပြင်တော(ဒီရေတော)တွင် လည်းကောင်း၊ စုစုပေါင်း (၂၀၀)ဧက တည်ထောင်ထားပါသည်။ တည်ထောင်ထားရှိသော ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောများ၏အကြောင်းအရာများအား **အတွဲ(၂)၊ ဇယား(၂-၃-၂-၃-၄)**တွင် ဖော်ပြထားပါသည်။

၂.၃.၂.၃.၅ အခြားသစ်တောများ

ကော့သောင်းခရိုင်၊ ကြိုးပြင်တောတွင် ကျေးလက်အိမ်ယာထူထောင် ရေးတစ်ရွာ(၁)ဧက စိုက်ခင်းအားရွာ(၁၄)ရွာတွင် (၁၄)ဧက၊ တစ်အိမ်ထောင်ယူကလစ် အပင်(၂၀)အား ကျေးရွာပေါင်း(၈၄)ရွာ၊ အိမ်ထောင်စုပေါင်း (၇၇၁၆) အိမ်ထောင်စုအတွက် ယူကလစ် အပင်ပေါင်း (၁၅၄၃၂၀)ပင်၊ တစ်အိမ်ထောင်ကျွန်း(၃)ပင်အစားပျဉ်းကတိုး(၃)ပင်အားကျေးရွာပေါင်း (၁၈၅)ရွာ၊ အိမ်ထောင်စုပေါင်း(၃၂၃၃၁)အတွက် ပျဉ်းကတိုးပင်ပေါင်း (၉၇၀၀၀)ပင်၊ လူ(၁)ဦး၊ ကျွန်း(၁)ပင်အစား ပျဉ်းကတိုး (၁)ပင် အား လူဦးရေပေါင်း(၁၄၂၀၀)အတွက် ပျဉ်းကတိုး ပင်ပေါင်း (၁၄၂၀၀)ပင် အားဖြန့်ဝေစိုက်ပျိုးထားပါသည်။

## ၂.၃.၃ သစ်မဟုတ်သည့် သစ်တောထွက်ပစ္စည်းများ

### ၂.၃.၃.၁ ဝါးများ

ကော့သောင်းခရိုင်အတွင်း ပေါက်ရောက်မှုကောင်းသည့် ဝါးအမျိုးအစား များမှာ ဝါးနွယ်၊ ဝါးယား၊ တင်းဝါး၊ ကျသောင်းဝါး၊ ကျခတ်ဝါး၊ ဝါးနက်တို့ ဖြစ်ပါသည်။ လက်ရှိစီးပွားဖြစ် ထုတ်လုပ်နေသည့် ပမာဏမှာ **ဇယား(၂-၃-၃-၁)** အတိုင်း ဖြစ်ပါသည်။

**ကော့သောင်းခရိုင်အတွင်း ဝါးထုတ်လုပ်နိုင်မှုဇယား**

**ဇယား(၂-၃-၃-၁)**

| စဉ် | မြို့နယ် | ဝါး (ထောင်ပေါင်း) | မှတ်ချက် |
|---|---|---|---|
| (၁) | (၂) | (၃) | (၄) |
| ၁ | ကော့သောင်း | ၉၀.၀ | |
| ၂ | ဘုတ်ပြင်း | ၁၁၀.၀ | |
| | **ကော့သောင်းခရိုင်ပေါင်း** | **၂၀၀.၀** | |

**ဇစ်မြစ်-၂၀၁၅ ခုနှစ်၊ ခရိုင်သစ်တောဦးစီးဌာန၊ ကော့သောင်းမြို့။**

နောင်ဆက်လက်ထုတ်လုပ်ရန် အလားအလာရှိပြီး ထုတ်လုပ်သည့် နည်းလမ်းများမှာ ရေလမ်းခရီးတွင် ဖောင်ဖွဲ့သယ်ဆောင်ခြင်း၊ ကုန်းလမ်း ခရီးတွင် ကားဖြင့် ထုတ်လုပ်သယ်ယူခြင်းများ ဖြစ်ပါသည်။

**၂.၃.၃.၂ ကြိမ်များ**

ကော့သောင်းခရိုင်အတွင်း ပေါက်ရောက်သည့် ကြိမ်အမျိုးအစားများမှာ ရေကြိမ်၊ တောင်ကြိမ်၊ ထားဝယ်ကြိမ်၊ ခပေါင်းကြိမ်၊ ကြိမ်ဖြူ၊ ကြိမ်နံ့သာများ ဖြစ်ပါသည်။ ကြိုးဝိုင်းတော/ ကြိုးပြင်တော ဧရိယာများတွင် ကြိမ် ပေါက်ရောက်မှုအသင့်အတင့် ကောင်းမွန်ပြီး (၂၀၁၄-၂၀၁၅) ခုနှစ်၊ ထုတ်လုပ်မှုပမာဏကို **ဇယား(၂-၃-၃-၂)** တွင် ဖော်ပြအပ်ပါသည်။

**ကော့သောင်းခရိုင်အတွင်း ကြိမ်ထုတ်လုပ်နိုင်မှုဇယား(၂၀၁၄-၂၀၁၅)ခုနှစ်**

**ဇယား(၂-၃-၃-၂)**

| စဉ် | မြို့နယ် | ကြိမ်ထုတ်လုပ်မှု (ထောင်ပေါင်း) | မှတ်ချက် |
|---|---|---|---|
| (၁) | (၂) | (၃) | (၄) |
| ၁ | ကော့သောင်း | - | ထုတ်လုပ်မှုမရှိပါ။ |
| ၂ | ဘုတ်ပြင်း | ၆၀ | |
| **ကော့သောင်းခရိုင်ပေါင်း** | | **၆၀** | |

**ဇစ်မြစ်၊ ၂၀၁၅ ခုနှစ်၊ ခရိုင်သစ်တောဦးစီးဌာန၊ ကော့သောင်းမြို့။**

**၂.၃.၃.၃ အခြားသစ်တောထွက်ပစ္စည်းများ**

ကော့သောင်းခရိုင်အတွင်း အခြားသစ်တောထွက်ပစ္စည်းများ (၂၀၁၄-၂၀၁၅ ခုနှစ်) ထုတ်လုပ်မှု အခြေအနေကို **ဇယား(၂-၃-၃-၃)** တွင် ဖော်ပြအပ်ပါ သည်။

**အခြားသစ်တောထွက်ပစ္စည်းများထုတ်လုပ်နိုင်မှုဇယား**

**ဇယား(၂-၃-၃-၃)**

| စဉ် | အခြားသစ်တောထွက် ပစ္စည်း အမျိုးအမည် | ရေတွက်ပုံ | ထုတ်လုပ်မှု | မှတ် ချက် |
|---|---|---|---|---|
| (၁) | (၂) | (၃) | (၄) | (၅) |
| ၁ | ထင်း | ကုဗတန် | ၅၀၅၀ | |
| ၂ | မီးသွေး | ပိဿာ | ၁၀၂၃၀ | |
| ၃ | ဓနိ/သက်ကယ် | ဗျစ်(ထောင်ပေါင်း) | ၅၁၃ | |
| ၄ | ငှက်သိုက် | ပိဿာ | ၁၀၅၂ | |
| ၅ | လင်းနို့ချေး | ပိဿာ | ၁၂၄၀ | |
| ၆ | သင်ပေါင်း | လုံးရေ(ထောင်) | ၆ | |

**ဇစ်မြစ်-၂၀၁၅ ခုနှစ်၊ ခရိုင်သစ်တောဦးစီးဌာန၊ ကော့သောင်းမြို့**

### ၂.၃.၄ သဘာဝထိန်းသိမ်းရေးနယ်မြေများ

ကော့သောင်းခရိုင်အတွင်းတွင် သဘာဝထိန်းသိမ်းရေးနယ်မြေများ အဖြစ် လန်ပိ အဏ္ဏဝါအမျိုးသားဥယျာဉ် (၅၀၅၂၉)ဧက နှင့် လေညာကြိုးဝိုင်း (၄၃၆၃၇၇) ဧကအား လေညာ အမျိုးသားဥယျာဉ်အဖြစ်အဆိုပြုထားပါသည်။

#### ၂.၃.၄.၁ ဂေဟာစနစ်များအုပ်ချုပ်လုပ်ကိုင်မှု

ကော့သောင်းခရိုင်အတွင်းရှိ လန်ပိအဏ္ဏဝါအမျိုးသားဥယျာဉ်ကို သဘာဝဝန်းကျင်နှင့် သားငှက်တိရစ္ဆာန်ထိန်းသိမ်းရေးဌာနမှ ဘုတ်ပြင်းမြို့တွင် အုပ်ချုပ်ရေးမှူးရုံး ဖွင့်လှစ်ပြီး ၎င်းဌာနမှ ဝန်ထမ်းများဖြင့် တရားမဝင်သစ်ထုတ်ခြင်းများ၊ အမဲလိုက်ခြင်းများနှင့် သစ်တောထွက်ပစ္စည်းများ တရားမဝင်ထုတ်လုပ်မှုများအားကွင်းဆင်းစစ်ဆေးဆောင်ရွက်လျှက်ရှိပါသည်။ ဒေသခံပြည်သူများအား ပညာပေးဟောပြောပွဲများ ဆောင်ရွက်ပေးလျှက်ရှိပါသည်။

#### ၂.၃.၄.၂ တောရိုင်းတိရစ္ဆာန်နှင့်သဘာဝအပင်များ အုပ်ချုပ်လုပ်ကိုင်မှု

ဘုတ်ပြင်းမြို့နယ်တွင် လေညာကြိုးဝိုင်း (၄၃၆၃၇၇) ဧကအား သဘာဝထိန်းသိမ်းကာကွယ်ရေးနယ်မြေ ဖွဲ့စည်းရန်နှင့် ဘုတ်ပြင်းမြို့နယ်တွင် လန်ပိ အဏ္ဏဝါအမျိုးသားဥယျာဉ် (၅၀၅၂၉)ဧကအား ထိန်းသိမ်းကာကွယ်ရေးနယ်မြေ ဖွဲ့စည်းထိန်းသိမ်း ကာကွယ်ထားပါသည်။

## ၃။ လူဦးရေဆိုင်ရာအချက်အလက်များ

### ၃.၁ လူဦးရေ

ကော့သောင်းခရိုင်အတွင်းရှိ လူဦးရေမှာ ကော့သောင်းခရိုင်၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ဦးစီးဌာန၏ ၂၀၁၄ခုနှစ်၊ ဒီဇင်ဘာလ လူဦးရေနှင့်အိမ် အကြောင်းအရာ သန်းခေါင်းစာရင်းအရကျား(၁၁၅၈၇၅)ဦး၊ မ (၁၀၅၈၆၃)ဦး၊ စုစုပေါင်း (၂၂၁၇၃၈) ဦး ရှိပါသည်။ ကော့သောင်း ခရိုင်အတွင်းရှိ လူဦးရေစာရင်းကို မြို့နယ်အလိုက်ရှိ တောနေ၊ မြို့နေ၊ အသက်အပိုင်းခြား၊ အိမ်ထောင်စုဦးရေကိန်းဂဏန်းများကို **ဇယား(၃-၁)**တွင် ဖော်ပြအပ်ပါသည်။

## ကော့သောင်းခရိုင်အတွင်းရှိ မြို့နယ်အလိုက် လူဦးရေစာရင်း(၂၀၁၅ -၂၀၁၆)

**ဇယား(၃-၁)**

| စဉ် | မြို့နယ် | အိမ်ထောင်စု ဦးရေ | လူဦးရေ | | | | စုစုပေါင်း | မြို့နေ | တောနေ | တိုးပွား နှုန်း |
|---|---|---|---|---|---|---|---|---|---|---|
| | | | ၁၈ နှစ်အောက် | | ၁၈ နှစ်အထက် | | | | | |
| | | | ကျား | မ | ကျား | မ | | | | |
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) | (၈) | (၉) | (၁၀) | (၁၁) |
| ၁ | ကော့သောင်း | ၃၀၃၄၆ | ၃၅၇၀၁ | ၃၄၈၇၃ | ၃၆၄၆၂ | ၃၂၉၈၄ | ၁၄၀၀၂၀ | ၆၈၇၀၆ | ၇၁၃၁၄ | |
| ၂ | ဘုတ်ပြင်း | ၁၅၇၄၂ | ၂၁၆၁၈ | ၁၉၅၅၈ | ၂၂၀၉၄ | ၁၈၄၄၈ | ၈၁၇၁၈ | ၁၀၄၄၂ | ၇၁၂၇၆ | |
| | **စုစုပေါင်း** | **၄၆၀၈၈** | **၅၇၃၁၉** | **၅၄၄၃၁** | **၅၈၅၅၆** | **၅၁၄၃၂** | **၂၂၁၇၃၈** | **၇၉၁၄၈** | **၁၄၂၅၉၀** | |

**ဇစ်မြစ်- ၂၀၁၄ ခုနှစ်၊ ကော့သောင်းခရိုင်၊ လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ဦးစီးဌာန။**

သာမန်အားဖြင့် အမျိုးသမီးဦးရေသည် အမျိုးသားဦးရေထက်များလေ့ရှိသော်လည်း ကော့သောင်းခရိုင်တွင် အမျိုးသားဦးရေသည် အမျိုးသမီး ဦးရေထက် (၈%)ခန့် ပိုများရခြင်းမှာ ကော့သောင်းခရိုင်တွင် တစ်ခြားနယ်မှ လာရောက်ပြီး ပုံကျ(ကျပန်း)လုပ်သားများ များပြားရခြင်းဖြစ်ပါသည်။

## ၃.၂ ကဏ္ဍအလိုက် အလုပ်အကိုင်ရရှိမှု

ကော့သောင်းခရိုင်တွင် လုပ်ငန်းကဏ္ဍအလိုက် အလုပ်အကိုင်ရရှိမှု အခြေအနေကို ဇယား (၃-၂)ဖြင့် ဖော်ပြအပ်ပါသည်။

**ကော့သောင်းခရိုင်အတွင်းရှိ ကဏ္ဍအလိုက် အလုပ်အကိုင်ရရှိမှုဇယား**

ဇယား(၃-၂)

| စဉ် | ကဏ္ဍ | လူဦးရေ | | စုစုပေါင်း | ကဏ္ဍအလိုက် ရာခိုင်နှုန်း | မှတ်ချက် |
|---|---|---|---|---|---|---|
| | | ကျား | မ | | | |
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) |
| ၁ | သားငါး | ၄၆၄၄ | ၁၁၆၁ | ၅၈၀၅ | ၁၀.၀၂% | |
| ၂ | လယ်/ယာ | ၁၃၄၉ | ၃၂၁၄ | ၄၅၆၃ | ၇.၈၈% | |
| ၃ | သစ်တော | ၁၂၈ | ၁၈ | ၁၄၆ | ၀.၂၅% | |
| ၄ | ရာဘာ | ၃၉၇ | ၁၈၇ | ၅၈၄ | ၁.၀၁% | |
| ၅ | ဆီအုန်း | ၁၇၃၆၁ | ၅၇၈၈ | ၂၃၁၄၉ | ၃၉.၉၇% | |
| ၆ | ကုန်သွယ်ရေး | ၁၇၉၁ | ၃၃၂၇ | ၅၁၁၈ | ၈.၈၄% | |
| ၇ | စက်မှုလက်မှု | ၂၇၂၉ | ၄၈၂ | ၃၂၁၁ | ၅.၅၄% | |
| ၈ | အခြား | ၉၉၇၅ | ၅၃၇၂ | ၁၅၃၄၇ | ၂၆.၅၀% | |
| | **ပေါင်း** | **၃၈၃၇၄** | **၁၉၅၄၉** | **၅၇၉၂၃** | **၁၀၀.၀၀%** | |

**ဇစ်မြစ်- ၂၀၁၅ ခုနှစ်၊ ကော့သောင်းခရိုင်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။**

အလုပ်လုပ်နိုင်သော အရွယ် လူဦးရေ၏ ၅၁.၉၃% သာ အလုပ်အကိုင်ရရှိပါသည်။

## ၃.၃ ကျေးရွာအုပ်စုအလိုက်လူဦးရေစာရင်း

ကော့သောင်းခရိုင်အတွင်းရှိ ကျေးရွာအုပ်စုနှင့် လူဦးရေစာရင်းချုပ်အား **ဇယား(၃-၃)ခ** ဖြင့် ဖော်ပြအပ်ပါသည်။ ကော့သောင်းခရိုင်အတွင်းရှိ ကျေးရွာအုပ်စုနှင့် လူဦးရေစာရင်းအား **အတွဲ(၂)၊ ဇယား(၃-၃)က** ဖြင့်ဖော်ပြထားပါသည်။

**ကော့သောင်းခရိုင်အတွင်းရှိ ကျေးရွာအုပ်စုအလိုက် လူဦးရေစာရင်းချုပ်**

**ဇယား(၃-၃)ခ**

| စဉ် | မြို့နယ် | ကျေးရွာ အုပ်စု ပေါင်း | အိမ်ထောင် စု | လူဦးရေ | | | မှတ်ချက် |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) | (၈) |
| ၁ | ကော့သောင်း | ၁၅ | ၁၄၂၆၃ | ၃၇၅၈၂ | ၃၃၇၃၂ | ၇၁၃၁၄ | |
| ၂ | ဘုတ်ပြင်း | ၁၉ | ၁၄၂၅၅ | ၃၈၂၅၂ | ၃၃၀၂၄ | ၇၁၂၇၆ | |
| | **စုစုပေါင်း** | **၃၄** | **၂၈၅၁၈** | **၇၅၈၃၄** | **၆၆၇၅၆** | **၁၄၂၅၉၀** | |

**ဇစ်မြစ်- ၂၀၁၄ ခုနှစ်၊ ကော့သောင်းခရိုင်၊ လူဝင်မှုကြီးကြပ်ရေးနှင့် မျိုးသားမှတ်ပုံတင်ဦးစီးဌာန။**

## ၄။ ယခင်အုပ်ချုပ်လုပ်ကိုင်မှု

### ၄.၁ ထုတ်လုပ်ခြင်း

#### ၄.၁.၁ သစ်ထုတ်လုပ်ခြင်း

ကော့သောင်းခရိုင်အတွင်း ၂၀၀၆-၂၀၀၇ မှ ၂၀၁၄-၂၀၁၅ ခုနှစ်အထိ ကျွန်းထုတ်လုပ်မှု မရှိခဲ့ပါ။ သစ်မာထုတ်လုပ်ရာတွင် လုံခြုံရေးအခြေအနေအရ သစ်ရောက် ငွေချေစံနစ် (Modified Procedure MP) ကိုကျင့်သုံးခဲ့ပါသည်။ ၂၀၀၆-၂၀၀၇ မှ ၂၀၁၄-၂၀၁၅ ခုနှစ်အထိ သစ်မာထုတ်လုပ်မှု အခြေအနေကို **ဇယား(၄-၁-၁)**တွင် ဖော်ပြအပ်ပါသည်။

## ကော့သောင်းခရိုင်အတွင်း ကျွန်းနှင့်သစ်မာထုတ်လုပ်မှုစာရင်း

## ၂၀၀၆-၂၀၀၇ ခုနှစ်မှ ၂၀၁၅-၂၀၁၆ ခုနှစ်အထိ

ဇယား (၄-၁-၁)

| စဉ် | ခုနှစ် | ကျွန်း | | | သစ်မာ | | |
|---|---|---|---|---|---|---|---|
| | | နှစ်စဉ်တောထွက်ပင်ရေ | ထုတ်လုပ်ပင်ရေ | ထုတ်လုပ် (ကုဗတန်) | နှစ်စဉ်တောထွက်ပင်ရေ | ထုတ်လုပ်ပင်ရေ | ထုတ်လုပ် (ကုဗတန်) |
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) | (၈) |
| ၁ | ၂၀၀၆-၂၀၀၇ | - | - | - | ၁၄၀၄၇ | ၂၉၁၄ | ၄၀၈၀ |
| ၂ | ၂၀၀၇-၂၀၀၈ | - | - | - | ၁၄၀၄၇ | ၁၂၈၇ | ၁၈၀၃ |
| ၃ | ၂၀၀၈-၂၀၀၉ | - | - | - | ၁၄၀၄၇ | ၆၅၇၆ | ၉၄၇၀ |
| ၄ | ၂၀၀၉-၂၀၁၀ | - | - | - | ၁၄၀၄၇ | ၃၃၁၃ | ၄၇၇၁ |
| ၅ | ၂၀၁၀-၂၀၁၁ | - | - | - | ၁၄၀၄၇ | ၃၉၈၆ | ၅၇၄၀ |
| ၆ | ၂၀၁၁-၂၀၁၂ | - | - | - | ၁၄၀၄၇ | ၂၃၉၁၇ | ၃၄၄၄၁ |
| ၇ | ၂၀၁၂-၂၀၁၃ | - | - | - | ၁၄၀၄၇ | ၂၂၅၇၈ | ၃၂၅၁၃ |
| ၈ | ၂၀၁၃-၂၀၁၄ | - | - | - | ၁၄၀၄၇ | ၃၂၇၆၃ | ၄၇၁၇၉ |
| ၉ | ၂၀၁၄-၂၀၁၅ | - | - | - | ၁၄၀၄၇ | ၁၂၂၁၃ | ၁၇၅၈၈ |
| ၁၀ | ၂၀၁၅-၂၀၁၆ | - | - | - | ၁၄၀၄၇ | | |
| | **ပေါင်း** | | | | | **၁၀၉၅၄၇** | **၁၅၇၅၈၅** |

**ဇစ်မြစ်- ၂၀၁၅ ခုနှစ်၊ ကော့သောင်းခရိုင်၊ သစ်တောဦးစီးဌာန။**

### ၄.၁.၂ သစ်မဟုတ်သည့်သစ်တောထွက်ပစ္စည်းထုတ်လုပ်မှု

ကော့သောင်းခရိုင်အတွင်း ၂၀၀၆-၂၀၀၇ မှ ၂၀၁၄-၂၀၁၅ ခုနှစ်အထိ သစ်မဟုတ်သည့် သစ်တောထွက်ပစ္စည်းထုတ်လုပ်မှုစာရင်းကို **ဇယား(၄-၁-၂)** တွင် ဖော်ပြအပ်ပါသည်။

## ၄.၂ သစ်တောစိုက်ပျိုးပြုစုခြင်းနှင့်အုပ်ချုပ်လုပ်ကိုင်ခြင်း

ကော့သောင်းခရိုင်အတွင်း လွန်ခဲ့သည့် (၁၀)နှစ်တာကာလအတွင်း သဘာဝတော များနှင့် သစ်တော စိုက်ခင်းများတွင် ဆောင်ရွက်ခဲ့သော သစ်တောစိုက်ပျိုးပြုစုရေးလုပ်ငန်းများကို **ဇယား(၄-၂)**တွင်ဖော်ပြအပ်ပါ သည်။

သဘာဝတောများနှင့်သစ်တောစိုက်ခင်းများတွင် လွန်ခဲ့သည့် (၁၀)နှစ်တာကာလ အတွင်း ဆောင်ရွက်ခဲ့သော သစ်တောစိုက်ပျိုးပြုစုထိန်းသိမ်းခြင်း၊ အုပ်ချုပ်လုပ်ကိုင် ခြင်းနည်းစနစ်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

**နည်းစနစ်များ**

၁။ မြန်မာ့ရွေးချယ်ခြင်းစနစ်ဖြင့် သဘာဝတောများ အုပ်ချုပ်လုပ်ကိုင် ခြင်း။

၂။ အပြောင်းရှင်းပြီး ဌာနဆိုင်ရာ / တောင်ယာနည်းစနစ်ဖြင့် သစ်တောစိုက်ခင်းများ တည်ထောင် ခြင်း။

## ကော့သောင်းခရိုင်အတွင်း အခြားသစ်တောထွက်ပစ္စည်းထုတ်လုပ်မှုစာရင်း

ဇယား(၄-၁-၂)

| စဉ် | အမျိုးအမည် | ရေတွက်ပုံ | ၂၀၀၆-၀၇ | ၂၀၀၇-၀၈ | ၂၀၀၈-၀၉ | ၂၀၀၉-၁၀ | ၂၀၁၀-၁၁ | ၂၀၁၁-၁၂ | ၂၀၁၂-၁၃ | ၂၀၁၃-၁၄ | ၂၀၁၄-၁၅ | ၂၀၁၅-၁၆ |
|---|---|---|---|---|---|---|---|---|---|---|---|---|
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) | (၈) | (၉) | (၁၀) | (၁၁) | (၁၂) | (၁၃) |
| ၁ | ကျွန်းနှင့်သစ်မာတိုင် | လုံးရေ | - | ၁၃၀ | ၂၅၀ | ၁၁၀ | - | - | - | - | - | - |
| ၂ | ကျွန်းနှင့်သစ်မာမျော | ။ | - | - | - | - | - | - | - | - | - | - |
| ၃ | ထင်း | ကုဗတန် | ၃၉၃၀ | ၄၉၁၀ | ၄၉၂၀ | ၄၉၀၀ | ၄၉၀၃ | ၄၉၀၀ | ၄၉၅၀ | ၅၀၀၃ | ၅၀၅၀ | ၅၁၅၀.၂၅ |
| ၄ | မီးသွေး | ။ | ၁၂၄၀၀ | ၁၄၁၃၀ | ၁၆၀၀၀ | ၁၈၀ | ၂၁၄၅ | ၃၅ | ၄၆၉၉ | ၉၂၀၆ | ၁၀၂၃၀ | ၁၂၅၂၄.၈ |
| ၅ | ဝါး | လုံးရေ(၀၀၀) | ၁၈၀ | ၁၈၀ | ၁၈၀ | ၁၈၀ | ၁၉၀ | ၁၈၀ | ၁၉၀ | ၂၀၀ | ၂၀၅ | ၂၁၀ |
| ၆ | ကြိမ် | ။ | ၁၇၀ | ၁၇၀ | ၁၆၀ | ၄၀ | ၇၀ | ၁၄ | ၄၀ | ၅၇ | ၆၀ | ၄၀ |
| ၇ | ရှားစေး | ပိဿာ | - | - | - | - | - | - | - | - | - | - |
| ၈ | သစ်ခေါက် | ။ | - | - | - | - | - | - | - | - | - | - |
| ၉ | လျှော် | ။ | - | - | - | - | - | - | - | - | - | - |
| ၁၀ | ကရမက် | ။ | - | - | - | - | - | - | - | - | - | - |
| ၁၁ | အင်တွဲ-ပွဲညက် | ။ | - | - | - | - | - | - | - | - | - | - |
| ၁၂ | သနပ်ခါး | ။ | - | - | - | - | - | - | - | - | - | - |
| ၁၃ | ထင်းရှူးဆီ | ။ | - | - | - | - | - | - | - | - | - | - |
| ၁၄ | ဓနိ/သက်ကယ် | ဖျစ်(၀၀၀) | ၁၅၈၀၀ | ၁၅၀၀၀ | ၁၃၀၀၀ | ၅၃၀ | ၆၅၀ | ၆၅၄ | ၅၂၈ | ၅၂၁ | ၅၁၄ | ၇၂၂၃.၆ |
| ၁၅ | ငှက်သိုက် | ပိဿာ | ၇၇၀ | ၅၄၀ | ၇၂၀ | ၇၇၄ | ၈၇၇ | ၁၀၅၉ | ၁၁၇၉ | ၁၁၈၃ | ၁၀၅၂ | ၁၀၀၁.၅၁ |
| ၁၆ | လင်းနို့ချေး | ။ | ၅၉၈၀ | ၆၀၀၀ | ၆၀၀၀ | ၆၀၀၀ | ၁၁၀၀၀ | ၃၀၀၀ | ၆၀၀၀ | ၃၁၈၈ | ၁၂၄၀ | ၃၅၈၈ |
| ၁၇ | သစ်ခွ(အပင်) | ။ | - | - | - | - | - | - | - | - | - | - |
| ၁၈ | သင်ပေါင်း | လုံး(၀၀၀) | ၁ | ၁ | ၁ | ၁ | ၅ | ၅ | ၆ | ၅ | ၆ | ၅ |

ဇစ်မြစ်-၂၀၁၅ ခုနှစ်၊ ကော့သောင်းခရိုင်၊ သစ်တောဦးစီးဌာန။

## ကော့သောင်းခရိုင်အတွင်း ဆောင်ရွက်ခဲ့သော လုပ်ငန်းများစာရင်း

**ဇယား(၄-၂)**

| | သစ်တောလုပ်ငန်းများ | | | | | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ခုနှစ် | ကျွန်းသင်းသတ်/ ကျွန်းစိုက်ရိုက်မှတ်ခြင်း (ပင်) | သစ်မာပင်ထောင်ရိုက်ခြင်း (ပင်) | ပဝတ္တိမျိုးဆက်ခြင်း (ဧက) | သစ်တောပြင်ပစိုက်ပျိုးခြင်း (ပင်) | ဓမ္မတာမျိုးဆက်ခြင်း (ဧက) | အုပ်မိုးကာဆိုင်းခုတ်လှဲခြင်း (ဧက) | ပေါင်းသင်ရှင်းလင်းခြင်း (ဧက) | ပင်ကျပ်နုတ်ခြင်း (ဧက) | နွယ်ဖြတ်ညောင်ပတ်လှဲခြင်း (ဧက) | သစ်တောလမ်းပြင်ခြင်း (မိုင်) | ကြိုးဝိုင်းနယ်နိမိတ်ပြင်ခြင်း (မိုင်) | အကွက်နယ်နိမိတ်ပြင်ခြင်း (မိုင်) | မီးကာကွယ်ခြင်း (ဧက) | ကြိုးဝိုင်းတိုးချဲ့ဖွဲ့စည်းခြင်း (စ/မိုင်) | ပင်ပူးခွါ/ကိုင်းချိုင်ခြင်း (ဧက) | သဘာဝ တန်ဘိုးမြင့်စိုက်ပျိုးခြင်း (ဧက) | CF တည်ထောင်ခြင်း (ဧက) |
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) | (၈) | (၉) | (၁၀) | (၁၁) | (၁၂) | (၁၃) | (၁၄) | (၁၅) | (၁၆) | (၁၇) | (၁၈) |
| ၂၀၀၆-၀၇ | - | - | ၈၅ | - | - | - | ၄၆၀ | - | - | - | - | - | ၃၆၅ | - | - | - | ၁၀၀ |
| ၂၀၀၇-၀၈ | - | - | ၁၃၀ | - | - | - | ၄၅၀ | - | - | - | - | - | ၄၂၅ | - | - | - | - |
| ၂၀၀၈-၀၉ | - | - | ၁၄၀ | ၂၀၅၀ | - | - | ၆၉၅ | - | - | - | - | - | ၄၉၅ | - | - | - | - |
| ၂၀၀၉-၁၀ | - | - | - | ၄၃၂၆၀ | - | - | ၅၃၀ | - | - | - | - | - | ၄၂၅ | - | - | - | - |
| ၂၀၁၀-၁၁ | - | - | - | ၅၇၄၆၀ | - | - | ၃၇၀ | - | - | - | - | - | ၃၅၅ | - | - | - | - |
| ၂၀၁၁-၁၂ | - | - | - | ၂၉၆၀၀ | - | - | ၁၄၀ | - | - | - | - | - | ၂၇၀ | ၅၆ | - | - | - |
| ၂၀၁၂-၁၃ | - | - | - | ၆၅၂၀၀ | ၄၀ | - | - | - | - | - | - | - | ၁၄၀ | ၁၆ | - | - | - |
| ၂၀၁၃-၁၄ | - | - | ၃၀ | ၂၉၆၀၀ | ၄၅ | - | ၆၀ | - | - | - | - | - | ၃၀ | - | - | - | - |
| ၂၀၁၄-၁၅ | - | - | ၃၀ | ၂၉၆၀၀ | ၈၀ | - | ၁၂၀ | - | - | - | - | - | ၆၀ | - | - | - | - |
| ၂၀၁၅-၁၆ | - | - | ၃၀ | ၂၉၆၀၀ | ၇၅ | - | ၁၂၀ | - | - | - | - | - | ၉၀ | - | - | - | - |

**ဇစ်မြစ်-၂၀၁၅ ခုနှစ်၊ ကော့သောင်းခရိုင်၊ သစ်တောဦးစီးဌာန။**

## ၄.၃ ဖွဲ့စည်းပုံနှင့် စီမံခန့်ခွဲခြင်း

၁။ ၁၈၅၆ ခုနှစ်မတိုင်မီ ရှေးမြန်မာမင်းများလက်ထက်နှင့် ကိုလိုနီအုပ်ချုပ်ရေး ခေတ်တို့တွင်သီးခြားဝန်ကြီးဌာနအဖွဲ့ ဖွဲ့စည်းဆောင်ရွက်ခဲ့ခြင်းမရှိဘဲ၊ သစ်တောဌာနအဖြစ်သာ တည်ထောင်လျက် အုပ်ချုပ်ရေးဌာနများမှ ပုဂ္ဂိုလ်များနှင့်တွဲဖက်၍ သစ်တောရေးရာ ကိစ္စရပ်များကို ကြီးကြပ် ဆောင်ရွက် ခဲ့ကြသည်။

၂။ ၁၈၅၆ ခုနှစ်တွင် သစ်တောဌာနကို စနစ်တကျ တည်ထောင်ပြီး သစ်တောပေါက်ရောက်မှုများကို တိုင်းတာစာရင်းကောက်ယူခြင်း၊ သစ်တောအုပ်ချုပ်လုပ်ကိုင်မှု လုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ခြင်းဖြင့် မြန်မာ့သစ်တောများကို သိပ္ပံနည်းကျစနစ်တကျ အုပ်ချုပ်လုပ်ကိုင်လာခဲ့ပါသည်။

၃။ ၁၉၂၃ ခုနှစ်၊ ဇန္နဝါရီလတွင် မြန်မာနိုင်ငံကို ဒိုင်အာခီအုပ်ချုပ်ရေးစနစ်ဖြင့် အိန္ဒိယမှ ခွဲထုတ်၍ သီးခြားအုပ်ချုပ်ခဲ့ပြီးနောက် သစ်တောဝန်ကြီးဌာနကို သီးခြားဖွဲ့စည်း တည်ထောင်ခဲ့ပါသည်။

၄။ ၁၉၄၈ ခုနှစ်တွင် မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးနောက် လယ်ယာနှင့် သစ်တောဝန်ကြီးဌာနအဖြစ် ပြင်ဆင်ဖွဲ့စည်းလျက် သစ်တောရေးရာ ကိစ္စရပ်များကို စီမံဆောင်ရွက်ခဲ့သည်။

၁၉၇၂ ခုနှစ်တွင် သစ်တောဌာနကို သစ်တောဦးစီးဌာနအဖြစ် ပြန်လည်ဖွဲ့စည်းခဲ့ပါသည်။ မြန်မာတစ်နိုင်ငံလုံးရှိ သစ်တောများကိုလည်း သစ်တောတိုင်းကြီး (၈)ခု နှင့် သစ်တောခရိုင် (၃၆) ခု အဖြစ် ခွဲခြား၍ စီမံအုပ်ချုပ်ခဲ့ပါသည်။ သစ်တောနယ် တစ်ခုစီအတွက် သစ်တောအုပ်ချုပ်မှု စီမံကိန်း (working plans)များ ရေးဆွဲပြီး အုပ်ချုပ်ခဲ့ပါသည်။

၁၉၈၂ ခုနှစ်တွင် လယ်ယာနှင့်သစ်တောဝန်ကြီးဌာန၏ ၁၉၈၂ ခုနှစ်၊ ဇူလိုင်လ (၂)ရက်နေ့စွဲပါ စာအမှတ်၊ ၁/၁၈၀/(ဂ)(၇)(၁၃၆၆/၈၂)နှင့် ၁၉၈၃ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၆)ရက်နေ့စွဲပါ စာအမှတ်၊ ဒ၀တ/သစ်တော/၈၃ တို့အရ နယ်ဘက် အုပ်ချုပ်ရေး(civil administration)နှင့် လိုက်လျောညီထွေရှိစေရန် သစ်တောခရိုင်(Forest Division) များကို ဖျက်သိမ်း၍ ဗဟိုပြည်နယ်/ တိုင်း/မြို့နယ်များ အဖြစ် သစ်တောဦးစီးဌာနကို ဝန်ထမ်းဦးရေ (၃၈၅၉) ဦးဖြင့် ပင် ပြန်လည် ပြင်ဆင် ဖွဲ့စည်းခဲ့ပါသည်။

၁၉၈၈ ခုနှစ်တွင် သစ်တောဦးစီးဌာန၏ ဖွဲ့စည်းပုံကို ဝန်ထမ်းအင်အား စုစုပေါင်း (၁၄၇၅၁)ဦးဖြင့် ပြန်လည်ဖွဲ့စည်းခဲ့ပါသည်။ စီမံခန့်ခွဲရေး၊ ဘဏ္ဍာရေး လုပ်ငန်း ဆောင်ရွက်ရေးကိစ္စများတွင် ပြည်နယ် / တိုင်းများ မှ အဆိုပြုတင်ပြချက်များကို ဗဟိုမှ စိစစ်၍ ချမှတ်ဆောင်ရွက်စေပါသည်။

၅။ ၁၉၉၂ ခုနှစ်၊ မတ်လ ၅ ရက်နေ့စွဲပါ အမိန့်ကြော်ငြာစာအမှတ်(၁၇/၉၂)အရ လယ်ယာနှင့်သစ်တောဝန်ကြီးဌာနကို သစ်တောရေးရာဝန်ကြီးဌာနနှင့် လယ်ယာစိုက်ပျိုးရေးဝန်ကြီးဌာနအဖြစ် သီးခြားစီ ပြင်ဆင်ဖွဲ့စည်းခဲ့ပါသည်။

၁၉၉၄ ခုနှစ်၊ ဇူလိုင်လ ၁၁ ရက်နေ့တွင် တိုင်း / ခရိုင်/ မြို့နယ်ရုံးများ ဖွဲ့စည်း၍ အုပ်ချုပ်ရေးစနစ် အမျိုးမျိုးပြောင်းလဲ၍ သစ်တောများကို အုပ်ချုပ်လုပ်ကိုင်ခဲ့ ပါသည်။

ယခုအခါ သစ်တောလုပ်ငန်းများနှင့်စပ်လျဉ်းသည့် တာဝန်နှင့် လုပ်ပိုင်ခွင့်များကို သစ်တောဦးစီးဌာနရုံးချုပ်မှ တာဝန်ယူဆောင်ရွက်၍ အချို့ကိုပြည်နယ်/တိုင်း သစ်တောဦးစီးဌာနများအား တာဝန်ပေးဆောင်ရွက်စေပါသည်။

၆။ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့မှ ၁၉၉၃ ခုနှစ်၊ စက်တင်ဘာလ ၁၀ ရက်နေ့စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ (၄၁/၉၃)ဖြင့် သစ်တောပြုစု ထိန်းသိမ်းရေး ကော်မတီနှင့် ဒေသဆိုင်ရာ သစ်တောပြုစုထိန်းသိမ်းရေး ကော်မတီများကို ဖွဲ့စည်းပြီး နိုင်ငံတော်ပိုင် သစ်တောများ မပြုန်းတီးရေး၊ သစ်တောများ ပြန်လည်ပြုစုပျိုးထောင်ရေး၊ သစ်တောစိုက်ခင်းသစ်များ တည်ထောင်ရေး၊ သစ်တောနှင့် သစ်တောထွက်ပစ္စည်း ထိန်းသိမ်းကာကွယ်ရေး၊ သစ်တောနှင့်ပတ်သက်သည့် မသမာမှုများ ကင်းရှင်းရေး တို့အတွက် စီမံ ဆောင်ရွက်ရန်၊ လက်ရှိသစ်တောဧရိယာ အမှန်စာရင်း ရရှိရေးအတွက် ကွင်းဆင်းတိုင်းတာ စစ်ဆေးပြုစုပေးရန် စသည့်လုပ်ငန်းများကို အကောင်အထည် ဖော်သွားမည် ဖြစ်ပါသည်။

ကော့သောင်းခရိုင်၏ လက်ရှိဝန်ထမ်းဖွဲ့စည်းပုံကို **ဇယား(၄-၃)**တွင် ဖော်ပြအပ်ပါသည်။

၇။ ကော့သောင်းခရိုင်အတွင်း နိုင်ငံတော်ပိုင် သစ်တောများ မပြုန်းတီးရေး၊ သစ်တောများ ပြန်လည်ပြုစုပျိုးထောင်ရေး၊ သစ်တောစိုက်ခင်းသစ်များ တည်ထောင်ရေး၊ သစ်တောနှင့် သစ်တောထွက်ပစ္စည်း ထိန်းသိမ်းကာကွယ် ရေးလုပ်ငန်းများကို စနစ်တကျစီမံဆောင်ရွက်နိုင်ရန် မြို့နယ်အလိုက် သစ်တော ဘိနယ်ဧရိယာနယ်နိမိတ်များ သတ်မှတ်ဆောင်ရွက်ပြီး ဘိနယ်တာဝန်ကျ ဝန်ထမ်းများအား တာဝန်ပေးဆောင် ရွက်သွားမည် ဖြစ်ပါသည်။ ဘိနယ်များ နယ်နိမိတ်သတ်မှတ်ခြင်းနှင့် ဝန်ထမ်းတာဝန်ချထားခြင်းမှု စာရင်းများကို **အတွဲ(၂)၊ ဇယား(၄-၃)(က)**ဖြင့် ဖော်ပြထားပါသည်။

## ကော့သောင်းခရိုင် ဝန်ထမ်းဖွဲ့စည်းပုံဇယား

ဇယား(၄-၃)

**ခရိုင်သစ်တောဦးစီးဌာန**
**ကော့သောင်းခရိုင်**
**လက်ထောက်ညွှန်ကြားရေးမှူး**

**လက်ထောက်ညွှန်ကြားရေးမှူးရုံး**

| | ခွင့်ပြု | ခန့်ထား |
|---|---|---|
| လ/ထညွှန်ကြားရေးမှူး | ၁ | ၁ |
| ဌာနခွဲစာရေး | ၂ | ၂ |
| စာရင်းကိုင်(၃) | ၁ | ၁ |
| အကြီးတန်းစာရေး | ၁ | ၁ |
| အငယ်တန်းစာရေး | ၁ | ၁ |
| အမှုတွဲထိန်း | ၁ | ၁ |
| သန့်ရှင်းရေးအကူ | ၁ | ၁ |
| **ပေါင်း** | | **၈** |

**မြို့နယ်သစ်တောဦးစီးဌာန**
**ကော့သောင်းမြို့နယ်(က) ဦးစီးအရာရှိ**

| | ခွင့်ပြု | ခန့်ထား |
|---|---|---|
| ဦးအရာရှိ | ၁ | ၁ |
| တောအုပ် | ၁၀ | ၉ |
| တောခေါင်း | ၂၁ | ၁၀ |
| တောကြပ် | ၄ | ၂ |
| ရုံးအဖွဲ့ | **၄** | **၂** |
| **ပေါင်း** | | **၂၄** |

**မြို့နယ်သစ်တောဦးစီးဌာန**
**ဘုတ်ပြင်းမြို့နယ်(က) ဦးစီးအရာရှိ**

| | ခွင့်ပြု | ခန့်ထား |
|---|---|---|
| ဦးစီးအရာရှိ | ၁ | ၁ |
| တောအုပ် | ၁၀ | ၉ |
| တောခေါင်း | ၂၁ | ၁၀ |
| တောကြပ် | ၄ | ၄ |
| ရုံးအဖွဲ့ | ၄ | ၃ |
| **ပေါင်း** | | ၂၇ |

### ၄.၄ လေ့ကျင့်ရေး၊သုတေသနနှင့်ဖွံ့ဖြိုးရေး

ခရိုင်အတွင်းရှိ ဝန်ထမ်းများ၏ အရည်အသွေးမြင့်မားစေရန်အတွက် (ပြည်တွင်း/ ပြည်ပ) သင်တန်းများသို့ စေလွှတ်ခဲ့ပါသည်။ ခရိုင်အတွင်းရှိ ဝန်ထမ်းများ၏ သင်တန်း တက်ရောက် ပြီးစီးမှုအခြေအနေကို **အတွဲ(၂)၊ ဇယား(၄-၄)**တွင် ဖော်ပြ ထားပါသည်။

### ၄.၅ အခွန်တော်ငွေနှင့်အသုံးစရိတ်

လွန်ခဲ့သည့် ၁၀ နှစ်တာ ကာလအတွင်း ရရှိသည့် အခွန်တော်ငွေနှင့် အသုံးစရိတ် များကို **အတွဲ(၂)၊ ဇယား(၄-၅)က၊ ဇယား(၄-၅)ခတို့** တွင် ဖော်ပြထားပါသည်။

## ၅။ ယခင်လုပ်ငန်းဆောင်ရွက်မှုအပေါ်သုံးသပ်ခြင်း

### ၅.၁ ရည်မှန်းချက်များ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှု

လွန်ခဲ့သည့် (၁၀)နှစ်တာကာလအတွင်း ကော့သောင်းခရိုင်ရှိ မြို့နယ်အသီးသီးတွင် လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာ၌ လျာထားချက်အတိုင်း သို့မဟုတ် လျာထားချက်ပြည့်မီလုနီးပါး လုပ်ငန်းများကို အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ကြောင်း တွေ့ရှိရပါသည်။ သစ်တောထွက်ပစ္စည်းများ ထုတ်လုပ်ရာတွင် အချို့သစ်တောထွက်ပစ္စည်းများကို လျာထားချက်ထက် ပိုမို ထုတ်လုပ်နိုင်ခဲ့ကြောင်း တွေ့ရှိရပါသည်။

### ၅.၂ လူမှုရေးနှင့်လူ့အဖွဲ့အစည်းဆိုင်ရာပြဿနာများ

ကော့သောင်းခရိုင်သည် နယ်စပ်ဒေသဖြစ်သည့်အလျောက် ဒေသလုပ်အားခ ကြီးမြင့်ပါသည်။ ဒေသအတွင်းတည်ထောင်နေသော ဆီအုန်း၊ ရာဘာ စိုက်ပျိုးရေး ကုမ္ပဏီများနှင့်အပြိုင် လုပ်သားများ ငှားရမ်းဆောင်ရွက်ရသဖြင့် ဒေသ၏ နေ့စား လုပ်အားခ ကြီးမြင့်ပါသည်။ သစ်တောလုပ်ငန်းများအတွက် လုပ်သား ရရှိနိုင်မှု ခက်ခဲပါသည်။

### ၅.၃ အုပ်ချုပ်လုပ်ကိုင်မှုလုပ်ငန်းများ

သဘာဝတောများတွင် မြန်မာ့ရွေးချယ်ခုတ်လှဲခြင်းစနစ်ကို ကျင့်သုံးသဖြင့် ကောင်းမွန်သော စနစ်ဖြစ်ပါသည်။ သို့သော် တရားမဝင်ခုတ်ယူမှုများရှိခြင်းကြောင့် သစ်တောများ လျော့ပါး ပြုန်းတီးမှုများရှိခြင်းဖြစ်ပါသည်။ ဖမ်းဆီးရမိသစ်များ သယ်ယူရာတွင် နေ့စား လုပ်အားခများကြီးမြင့်ခြင်းနှင့် အလုပ်သမားအခက်အခဲများ ရှိပါသည်။ စိုက်ခင်းလုပ်ငန်း များတွင် ဒေသလုပ်အားခကြီးမြင့်သဖြင့် လုပ်သား ရရှိရန်အခက်အခဲများရှိပါသည်။

### ၅.၄ အဖွဲ့အစည်း၊ လုပ်ထုံးလုပ်နည်း၊ ဥပဒေနှင့် စည်းမျဉ်းစည်းကမ်းများဆိုင်ရာ စီစဉ်ခန့်ခွဲမှု

ဝန်ထမ်းအင်အား ပြည့်စုံလုံလောက်စွာ ခန့်ထားနိုင်ခြင်း မရှိကြောင်း တွေ့ရသည်။ ဝန်ထမ်းများ နေထိုင်ရန် အဆောက်အအုံများကိုလည်း လိုအပ်သလောက် ဆောက်လုပ်နိုင်ခြင်း မရှိသေးပါ။ ရှိပြီး အဆောက်အအုံများ ပြုပြင်ထိန်းသိမ်းရန်လည်း ဆောင်ရွက်ရန်

လိုအပ်ပါသည်။ ဒေသ၏လုပ်အားခ ကြီးမြင့်ခြင်းသည် အခက်အခဲတစ်ခု ဖြစ်နေပါသည်။ ၁၉၇၂ ခုနှစ်တွင် ထုတ်ပြန်ထားသည့် သစ်တောဥပဒေသည် ခေတ်စနစ်နှင့် မလျော်ညီ တော့သည့်အတွက် ၁၉၉၂ ခုနှစ် တွင် သစ်တောဥပဒေကို အသစ်ပြဋ္ဌာန်းခဲ့ပြီး သစ်တော ဦးစီးဌာနသည် သစ်တောမူဝါဒပါ ရည်ရွယ်ချက်များကို အကောင်အထည်ဖော် ဆောင်ရွက် လျက်ရှိပါ သည်။

## ၅.၅ ပြင်ပအကြောင်းရပ်များ၏ အကျိုးသက်ရောက်မှု

သစ်တောကြိုးဝိုင်း၊ ကြိုးပြင်ဧရိယာများတွင် နိုင်ငံတော်၏လိုအပ်ချက်အရ ဆီအုန်းနှင့် ရာဘာ စိုက်ခင်းများ တည်ထောင်နေမှု၊ ဆီအုန်းစက်ရုံနှင့်မြို့ပြတိုးချဲ့၍ လူနေအဆောက် အဦးများ တိုးချဲ့ဆောက်လုပ်ခြင်းများ ကြုံတွေ့ရပါသည်။ ဒေသခံများမှ ကျူးကျော် စိုက်ပျိုးနေမှုများ ရှိနေပါသည်။ ကျူးကျော်မှု အမျိုးမျိုးကြောင့် သစ်တောဧရိယာများ တဖြည်းဖြည်း လျော့ပါးလာပြီး ဥယျာဉ်ခြံမြေနှင့် ရာဘာ ၊ ဆီအုန်းစိုက်ပျိုးဧရိယာများ တိုးပွားလာကြောင်း တွေ့ရပါသည်။

## ၅.၆ လိုအပ်ချက်နှင့် ဖြည့်ဆည်းပေးနိုင်မှု

ဒေသခံပြည်သူလူထု၏ အခြေခံလိုအပ်ချက်ဖြစ်သော သစ်နှင့်သစ်တောထွက်ပစ္စည်းများကို ကော့သောင်းခရိုင်အတွင်းရှိ သစ်တောဧရိယာများမှ ထုတ်ပေးနိုင်သည့်အပြင် စီးပွားရေး အတွက်ထုတ်လုပ်ခြင်းကိုပါ ဆောင်ရွက်ပေးနိုင်ခဲ့ပါ သည်။ မြန်မာ့သစ်လုပ်ငန်းမှထုတ်လုပ် လိုသော သစ်မာမျိုးစုံကို နှစ်စဉ် ခွင့်ပြုတောထွက် မကျော်လွန်စေဘဲ လိုအပ်သလောက် ထုတ်လုပ်နိုင်ခဲ့ပါသည်။ ၎င်းသစ်မျိုးကို မြန်မာ့သစ်လုပ်ငန်းမှထုတ်ယူပြီး ပြည်ပ ရောင်းတန်းဝင်သစ်မျိုး များကို ပြည်ပသို့ တင်ပို့ရောင်းချခြင်းဖြင့် နိုင်ငံခြားဝင်ငွေရရှိပြီး နိုင်ငံတော်၏ စီးပွားရေး လိုအပ်ချက်များကို ဖြည့်ဆီးပေးနိုင်ခဲ့ပါသည်။ နိုင်ငံခြား ရောင်းတန်းမဝင်သည့် သစ်များကို ပြည်တွင်းရှိ သစ်အခြေခံလုပ်ငန်းများသို့ ပံ့ပိုးခြင်း၊ ခွဲစိတ်၍ ပြည်တွင်း၌ ရောင်းချပေးခြင်းဖြင့် ပြည်သူတို့၏ လိုအပ်ချက်များကို ဖြည့်ဆည်း ပေးနိုင်ခဲ့ပါသည်။

## ၅.၇ အခွန်တော်ငွေနှင့်အသုံးစရိတ်

လွန်ခဲ့သည့် (၁၀)နှစ်တာ ကာလအတွင်း ရရှိသည့် အခွန်တော်ငွေနှင့် အသုံးစရိတ်ကို နှိုင်းယှဉ်ပါ က အသုံးစရိတ်သည်အခွန်တော်ငွေထက်နည်းကြောင်း တွေ့ရှိရသည်။ အခွန် တော်ငွေနှင့် အချိုးညီ အသုံးစရိတ်ရန်ပုံငွေကို ရရှိခြင်းဖြင့် လုပ်ငန်းများကို ထိရောက် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်မည် ဖြစ်ပါသည်။

## ၅.၈ အခက်အခဲ အတားအဆီးများ

လမ်းပန်းဆက်သွယ်ရေးခက်ခဲခြင်း၊ ဒေသနေ့စားလုပ်အားခကြီးမြင့်ခြင်း၊ အချို့နေရာဒေသများတွင် လုံခြုံရေး မကောင်းခြင်းများကြောင့် သစ်တောလုပ်ငန်းများ ဆောင်ရွက်ရာတွင် အခက်အခဲများရှိပါသည်။

## ၅.၉ အထွေထွေ

ကော့သောင်းခရိုင်သည် ထိုင်းနိုင်ငံနှင့်ထိစပ်လျှက်ရှိပြီး မြန်မာနိုင်ငံမှအဖိုးတန် သစ်နှင့် သစ်တောထွက်ပစ္စည်းများ ၊ ရေထွက်ပစ္စည်းများကို တစ်ဖက်နိုင်ငံ မှ မသမာသူများက နည်းမျိုးစုံဖြင့် ခိုးယူ၍ ဆင်းရဲနွမ်းပါးသော မြန်မာတိုင်းရင်းသားများဖြင့် စီးပွားရေးလုပ်ငန်းများ လုပ်ကိုင် ဆောင်ရွက်လျှက်ရှိပါသည်။

ဆီအုန်းကုမ္ပဏီများ၏ လမ်း၊ တံတား အဆောက်အဦးများ ဆောက်လုပ်နေမှုအား အကြောင်းပြုလျက် သစ်များခုတ်ယူသုံးစွဲမှုများကို ဒေသအာဏာပိုင် အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ကာကွယ်ထိန်းသိမ်းနေပါသည်။

ပျိုးပင်များကို ခရိုင်၊ မြို့နယ်နှင့် ကျေးရွာများသို့ နှစ်စဉ်ပျိုးပင် (၄၁၀၀၀)ပင်အား အခမဲ့ဖြန့်ဝေပေးလျက် ရှိပါသည်။

# ၆။ နိဂုံး

သစ်တောထိန်းသိမ်းမှုလုပ်ငန်းများတွင် သစ်တောဦးစီးဌာနတစ်ခုတည်းဖြင့် ဆောင်ရွက်၍မရနိုင်ပါ။ ပြည်သူတစ်ရပ်လုံးက နားလည်သဘောပေါက်ပြီး ပါဝင်ဆောင်ရွက်မှသာ အောင်မြင်မှုရရှိနိုင်မည် ဖြစ်ပါသည်။ သစ်တောသစ်ပင်ကို ချစ်တတ်သောလူမျိုး ဖြစ်အောင် စည်းရုံးဆောင်ရွက်သွားမည် ဖြစ်ပါသည်။ ပြည်သူလူထုတစ်ရပ်လုံးက သစ်တောများကို မိမိပိုင်ပစ္စည်းကဲ့သို့ သဘောထားခံယူပြီး၊ မှန်ကန်စွာအသုံးပြုတတ်လာပါမှ သစ်တောထိန်းသိမ်းခြင်းလုပ်ငန်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းမှာ ပိုမိုထိရောက်စွာ အောင်မြင်လာမည်ဖြစ်ပါသည်။

# အပိုင်း(၂)

# အနာဂတ်အုပ်ချုပ်လုပ်ကိုင်မှု

## ၇။ သစ်တောမူဝါဒ

၁၉၉၂ ခုနှစ်၊ သစ်တောဥပဒေပုဒ်မ ၁၀ (ခ) တွင် သစ်တောအုပ်ချုပ်လုပ်ကိုင်မှုနှင့်စပ်လျဉ်းသည့် စီမံကိန်းများကိုရေးဆွဲ၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီး ထံ တင်ပြရမည်ဟု ဖော်ပြထားပါသည်။

၁၉၉၅ ခုနှစ်၊ မြန်မာ့သစ်တောမူဝါဒ သဘောထားကြေ်ငြာချက် အခန်း ၃-၆ အရ သစ်တောကဏ္ဍ ဖွံ့ဖြိုးရေးဆိုင်ရာ ယေဘူယျလမ်းညွှန်ချက်များနှင့် ရည်မှန်းချက်များ ချမှတ်ပေးနိုင်မည့် ၁၀ နှစ် စီမံကိန်းတစ်ရပ်ကို ရေးဆွဲသွားရန် မူဝါဒလုပ်ငန်း တစ်ရပ် အဖြစ် ဖော်ပြထားပါသည်။

ထို့အပြင် ၁၉၉၅ ခုနှစ်၊ အမျိုးသားသစ်တောရေးရာ ဆောင်ရွက်မှုစီမံချက် သစ်တောအုပ်ချုပ်လုပ်ကိုင်မှုအပိုင်းတွင် ဖော်ပြထားသည့် အုပ်ချုပ်လုပ်ကိုင်မှု နယ်မြေတစ်ခုစီ အတွက် ဘက်စုံအသုံးချ အုပ်ချုပ်လုပ်ကိုင်မှု စီမံကိန်းများကို ရေးဆွဲရန် အကြံပြု ထားပါသည်။

စနစ်တကျ ရေးဆွဲထားသော သစ်တောအုပ်ချုပ်လုပ်ကိုင်မှု စီမံကိန်းများ မရှိဘဲ သစ်တောများကို ထာဝစဉ်တည်မြဲစေရန် အုပ်ချုပ်လုပ်ကိုင်နိုင်မည် မဟုတ်ပါ။ ထို့အပြင် သစ်တော အုပ်ချုပ်လုပ်ကိုင်မှု စီမံကိန်းရေးဆွဲ၍ အုပ်ချုပ်လုပ်ကိုင်ခြင်းမှာ အပြည်ပြည်ဆိုင်ရာ အပူပိုင်းဒေသသစ်အဖွဲ့ (International Tropical Timber Organization – ITTO)က သတ်မှတ်ထားသော သစ်တောများကို ထာဝစဉ်တည်မြဲစေရန် အုပ်ချုပ်လုပ်ကိုင်ခြင်း၊ (Sustainable Forest Management- SFM) ၏ စံချိန်စံညွှန်း (indicator) တစ်ခုလည်း ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ဤအုပ်ချုပ်လုပ်ကိုင်မှုစီမံကိန်းကို ၁၉၉၅ ခုနှစ်၊ မြန်မာ့သစ်တောမူဝါ ဒ သဘောထား ကြေငြာချက်တွင် ချမှတ်ထားသည့် ပဓာနကျသည့် အချက်(၆)ချက်ကို အကောင်အထည်ဖော် ဆောင်ရွက်ရန် ရည်ရွယ်၍ ရေးဆွဲထားခြင်း ဖြစ်ပါသည်။

### (က) **ကာကွယ်ခြင်း**

ရေ၊ မြေ၊ တောရိုင်းတိရစ္ဆာန်၊ ဇီဝမျိုးစုံနှင့် သဘာဝပတ်ဝန်းကျင်ကို ကာကွယ်ရပါမည်။

(ခ) **ထာဝစဉ်တည်တံ့စေခြင်း**

လက်ရှိပြည်သူလူထုနှင့် နောင်လာနောက်သားများပါ သစ်တောများမှ ရရှိနိုင်သည့် တိုက်ရိုက်နှင့်သွယ်ဝိုက်သော အကျိုးများကို စဉ်ဆက်မပြတ် ခံစားနိုင်ကြ စေရန် သစ်တောသယံဇာတ အရင်းအမြစ်များကို ထာဝစဉ်တည်တံ့နေစေရေး အတွက် ထိန်းသိမ်းရပါမည်။

(ဂ) **အခြေခံစားဝတ်နေရေးလိုအပ်ချက်များ ဖြည့်ဆည်းပေးခြင်း**

ပြည်သူလူထု၏လောင်စာ၊ နေအိမ်၊ အဆောက်အအုံ၊ အစားအစာနှင့် အပန်းဖြေ နားနေမှု အစရှိသည့် အခြေခံစားဝတ်နေရေး လိုအပ်ချက်များကို ဖြည့်ဆည်းပေးရ ပါမည်။

(ဃ) **စွမ်းဆောင်ရည်တိုးတက်မြင့်မားစေခြင်း**

သစ်တောသယံဇာတများမှ ရရှိနိုင်မည့် အကျိုးအမြတ်တို့အား လူမှုရေးနှင့် သဘာဝထိန်းသိမ်းရေးဆိုင်ရာတို့ကို မထိခိုက်စေဘဲ၊ အပြည့်အဝအသုံးချနိုင်ရန် စီမံ ရပါမည်။

(င) **ပြည်သူတို့က ပူးပေါင်းပါဝင်ဆောင်ရွက်လာစေခြင်း**

သစ်တောများပြုစုထိန်းသိမ်းရေးနှင့် သစ်တောသယံဇာတများအသုံးချရေး ဆိုင်ရာ လုပ်ငန်းတို့တွင် ပြည်သူတို့က ပူးပေါင်းပါဝင်လာကြစေရန် ဆောင်ရွက် သွား ရပါမည်။

(စ) **ပြည်သူအတွင်း နိုးကြားထကြွသည့် အသိရှင်သန်နေစေခြင်း**

နိုင်ငံတော်၏ လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဖော်ဆောင်ရာတွင် သစ်တောများ၏ အဓိကအခန်းမှ ပါ ဝင်နေကြောင်းကို ပြည်သူတို့အတွင်း နိုးကြားသည့်အသိ ရှင်သန် နေစေရန် စည်းရုံးလှုံ့ဆော်သွားရပါမည်။

## ၈။ အုပ်ချုပ်လုပ်ကိုင်မှုဦးတည်ချက်များနှင့် ရည်ရွယ်ချက်များ

### ၈.၁ အုပ်ချုပ်လုပ်ကိုင်မှုဦးတည်ချက်များ

**၈.၁.၁ လူမှုစီးပွားရေး**

သစ်တောကဏ္ဍကို အခြေခံ၍ ဒေသခံပြည်သူလူထု၏ လိုအပ်ချက်ဖြစ်သော သစ်နှင့် အခြား သစ်တောထွက်ပစ္စည်းများ ဖူလုံစေရန်နှင့် ဝင်ငွေရရှိစေရန်။

**၈.၁.၂ သစ်တောဖွံ့ဖြိုးရေး**

စီမံကိန်းများရေးဆွဲ၍ သစ်တောများကို စနစ်တကျ အုပ်ချုပ်ပြုစု ထိန်းသိမ်းခြင်းဖြင့် သစ်တောသယံဇာတများကို အကျိုးရှိစွာ အသုံးချလာနိုင်ပြီး သစ်တောကဏ္ဍပိုမို ဖွံ့ဖြိုး တိုးတက်လာစေရန်။

**၈.၁.၃ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး**

သစ်တောများကိုစီမံကိန်းချမှတ်၍ စနစ်တကျအုပ်ချုပ်ခြင်းဖြင့် နိုင်ငံတော်၏ စီးပွားရေး၊ ပြည်သူတို့၏စားဝတ်နေရေးကို အထောက်အကူဖြစ်စေရန်နှင့် စဉ်ဆက်မပြတ် အကျိုးစီးပွားခံစားနိုင်စေရန်။

**၈.၁.၄ သဘာဝဝန်းကျင်ထိန်းသိမ်းရေး**

သဘာဝဝန်းကျင် ထာဝစဉ်တည်ငြိမ်ရေးနှင့် ဂေဟစနစ်မျှတရေးကို ဆောင်ရွက် သွားရန်။

## ၈.၂ အုပ်ချုပ်လုပ်ကိုင်မှု ရည်ရွယ်ချက်များ

**၈.၂.၁ လူမှုစီးပွားရေးဖွံ့ဖြိုးမှု**

နိုင်ငံတော်၏ လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဖော်ဆောင်ရာတွင် သစ်တော ကဏ္ဍသည် အဓိကအခန်းမှ ပါဝင်နေကြောင်းကို ပြည်သူတို့အတွင်း နိုးကြားသည့်အသိ ရှင်သန်နေစေရေးကို စည်းရုံးလှုံ့ဆော်သွားရန်နှင့် သစ်တောကဏ္ဍ ထာဝစဉ်ဖွံ့ဖြိုးတိုးတက်ရေးတွင် အထောက်အကူဖြစ်စေရန်အတွက် လူမှုစီးပွားရေးဆိုင်ရာ သုတေသနလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်ရန်။

**၈.၂.၂ သစ်တောဖွံ့ဖြိုးမှု**

လူမှုရေးနှင့် သဘာဝပတ်ဝန်းကျင်အကျိုးအမြတ်များအစွမ်းကုန် ရရှိခံစားနိုင်ရေး၊ ဂေဟစနစ်များမျှတမှုနှင့် ဇီဝမျိုးကွဲများထိန်းသိမ်းရေးအတွက် သစ်တောများပြန်လည် စိုက်ပျိုးပြုစုရန်နှင့် သစ်တောများကို ထာဝစဉ်ညီတောထွက်စနစ်ဖြင့် စီမံအုပ်ချုပ်နိုင်ရေးအတွက် ကြိုးဝိုင်းနှင့်ကြိုးပြင်ကာကွယ်တောများ အစဉ်တည်မြဲနေစေရေးကို ဆောင်ရွက်သွားရန်။

နိုင်ငံတော်ဧရိယာစုစုပေါင်း၏ ၃၀% ကို ကြိုးဝိုင်းတောများအဖြစ် လည်းကောင်း၊ သဘာဝထိန်းသိမ်းရေးနယ်မြေများအဖြစ် ဖွဲ့စည်းဆောင်ရွက်ရာ၌ ရေတိုတွင်နိုင်ငံတော် ဧရိယာစုစုပေါင်း၏ ၅% ကိုလည်းကောင်း၊ ရေရှည်တွင် ၁၀% ကိုလည်းကောင်း ဖွဲ့စည်းဆောင်ရွက်ရန်။

**၈.၂.၃.၃ ရောင်းဝယ်ရေးနှင့်ကုန်သွယ်မှု**

သစ်တောထွက်ပစ္စည်းများကို ပြည်ပသို့ တန်ဖိုးမြှင့် ပစ္စည်းများအဖြစ် တင်ပို့ ရောင်းချခြင်းဖြင့် နိုင်ငံတကာဈေးကွက်သို့ဝင်ရောက် ကုန်သွယ်မှုပြု ရန်။

**၈.၂.၄ တောရိုင်းတိရစ္ဆာန်နှင့်သဘာဝအပင်များ၊ဇီဝမျိုးစုံမျိုးကွဲများနှင့်သဘာဝ ဝန်းကျင် ထိန်းသိမ်းမှု**

တောရိုင်းတိရစ္ဆာန်နှင့်သဘာဝအပင်များကို ယင်းတို့၏ နေရင်းဒေသများ ကာကွယ် ထိန်းသိမ်းခြင်းဖြင့်လည်းကောင်း၊ သဘာဝထိန်းသိမ်းရေးနယ်မြေများတည်ထောင်ခြင်း ဖြင့်လည်းကောင်း၊ တိရစ္ဆာန်ဥယျာဉ်နှင့် ရုက္ခဗေဒဥယျာဉ်များ တည်ထောင်ခြင်းဖြင့် လည်းကောင်း၊ ဇီဝမျိုးကွဲများမျိုးသုဉ်းမည့် အန္တရာယ်မှ ကာကွယ်ထိန်းသိမ်းရန်။

## ၉။ အုပ်ချုပ်လုပ်ကိုင်မှုစီမံကိန်းရေးဆွဲခြင်း

ယခုတင်ပြသည့် သစ်တောအုပ်ချုပ်လုပ်ကိုင်မှုစီမံကိန်းကို ကော့သောင်းခရိုင်အတွင်း သစ်တောသယံဇာတများကို စဉ်ဆက်မပြတ်အုပ်ချုပ်လုပ်ကိုင်သွားရန် ရည်ရွယ်၍ ရေးဆွဲထားခြင်း ခြင်းဖြစ်ပါသည်။ စီမံကိန်း သက်တမ်းကာလ(၁၀)နှစ် (၂၀၁၆-၁၇ မှ ၂၀၂၅-၂၆ ခုနှစ်အထိ) ဖြစ်ပြီး စီမံကိန်းစတင်ပြီး (၅)နှစ်အကြာတွင် စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်မှု အခြေအနေကို ပြန်လည်သုံးသပ်မည်ဖြစ်ပါသည်။ ကော့သောင်းခရိုင်အတွင်း ပေါက်ရောက်လျက်ရှိသော သဘာဝတောများကို သစ်ပင်ပေါက်ရောက်မှု၊ သစ်နှင့်သစ်တောထွက်ပစ္စည်းများ ထွက်ရှိမှု အလားအလာ၊ ကုန်ကျစရိတ်နှင့်အကျိုးအမြတ်၊ ဒေသခံပြည်သူတို့၏ သစ်နှင့်သစ်တောထွက်ပစ္စည်း လိုအပ်ချက်၊ ပတ်ဝန်းကျင်နှင့်ရေမြေ ထိန်းသိမ်းမှု လိုအပ်ချက်စသည့် အချက်အလက်များကို အခြေခံပြီး အလုပ်တိုက်နယ်များ ဖွဲ့စည်းတည်ထောင်ပြီး စနစ်တကျ စီမံအုပ်ချုပ်လုပ်ကိုင် သွားမည်ဖြစ်ပါသည်။ အလုပ်တိုက်နယ် အလိုက် အုပ်ချုပ်လုပ်ကိုင်သွားမည့် လုပ်ငန်းများကို အသေးစိတ် ပြင်ဆင်ရေးဆွဲဖော်ပြထားပါသည်။

### ၉.၁ သစ်ထုတ်လုပ်ရေး သဘာဝတောများ

#### ၉.၁.၁ အုပ်ချုပ်လုပ်ကိုင်မှုရည်ရွယ်ချက်များ

(၁) ရောင်းတန်းဝင်သစ်များ ထာဝစဉ် စဉ်ဆက်မပြတ် ထုတ်လုပ်ရေး။

(၂) ပါဝင်ပင်များ အချိုးအစားညီညွတ်၍ သဘာဝတောများ၏တန်ဖိုးကို ထိန်းသိမ်းရေး။

(၃) သဘာဝတောများ၏ ဂေဟစနစ်မျှတရေးနှင့် ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေး။

### ၉.၁.၂ အုပ်ချုပ်လုပ်ကိုင်မှုနည်းလမ်းများ

ထာဝစဉ်ညီ တောထွက်ရရှိရေး ရည်မှန်းချက်အပေါ် အခြေခံလျက် ကော့သောင်းခရိုင်အတွင်းရှိ သစ်ထုတ်လုပ်ရေး၊ သဘာဝတောများကို စနစ်တကျ အုပ်ချုပ်လုပ်ကိုင်ရန်အတွက် ထုတ်လုပ်ရေး အလုပ်တိုက်နယ်တစ်ခု ဖွဲ့စည်းပြီး ခုတ်စဉ် (၃)ခုခွဲ၍ စနစ်တကျ ဖွဲ့စည်း အုပ်ချုပ်သွားမည်ဖြစ်ပါသည်။ ခုတ်စဉ်တစ်ခုစီ အတွင်း သစ်ပင်ပေါက်ရောက်မှု အခြေအနေပေါ်မူတည်၍ သင့်တော်သော သစ်တောစိုက်ပျိုးပြုစုနည်းစနစ်၊ ခုတ်ပတ်နှင့် တောထွက် စသည်တို့ကို ချမှတ် ကျင့်သုံးသွားမည်ဖြစ်ပါသည်။ သစ်တောများ၏ မူလဂေဟစနစ်မပျက်ရေးကို ဦးတည်လျက် သစ်မထုတ်မီနှင့် သစ်ထုတ်ပြီး သစ်တောများ၏သယံဇာတများကို စာရင်းကောက်ယူခြင်းပြုလုပ်ပြီး လေ့လာ ဆန်းစစ်၍ အုပ်ချုပ်လုပ်ကိုင် သွားမည် ဖြစ်ပါသည်။ ထိုသို့ သစ်တောသယံဇာ တကောက်ယူရာတွင် စစ်ဆေးတွေ့ရှိရသည့် အနားပေးရမည့်တောများ တွေ့ရှိခဲ့လျှင် သဘာဝတန်ဘိုးမြှင့် စိုက်ပျိုးခြင်း၊ ဓမ္မတာမျိုးဆက်ခြင်း၊ အုပ်မိုးကာဆိုင်းခုတ်လှဲခြင်း၊ နွယ်ဖြတ်ညှောင်ပတ်လှဲခြင်းစသည့် သစ်တောပြုစုထိန်းသိမ်းခြင်းလုပ်ငန်းနည်းလမ်းများဖြင့် ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

#### ၉.၁.၂.၁ ထုတ်လုပ်ရေးအလုပ်တိုက်နယ်

ဤအလုပ်တိုက်နယ်ကို သစ်ထုတ်လုပ်နိုင်သည့် သဘာဝတောများ ပေါက်ရောက်နေသော ပါချန်ကြိုးဝိုင်း နှင့် လေညာကြိုးပြင်တောများဖြင့် ဖွဲ့စည်းထားပါသည်။ ဤအလုပ်တိုက်နယ်အတွင်း ခုတ်စဉ်(I) ဘုံခွန်းကြိုးပြင် (၃၄၉၁၄)ဧက၊ ခုတ်စဉ်(II) မနိုးရုံးကြိုးပြင် (၃၄၂၀၂)ဧက၊ ခုတ်စဉ် (III) ပါချန်ကြိုးဝိုင်း (၈၄၉၄၇)ဧက၊ စုစုပေါင်း(၁၅၄၀၆၃)ဧကဖြင့် ဖွဲ့စည်းထားပါသည်။ ကျွန်းထုတ်လုပ်မှုမရှိပါ။

| စဉ် | ကြိုးဝိုင်း/ကြိုးပြင် ကာကွယ်တော | အကွက်အမှတ်များ | ဧရိယာ(ဧက) | | မှတ်ချက် |
|---|---|---|---|---|---|
| | | | မူလဧရိယာ | အလုပ်တိုက်နယ်ဧရိယာ | |
| I | ဘုံခွန်းကြိုးပြင်တော | - | ၃၄၉၁၄ | ၃၄၉၁၄ | |
| II | မနိုင်းရုံးကြိုးပြင်တော | - | ၃၄၂၀၂ | ၃၄၂၀၂ | |
| III | ပါချန်ကြိုးဝိုင်း | ၅ မှ ၁၃၊၁၄(ပိုင်း)၊၁၆၊၁၇(ပိုင်း)၊၁၈မှ၃၆၊၃၈၊၄၀၊၄၁(ပိုင်း)၊၄၂(ပိုင်း)၊၄၅၊၈၈၊၉၃ မှ ၉၈၊ ၉၉(ပိုင်း)၊၁၂၄မှ ၁၃၀၊ ၁၃၃(ပိုင်း)၊၁၃၅၊ ၁၃၇၊၁၃၈၊၁၄၀(ပိုင်း)၊၁၄၂(ပိုင်း) | ၁၅၅၃၇၇ | ၈၄၉၄၇ | |

## ၉.၁.၂.၁.၁အလုပ်တိုက်နယ်နှင့်ခုတ်စဉ်များဖွဲ့စည်းခြင်း

ကော့သောင်းခရိုင်အတွင်း ထုတ်လုပ်ရေးအလုပ်တိုက်နယ် ဖွဲ့စည်းရာတွင် လမ်းပန်းဆက်သွယ်ရေးလွယ်ကူမှု၊ သစ်ထွက်ပမာဏရရှိနိုင်မှု၊ သစ်တောအမျိုးအစားတူညီမှု စသည့်အချက်များအပေါ် အခြေခံ၍ ဖွဲ့စည်းထားပါသည်။ ဤထုတ်လုပ်ရေးအလုပ်တိုက်နယ်တွင် နှစ်စဉ်သစ်ထွက်ရရှိနိုင်မှု အလားအလာနှင့် စီမံခန့်ခွဲမှုလွယ်ကူစေရေး စသည့်အချက်များအပေါ်အခြေခံ၍ ကော့သောင်းခရိုင်အတွင်း ပါဝင်သော မြို့နယ် ၂ ခုအနက် သစ်တော ပေါက်ရောက်မှုကောင်းမွန်သည့် မြို့နယ်ဖြစ်သော ဘုတ်ပြင်းမြို့နယ်တွင် ခုတ်စဉ် (၂)ခုနှင့် ကော့သောင်းမြို့နယ်တွင် ခုတ်စဉ်(၁)ခုဖြင့် ဖွဲ့စည်းအုပ်ချုပ်လုပ်ကိုင်သွားမည် ဖြစ်ပါသည်။ ခုတ်စဉ်တစ်ခုစီကို ခုတ်ပတ်အဖြစ် (၃၀)နှစ် သတ်မှတ်ပြီး ဧရိယာအကြမ်းဖျင်း တူညီသည့် နှစ်စဉ်ခုတ်ကွက် (၃၀)ကွက် ခွဲခြားပြီး ပင်ရေဖြင့် ပြန်လည်စစ်ဆေးသည့်စနစ် (Equal Area with Tree Number Check) ကို အသုံးပြု ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

### ၉.၁.၂.၁.၁.၁သစ်ပင်ပေါက်ရောက်မှုအခြေအနေ

ထုတ်လုပ်ရေးအလုပ်တိုက်နယ်တွင် ခုတ်စဉ်များအတွင်းရှိ သစ်မာပင်ပေါက်ရောက်မှု အခြေအနေများကို ပင်ထောင်ဇယားနှင့် ထုထည်ဇယားကို **ဇယား(၉-၁-၂-၁-၁-၁)**တွင် ဖော်ပြအပ်ပါသည်။ ဤခရိုင်အတွင်း ကျွန်းလုံးဝပေါက်ရောက်မှု မရှိကြောင်း တွေ့ရှိရပါသည်။ အုပ်စု(၁)ပါဝင်မှုမှာ လွန်စွာနည်းပါးပြီး သက်န်းနှင့် ပျဉ်းကတိုး အနည်းငယ်သာ ပေါက်ရောက် ကြောင်း တွေ့ရှိ ရပါသည်။

## ကော့သောင်းခရိုင်၊ ထုတ်လုပ်ရေးအလုပ်တိုက်နယ်
## သစ်ပင်ပေါက်ရောက်မှုအခြေအနေ
## ပင်ထောင်ဇယား

**ခုတ်စဉ်( I ) ဘုံးခွန်းကြိုးပြင်** **ဇယား(၉-၁-၂-၁-၁-၁)**

**(၃၄၉၁၄) ဧက** **(ပင်ရေ)**

| သစ်မျိုး အုပ်စု | ၂ ' ၀" မှ ၅ ' ၅" | ၅ ' ၆" မှ ၆' ၅" | ၆ ' ၆" မှ ၇' ၅" | ၇ ' ၆" မှ ၇' ၁၁" | ၈' နှင့် အထက် | ပေါင်း | ပါဝင်မှု % |
|---|---|---|---|---|---|---|---|
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) | (၈) |
| အုပ်စု(၁) | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| အုပ်စု(၂) | ၃၂၄၂၀၂ | ၅၆၂၂၀ | ၁၆၈၆၆ | ၁၈၇၄ | ၉၃၇၀ | ၄၀၈၅၃၂ | ၅၇.၆၇ |
| အုပ်စု(၃) | ၅၆၂၂၀ | ၁၁၂၄၄ | ၅၆၂၂ | ၀ | ၇၄၉၆ | ၈၀၅၈၂ | ၁၁.၃၈ |
| အုပ်စု(၄) | ၀ | | ၀ | ၀ | ၀ | ၀ | ၀ |
| အုပ်စု(၅) | ၁၉၁၁၄၈ | ၁၆၈၆၆ | ၉၃၇၀ | ၀ | ၁၈၇၄ | ၂၁၉၂၅၈ | ၃၀.၉၃ |
| **စုစုပေါင်း** | **၅၇၁၅၇၀** | **၈၄၃၃၀** | **၃၁၈၅၈** | **၁၈၇၄** | **၁၈၇၄၀** | **၇၀၈၃၇၂** | **၁၀၀** |

**ဇစ်မြစ် -၂၀၁၅ ခုနှစ်၊ (One Shot Inventory) နည်းဖြင့်ကောက်ယူရရှိသည့် စာရင်းကိန်းဂဏန်းများကို အခြေခံတွက်ချက်ထားပါသည်။**

## ပင်ထောင်ဇယား

**ခုတ်စဉ်( II ) မနိုးရုံးကြိုးပြင်** **ဇယား(၉-၁-၂-၁-၁-၁)**

**(၃၄၂၀၂) ဧက** **(ပင်ရေ)**

| သစ်မျိုး အုပ်စု | ၂ ' ၀" မှ ၅ ' ၅" | ၅ ' ၆" မှ ၆' ၅" | ၆ ' ၆" မှ ၇' ၅" | ၇ ' ၆" မှ ၇' ၁၁" | ၈' နှင့် အထက် | ပေါင်း | ပါဝင်မှု % |
|---|---|---|---|---|---|---|---|
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) | (၈) |
| အုပ်စု(၁) | ၇၃၄၀ | ၁၈၃၅ | ၀ | ၀ | ၀ | ၉၁၇၅ | ၀.၅၈ |
| အုပ်စု(၂) | ၂၄၅၈၉၀ | ၄၂၂၀၅ | ၁၁၀၁၀ | ၅၅၀၅ | ၁၆၅၁၅ | ၃၂၁၁၂၅ | ၂၀.၄၉ |
| အုပ်စု(၃) | ၃၇၉၈၄၅ | ၃၁၁၉၅ | ၉၁၇၅ | ၁၈၃၅ | ၃၆၇၀ | ၄၂၅၇၂၀ | ၂၇.၁၆ |
| အုပ်စု(၄) | ၀ | | ၀ | ၀ | ၀ | ၀ | ၀ |
| အုပ်စု(၅) | ၇၀၀၉၇၀ | ၆၉၇၃၀ | ၁၄၆၈၀ | ၁၈၃၅ | ၂၃၈၅၅ | ၈၁၁၀၇၀ | ၅၁.၇၆ |
| **စုစုပေါင်း** | **၁၃၃၄၀၄၅** | **၁၄၄၉၆၅** | **၃၄၈၆၅** | **၉၁၇၅** | **၄၄၀၄၀** | **၁၅၆၇၀၉၀** | **၁၀၀** |

**ဇစ်မြစ် -၂၀၁၅ ခုနှစ်၊ (One Shot Inventory) နည်းဖြင့်ကောက်ယူရရှိသည့် စာရင်းကိန်းဂဏန်း များကို အခြေခံတွက်ချက်ထားပါသည်။**

**ပင်ထောင်ဇယား**

**ခုတ်စဉ်( III ) ပါချန်ကြိုးဝိုင်း** **ဇယား(၉-၁-၂-၁-၁-၁)**

**(၈၄၉၄၇) ဧက** **(ပင်ရေ)**

| သစ်မျိုး အုပ်စု | ၂' ဝ" မှ ၅ ' ၅ " | ၅' ၆" မှ ၆' ၅" | ၆' ၆" မှ ၇'၅" | ၇' ၆" မှ ၇'၁၁" | ၈' နှင့် အထက် | ပေါင်း | ပါဝင်မှု % |
|---|---|---|---|---|---|---|---|
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) | (၈) |
| အုပ်စု(၁) | ၁၇၅ဝဝ | ဝ | ဝ | ဝ | ဝ | ၁၇၅ဝဝ | ဝ.၆၉ |
| အုပ်စု(၂) | ၃၅ဝဝဝဝ | ၄၂ဝဝဝ | ၂၁ဝဝဝ | ၃၅ဝဝ | ဝ | ၄၁၆၅ဝဝ | ၁၆.၃ဝ |
| အုပ်စု(၃) | ၃၇၁ဝဝဝ | ၂၄၅ဝဝ | ၁၄ဝဝဝ | ၃၅ဝဝ | ၁၇၅ဝဝ | ၄၃ဝ၅ဝဝ | ၁၆.၈၅ |
| အုပ်စု(၄) | ၁ဝ၅ဝဝဝ | ၁ဝ၅ဝဝ | ဝ | ဝ | ဝ | ၁၁၅၅ဝဝ | ၄.၅၂ |
| အုပ်စု(၅) | ၁၄၆၃ဝဝဝ | ၅၆ဝဝဝ | ၂၈ဝဝဝ | ဝ | ၂၈ဝဝဝ | ၁၅၇၅ဝဝဝ | ၆၁.၆၄ |
| **စုစုပေါင်း** | **၂၃ဝ၆၅ဝဝ** | **၁၃၃ဝဝဝ** | **၆၃ဝဝဝ** | **၇ဝဝဝ** | **၄၅၅ဝဝ** | **၂၅၅၅ဝဝဝ** | **၁ဝဝ** |

**ဇစ်မြစ် -၂ဝ၁၅ ခုနှစ်၊ (One Shot Inventory) နည်းဖြင့်ကောက်ယူရရှိသည့် စာရင်းကိန်းဂဏန်းများကို အခြေခံတွက်ချက်ထားပါသည်။**

**ထုထည်ဇယား**

**ခုတ်စဉ်( I ) ဘုံခွန်းကြိုးပြင်** **ဇယား(၉-၁-၂-၁-၁-၁)**

**(၃၄၉၁၄)ဧက** **(ကုဗတန်)**

| သစ်မျိုး အုပ်စု | ၂ ' ဝ" မှ ၅ ' ၅" | ၅ ' ၆" မှ ၆'၅" | ၆ ' ၆" မှ ၇'၅" | ၇ ' ၆" မှ ၇'၁၁" | ၈' နှင့် အထက် | ပေါင်း | ပါဝင်မှု % |
|---|---|---|---|---|---|---|---|
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) | (၈) |
| အုပ်စု(၁) | ဝ | ဝ | ဝ | ဝ | ဝ | ဝ | ဝ |
| အုပ်စု(၂) | ၁၇၉၄၉၅ | ၁၁၃ဝ၃၇ | ၅ဝ၇၉၂ | ၄၈ဝ၁ | ၄ဝ၆၄၅ | ၃၈၈၇၇ဝ | ၆၆.၆၁ |
| အုပ်စု(၃) | ၂၆ဝ၄၈ | ၁၅၃၆၉ | ၁ဝဝ၇၆ | ဝ | ၂၅၃၆၈ | ၇၆၈၆၁ | ၁၃.၁၇ |
| အုပ်စု(၄) | ဝ | ဝ | ဝ | ဝ | ဝ | ဝ | ဝ |
| အုပ်စု(၅) | ၇၂၅၇၈ | ၂၁၇၇၆ | ၁၇၇၇၅ | ဝ | ၅၉၁၅ | ၁၁၈ဝ၄၄ | ၂ဝ.၂၂ |
| **စုစုပေါင်း** | **၂၇၈၁၂၁** | **၁၅ဝ၁၈၂** | **၇၈၆၄၃** | **၄၈ဝ၁** | **၇၁၉၂၈** | **၅၈၃၆၇၅** | **၁ဝဝ** |

**ဇစ်မြစ် -၂ဝ၁၅ ခုနှစ်၊ (One Shot Inventory) နည်းဖြင့်ကောက်ယူရရှိသည့် စာရင်းကိန်းဂဏန်းများကို အခြေခံတွက်ချက်ထားပါသည်။**

## ထုထည်ဇယား

**ခုတ်စဉ်( II ) မနိုးရုံးကြိုးပြင်** **ဇယား(၉-၁-၂-၁-၁-၁)**

**(၃၄၂၀၂)ဧက** **(ကုဗတန်)**

| သစ်မျိုးအုပ်စု | ၂ ' ၀" မှ ၅ ' ၅" | ၅ ' ၆" မှ ၆' ၅" | ၆ ' ၆" မှ ၇' ၅" | ၇ ' ၆" မှ ၇' ၁၁" | ၈' နှင့် အထက် | ပေါင်း | ပါဝင်မှု % |
|---|---|---|---|---|---|---|---|
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) | (၈) |
| အုပ်စု(၁) | ၅၃၅၈ | ၂၅၂၆ | ၀ | ၀ | ၀ | ၇၈၈၄ | ၀.၆၆ |
| အုပ်စု(၂) | ၁၅၉၈၀၁ | ၈၅၄၆၀ | ၂၉၅၄၅ | ၂၂၁၅၈ | ၉၇၀၉၃ | ၃၉၄၀၅၇ | ၃၃.၀၅ |
| အုပ်စု(၃) | ၁၇၁၅၀၀ | ၄၀၅၁၆ | ၁၉၅၃၇ | ၄၄၅၈ | ၁၇၁၃၄ | ၂၅၃၁၄၅ | ၂၁.၂၄ |
| အုပ်စု(၄) | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| အုပ်စု(၅) | ၃၀၇၃၇၇ | ၉၁၀၅၆ | ၂၇၇၈၃ | ၄၈၃၀ | ၁၀၅၉၃၄ | ၅၃၆၉၈၀ | ၄၅.၀၅ |
| **စုစုပေါင်း** | **၆၄၄၀၃၆** | **၂၁၉၅၅၈** | **၇၆၈၆၅** | **၃၁၄၄၆** | **၂၂၀၁၆၁** | **၁၁၉၂၀၆၆** | **၁၀၀** |

**ဇစ်မြစ် -၂၀၁၅ ခုနှစ်၊ (One Shot Inventory) နည်းဖြင့်ကောက်ယူရရှိသည့် စာရင်းကိန်းဂဏန်းများကို အခြေခံတွက်ချက်ထားပါသည်။**

## ထုထည်ဇယား

**ခုတ်စဉ်( III ) ပါချန်ကြိုးဝိုင်း** **ဇယား(၉-၁-၂-၁-၁-၁)**

**(၈၄၉၄၇)ဧက** **(ကုဗတန်)**

| သစ်မျိုးအုပ်စု | ၂' ၀" မှ ၅' ၅" | ၅' ၆" မှ ၆' ၅" | ၆' ၆" မှ ၇' ၅" | ၇' ၆" မှ ၇' ၁၁" | ၈' နှင့် အထက် | ပေါင်း | ပါဝင်မှု % |
|---|---|---|---|---|---|---|---|
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) | (၈) |
| အုပ်စု(၁) | ၆၂၆၇ | ၀ | ၀ | ၀ | ၀ | ၆၂၆၇ | ၀.၃၉ |
| အုပ်စု(၂) | ၂၀၉၅၇၄ | ၈၃၃၄၂ | ၆၄၀၆၁ | ၁၃၇၂၁ | ၀ | ၃၇၀၆၉၈ | ၂၃.၃၅ |
| အုပ်စု(၃) | ၁၅၃၈၃၈ | ၃၃၀၉၁ | ၂၈၉၉၂ | ၈၇၃၃ | ၇၈၇၃၀ | ၃၀၃၃၈၄ | ၁၉.၁၁ |
| အုပ်စု(၄) | ၃၈၂၆၀ | ၁၉၉၃၅ | ၀ | ၀ | ၀ | ၅၈၁၉၅ | ၃.၆၇ |
| အုပ်စု(၅) | ၅၅၃၂၃၇ | ၇၅၀၄၀ | ၅၆၇၉၁ | ၀ | ၁၆၃၉၂၉ | ၈၄၈၉၉၆ | ၅၃.၄၈ |
| **စုစုပေါင်း** | **၉၆၁၁၇၆** | **၂၁၁၄၀၈** | **၁၄၉၈၄၄** | **၂၂၄၅၄** | **၂၄၂၆၅၉** | **၁၅၈၇၅၄၁** | **၁၀၀** |

**ဇစ်မြစ် -၂၀၁၅ ခုနှစ်၊ (One Shot Inventory) နည်းဖြင့်ကောက်ယူရရှိသည့်**
**စာရင်းကိန်းဂဏန်း များကို အခြေခံတွက်ချက်ထားပါသည်။**

### ၉.၁.၂.၁.၁.၂သစ်တောစိုက်ပျိုးပြုစုခြင်းစနစ်

ကော့သောင်းခရိုင်အတွင်းရှိ သဘာဝတောများကို မြန်မာ့ရွေးချယ်ခုတ်လှဲနည်းစနစ်ဖြင့် ဆက်လက်ကျင့်သုံး အုပ်ချုပ်လုပ်ကိုင်သွားမည် ဖြစ်ပါသည်။ ရောင်းတန်းဝင် သစ်မာမျိုးများ၏ ကြီးထွားမှုနှင့် ရှင်သန်ပေါက်ရောက်မှု ပိုမိုကောင်းမွန်ရန် မျိုးဆက်ပင်များကို ပိုမိုတိုးပွားရန်နှင့် ထုတ်ယူသုံးစွဲနိုင်သည့် အပင်များ၏အရေအတွက် ပိုမိုများပြားလာစေရန် သဘာဝတောများတွင် ဓမ္မတာမျိုးဆက်ခြင်းကို အားပေးသည့် အုပ်မိုးကာဆိုင်းခုတ်လှဲခြင်း၊ နွယ်ဖြတ်ညောင်ပတ်လှဲခြင်း၊ ကျန်းမာသန်စွမ်းသောအပင်အချို့အား မျိုးပင်အဖြစ် ထားရှိခြင်း စသည့် လုပ်ငန်းများကို စနစ်တကျ ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ သဘာဝတောများမှ သစ်ထုတ်ယူရာတွင် သတ်မှတ်ထားသည့် ကန့်သတ်လုံးပတ် အတန်းအစားပြည့်မီသည့်အပင်များကိုသာ ရွေးချယ်၍ သစ်မာပင်ထောင် ရိုက်မှတ်ခြင်းလုပ်ငန်းများကို ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ တိကျစွာအကောင်အထည်ဖော် ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ မြန်မာ့ရွေးချယ်ခုတ်လှဲခြင်းစနစ်သည် ကန့်သတ်လုံးပတ် အတန်းအစား ပြည့်မီသည့်အပင်များကိုသာ ရွေးချယ်ထုတ်ယူသုံးစွဲသည့် နည်းစနစ်ဖြစ်သဖြင့်သဘာဝပတ်ဝန်းကျင်ပျက်စီးမှုနည်းပါးသည့် ထုတ်လုပ်ရေးစနစ် ( Reduce Impact Logging ) ပါ ကျင့်သုံးခြင်းလည်း ပါဝင်ပါသည်။

### ၉.၁.၂.၁.၁.၃ခုတ်ပတ်

ခုတ်စဉ်တစ်ခုပြီး ပြီးမြောက်သည်အထိ ဆောင်ရွက်မည့် အချိန်ကာလ ကို ခုတ်ပတ် (၃၀)နှစ်အဖြစ် သတ်မှတ်ပါသည်။

### ၉.၁.၂.၁.၁.၄ထုတ်လုပ်ခွင့်ပြုသည့် အရွယ်အစား

သစ်မျိုးအလိုက် ထုတ်လုပ်ခွင့်ပြုသည့် အရွယ်အစား (ရင်စို့ လုံးပတ်)ကို ခုတ်စဉ်အလိုက် **ဇယား(၉-၁-၂-၁-၁-၄)** တွင် ဖော်ပြအပ်ပါသည်။

## ကော့သောင်းခရိုင်အတွင်း ခုတ်စဉ်အလိုက်ပါဝင်သော ကြိုးဝိုင်း/ကြိုးပြင်၊ အကွက်အမှတ်၊ ဧရိယာနှင့် သစ်မျိုးအလိုက် ထုတ်လုပ်ခွင့်ပြုသည့် အရွယ်အစားစာရင်း

ဇယား(၈-၁-၂-၁-၁-၄)

| ခုတ်စဉ် | ကြိုးဝိုင်းအမည် | အကွက်အမှတ် | ဧရိယာ (ဧက) | ထုတ်လုပ်ခွင့်ပြုသည့် အရွယ်အစား | | မှတ်ချက် |
|---|---|---|---|---|---|---|
| | | | | သစ်မျိုး | လုံးပါတ် | |
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) |
| I | ဘုံးခွန်းကြိုးပြင် | - | ၃၄၉၁၄ | သစ်မာ | ၆ ပေ | |
| | | | | ကညင် | ၈ ပေ | |
| II | မနိုးရုံးကြိုးပြင် | - | ၃၄၂၀၂ | သစ်မာ | ၆ ပေ | |
| | | | | ကညင် | ၈ ပေ | |
| III | ပါချုန်ကြိုးဝိုင်း | | ၈၄၉၄၇ | သစ်မာ | ၆ ပေ | |
| | | | | ကညင် | ၈ ပေ | |
| | **စုစုပေါင်း** | | **၁၅၄၀၆၃** | | | |

**ဇစ်မြစ်-၂၀၁၅ ခုနှစ်၊ ခရိုင်သစ်တောဦးစီးဌာန၊ ကော့သောင်းမြို့။**

### ၉.၁.၂.၁.၁.၅တောထွက်တွက်ချက်ခြင်း

စီမံကိန်းကာလအတွင်း နှစ်စဉ်ထုတ်လုပ်သုံးစွဲနိုင်မည့် တောထွက် (AAC) ကို ၂၀၁၅ ခုနှစ်အတွင်း သစ်တောသယံဇာတစာရင်း ကောက်ယူခြင်းမှ ရရှိသောကိန်းဂဏန်းများကိုအခြေခံပြီး စီမံကိန်းကာလစသည့်နှစ် (၂၀၁၆-၂၀၁၇) ခုနှစ်အတွက် ခန့်မှန်းပင်ထောင်ဇယားမှ တွက်ချက်ထားပါသည်။ နှစ်စဉ်တောထွက် တွက်ချက်ရာတွင် အောက်ပါပုံသေနည်းကို အသုံးပြုထားပါသည်-

နှစ်စဉ်တောထွက် =( လုံးပတ်အတန်းအစားII + ၂ x လုံးပတ်အတန်းအစားI ) / ၆၀

ကော့သောင်းခရိုင်အတွင်း ကျွန်းနှစ်စဉ်တောထွက် မရနိုင်ပါ။ ရင်စို့လုံးပတ် ၆' ၀" နှင့် အထက် အပင်အားလုံးကို အတန်းအစား I အဖြစ်လည်းကောင်း၊ ၅' ၀"မှ ၅' ၁၁" အထိ အပင်များကို အတန်းအစား II အဖြစ်လည်းကောင်း တွက်ချက်ထားပါသည်။

အတန်းအစား I ၏ ရှင်သန်မှုရာခိုင်နှုန်း = ၉၀ %

အတန်းအစား II ၏ ရှင်သန်မှု ရာခိုင်နှုန်း = ၈၅ %

ကော့သောင်းခရိုင်အတွင်းရှိ ခုတ်စဉ်အလိုက် သစ်မာနှစ်စဉ်တောထွက်ကို အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

**ကော့သောင်းခရိုင်အတွင်းရှိ ခုတ်စဉ်အလိုက်ကျွန်းနှင့်သစ်မာနှစ်စဉ်တောထွက်ဇယား**

**ဇယား(၉-၁-၂-၁-၁-၅)**

| စဉ် | ခုတ်စဉ် | ကျွန်း | သစ်မာအုပ်စု | | | | | |
|---|---|---|---|---|---|---|---|---|
| | | | ၁ | ၂ | ၃ | ၄ | ၅ | ပေါင်း |
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) | (၈) | (၉) |
| ၁ | ခုတ်စဉ်(I) ဘုံခွန်းကြိုးပြင် | - | ၀ | ၁၀၄၀ | ၆၆၀ | ၀ | ၇၃၀ | ၂၄၃၀ |
| ၂ | ခုတ်စဉ်(II) မနိုးရုံးကြိုးပြင် | - | ၀ | ၈၄၀ | ၆၈၀ | ၀ | ၃၇၁၀ | ၅၂၃၀ |
| ၃ | ခုတ်စဉ်(III) ပါချန်ကြိုးဝိုင်း | - | ၀ | ၄၂၀ | ၂၁၈၀ | ၄၃၀ | ၄၅၈၀ | ၇၆၁၀ |
| | **စုစုပေါင်း** | - | ၀ | **၂၃၀၀** | **၃၅၂၀** | **၄၃၀** | **၉၀၂၀** | **၁၅၂၇၀** |

**ဇစ်မြစ်- ၂၀၁၅ ခုနှစ်( One Shot Inventory) စာရင်းကောက်ယူခြင်း။**

### ၉.၁.၂.၁.၁.၆ သစ်မထုတ်မီ သစ်တောသယံဇာတစာရင်းကောက်ယူခြင်း

နှစ်စဉ်တောထွက်ကို ပိုမိုတိကျစွာ ခန့်မှန်းနိုင်ရေးအတွက် သစ်ထုတ်လုပ်မည့်နှစ်စဉ်ခုတ်ကွက်များတွင် သစ်မထုတ်မီ သစ်တောသယံဇာတစာရင်းကောက်ယူခြင်းလုပ်ငန်းကို တစ်နှစ် သို့မဟုတ် နှစ်နှစ် ကြိုတင်၍ ဆောင်ရွက်မည် ဖြစ်ပါသည်။

**ရည်ရွယ်ချက်များ**

၁။ သစ်မထုတ်မီ တော၏အခြေအနေကို သိရှိရန်၊

၂။ နှစ်စဉ်တောထွက်ကို စနစ်တကျ အမှန်ကန်ဆုံး ခန့်မှန်းနိုင်ရန်၊

၃။ သင့်လျော်သောခုတ်လှဲခြင်းစနစ်ကို သတ်မှတ်နိုင်ရန်တို့ဖြစ်ပါ သည်။

အသုံးပြုမည့် နမူနာကောက်ယူမည့် နည်းစနစ်မှာ အကွာညီလိုင်း အကွက်များချမှတ်သည့်စနစ်ဖြစ်ပြီး တစ်ကွက်တွင် နမူနာကွက်ငယ် ၁၆ ကွက် ချမှတ် စာရင်းကောက်ယူမည် ဖြစ်ပါသည်။ နမူနာကောက်ရာနှုန်းမှာ ၁၀% ဖြစ်ပြီး နမူနာကွက်ငယ်တစ်ခုသည် ၀.၅ ဧက (အလျား ၅ သံကြိုး x အနံ ၁ သံကြိုး) ရှိပြီး နမူနာကွက်ငယ်တစ်ခုနှင့်တစ်ခု အကွာအဝေးမှာ ၅ သံကြိုး (၁၁၀)ကိုက် ဖြစ်ပါသည်။

### ၉.၁.၂.၁.၁.၇ သစ်ထုတ်ပြီး သစ်တောသယံဇာတစာရင်းကောက်ယူခြင်း

သစ်ထုတ်ပြီးကျန်ရှိသည့် တော၏အခြေအနေကို သိရှိရန် သစ်ထုတ်ပြီး သစ်တောသယံဇာတစာရင်းကောက်ယူခြင်းလုပ်ငန်းကို သစ်ထုတ်ပြီးသည့် နှစ်စဉ် ခုတ်ကွက်များကို အနည်းဆုံး ၁ နှစ်မှ ၃ နှစ်အတွင်း ဆောင်ရွက်လုပ်ကိုင်သွားမည် ဖြစ်ပါသည်။

**ရည်ရွယ်ချက်များ**

၁။ သစ်ထုတ်ပြီးတော၏အခြေအနေကို သိရှိရန်၊

၂။ တောပျက်စီးမှုနှင့် ဓမ္မတာမျိုးဆက်မှု အခြေအနေများကို သိရှိပြီး သင့်လျော်သော သစ်တောစိုက်ပျိုးပြုစုခြင်းနည်းစနစ်ကို ရွေးချယ်နိုင်ရန်၊

၃။ ဓမ္မတာနည်းအရ မျိုးဆက်ရန်လိုအပ်ပါက ဓမ္မတာမျိုးဆက်ခြင်း လုပ်ငန်းများကို သစ်ထုတ်ပြီး နှစ်စဉ်ခုတ်ကွက်များတွင် ပြန်လည် ဆောင်ရွက်သွားရန်၊

၄။ ဓမ္မတာမျိုးဆက်ခြင်းမရှိ (သို့) မလုံလောက်သည့်နေရာများတွင် ပဝတ္တိမျိုးဆက်ခြင်းလုပ်ငန်းများကို ဆောင်ရွက်သွားရန်၊

အသုံးပြုမည့် နမူနာကောက်ယူမည့် နည်းစနစ်များ အကွာညီလိုင်း အကွက်များချမှတ်သည့်စနစ်ဖြစ်ပြီး နမူနာကွက်ကြီး တစ်ကွက်တွင် နမူနာကွက်ငယ်ပေါင်း (၉) ကွက် ချမှတ်စာရင်း ကောက်ယူမည် ဖြစ်ပါ သည်။ နမူနာကောက်ရာခိုင်နှုန်းမှာ ၁% ဖြစ်ပြီး နမူနာ ကွက်ငယ် တစ်ခုသည် ၀.၂ ဧက (အလျား ၂ သံကြိုး x အနံ ၁ သံကြိုး)ရှိပြီး နမူနာကွက်ငယ် တစ်ခုနှင့်တစ်ခု အကွာအဝေးမှာ ၄၀ သံကြိုး (၈၈၀) ကိုက်ဖြစ်ပါသည်။

## ၉.၁.၂.၁.၁.၈ အုပ်ချုပ်လုပ်ကိုင်မှုဆိုင်ရာ ပြဌာန်းချက်များ

ထုတ်လုပ်ရေးအလုပ်တိုက်နယ်အတွင်း ပါဝင်နေသည့် သစ်တော ဖုံးလွှမ်းလျက်ရှိသော အစိုးရစီမံခန့်ခွဲပိုင်ခွင့်ရှိသောမြေ (ကြိုးပြင်တော) များကိုကြိုးပြင်ကာကွယ်တောများအဖြစ် အမြန်ဆုံး အဆိုပြုတင်ပြ သွားမည်ဖြစ်ပါသည်။ ထုတ်လုပ်ရေးအလုပ်တိုက်နယ်အတွင်း ဆောင် ရွက်မည့် သစ်တောလုပ်ငန်းများဖြစ်သော သစ်မာပင်ထောင် ရိုက်မှတ် ခြင်းလုပ်ငန်း၊ အုပ်မိုးကာဆိုင်းခုတ်လှဲခြင်းနှင့် နွယ်ဖြတ်ညှောင်ပတ်လှဲ ခြင်းလုပ်ငန်းများကို ဌာနဆိုင်ရာ ညွှန်ကြားချက်များအတိုင်း ဆောင် ရွက်လျက်ရှိပါသည်။

ထို့အပြင် ကြိုးဝိုင်းနှင့် အကွက်နယ်နိမိတ် ပြင်ဆင်သတ်မှတ်ခြင်း လုပ်ငန်းများ၊ သစ်ထုတ်လုပ်ခြင်းနှင့် ဖြတ်ပိုင်းပေးခြင်းများကို စစ်ဆေး သည့်လုပ်ငန်းများကိုလည်း ညွှန်ကြားချက်များအတိုင်း တိကျစွာ ဆောင်ရွက်လျက်ရှိပါသည်။ ဓမ္မတာမျိုးဆက်ခြင်းနှင့် ခုတ်လှဲမျိုးဆက် ခြင်းများကို ခုတ်လှဲမျိုးဆက်ခြင်းစီမံချက်ရေးဆွဲ၍ စီမံချက်ပါဧရိယာ များတွင် မျိုးဆက်ခြင်းလုပ်ငန်းများကို ဆောင်ရွက် လုပ်ကိုင်သွားမည် ဖြစ်ပါသည်။ စီမံကိန်း(၁၀)နှစ်တာကာလအတွင်းသစ်ထုတ်ခြင်းလုပ်ငန်း

များ ဆောင်ရွက်ရာတွင် သစ်ထုတ်လုပ်ခွင့်ပြုသည့် အချိန်ကာလ၊ ငုတ်ထုတ်စီမံချက်များကို သဘာဝဝန်းကျင် ပျက်စီးထိခိုက်နိုင်မှု အနည်းဆုံး ဖြစ်စေမည့် နည်းလမ်းများဖြင့် ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်သွား မည် ဖြစ်ပါသည်။

## ၉.၂ ထုတ်လုပ်ရေးသစ်တောစိုက်ခင်းများ

### ၉.၂.၁ အုပ်ချုပ်လုပ်ကိုင်မှုရည်ရွယ်ချက်များ

ကော့သောင်းခရိုင်အတွင်း မြို့နယ်များအတွင်း ထုတ်လုပ်ရေး၊ သစ်တော စိုက်ခင်းများကို အောက်ပါရည်ရွယ်ချက်များဖြင့် စိုက်ပျိုးတည်ထောင်လျှက် ရှိပါ သည်-

၁။ စက်မှုလုပ်ငန်းနှင့် ပြည်တွင်းလိုအပ်ချက်များကို ဖြည့်ဆည်းရန်နှင့် ဂေဟစနစ်များ မျှတမှုကိုပြန်လည်ရရှိစေရန်အတွက် တောပျက်များနှင့် ယာမြေများတွင် ဒေသနှင့် ကိုက်ညီသည့် ဘက်စုံသုံးအဖိုးတန် သစ်မျိုးများ စိုက်ပျိုးရန်၊

၂။ ၁၉၉၅ ခုနှစ်တွင် ထုတ်ပြန်သောမြန်မာ့သစ်တောမူဝါဒ၊ မူဝါဒ သဘောထား ကြေညာချက်၊ အပိုဒ်ခွဲ ၃ - ၃ တွင် ဖော်ပြချက်အရ စိုက်ခင်းသစ်တောများသည် သဘာဝတောများကို ညီညွတ်မျှတစွာ ပေါင်းစပ်သည့်နည်းဖြင့် နိုင်ငံတော်၏ သစ်တောသယံဇာတများအား အကျိုးရှိစွာအသုံးချနိုင်ရေးအတွက် ထုတ်လုပ်ရေး သစ်တောစိုက်ခင်းများအား တည်ထောင်သွားရန်၊

၃။ သဘာဝ သစ်တောများကို ထိန်းသိမ်းကာကွယ် တန်ဖိုးမြှင့်ရာတွင် ပြည်တွင်း သစ်လိုအပ်ချက်များကို ဖြည့်ဆည်းပေးခြင်းနှင့် ပြည်ပသို့ တန်ဖိုးမြှင့်သစ် တိုးမြှင့် တင်ပို့ရောင်းချလျှက် တစ်ဖက်မှလည်း သဘာဝသစ်တောများကို ထိရောက်စွာ ထိန်းသိမ်းကာကွယ်နိုင်ရေး အထောက်အကူဖြစ်စေရန်အတွက် ထုတ်လုပ်ရေး သစ်တောစိုက်ခင်းများကို သင့်တော်သည့် စိုက်ပျိုးပြုစုရေးနည်း စနစ်များ အသုံးပြု၍ အတိုင်းအတာ တစ်ခု အထိ စိုက်ပျိုးတည်ထောင်ရန်၊

### ၉.၂.၂ အုပ်ချုပ်လုပ်ကိုင်မှုနည်းလမ်းများ

ကော့သောင်းခရိုင်အတွင်း တည်ထောင်ပြီးသော ထုတ်လုပ်ရေး သစ်တော စိုက်ခင်း နှင့် နောင်တည်ထောင်မည့် ထုတ်လုပ်သစ်တောစိုက်ခင်းများကို စိုက်ခင်းအလုပ်တိုက်နယ် နှင့် စိုက်ကွက်စဉ်များ ဖွဲ့စည်း၍ စနစ်တကျ ထိန်းသိမ်းအုပ်ချုပ်လုပ်ကိုင် သွားမည်

ဖြစ်ပါသည်။ စိုက်ခင်းများကိုတောပျက်များ(degraded forests)နှင့် ဓမ္မတာမျိုးဆက်ခြင်း( Natural Regeneration )ဖြင့် မျိုးဆက်ရန်မလုံလောက်သောတောများတွင် တည်ထောင်ရန်ရည်ရွယ်ပါသည်။ စိုက်ခင်းဒေသမှန်ကန်စွာရွေးချယ်ခြင်း၊ ဒေသနှင့် သစ်မျိုးကိုက်ညီမှု၊ သင့်လျော်သည့် သစ်တောစိုက်ပျိုးပြုစုနည်းစနစ်၊ သက်ပတ်ရွေးချယ်ခြင်း၊ ကြားဖြတ်နှင့် အပြီးသတ် တောထွက်တွက်ချက်ခြင်းစသည့် သစ်တောစိုက်ခင်းလုပ်ငန်းများကို ဆောင်ရွက်လျှက်အောင်မြင်စွာတည်ထောင် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

## ၉.၂.၂.၁စိုက်ခင်းများအလုပ်တိုက်နယ်

ကော့သောင်းခရိုင်အတွင်းရှိ ဌာနမှ တည်ထောင်ပြီးစိုက်ခင်းများ ဖြစ်သည့် ကျွန်းစိုက်ခင်း (၁၂၀) ဧက၊ ပျဉ်းကတိုးစိုက်ခင်း (၄၃၀) ဧက၊ ကြက်ဆူစိုက်ခင်း(၃၀)ဧက၊ ပေါင်း(၅၈၀)ဧက အားလုံးကို စုစည်း၍ စီးပွားရေးစိုက်ခင်းများအလုပ်တိုက်နယ်အဖြစ်လည်းကောင်း၊ ပုဂ္ဂလိကများနှင့်ကုမ္ပဏီများမှ စိုက်ပျိုးသည့် ပုဂ္ဂလိကသစ်မာမျိုးစုံ (ပျဉ်းကတိုး / သစ်မွှေး) စိုက်ခင်း(၁၀၆) ဧက၊ ကုမ္ပဏီများနှင့် ပုဂ္ဂလိကများမှ စိုက်ပျိုးသည့် စိုက်ခင်းများဖြစ်သည့် ပုဂ္ဂလိကရာဘာစိုက်ခင်း (၉၆၇၈) ဧက ၊ ပုဂ္ဂလိကဆီအုန်း စိုက်ခင်း (၈၄၈၈၂) ဧက၊ ပုဂ္ဂလိကစိုက်ခင်းပေါင်း (၉၄၆၇၈)ဧကအား ပုဂ္ဂလိကစိုက်ခင်းများ အလုပ်တိုက်နယ်အဖြစ်လည်းကောင်း၊ စိုက်ခင်းများ အလုပ်တိုက်နယ် (၂)ခု ဖွဲ့စည်းထားပါသည်။ စီမံကိန်းကာလအတွင်းတွင် ပုဂ္ဂလိကများနှင့်ကုမ္ပဏီများမှ တည်ထောင်မည့် သစ်မာမျိုးစုံ၊ ရာဘာနှင့် ဆီအုန်းစိုက်ခင်းများ၊ သစ်တောနယ်မြေများအတွင်း ကျူးကျော်လုပ်ကိုင်ထားသည့်ဥယျာဉ်ခြံ၊ နှစ်ရှည်စိုက်ခင်း၊ အိတ်ဖွင့်တင်ဒါအောင်မြင်သည့်စိုက်ခင်းများအပါအဝင် စုစုပေါင်း (၄၁၇၄၉) ဧကကို တည်ထောင်သွားရန် လျာထားပါသည်။ ကျန်စိုက်ခင်းအလုပ်တိုက်နယ်တွင် ပါဝင်သော ဧရိယာ (၁၂၅၃၆၃)ဧကအား သဘာဝတောထိန်းသိမ်းခြင်းလုပ်ငန်း ဆောင်ရွက်ခြင်းဖြင့်

ဆက်လက် ထိန်းသိမ်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။ စုစုပေါင်းစိုက်ခင်းများ အလုပ်တိုက်နယ်၏ဧရိယာမှာ (၂၆၂၃၅၈) ဧကဖြင့် ဖွဲ့စည်းထားပါသည်။

**၉.၂.၂.၁.၁အလုပ်တိုက်နယ်နှင့်စိုက်ကွက်စဉ် ဖွဲ့စည်းမှု**

ကော့သောင်းခရိုင်အတွင်း စိုက်ပျိုးပြီးသော စီးပွားရေးစိုက်ခင်းများ အားလုံး ပါဝင်သည့် စီးပွားရေးစိုက်ခင်းများအလုပ်တိုက်နယ် တစ်ခုဖွဲ့စည်း၍ စိုက်ကွက်စဉ်(I)(ကျွန်း)၊ စိုက်ကွက်စဉ်(II)(ပျဉ်းကတိုး)နှင့် စိုက်ကွက်စဉ်(III)(ကြက်ဆူ) တို့ပါဝင် ဖွဲ့စည်းထားပါသည်။ စိုက်ကွက်စဉ်(I)(ကျွန်း)အတွက် နှစ်စဉ်စိုက်ကွက်ပေါင်း(၆)ကွက်ပါဝင်ပြီး (၁၂၀)ဧက ရှိပါသည်။ စိုက်ကွက်စဉ်(II)(ပျဉ်းကတိုး)အတွက် နှစ်စဉ်စိုက်ကွက်ပေါင်း (၇)ကွက်ပါဝင်ပြီး (၄၃၀)ဧကရှိပါသည်။ စိုက်ကွက်စဉ်(III)စီးပွားရေး(ကြက်ဆူ)အတွက် နှစ်စဉ်စိုက်ကွက်ပေါင်း (၁)ကွက် ပါ ဝင်ပြီး (၃၀)ဧကရှိပါသည်။ ပုဂ္ဂလိက စိုက်ခင်းအလုပ်တိုက်နယ်တွင် စိုက်ကွက်စဉ်(I) (သစ်မာ)၊ စိုက်ကွက်စဉ်(II) (ရာဘာ)နှင့် စိုက်ကွက်စဉ်(III) (ဆီအုန်း) တို့ပါဝင်ပါသည်။ ပုဂ္ဂလိက စိုက်ခင်းအလုပ်တိုက်နယ် စိုက်ကွက်စဉ်(I)သစ်မာအတွက် နှစ်စဉ်စိုက်ကွက် (၆)ကွက်ပါဝင်ပြီး (၁၀၆)ဧက ရှိပါသည်။ စိုက်ကွက်စဉ်(II)(ရာဘာ)အတွက် နှစ်စဉ်စိုက်ကွက်(၁၂)ကွက် ပါဝင်ပြီး (၉၆၇၈) ဧကရှိပါသည်။ စိုက်ကွက်စဉ်(III) (ဆီအုန်း)အတွက် နှစ်စဉ်စိုက်ကွက် (၁၅)ကွက်ပါဝင်ပြီး (၈၄၈၈၂)ဧကရှိပါသည်။ ကော့သောင်းခရိုင်အတွင်း ဖွဲ့စည်းထားသော စိုက်ခင်းအလုပ်တိုက်နယ်များ၏ စိုက်ကွက်စဉ်အလိုက် နှစ်စဉ်စိုက်ကွက်၊ တည်ထောင်သောခုနှစ်၊ တည်နေရာနှင့် ဧရိယာများစာရင်းအား **ဇယား(၉-၂-၂-၁-၁)**တွင် ဖော်ပြအပ်ပါသည်။

## စီးပွားရေးစိုက်ခင်းအလုပ်တိုက်နယ်၊ စိုက်ကွက်စဉ်(I)ကျွန်း

ဇယား(၉-၂-၂-၁-၁)

| နှစ်စဉ် စိုက် ကွက် | မြို့နယ် | စိုက်ခင်းတည်နေရာ | ဧရိယာ (ဧက) | ပန္နက် အကွာ အဝေး | တည် ထောင် သည့် ခုနှစ် | မှတ် ချက် |
|---|---|---|---|---|---|---|
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) |
| ၁ | ကော့သောင်း | ပါချန်ကြိုးဝိုင်း(၂၆၂) | ၁၀ | ၈.၅'×၈.၅' | ၂၀၀၀ | |
| | | ပါချန်ကြိုးဝိုင်း(၂၆၂) | ၅ | ။ | ။ | |
| | ဘုတ်ပြင်း | ကြိုးပြင် | ၁၀ | ။ | ။ | |
| | | **နှစ်စဉ်စိုက်ကွက်(၁)ပေါင်း** | **၂၅** | | | |
| ၂ | ဘုတ်ပြင်း | ကြိုးပြင် | ၁၀ | ၈.၅'×၈.၅' | ၂၀၀၁ | |
| | | **နှစ်စဉ်စိုက်ကွက်(၂)ပေါင်း** | **၁၀** | | | |
| ၃ | ဘုတ်ပြင်း | ပါချန်ကြိုးဝိုင်း(၃၀၁) | ၁၀ | ၈.၅'×၈.၅' | ၂၀၀၂ | |
| | | **နှစ်စဉ်စိုက်ကွက်(၃)ပေါင်း** | **၁၀** | | | |
| ၄ | ကော့သောင်း | ပါချန်ကြိုးဝိုင်း(၂၆၂) | ၁၅ | ၈.၅'×၈.၅' | ၂၀၀၃ | |
| | ဘုတ်ပြင်း | ပါချန်ကြိုးဝိုင်း(၃၀၁) | ၁၀ | ။ | ။ | |
| | | **နှစ်စဉ်စိုက်ကွက်(၄)ပေါင်း** | **၂၅** | | | |
| ၅ | ကော့သောင်း | ပါချန်ကြိုးဝိုင်း(၂၆၂) | ၁၅ | ၈.၅'×၈.၅' | ၂၀၀၄ | |
| | ဘုတ်ပြင်း | ပါချန်ကြိုးဝိုင်း(၃၀၁) | ၁၀ | ။ | ။ | |
| | | **နှစ်စဉ်စိုက်ကွက်(၅)ပေါင်း** | **၂၅** | | | |
| ၆ | ကော့သောင်း | ပါချန်ကြိုးဝိုင်း(၂၆၂) | ၁၅ | ၈.၅'×၈.၅' | ၂၀၀၅ | |
| | ဘုတ်ပြင်း | ပါချန်ကြိုးဝိုင်း(၃၀၁)(၃၀၂) | ၁၀ | ။ | ။ | |
| | | **နှစ်စဉ်စိုက်ကွက်(၆)ပေါင်း** | **၂၅** | | | |
| | **စိုက်ကွက်(I)ကျွန်းပေါင်း** | | **၁၂၀** | | | |

**ဖစ်မြစ်- ၂၀၁၅ ခုနှစ်၊ ခရိုင်သစ်တောဦးစီးဌာန၊ ကော့သောင်းမြို့။**

## စီးပွားရေးစိုက်ခင်းအလုပ်တိုက်နယ်၊ စိုက်ကွက်စဉ်(II)ပျဉ်းကတိုး

ဇယား(၉-၂-၂-၁-၁)

| နှစ်စဉ် စိုက် ကွက် | မြို့နယ် | စိုက်ခင်းတည်နေရာ | ဧရိယာ (ဧက) | ပန္နက် အကွာ အဝေး | တည် ထောင် သည့် ခုနှစ် | မှတ် ချက် |
|---|---|---|---|---|---|---|
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) |
| ၁ | ဘုတ်ပြင်း | ကြိုးပြင် | ၂၅ | ၈.၅'×၈.၅' | ၂၀၀၁ | |
| | | **နှစ်စဉ်စိုက်ကွက်(၁)ပေါင်း** | **၂၅** | | | |
| ၂ | ဘုတ်ပြင်း | ပါချန်ကြိုးဝိုင်း(၃၀၁) | ၂၅ | ၈.၅'×၈.၅' | ၂၀၀၂ | |
| | | **နှစ်စဉ်စိုက်ကွက်(၂)ပေါင်း** | **၂၅** | | | |
| ၃ | ကော့သောင်း | ပါချန်ကြိုးဝိုင်း(၂၆၂) | ၁၀ | ၈.၅'×၈.၅' | ၂၀၀၃ | |
| | ကော့သောင်း | ပါချန်ကြိုးဝိုင်း(၂၆၂) | ၅ | ။ | ။ | |
| | ဘုတ်ပြင်း | ပါချန်ကြိုးဝိုင်း(၃၀၁) | ၂၅ | ။ | ။ | |
| | | **နှစ်စဉ်စိုက်ကွက်(၃)ပေါင်း** | **၄၀** | | | |
| ၄ | ကော့သောင်း | ပါချန်ကြိုးဝိုင်း(၂၆၂) | ၁၅ | ၈.၅'×၈.၅' | ၂၀၀၄ | |
| | ကော့သောင်း | ပါချန်ကြိုးဝိုင်း(၂၆၂) | ၁၀ | ။ | ။ | |
| | ဘုတ်ပြင်း | ပါချန်ကြိုးဝိုင်း(၃၀၁) | ၂၅ | ။ | ။ | |
| | | **နှစ်စဉ်စိုက်ကွက်(၄)ပေါင်း** | **၅၀** | | | |
| ၅ | ကော့သောင်း | ပါချန်ကြိုးဝိုင်း(၂၆၂) | ၁၅ | ၈.၅'×၈.၅' | ၂၀၀၅ | |
| | ကော့သောင်း | ပါချန်ကြိုးဝိုင်း(၂၆၂) | ၁၀ | ။ | ။ | |
| | ဘုတ်ပြင်း | ပါချန်ကြိုးဝိုင်း(၃၀၁)(၃၀၂) | ၂၅ | ။ | ။ | |
| | | **နှစ်စဉ်စိုက်ကွက်(၅)ပေါင်း** | **၅၀** | | | |
| ၆ | ကော့သောင်း | ကြိုးပြင်(၁၄)မိုင်အနီး | ၅ | ၈.၅'×၈.၅' | ၂၀၀၆ | |
| | ဘုတ်ပြင်း | ကြိုးပြင်၊ တောင်ငယ်အနီး | ၅ | ။ | ။ | |
| | ဘုတ်ပြင်း | ကြိုးပြင်၊ ရွှေဂုံညီ့အနီး | ၁၅ | ။ | ။ | |
| | ဘုတ်ပြင်း | ကြိုးပြင်၊ ကရသူရိအနီး | ၅ | ။ | ။ | |
| | | **နှစ်စဉ်စိုက်ကွက်(၆)ပေါင်း** | **၃၀** | | | |
| ၇ | ကော့သောင်း | ပါချန်ကြိုးဝိုင်း(၂၈၃) | ၉၀ | ၈.၅'×၈.၅' | ၂၀၀၇ | |
| | | **နှစ်စဉ်စိုက်ကွက်(၇)ပေါင်း** | **၉၀** | | | |
| ၈ | ကော့သောင်း | ကြိုးပြင်၊ စူငယ်ဘာလိုင်း | ၈၀ | ၈.၅'×၈.၅' | ၂၀၀၈ | |
| | ဘုတ်ပြင်း | ကြိုးပြင်၊ တောင်ငယ်ရွာ | ၃၀ | ။ | ။ | |
| | ဘုတ်ပြင်း | ကြိုးပြင်၊ သီရိမြိုင် | ၁၅ | ။ | ။ | |
| | ဘုတ်ပြင်း | ကြိုးပြင်၊ ကရသူရိအနီး | ၁၅ | ။ | ။ | |
| | | **နှစ်စဉ်စိုက်ကွက်(၈)ပေါင်း** | **၁၄၀** | | | |
| | **စိုက်ကွက်(II)ပျဉ်းကတိုးပေါင်း** | | **၄၃၀** | | | |

**ဇစ်မြစ်- ၂၀၁၅ ခုနှစ်၊ ခရိုင်သစ်တောဦးစီးဌာန၊ ကော့သောင်းမြို့။**

## စီးပွားရေးစိုက်ခင်းအလုပ်တိုက်နယ်၊ စိုက်ကွက်စဉ်(III) ကြက်ဆူ

**ဇယား(၉-၂-၂-၁-၁)**

| နှစ်စဉ် စိုက်ကွက် | မြို့နယ် | စိုက်ခင်းတည်နေရာ | ဧရိယာ (ဧက) | ပန္နက် အကွာ အဝေး | တည် ထောင် သည့် ခုနှစ် | မှတ် ချက် |
|---|---|---|---|---|---|---|
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) |
| ၁ | ကော့သောင်း | ပါချန်ကြိုးဝိုင်း(၂၄၀) | ၁၅ | ၆'×၆' | ၂၀၀၆ | |
| | ဘုတ်ပြင်း | ကြိုးပြင်၊ တောင်ငယ်ရွာ | ၅ | ॥ | ॥ | |
| | ဘုတ်ပြင်း | ကြိုးပြင်၊ ချောင်းကဖီး | ၅ | ॥ | ॥ | |
| | ဘုတ်ပြင်း | ကြိုးပြင်၊ ကရသူရိ | ၅ | ॥ | ॥ | |
| | | **နှစ်စဉ်စိုက်ကွက်(၁)ပေါင်း** | ၃၀ | | | |
| | **စိုက်ကွက်စဉ်(III)ကြက်ဆူပေါင်း** | | ၃၀ | | | |

**ဇစ်မြစ်- ၂၀၁၅ ခုနှစ်၊ ခရိုင်သစ်တောဦးစီးဌာန၊ ကော့သောင်းမြို့။**

## ပုဂ္ဂလိကစိုက်ခင်းအလုပ်တိုက်နယ်၊ စိုက်ကွက်စဉ်(I) သစ်မာ(ပျဉ်းကတိုး/သစ်မွှေး)

**ဇယား(၉-၂-၂-၁-၁)**

| နှစ် စဉ် စိုက် ကွက် | မြို့နယ် | စိုက်ခင်းတည်နေရာ | ဧရိယာ (ဧက) | ပန္နက် အကွာ အဝေး | တည် ထောင် သည့် ခုနှစ် | မှတ် ချက် |
|---|---|---|---|---|---|---|
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) |
| ၁ | ကော့သောင်း | ပါချန်ကြိုးဝိုင်း(၂၅၆) | ၁၀ | ၈.၅'×၈.၅' | ၂၀၀၇ | |
| | ကော့သောင်း | ပါချန်ကြိုးဝိုင်း (၂၆၆) | ၁ | ။ | ။ | |
| | ကော့သောင်း | ပါချန်ကြိုးဝိုင်း(၂၈၃) | ၁ | ။ | ။ | |
| | ကော့သောင်း | ပါချန်ကြိုးဝိုင်း(၂၈၃) | ၁ | ။ | ။ | |
| | | **နှစ်စဉ်စိုက်ကွက်(၁)ပေါင်း** | **၁၃** | | | |
| ၂ | ကော့သောင်း | ပါချန်ကြိုးဝိုင်း(၂၅၆) | ၅ | ၈.၅'×၈.၅' | ၂၀၀၈ | |
| | | **နှစ်စဉ်စိုက်ကွက်(၂)ပေါင်း** | **၅** | | | |
| ၃ | ကော့သောင်း | ပါချန်ကြိုးဝိုင်း(၂၅၄)(၂၅၅) | ၂၅ | ၈.၅'×၈.၅' | ၂၀၀၉ | |
| | | **နှစ်စဉ်စိုက်ကွက်(၃)ပေါင်း** | **၂၅** | | | |
| ၄ | ကော့သောင်း | ပါချန်(၂၅၄)(၂၅၅)(၂၅၆) | ၃၀ | ၈.၅'×၈.၅' | ၂၀၁၀ | |
| | | **နှစ်စဉ်စိုက်ကွက်(၄)ပေါင်း** | **၃၀** | | | |
| ၅ | ကော့သောင်း | ပါချန်ကြိုးဝိုင်း(၂၅၇) | ၃၀ | ၈.၅'×၈.၅' | ၂၀၁၁ | |
| | | **နှစ်စဉ်စိုက်ကွက်(၅)ပေါင်း** | **၃၀** | | | |
| ၆ | ကော့သောင်း | ပါချန်ကြိုးဝိုင်း(၁၉၁) | ၃ | ၁၅'×၁၅' | ၂၀၁၄ | |
| | | **နှစ်စဉ်စိုက်ကွက်(၆)ပေါင်း** | **၃** | | | |
| | **စိုက်ကွက်စဉ်(I)သစ်မာပေါင်း** | | **၁၀၆** | | | |

**ဇစ်မြစ်- ၂၀၁၅ ခုနှစ်၊ ခရိုင်သစ်တောဦးစီးဌာန၊ ကော့သောင်းမြို့။**

## ပုဂ္ဂလိကစိုက်ခင်းအလုပ်တိုက်နယ်၊ စိုက်ကွက်စဉ်(II) ရာဘာ

ဖယား(၉-၂-၂-၁-၁)

| နှစ် စဉ် စိုက် ကွက် | မြို့နယ် | စိုက်ခင်းတည်နေရာ | ဧရိယာ (ဧက) | ပန္နက် အကွာ အဝေး | တည်ထောင် သည့် ခုနှစ် | မှတ် ချက် |
|---|---|---|---|---|---|---|
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) |
| ၁ | ကော့သောင်း | ပါချန်ကြိုးဝိုင်း(၂၆၂) | ၁၀ | | ၂၀၀၁ | |
| | | **နှစ်စဉ်စိုက်ကွက်(၁)ပေါင်း** | **၁၀** | | | |
| ၂ | ကော့သောင်း | ပါချန်ကြိုးဝိုင်း(၂၆၂) | ၈ | | ၂၀၀၄ | |
| | | ပါချန်ကြိုးဝိုင်း(၂၆၉) | ၁၀ | | | |
| | | **နှစ်စဉ်စိုက်ကွက်(၂)ပေါင်း** | **၁၈** | | | |
| ၃ | ကော့သောင်း | ပါချန်ကြိုးဝိုင်း(၂၆၂) | ၆ | | ၂၀၀၅ | |
| | | **နှစ်စဉ်စိုက်ကွက်(၃)ပေါင်း** | **၆** | | | |
| ၄ | ကော့သောင်း | ပါချန် ကြိုးဝိုင်း(၂၆၄) | ၈ | | ၂၀၀၆ | |
| | | ပါချန်ကြိုးဝိုင်း(၂၆၅) | ၁၀၀ | | | |
| | | ပါချန်ကြိုးဝိုင်း(၂၆၆) | ၁၀ | | | |
| | | ပါချန်ကြိုးဝိုင်း(၂၅၇) | ၁၀ | | | |
| | | ပါချန်ကြိုးဝိုင်း(၂၆၇) | ၁၅ | | | |
| | | ပါချန်ကြိုးဝိုင်း(၂၆၇) | ၄၀ | | | |
| | | ပါချန်ကြိုးဝိုင်း(၂၆၇) | ၂၅ | | | |
| | | ပါချန်ကြိုးဝိုင်း(၂၆၇) | ၃၀ | | | |
| | | ပါချန်ကြိုးဝိုင်း(၂၆၄) | ၂၀၀ | | | |
| | | ပါချန်ကြိုးဝိုင်း(၂၆၆) | ၁၅ | | | |
| | | ပါချန်ကြိုးဝိုင်း(၂၆၅) | ၁၀၀ | | | |
| | | ပါချန်ကြိုးဝိုင်း(၂၆၅) | ၁၂ | | | |
| | | ပါချန်ကြိုးဝိုင်း(၂၆၆) | ၂၀ | | | |
| | | ပါချန်ကြိုးဝိုင်း(၂၆၅) | ၂၅ | | | |
| | | ပါချန်(၂၈၀)(၂၈၁) | ၇၅ | | | |
| | | ပါချန် (၂၆၅)(၂၆၆) | ၁၅ | | | |
| | | **နှစ်စဉ်စိုက်ကွက်(၄)ပေါင်း** | **၇၀၀** | | | |
| ၅ | ကော့သောင်း | ပါချန်ကြိုးဝိုင်း(၂၅၇) | ၃၅၀ | | ၂၀၀၇ | |
| | | ပါချန်ကြိုးဝိုင်း(၂၆၄) | ၅ | | | |
| | | ပါချန်ကြိုးဝိုင်း(၂၆၅) | ၂၀၀ | | | |
| | | ပါချန်ကြိုးဝိုင်း(၂၆၆) | ၁၀ | | | |
| | | ပါချန်ကြိုးဝိုင်း(၂၅၇) | ၇ | | | |

# ပုဂ္ဂလိကစိုက်ခင်းအလုပ်တိုက်နယ်၊ စိုက်ကွက်စဉ်(II) ရာဘာ

ဖယား(၉-၂-၂-၁-၁)

| နှစ် စဉ် စိုက် ကွက် | မြို့နယ် | စိုက်ခင်းတည်နေရာ | ဧရိယာ (ဧက) | ပန္နက် အကွာ အဝေး | တည် ထောင် သည့် ခုနှစ် | မှတ် ချက် |
|---|---|---|---|---|---|---|
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) |
| ၅ | ကော့သောင်း | ပါချန်ကြိုးဝိုင်း(၂၆၇) | ၂၀ | | ၂၀၀၇ | |
| | | ပါချန်ကြိုးဝိုင်း(၂၆၇) | ၆ | | | |
| | | ပါချန်ကြိုးဝိုင်း(၂၆၇) | ၃၀ | | | |
| | | ပါချန်ကြိုးဝိုင်း(၂၆၇) | ၁၃ | | | |
| | | ပါချန်ကြိုးဝိုင်း(၂၆၆) | ၈ | | | |
| | | ပါချန်ကြိုးဝိုင်း(၂၆၅) | ၅၃ | | | |
| | | ပါချန်ကြိုးဝိုင်း(၂၆၅) | ၅ | | | |
| | | ပါချန်ကြိုးဝိုင်း(၂၆၆) | ၂၀ | | | |
| | | ပါချန်ကြိုးဝိုင်း(၂၆၅) | ၁၅ | | | |
| | | ပါချန်ကြိုးဝိုင်း(၂၆၅) | ၂၃ | | | |
| | | ပါချန်(၂၆၄)(၂၆၅) | ၃၀ | | | |
| | | ပါချန်ကြိုးဝိုင်း(၂၆၅) | ၁၃ | | | |
| | | ပါချန်ကြိုးဝိုင်း(၂၆၂) | ၁၆ | | | |
| | | ပါချန်ကြိုးဝိုင်း(၂၆၉) | ၁၅ | | | |
| | | ပါချန်ကြိုးဝိုင်း(၂၆၂) | ၉ | | | |
| | | **နှစ်စဉ်စိုက်ကွက်(၅)ပေါင်း** | **၈၄၈** | | | |
| ၆ | ကော့သောင်း | ပါချန်ကြိုးဝိုင်း(၂၅၇) | ၅၀၀ | | ၂၀၀၈ | |
| | | ပါချန်ကြိုးဝိုင်း(၂၆၄) | ၅၇ | | | |
| | | ပါချန်ကြိုးဝိုင်း(၂၆၆) | ၈ | | | |
| | | ပါချန်ကြိုးဝိုင်း(၂၆၅) | ၁၃ | | | |
| | | ပါချန်ကြိုးဝိုင်း(၂၆၆) | ၄၂ | | | |
| | | ပါချန်ကြိုးဝိုင်း(၂၆၅) | ၂၀ | | | |
| | | ပါချန်ကြိုးဝိုင်း | ၄၀၀ | | | |
| | | ပါချန်(၂၈၀)(၂၈၁) | ၂၅ | | | |
| | | ပါချန်(၂၆၆)(၂၇၀) | ၆၀ | | | |
| | | ပါချန်ကြိုးဝိုင်း(၂၈၁) | ၃၀ | | | |
| | | ပါချန်ကြိုးဝိုင်း(၂၉၉) | ၃၀ | | | |
| | | ပါချန်(၂၆၁)(၂၆၂) | ၄၀ | | | |
| | | ပါချန်ကြိုးဝိုင်း(၂၉၄) | ၂၃ | | | |

## ပုဂ္ဂလိကစိုက်ခင်းအလုပ်တိုက်နယ်၊ စိုက်ကွက်စဉ်(II) ရာဘာ

ဇယား(၉-၂-၂-၁-၁)

| နှစ် စဉ် စိုက် ကွက် | မြို့နယ် | စိုက်ခင်းတည်နေရာ | ဧရိယာ (ဧက) | ပန္နက် အကွာ အဝေး | တည် ထောင် သည့် ခုနှစ် | မှတ် ချက် |
|---|---|---|---|---|---|---|
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) |
| ၆ | ကော့သောင်း | ပါချန်(၂၉၄)(၂၉၅) | ၂၀၀ | | ၂၀၀၈ | |
| | | ပါချန်ကြိုးဝိုင်း(၂၂၇) | ၅ | | | |
| | | **နှစ်စဉ်စိုက်ကွက်(၆)ပေါင်း** | **၁၄၅၃** | | | |
| ၇ | ကော့သောင်း | ပါချန်ကြိုးဝိုင်း(၂၅၇) | ၃၅၀ | | ၂၀၀၉ | |
| | | ပါချန်(၂၆၁)(၂၆၂) | ၅၀ | | | |
| | | ပါချန်(၂၆၄)(၂၆၅) | ၅၅ | | | |
| | | ပါချန်ကြိုးဝိုင်း(၂၉၉) | ၁၂ | | | |
| | | ပါချန်(၂၉၄)(၂၉၅) | ၁၉၀ | | | |
| | | ပါချန်ကြိုးဝိုင်း(၂၉၈) | ၃၅ | | | |
| | | ပါချန်ကြိုးဝိုင်း(၂၂၄) | ၁၂ | | | |
| | | ပါချန်ကြိုးဝိုင်း(၂၂၄) | ၅ | | | |
| | | ပါချန်ကြိုးဝိုင်း(၂၆၉) | ၁၅ | | | |
| | | ပါချန်ကြိုးဝိုင်း(၂၂၄) | ၁၀ | | | |
| | | **နှစ်စဉ်စိုက်ကွက်(၇)ပေါင်း** | **၇၃၄** | | | |
| ၈ | ကော့သောင်း | ပါချန်ကြိုးဝိုင်း(၂၅၅) | ၁၀၀၀ | | ၂၀၁၀ | |
| | | ပါချန်(၂၈၀)(၂၈၁) | ၃၀ | | | |
| | | ပါချန်(၂၆၁)(၂၆၂) | ၅၀ | | | |
| | | ပါချန်ကြိုးဝိုင်း(၂၇၃) | ၄၅ | | | |
| | | ပါချန်ကြိုးဝိုင်း(၂၇၉) | ၁၄၀ | | | |
| | | ပါချန်(၂၅၈)(၂၆၄) | ၁၀၀ | | | |
| | | ပါချန်ကြိုးဝိုင်း(၂၇၆) | ၄၀ | | | |
| | | ပါချန်ကြိုးဝိုင်း(၂၆၅) | ၇ | | | |
| | | ပါချန်(၂၆၀)(၂၆၁) | ၅၀ | | | |
| | | ပါချန်ကြိုးဝိုင်း(၂၂၄) | ၇ | | | |
| | | ပါချန်ကြိုးဝိုင်း(၂၂၄) | ၇ | | | |
| | | **နှစ်စဉ်စိုက်ကွက်(၈)ပေါင်း** | **၁၄၇၆** | | | |

## ပုဂ္ဂလိကစိုက်ခင်းအလုပ်တိုက်နယ်၊ စိုက်ကွက်စဉ်(II) ရာဘာ

ဇယား(၉-၂-၂-၁-၁)

| နှစ် စဉ် စိုက် ကွက် | မြို့နယ် | စိုက်ခင်းတည်နေရာ | ဧရိယာ (ဧက) | ပန္နက် အကွာ အဝေး | တည် ထောင် သည့် ခုနှစ် | မှတ် ချက် |
|---|---|---|---|---|---|---|
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) |
| ၉ | ကော့သောင်း | ပါချန်ကြိုးဝိုင်း | ၂၅၀ | | ၂၀၁၁ | |
| | | ပါချန်ကြိုးဝိုင်း(၂၂၉) | ၁၀၀ | | | |
| | | ပါချန်(၂၅၈)(၂၆၄) | ၉၀ | | | |
| | | ပါချန်ကြိုးဝိုင်း(၂၇၆) | ၄၀ | | | |
| | | ပါချန်ကြိုးဝိုင်း(၂၆၆) | ၄၆ | | | |
| | | ပါချန်ကြိုးဝိုင်း(၂၉၉) | ၈ | | | |
| | | ပါချန်ကြိုးဝိုင်း(၂၃၀) | ၄၀ | | | |
| | | ပါချန်ကြိုးဝိုင်း(၂၃၀) | ၄၀ | | | |
| | | ပါချန်(၁၃၉)(၁၄၀) | ၂၀၀ | | | |
| | | ပါချန်ကြိုးဝိုင်း(၁၃၉) | ၁၉၉ | | | |
| | | ပါချန်(၁၃၈)(၁၃၉) | ၁၉၈ | | | |
| | | ပါချန်ကြိုးဝိုင်း(၁၃၉) | ၁၅၃ | | | |
| | | ပါချန်ကြိုးဝိုင်း(၂၃၀) | ၉ | | | |
| | | ပါချန်ကြိုးဝိုင်း(၂၃၀) | ၂၀ | | | |
| | | **နှစ်စဉ်စိုက်ကွက်(၉)ပေါင်း** | **၁၄၂၈** | | | |
| ၁၀ | ကော့သောင်း | ပါချန်ကြိုးဝိုင်း | ၁၂၅၀ | | ၂၀၁၂ | |
| | ။ | ပါချန်(၂၆၁)(၂၆၂) | ၃၀ | | | |
| | ။ | ပါချန်ကြိုးဝိုင်း(၂၂၇) | ၂၀ | | | |
| | ။ | ပါချန်ကြိုးဝိုင်း(၂၂၇) | ၅ | | | |
| | ဘုတ်ပြင်း | ပါချန်(၃၂၁)(၃၂၃) | ၂၀၀ | | | |
| | | **နှစ်စဉ်စိုက်ကွက်(၁၀)ပေါင်း** | **၁၅၀၅** | | | |
| ၁၁ | ကော့သောင်း | ပါချန်(၂၈၇)(၂၈၈) | ၅၅၀ | | ၂၀၁၃ | |
| | | ပါချန်(၂၉၀)(၂၉၁) | ၇၅၀ | | | |
| | | **နှစ်စဉ်စိုက်ကွက်(၁၁)ပေါင်း** | **၁၃၀၀** | | | |
| ၁၂ | ကော့သောင်း | ပါချန်(၁၃၉)(၁၄၀) | ၂၀၀ | | ၂၀၁၄ | |
| | | **နှစ်စဉ်စိုက်ကွက်(၁၂)ပေါင်း** | **၂၀၀** | | | |
| | **စိုက်ကွက်စဉ်(II)ရာဘာပေါင်း** | | **၉၆၇၈** | | | |

**ဇစ်မြစ်-၂၀၁၅ ခုနှစ်၊ ခရိုင်သစ်တောဦးစီးဌာန၊ ကော့သောင်းမြို့။**

## ပုဂ္ဂလိကစိုက်ခင်းအလုပ်တိုက်နယ်၊ စိုက်ကွက်စဉ်(III) ဆီအုန်း

ဖယား(၉-၂-၂-၁-၁)

| နှစ် စဉ် စိုက် ကွက် | မြို့နယ် | စိုက်ခင်းတည်နေရာ | ဧရိယာ (ဧက) | ပန္နက် အကွာ အဝေး | တည် ထောင် သည့် ခုနှစ် | မှတ် ချက် |
|---|---|---|---|---|---|---|
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) |
| ၁ | ကော့သောင်း | ပါချန်ကြီးဝိုင်း<br>ပါချန်ကြီးဝိုင်း<br>ပါချန်ကြီးဝိုင်း | ၁၅၄၄၃<br>၈၅၀<br>၇၀၀ | | ၁၉၉၉ | |
| | | **နှစ်စဉ်စိုက်ကွက်(၁)ပေါင်း** | **၁၆၉၉၃** | | | |
| ၂ | ကော့သောင်း<br>ကော့သောင်း<br>ဘုတ်ပြင်း | ပါချန်ကြီးဝိုင်း<br>ပါချန်ကြီးဝိုင်း<br>ပါချန်ကြီးဝိုင်း | ၂၃၆၈၃<br>၅၀၀<br>၂၀၀၇ | | ၂၀၀၀ | |
| | | **နှစ်စဉ်စိုက်ကွက်(၂)ပေါင်း** | **၂၆၁၉၀** | | | |
| ၃ | ဘုတ်ပြင်း | ပါချန်ကြီးဝိုင်း | ၁၁၀၀ | | ၂၀၀၁ | |
| | | **နှစ်စဉ်စိုက်ကွက်(၃)ပေါင်း** | **၁၁၀၀** | | | |
| ၄ | ဘုတ်ပြင်း | ပါချန်ကြီးဝိုင်း | ၉၀၇ | | ၂၀၀၂ | |
| | | **နှစ်စဉ်စိုက်ကွက်(၄)ပေါင်း** | **၉၀၇** | | | |
| ၅ | ဘုတ်ပြင်း | ပါချန်ကြီးဝိုင်း | ၉၉၀ | | ၂၀၀၃ | |
| | | **နှစ်စဉ်စိုက်ကွက်(၅)ပေါင်း** | **၉၉၀** | | | |
| ၆ | ဘုတ်ပြင်း | ပါချန်ကြီးဝိုင်း<br>ပါချန်ကြီးဝိုင်း | ၈၀၀<br>၉၉၆ | | ၂၀၀၄ | |
| | | **နှစ်စဉ်စိုက်ကွက်(၆)ပေါင်း** | **၁၇၉၆** | | | |
| ၇ | ဘုတ်ပြင်း | ပါချန်ကြီးဝိုင်း | ၁၅၀၄ | | ၂၀၀၅ | |
| | | **နှစ်စဉ်စိုက်ကွက်(၇)ပေါင်း** | **၁၅၀၄** | | | |
| ၈ | ဘုတ်ပြင်း | ပါချန်ကြီးဝိုင်း | ၁၀၅၀ | | ၂၀၀၆ | |
| | | **နှစ်စဉ်စိုက်ကွက်(၈)ပေါင်း** | **၁၀၅၀** | | | |
| ၉ | ကော့သောင်း | ပါချန်ကြီးဝိုင်း<br>ပါချန်ကြီးဝိုင်း<br>ပါချန်ကြီးဝိုင်း | ၁၄၅၃၈<br>၅၉၈<br>၁၀၀၀ | | ၂၀၀၇ | |
| | | **နှစ်စဉ်စိုက်ကွက်(၉)ပေါင်း** | **၁၆၁၃၆** | | | |
| ၁၀ | ဘုတ်ပြင်း | ပါချန်ကြီးဝိုင်း<br>ပါချန်ကြီးဝိုင်း | ၇၉၇<br>၁၀၄၆ | | ၂၀၀၈ | |
| | | **နှစ်စဉ်စိုက်ကွက်(၁၀)ပေါင်း** | **၁၈၄၃** | | | |

## ပုဂ္ဂလိကစိုက်ခင်းအလုပ်တိုက်နယ်၊ စိုက်ကွက်စဉ်(III) ဆီအုန်း

ဇယား(၉-၂-၂-၁-၁)

| နှစ် စဉ် စိုက် ကွက် | မြို့နယ် | စိုက်ခင်းတည်နေရာ | ဧရိယာ (ဧက) | ပန္နက် အကွာ အဝေး | တည် ထောင် သည့် ခုနှစ် | မှတ် ချက် |
|---|---|---|---|---|---|---|
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) |
| ၁၁ | ဘုတ်ပြင်း | ပါချန်ကြိုးဝိုင်း | ၆၀၂ | | ၂၀၀၉ | |
| | | **နှစ်စဉ်စိုက်ကွက်(၁၁)ပေါင်း** | **၆၀၂** | | | |
| ၁၂ | ကော့သောင်း | ပါချန်ကြိုးဝိုင်း | ၅၆၄၆ | | ၂၀၁၀ | |
| | | **နှစ်စဉ်စိုက်ကွက်(၁၂)ပေါင်း** | **၅၆၄၆** | | | |
| ၁၃ | ကော့သောင်း | ပါချန်ကြိုးဝိုင်း<br>ပါချန်ကြိုးဝိုင်း | ၅၅၀၀<br>၄၅ | | ၂၀၁၁ | |
| | | **နှစ်စဉ်စိုက်ကွက်(၁၃)ပေါင်း** | **၅၅၄၅** | | | |
| ၁၄ | ဘုတ်ပြင်း | ပါချန်ကြိုးဝိုင်း<br>ပါချန်ကြိုးဝိုင်း | ၃၅၀<br>၂၆၇၀ | | ၂၀၁၂ | |
| | | **နှစ်စဉ်စိုက်ကွက်(၁၄)ပေါင်း** | **၃၀၂၀** | | | |
| ၁၅ | ဘုတ်ပြင်း | ပါချန်ကြိုးဝိုင်း | ၁၅၆၀ | | ၂၀၁၃ | |
| | | **နှစ်စဉ်စိုက်ကွက်(၁၅)ပေါင်း** | **၁၅၆၀** | | | |
| | **စိုက်ကွက်စဉ်(III)ဆီအုန်းပေါင်း** | | **၈၄၈၈၂** | | | |

**ဇစ်မြစ်-၂၀၁၅ ခုနှစ်၊ ခရိုင်သစ်တောဦးစီးဌာန၊ ကော့သောင်းမြို့။**

# စီမံကိန်းကာလအတွင်း တည်ထောင်မည့်ပုဂ္ဂလိကသစ်မာမျိုးစုံ၊ ဆီအုန်း၊ ရာဘာစိုက်ခင်းနှင့်အခြားစိုက်ခင်းများစာရင်း

| စဉ် | မြို့နယ် | စိုက်ခင်းအမျိုးအစား | ဧရိယာ (ဧက) | တည်ထောင်မည့် ခုနှစ် | မှတ်ချက် |
|---|---|---|---|---|---|
| ၁ | ကော့သောင်း | သစ်မာမျိုးစုံစိုက်ခင်း | ၅၀၀ | ၂၀၁၆-၂၀၁၇ | |
| | | | ၅၀၀ | ၂၀၁၇-၂၀၁၈ | |
| | | | ၅၀၀ | ၂၀၁၈-၂၀၁၉ | |
| | | | ၅၀၀ | ၂၀၁၉-၂၀၂၀ | |
| | | | ၅၀၀ | ၂၀၂၀-၂၀၂၁ | |
| | | | ၅၀၀ | ၂၀၂၁-၂၀၂၂ | |
| | | | ၅၀၀ | ၂၀၂၂-၂၀၂၃ | |
| | | | ၅၀၀ | ၂၀၂၃-၂၀၂၄ | |
| | | | ၅၀၀ | ၂၀၂၄-၂၀၂၅ | |
| | | | ၅၀၀ | ၂၀၂၅-၂၀၂၆ | |
| | | ပုဂ္ဂလိက ဆီအုန်း | ၉၇၂၆ | ၂၀၁၆-၂၀၁၇ | စိုက်ပျိုးပြီး |
| | | ပုဂ္ဂလိကရာဘာ | ၁၂၄၃၆ | ၂၀၁၆-၂၀၁၇ | ကျူးကျော် |
| | | ပုဂ္ဂလိကရာဘာ | ၃၄၀၈ | ၂၀၁၆-၂၀၁၇ | ခွင့်ပြုပြီး |
| | | ဥယျာဉ်ခြံ | ၃၇၇ | ၂၀၁၆-၂၀၁၇ | ကျူးကျော် |
| | **ပေါင်း** | | **၃၀၉၄၇** | | |
| ၂ | ဘုတ်ပြင်း | ပုဂ္ဂလိကဆီအုန်း | ၂၆၁၈ | ၂၀၁၆-၂၀၁၇ | တင်ဒါအောင်မြင်/ ခွင့်ပြုပြီး |
| | | | ၈၂၅ | ၂၀၁၇-၂၀၁၈ | တင်ဒါအောင်မြင် |
| | | | ၈၂၅ | ၂၀၁၇-၂၀၁၈ | တင်ဒါအောင်မြင် |
| | | | ၈၂၅ | ၂၀၁၇-၂၀၁၈ | တင်ဒါအောင်မြင် |
| | | ပုဂ္ဂလိကရာဘာ | ၄၅၄ | ၂၀၁၆-၂၀၁၇ | ကျူးကျော် |
| | | ဥယျာဉ်ခြံ | ၅၂၅၅ | ၂၀၁၆-၂၀၁၇ | ကျူးကျော် |
| | **ပေါင်း** | | **၁၀၈၀၂** | | |
| | **စုစုပေါင်း** | | **၄၁၇၄၉** | | |

## ၉.၂.၂.၁.၁.၁နေရာဒေသရွေးချယ်ခြင်း

ကော့သောင်းခရိုင်အတွင်း စိုက်ခင်းများ တည်ထောင်ရန် ဒေသရွေးချယ်ရာတွင် အောက်ဖော်ပြပါ နေရာဒေသများကို ရွေးချယ်၍ တည်ထောင်သွားမည်ဖြစ်ပါသည်။

(က) အကြောင်းအမျိုးမျိုးကြောင့်ကျုးကျော်ခြင်းခံရသည့်သစ်တောမြေများ၊

(ခ) တောပျက်များ၊

(ဂ) ပလပ်မြေများ၊

(ဃ) ဝါးပေါက်ရောက်မှု ကောင်းမွန်သည့် ဒေသများ၊

(င) မြေဆီသြဇာကောင်းမွန်သည့် ဒေသများ၊

## ၉.၂.၂.၁.၁.၂ ဒေသနှင့်သစ်မျိုးလိုက်ဖက်မှု

ကော့သောင်းခရိုင်တွင်းတွင် သဘာဝတောများတွင် ကျွန်းပေါက်ရောက်မှုမရှိပါ။ ဒေသနှင့်လိုက်ဖက်သောသစ်မျိုးမှာ ပျဉ်းကတိုး ဖြစ်ပါသည်။ ကျွန်းပင်များမှာ ကြီးထွားမှုမကောင်းပါ။ အပင်ပုံစံ မလှပါ။ ကိုင်းတတ်များဖြာခြင်းများရှိ၍ စိုက်ပျိုးရန် မသင့်တော်ပါ။ ဆီအုန်းနှင့် ရာဘာစိုက်ခင်းများကောင်းမွန်စွာ ဖြစ်ထွန်းပါသည်။ ပျဉ်းကတိုးကို ရွေးချယ်၍ စီးပွားရေးစိုက်ခင်း အဖြစ် စိုက်ပျိုးတည်ထောင်သွားမည် ဖြစ်ပါသည်။

## ၉.၂.၂.၁.၁.၃ သစ်တောစိုက်ပျိုးပြုစုခြင်းစနစ်

ကော့သောင်းခရိုင် သစ်တောစိုက်ခင်းများ အလုပ်တိုက်နယ်ကို စီးပွားရေးစိုက်ခင်းဖြင့် ဖွဲ့စည်းထားပါသဖြင့် စိုက်ပျိုးတည်ထောင်မည့် စီးပွားရေးစိုက်ခင်းများ စိုက်ပျိုးပြုစုတည်ထောင်ခြင်းဆိုင်ရာ ဌာနဆိုင်ရာညွှန်ကြားချက်များအတိုင်း အပြောင်ခုတ်လှဲမျိုးဆက်နည်းစနစ်ဖြင့် စိုက်ပျိုးတည်ထောင်ပြီး၊ ပေါင်းသင်ရှင်းလင်းခြင်း၊ မီးကာကွယ်ခြင်း၊ ပင်ကြပ်နုတ်ခြင်း စသည့်ပြုစုပျိုးထောင်ခြင်းလုပ်ငန်းများကို လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီဆောင်ရွက်ရမည်ဖြစ်ပါသည်။ စိုက်ခင်းတည်ထောင်သည့်လုပ်ငန်းအဆင့်ဆင့်နှင့်ကာလ အပိုင်းအခြားအလိုက် ဆောင်ရွက်မည့် အစီအစဉ်ကို **အတွဲ(၂)၊ ဇယား (၉-၂-၂-၁-၁-၃)** ဖြင့် ဖော်ပြထားပါသည်။

### ၉.၂.၂.၁.၁.၄ သက်ပတ်

စီးပွားရေးသစ်တောစိုက်ခင်းများအတွက် ကျွန်း၊ ပျဉ်းကတိုးများ၏ သက်ပတ်ကို-

(၁) စိုက်ခင်းတည်ထောင်သည့်ရည်ရွယ်ချက်

(၂) သစ်မျိုး

(၃) ဒေသအတန်းအစား သို့ ဒေသအညွှန်း

(၄) စီမံအုပ်ချုပ်မည့်အမျိုးအစား

(၅) ဈေးကွက်အခြေအနေ စသည်များအပေါ် အခြေခံ၍ နှစ်(၄၀/၆၀) သတ်မှတ်ပါသည်။

### ၉.၂.၂.၁.၁.၅ အုပ်ချုပ်လုပ်ကိုင်မှု ပြဋ္ဌာန်းချက်များ

#### ၉.၂.၂.၁.၁.၅.၁ စိုက်ခင်းမတည်ထောင်မီလုပ်ငန်းများ

စိုက်ခင်းများကို မတည်ထောင်မီ အကြိုလုပ်ကိုင်ရမည့် လုပ်ငန်းများနှင့်ပတ်သက်၍ အောက်ဖော်ပြပါ ပြဋ္ဌာန်းချက်များအတိုင်း တိကျစွာ လိုက်နာ ဆောင်ရွက်ရမည် ဖြစ်ပါသည်။

(၁) စိုက်ခင်းတည်ထောင်ရန်အတွက် သဘာဝတောကောင်းများကို ခုတ်ထွင်ရှင်းလင်း ခြင်းမပြုဘဲ ပျက်စီးယိုယွင်း လျက်ရှိသော သဘာဝတောများ (Degraded Forest) သာ သစ်တော စိုက်ခင်းများ တည်ထောင်မည် ဖြစ်ပါ သည်။

(၂) ဒေသအဆင့်၊ အမျိုးသားအဆင့်နှင့် နိုင်ငံတကာအဆင့် ထူးခြား ရှားပါးသည့် မြေမျက်နှာသွင်ပြင်နှင့် ယဉ်ကျေးမှု အမွေအနှစ်များ ဖြစ်တည်လျက်ရှိသော ဒေသများတွင် သစ်တော စိုက်ခင်းများ တည်ထောင်ခြင်း မပြုရ။

(၃) သစ်တောစိုက်ခင်းများ တည်ထောင်ရာတွင် ကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တောများ၌သာတည်ထောင်ရန်ဖြစ်ပါသည်။ ကြိုးပြင်တောတွင် တည်ထောင်ပါက မလိုလားအပ်သော စိုက်ခင်း ဖျက်ဆီးမှုများ ဖြစ်ပေါ်လာနိုင်ပါသည်။

(၄) စီမံကိန်း (၁၀)နှစ်ကာလအတွင်း စိုက်ခင်းများ တည်ထောင်ရန် ရည်ရွယ်သည့် ဧရိယာများကို စစ်ဆေးပြီး၊ ပါဝင်ပင်မြေပုံရေးဆွဲပြီး ခုတ်လှဲမျိုးဆက်ခြင်း စီမံကိန်းကို ဌာနဆိုင်ရာ ညွှန်ကြားချက်အပိုဒ် ၆၅၊ ၁၁၃-၁၁၅၊ နောက်ဆက်တွဲနှင့် အမှုထမ်းများ လိုက်နာရန် အမိန့် လက်စွဲ အပိုဒ် ၁၃၅၊ နောက်ဆက်တွဲ ၂၂ တွင် ဖော်ပြထားသည့်အတိုင်း လိုက်နာဆောင်ရွက်ရန် ဖြစ်ပါသည်။

(၅) ကျွန်းနှင့်သစ်မာ ပင်ထောင်ရိုက်မှတ်ခြင်းနှင့် ထုတ်လုပ်ခြင်းလုပ်ငန်းများကို ခုတ်လှဲမျိုးဆက်ခြင်း စီမံချက်တွင် ထည့်သွင်းရေးဆွဲရန်နှင့် စိုက်ခင်းမတည်ထောင်မီ ၃ နှစ် အတွင်း ထုတ်လုပ်ခွင့်ပြုရန် နှင့် ပင်ထောင်တံဆိပ်ရိုက် မှတ်ရာ၌ ဌာနဆိုင်ရာညွှန်ကြားချက် အပိုဒ် ၁၆ အရ ဆောင်ရွက်ရန် ဖြစ်ပါသည်။

(၆) မျိုးဆက်ခြင်း၊ သစ်တောစိုက်ခင်းများ ရွေးချယ်ရာတွင် မိမိဒေသနှင့် သင့်လျော်သော သစ်မျိုး ရွေးချယ်ခြင်း၊ စိုက်ခင်းတည်ထောင်ရန်သင့်လျော်သည့်နေရာရွေးချယ်ခြင်း၊ သင့်လျော်သော စိုက်ခင်းပြုစုခြင်းနည်းစနစ် ရွေးချယ်ခြင်းစသည့် မျိုးဆက်ခြင်းလုပ်ငန်းနှင့် သက်ဆိုင်သည့်လုပ်ငန်းများအား ဌာနဆိုင်ရာ ညွှန်ကြားချက်အတိုင်း လိုက်နာဆောင်ရွက်ရန် ဖြစ်ပါသည်။

**၉.၂.၂.၁.၁.၅.၂ စိုက်ခင်းတည်ထောင်ပြီးလုပ်ငန်းများ**

တည်ထောင်ပြီး သစ်တောစိုက်ခင်းများတွင် လုပ်ကိုင်ရမည့် လုပ်ငန်းများနှင့် ပတ်သက်၍ အောက်ဖော်ပြပါ ပြဋ္ဌာန်းချက်များ အတိုင်း တိကျစွာ လိုက်နာဆောင်ရွက်ရန် ဖြစ်ပါ သည်။

## (၁) ပေါင်းရှင်းခြင်းနှင့်ပြုစုခြင်း

(က) သစ်တောစိုက်ခင်းများတွင် ဌာနဆိုင်ရာ ညွှန်ကြားချက်များ အတိုင်း စိုက်ခင်းအမျိုးအစားအလိုက် သတ်မှတ်ထားသည့် ပေါင်းရှင်းသည့် အရေအတွက်အတိုင်း ပေါင်းရှင်းလင်းရန် ဖြစ်ပါသည်။

(ခ) ပေါင်းရှင်းလင်းခြင်းလုပ်ငန်းနှင့်ပတ်သက်၍ အမှုထမ်းများလိုက်နာရန်အမိန့်လက်စွဲအပိုဒ် ၁၃၈ က၊ ခ၊ ဂ ၁၃၉ နှင့်ဌာနဆိုင်ရာ ညွှန်ကြားချက်အတိုင်း လိုက်နာဆောင်ရွက်ရန် ဖြစ်ပါသည်။

## (၂) မီးကာကွယ်ခြင်း

မီးဘေးအန္တရာယ် ကာကွယ်ရန်အတွက် မီးကာကွယ်ခြင်း နှင့် ပတ်သက်၍ ဌာနဆိုင်ရာညွှန်ကြားချက်အမှတ် ၉၉၊ ၁၀၀ နှင့် အမှုထမ်းများ လိုက်နာရန် အမိန့်လက်ဆွဲအပိုဒ် ၁၃၇၊ ၁၄၄ မှ ၁၆၃ အထိ တိကျစွာ လိုက်နာဆောင်ရွက်ရန် ဖြစ်ပါသည်။

## (၃) ပင်ကျပ်နှုတ်ခြင်း

(က) ပင်ကျပ်နုတ်ခြင်းလုပ်ငန်းဆောင်ရွက်ရာတွင် အမှုထမ်းများလိုက်နာရန်အမိန့်လက်စွဲအပိုဒ် ၁၄၂၊ ၁၄၃(က) နှင့် နောက်ဆက်တွဲ ၂၇ အရ ဖော်ပြထားသည့် ပင်ကျပ်ခုတ်လှဲရာတွင် လိုက်နာရန်နည်းလမ်းများနှင့် ဌာနဆိုင်ရာ ညွှန်ကြားချက်များအတိုင်း လိုက်နာဆောင်ရွက်ရန်။

(ခ) ပင်ကျပ်နှုတ်ခြင်းလုပ်ငန်းများကို ပင်ကျပ်နှုတ်ခြင်း အစီအစဉ်အား **နောက်ဆက်တွဲဇယား(စ)**အရ ဆောင်ရွက် ရန်။

## (၄) ရောဂါပိုးမွှားအန္တရာယ်ကာကွယ်ခြင်း

(က) စိုက်ပျိုးမည့် သစ်မျိုးသည် စိုက်ပျိုးသည့်ဒေသ (site) နှင့် ကိုက်ညီလိုက်ဖက်ရန်၊

(ခ) ရောဂါပိုးမွှားများကို ဖြစ်နိုင်ပါက ဓါတုပစ္စည်းများ အသုံးပြု၍ ကာကွယ်ဟန့်တားခြင်းထက် ဇီဝဆိုင်ရာ ထိန်းသိမ်းမှုနည်းစနစ်မျိုးစုံကို အသုံးပြု ရန်၊

(ဂ) သစ်မျိုးရောနှောစိုက်ပျိုးခြင်း၊ ရွက်အုပ်လွှာ အဆင့်ဆင့် စိုက်ပျိုးခြင်းတို့ကို ဆောင်ရွက်ရန်၊

(ဃ) ရောဂါပိုးမွှားများ တစ်နေရာမှ တစ်နေရာသို့ ပြန့်ပွားကူးစက်မှုများကို ကာကွယ်ထိန်းသိမ်း စစ်ဆေးမည့် နည်းစနစ်များ ချမှတ် အကောင်အထည်ဖော်ရန်၊

(င) စိုက်ခင်းဒေသ ပတ်ဝန်းကျင်တွင် သဘာဝတောများ ထိန်းသိမ်းထားရှိရန်၊

(စ) ရောဂါပိုးမွှားများ ကာကွယ်ထိန်းသိမ်းမှု ပြုလုပ်နိုင်ရန်အတွက် အဆိုပါပိုးမွှားတို့၏ ဘဝဖြစ်စဉ် နှင့် အလေ့အထကို သိရှိ နားလည်ရန်၊

(ဆ) ရောဂါပိုးမွှားကာကွယ်ခြင်းနှင့် ပတ်သက်၍ ဌာနဆိုင်ရာ ညွှန်ကြားချက်အပိုဒ် ၁၀၄ အတိုင်းလိုက်နာ ဆောင်ရွက်ရန်၊

**(၅) စိုက်ခင်းမှတ်တမ်းများပြုစုခြင်း**

တည်ထောင်ပြီး သစ်တောစိုက်ခင်းများအား ဌာနဆိုင်ရာ ညွှန်ကြားချက်များအတိုင်း စိုက်ခင်းမှတ်တမ်းများ ထားရှိရပါမည်။ စိုက်ခင်းမှတ်တမ်းများတွင် တည်ထောင်သည့်နှစ်၊ သစ်မျိုး၊ သေပင်ရှင်ပင်ရာခိုင်နှုန်း၊ မီးကာကွယ်ခြင်း၊ ပေါင်းသင်ရှင်းလင်းခြင်း၊ သေပင်ဖာထေးခြင်း၊ စသည့် လုပ်ငန်းများနှင့် ကုန်ကျစရိတ်ဖြည့်သွင်း ထားရှိရန်နှင့် ပင်ကျပ်နှုတ်ခြင်းလုပ်ငန်းများကိုလည်း ဖြည့်သွင်းမှတ်တမ်း ထားရှိရန် ဖြစ်ပါသည်။

စိုက်ခင်းမှတ်တမ်းများတွင် ဌာနဆိုင်ရာ ညွှန်ကြားချက်များအတိုင်း စိုက်ခင်းဒေသအနေအထား ဖော်ပြသော မြေပုံရေးဆွဲရမည် ဖြစ်ပါသည်။

## ၉.၂.၂.၁.၁.၆ သစ်တောသယံဇာတစာရင်းကောက်ယူခြင်း

### ၉.၂.၂.၁.၁.၆.၁ ကြားဖြတ်တောထွက်

ကော့သောင်းခရိုင် သစ်တောစိုက်ခင်းများ အလုပ်တိုက်နယ် မှ စီမံကိန်းကာလအတွင်း စိုက်ခင်းများ ပင်ကျပ်နှုတ်ခြင်း လုပ်ငန်း မှ ကြားဖြတ်တောထွက်အဖြစ် အောက်ပါ **ဇယား (၉-၂-၂-၁-၁-၆-၁)** တွင် ဖော်ပြထားသည့် အတိုင်း ရရှိမည်ဟုခန့်မှန်းပါသည်။

ပင်ကျပ်နုတ်ခြင်းအစီအစဉ်ကို **အတွဲ(၂)၊ နောက်ဆက်တွဲ(စ)**တွင် ဖော်ပြထားပါသည်။

**စီမံကိန်းကာလအတွင်း ထွက်ရှိမည့်ခန့်မှန်းကြားဖြတ်တောထွက်စာရင်း**

**ဇယား(၉-၂-၂-၁-၁-၆-၁)**

| စဉ် | စိုက်ကွက်စဉ် | နှစ်စဉ်ခုတ်ကွက်တည်ထောင်သည့်နှစ် | ပင်ကျပ်နှုတ်ကြိမ် | ပင်ကျပ်နှုတ်မည့်နှစ် | ဧရိယာဧက | ထွက်ရှိမည့်ကြားဖြတ်တောထွက်(ခန့်မှန်း) | | |
|---|---|---|---|---|---|---|---|---|
| | | | | | | ပျမ်းမျှလုံးပါတ်(လက်မ) | ပျမ်းမျှအမြင့်ပေ | ပင်ရေ |
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) | (၈) | (၉) |
| ၁ | II | ၂၀၀၈ | ပ-ကြိမ် | ၂၀၁၇ | ၅၀ | ၁၈ | ၂၄ | ၁၅၀၀၀ |
| ၂ | II | ၂၀၀၈ | ॥ | ၂၀၁၈ | ၂၀ | ၈ | ၂၃ | ၆၀၀၀ |
| ၃ | II | ၂၀၀၈ | ॥ | ၂၀၁၉ | ၁၀ | ၇ | ၂၂ | ၃၀၀၀ |

**ဇစ်မြစ်-၂၀၁၅ ခုနှစ်၊ ခရိုင်သစ်တောဦးစီးဌာန၊ ကော့သောင်းမြို့။**

### ၉.၂.၂.၁.၁.၆.၂အပြီးသတ်တောထွက်

ကော့သောင်းခရိုင် သစ်တောစိုက်ခင်းများ အလုပ်တိုက်နယ် မှ စီမံကိန်းကာလအတွင်း စိုက်ခင်းများ ပင်ကျပ်နှုတ်ခြင်းလုပ်ငန်း မှ အနှစ်(၄၀)ပြည့်မည့်နှစ်တွင် ထွက်ရှိမည့် အပြီးသတ်တောထွက်ကို

Site quality ၂/၃ ကိုအခြေခံ၍ yield table မှ တွက်ချက်ထားပါသည်။

**ခန့်မှန်းအပြီးသတ်တောထွက်စာရင်း**

**ဇယား(၉-၂-၂-၁-၁-၆-၂)**

| စဉ် | နှစ်စဉ် စိုက်ကွက် | ဧရိယာ (ဧက) | (၄၀) ပြည့်မည့်နှစ် | အပြီးသတ်တောထွက် Hu Cu ton |
|---|---|---|---|---|
| (၁) | (၂) | (၃) | (၄) | (၅) |
| ၁ | (၈) | ၅၀ | ၂၀၄၉ | ၆၁၂.၇၆၃ |
| ၂ | (၈) | ၂၀ | ၂၀၄၉ | ၂၄၅.၁၀၅ |
| ၃ | (၈) | ၁၀ | ၂၀၄၉ | ၁၂၂.၅၅၂၆ |

**ဇစ်မြစ်-၂၀၁၅ ခုနှစ်၊ ကော့သောင်းခရိုင်၊ သစ်တောဦးစီးဌာန။**

ကော့သောင်းခရိုင်အတွင်းရှိ စီးပွားရေးသစ်တောစိုက်ခင်း အလုပ်တိုက်နယ်မှ စိုက်ကွက်စဉ်များသည် စီမံကိန်းကာလအတွင်း သက်တမ်းနှစ်(၄၀)ပြည့်မည့် စိုက်ခင်းများ မရှိသေးပါသဖြင့် သက်တမ်းနှစ်(၄၀)ရောက်ရှိမည့် စိုက်ခင်းများ၏ ထုတ်လုပ်မည့် ဧရိယာနှင့် ပြန်လည်စိုက်ပျိုးမည့်အစီအစဉ်ဖော်ပြရန် မရှိပါ။

ကော့သောင်းခရိုင် သစ်တောစိုက်ခင်းများ အလုပ်တိုက်နယ် မှ စီမံကိန်းကာလအတွင်း စိုက်ခင်းများ ပင်ကျပ်နှုတ်ခြင်းလုပ်ငန်း မှ အနှစ်(၆၀)ပြည့်မည့်နှစ်တွင် ထွက်ရှိမည့် အပြီးသတ်တောထွက်ကို Site quality ၂/၃ ကိုအခြေခံ၍ yield table မှ တွက်ချက်ထားပါသည်။

**ခန့်မှန်းအပြီးသတ်တောထွက်စာရင်း**

**ဇယား(၉-၂-၂-၁-၁-၆-၂)**

| စဉ် | နှစ်စဉ် စိုက်ကွက် | ဧရိယာ (ဧက) | (၆၀) ပြည့်မည့်နှစ် | အပြီးသတ်တောထွက် Hu Cu ton |
|---|---|---|---|---|
| (၁) | (၂) | (၃) | (၄) | (၅) |
| ၁ | (၈) | ၅၀ | ၂၀၆၉ | ၁၁၆၆.၅၃၅ |
| ၂ | (၈) | ၂၀ | ၂၀၆၉ | ၄၆၆.၆၁၄ |
| ၃ | (၈) | ၁၀ | ၂၀၆၉ | ၂၃၃.၃၀၇ |

**ဇစ်မြစ်-၂၀၁၅ ခုနှစ်၊ ကော့သောင်းခရိုင်၊ သစ်တောဦးစီးဌာန။**

ကော့သောင်းခရိုင်အတွင်းရှိ စီးပွားရေးသစ်တောစိုက်ခင်း အလုပ်တိုက်နယ်မှ စိုက်ကွက်စဉ်များသည် စီမံကိန်းကာလအတွင်း

သက်တမ်းနှစ်(၆၀)ပြည့်မည့် စိုက်ခင်းများ မရှိသေးပါသဖြင့် သက်တမ်းနှစ်(၆၀)ရောက်ရှိမည့် စိုက်ခင်းများ၏ ထုတ်လုပ်မည့် ဧရိယာနှင့် ပြန်လည်စိုက်ပျိုးမည့်အစီအစဉ်ဖော်ပြရန် မရှိပါ။

## ၉.၂.၃ အဖွဲ့အစည်း၊ လုပ်ထုံးလုပ်နည်းနှင့်ဥပဒေစည်းမျဉ်းစည်းကမ်းများ ဆိုင်ရာ စီစဉ် ခန့်ခွဲမှု

မြို့နယ်များတွင် စိုက်ခင်းတည်ထောင်ခြင်း၊ ထိန်းသိမ်းခြင်းလုပ်ငန်းများအတွက် စိုက်ကွက်တစ်ခုလျှင် တောအုပ်ကြီးတစ်ဦးအား တာဝန်ပေးလျှက် တောအုပ်၊ တောခေါင်း၊ တောကြပ်များဖြင့် အဆင့်ဆင့်တာဝန်ခွဲဝေဆောင်ရွက် သွားမည်ဖြစ်ပါသည်။ ထိုသို့ ဆောက်ရွက်မှုအပေါ် မြို့နယ်ဦးစီးအရာရှိများနှင့် လက်ထောက်ညွှန်ကြားရေးမှူးများမှ ၎င်းလုပ်ငန်းများအပြင် တိုင်းညွှန်ကြားရေးမှူးမှ ချမှတ်လာသည့် စီမံခန့်ခွဲရေး၊ အုပ်ချုပ်ရေးဆိုင်ရာ လုပ်ငန်းများကို လည်းကောင်း၊ အကောင်အထည်ဖော်ဆောင်ရွက်ရန်မိမိ၏ သစ်တောနယ်အတွင်း စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

## ၉.၂.၄ ဘတ်ဂျက်နှင့်ဘဏ္ဍာရေး

သစ်တောစိုက်ခင်းတည်ထောင်ခြင်းနှင့်ပတ်သက်၍ သစ်တော တည်ထောင်ရာတွင် လည်းကောင်း၊ စိုက်ခင်းများ ပြုစုထိန်းသိမ်းရန်အတွက်လည်းကောင်း၊ ခွင့်ပြုရန်ပုံငွေနည်းပါးခြင်းကြောင့် စိုက်ခင်းများအောင်မြင်မှုကို မျှော်မှန်းသလောက် မရရှိခဲ့ပါ။ ထို့ကြောင့် သစ်တောစိုက်ခင်းများကို စီးပွားရေးရှုထောင့်ဖြင့် တည်ထောင်ပြီး သစ်တောစိုက်ခင်းမှ ရရှိသည့်ဝင်ငွေ ( ကြားဖြတ်တောထွက်နှင့် အပြီးသတ် တောထွက်) များကို သစ်တောစိုက်ခင်း တည်ထောင်ခြင်းလုပ်ငန်းများတွင် ပြန်လည်ရင်းနှီးမြှပ်နှံမှုနည်းလမ်းဖြင့် ဆောင်ရွက်သင့်ပါသည်။

သစ်တော စိုက်ခင်းတည်ထောင်ခြင်း၊ ပြုစုထိန်းသိမ်းခြင်းလုပ်ငန်းများအတွက် ဘတ်ဂျက်နှင့်ဘဏ္ဍာရေးကိစ္စကို ယနေ့ တစ်နှစ်တစ်ခြားတက်လာလျှက်ရှိသော ပြည်တွင်းပြည်ပ သစ်ဈေးနှုန်းများအပေါ် အခြေခံပြီး စိုက်ခင်းများအပြည့်အဝအောင်မြင်ရေးအတွက် ထိုက်ထိုက်တန်တန် ရင်းနှီးမြှပ်နှံသင့်ပါသည်။ သစ်တောစိုက်ခင်းတည်ထောင်ခြင်းနှင့်ပတ်သက်၍ သစ်တောဥပဒေပုဒ်မ ၁၆ နှင့် သစ်တောနည်းပဒေ ၄၄ များကိုလည်း လက်တွေ့ အကောင်အထည်ဖော် ကျင့်သုံး သင့်ပါသည်။

## ၉.၃ ဒေသထောက်ပံ့ရေး/ ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောများ

### ၉.၃.၁ ရည်ရွယ်ချက်များ

၁။ နိုင်ငံတော်၏ စီးပွားရေးတိုးတက်မှုအပေါ် အထောက်အကူဖြစ်စေရန်၊

၂။ သဘာဝဝန်းကျင်တည်ငြိမ်မှုနှင့် ဂေဟစနစ် မျှတမှုကို ပြန်လည်ရရှိစေရန်၊

၃။ ဒေသခံပြည်သူလူထု၏ အခြေခံစားဝတ်နေရေးလိုအပ်ချက်များကို ဖြေရှင်းရာတွင် အထောက်အပံ့ ဖြစ်စေရန်၊

### ၉.၃.၂ အုပ်ချုပ်လုပ်ကိုင်မှုနည်းလမ်းများ

ကျေးသောင်းခရိုင်အတွင်းရှိ ဒေသခံပြည်သူလူထု၏ အခြေခံစားဝတ်နေရေး လိုအပ်ချက်များကိုဖြည့်ဆည်းပေးရန် ဦးတည်လျက် သစ်တောထွက်ပစ္စည်းများ ဖြစ်သည့် သစ်၊ ထင်း၊ တိုင်၊ မျော၊ ဝါး စသည်တို့ကို သစ်တောထွက်ပစ္စည်းများ ဖြစ်သည့် သစ်တောများအတွင်းမှ ရေရှည် ထုတ်လုပ်သုံးစွဲနိုင်ရန်နှင့် သစ်တောမရှိ သောနေရာများ၊ သစ်တောများ ပျက်စီးပြုန်းတီးသွားသောနေရာများတွင် ကျေးရွာ သုံး၊ ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောများ ပျက်စီးပြုန်းတီးသွားသော နေရာများတွင် ကျေးရွာသုံး၊ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောစိုက်ခင်း တည်ထောင်ခြင်း၊ ဓမ္မတာနည်းဖြင့် ပြန်လည်ပြုစု ပျိုးထောင်ခြင်းတို့ကို ဒေသခံပြည်သူလူထု၏ တက်ကြွစွာပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းဖြင့် အုပ်ချုပ်လုပ်ကိုင်သွားမည် ဖြစ်ပါသည်။

ဒေသထောက်ပံ့ရေး / ပြည်သူအစုအဖွဲ့ပိုင်သစ်တောများကို သစ်ပင်ပေါက်ရောက်မှု အခြေအနေ၊ ကျင့်သုံးသည့် သစ်တောစိုက်ပျိုးပြုစုနည်းစနစ်နှင့် သစ်ထုတ်မည့် နည်းစနစ်၊ ချမှတ်ထားသည့် ခုတ်ပတ်၊ ထုတ်လုပ်ခွင့်ပြုသည့် အရွယ်အစား စသည့်အပေါ်မူတည်၍ တောထွက် တွက်ချက်ပြီး လိုအပ်သလို အလုပ်တိုက်နယ်များ၊ လုပ်ကွက်စဉ်၊ ခုတ်စဉ်များ စနစ်တကျဖွဲ့စည်း အုပ်ချုပ် လုပ်ကိုင်သွားမည် ဖြစ်ပါသည်။ ထို့အပြင် ဖွဲ့စည်းထားသည့် လုပ်ကွက်စဉ်များအတွင်းရှိ သစ်တော ထွက်ပစ္စည်းများ၏ ပေါက်ရောက်မှုနှင့် ထွက်ရှိနိုင်မှု အခြေအနေကို သိရှိနိုင်ရန်အတွက် သစ်မထုတ်မီ သယံဇာတစာရင်းကောက်ယူခြင်း၊ သစ်ထုတ်ပြီး လိုအပ်သော သစ်တောစိုက်ပျိုးပြုစု နည်းစနစ်များ လုပ်ကိုင်နိုင်ရန်အတွက် သစ်ထုတ်ပြီး သယံဇာတစာရင်း ကောက်ယူ ခြင်းတို့ကို လုပ်ကိုင်ဆောင်ရွက် သွားမည်ဖြစ်ပါသည်။

## ၉.၃.၂.၁ ဒေသထောက်ပံ့ရေး/ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောများအလုပ် တိုက်နယ်

### ၉.၃.၂.၁.၁ အလုပ်တိုက်နယ်နှင့် လုပ်ကွက်စဉ်များဖွဲ့စည်းခြင်း

ဒေသထောက်ပံ့ရေးနှင့် ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောများ အလုပ်တိုက်နယ်နှင့် လုပ်ကွက်စဉ်များကို ဖွဲ့စည်းရာတွင်-

(၁) ဒေသတွင်းနေထိုင်သည့် လူဦးရေမာဏ

(၂) သစ်တောထွက်ပစ္စည်းများလိုအပ်ချက်

(၃) သစ်တောများမှ ထွက်ရှိမှုမာဏ

(၄) ဒေသခံပြည်သူတို့၏ လိုအပ်ချက်များ ထောက်ပံ့ဖြည့်ဆည်းပေးနိုင် မည့် အဓိကကျသည့် ကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တောမြေဧရိယာ များ ကို အခြေခံ၍ သတ်မှတ်ဖွဲ့စည်းပါသည်။

ဤအလုပ်တိုက်နယ်တွင် ခရိုင်အတွင်းရှိ ဒေသခံပြည်သူများ၏ လိုအပ်ချက်ကိုဖြည့်ဆည်းပေးနိုင်ရန်အတွက် ဒေသထောက်ပံ့ရေးအလုပ်တိုက်နယ်ကို လုပ်ကွက်(၁၁)ခု၊ ဧရိယာ (၁၃၀၆၀၁)ဧကဖြင့် ဖွဲ့စည်းထားပါသည်။ ကျေးရွာသုံးထင်းစိုက်ခင်း၊ ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တော စိုက်ခင်း၊ ကျေးလက်အိမ်ရာထူထောင်ရေး ကျေးရွာပိုင်သစ်တောစိုက်ခင်း၊ တစ်ရွာ တစ်ဧက စိုက်ခင်းများ၊ ဒီရေတောနှင့်သဘာဝတောများပါဝင်ပါသည်။ ဒေသထောက်ပံ့ရေး အလုပ်တိုက်နယ် ဧရိယာစာရင်းကို **ဇယား(၉-၃-၂-၁-၁)က** ဖြင့်ဖော်ပြအပ်ပါသည်။ ဒေသထောက်ပံ့ရေး အလုပ်တိုက်နယ်ဧရိယာများမှ ( Effective) ဧရိယာများမှာ (၁၃၀၃၀၇)ဧက ဖြစ်ပါသည်။ ( Effective) ဧရိယာစာရင်းကို **ဇယား (၉-၃-၂-၁-၁)ခ** ဖြင့်ဖော်ပြအပ်ပါသည်။ ဒေသထောက်ပံ့ရေး အလုပ်တိုက်နယ်မှ သက်ပတ်(၂၀)နှစ်သတ်မှတ်ပြီး နှစ်စဉ်ထောက်ပံ့ပေးနိုင်မည့် ဧရိယာမှာ (၅၂၇၀)ဧကဖြစ်ပါသည်။ ဒေသထောက်ပံ့ရေးအလုပ်တိုက်နယ်မှ နှစ်စဉ် ခွင့်ပြုပေးနိုင်သည့် ဧရိယာစာရင်းအား **ဇယား (၉-၃-၂-၁-၁)ဂ**ဖြင့် ဖော်ပြအပ်ပါသည်။ ကျေးရွာသုံးထင်း စိုက်ခင်း စိုက်ကွက်စဉ်တွင် နှစ်စဉ်စိုက်ကွက် (၇)ကွက်ပါဝင်ပြီး (၁၃၀) ဧကရှိပါသည်။ ကျေးရွာသုံး ထင်းစိုက်ခင်းစိုက်ကွက်စဉ်စာရင်းအား **ဇယား(၉-၃-၂-၁-၁)ဃ**ဖြင့် ဖော်ပြအပ်ပါသည်။ ဒေသခံပြည်သူ အစုအဖွဲ့ပိုင်သစ်တောများ စိုက်ကွက်စဉ်တွင် နှစ်စဉ်စိုက်ကွက် (၂)ကွက် ပါဝင်ပြီး (၂၀၀) ဧက ရှိပါသည်။ ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောများ စိုက်ကွက်စဉ်စာရင်းအား **ဇယား (၉-၃-၂-၁-၁)င**ဖြင့် ဖော်ပြ အပ်ပါသည်။ ကျေးလက်အိမ်ရာထူထောင်ရေး ကျေးရွာပိုင်သစ်တော စိုက်ခင်း(တစ်ရွာ တစ်ဧက) စိုက်ကွက်စဉ်တွင် နှစ်စဉ်စိုက်ကွက် (၇)ကွက် ပါဝင်ပြီး (၁၄)ဧကရှိပါသည်။ ကျေးလက်အိမ်ရာထူထောင်ရေး ကျေးရွာပိုင်သစ်တောစိုက်ခင်း (တစ်ရွာတစ်ဧက) စိုက်ကွက်စဉ်စာရင်းအား **ဇယား (၉-၃-၂-၁-၁)စ** ဖြင့်ဖော်ပြအပ်ပါသည်။

# ဒေသထောက်ပံ့ရေးအလုပ်တိုက်နယ်ဧရိယာစာရင်း

ဇယား(၉.၃.၂.၁.၁)

| လုပ်ကွက်စဉ် | ကြိုးဝိုင်း/ကြိုးပြင် | အကွက်အမှတ် | သဘာဝတော | ကျေးရွာသုံးထင်းစိုက်ခင်း | ဒေသအစုအဖွဲ့ပိုင်စိုက်ခင်း | တစ်ရွာတစ်ဧက | စုစုပေါင်း | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) | (၈) | (၉) |
| I | ပါချန်ကြိုးဝိုင်း | | ၁၄၆၈၀ | ၅၀ | | | ၁၄၆၈၀ | ဒီရေတော |
| II | လေညာကြိုးဝိုင်း | | | | | | | |
| | ထီးခီးဒေသ | | ၂၂၇၀၂ | | | | ၂၂၇၀၂ | |
| | ရုံးတော်ဒေသ | | ၄၁၁၀ | | | | ၄၁၁၀ | |
| | ရတနာပုံဒေသ | | ၅၂၈၄ | | | | ၅၂၈၄ | |
| | ရွာဟီးလူဒေသ | | ၁၂၃၃၀ | | | | ၁၂၃၃၀ | |
| III | အောင်ဘာ ကြိုးပြင်/တော | | ၁၀၉၂ | | | | ၁၀၉၂ | |
| IV | စူငယ်ဘာလိုင်း ကြိုးပြင်/တော | | ၁၁၆၂ | | | | ၁၁၆၂ | |
| V | ပုလောကျိုလိ ကြိုးပြင်/တော | | ၁၁၄၅ | | | | ၁၁၄၅ | |
| VI | အော်ကြီးချောင်း ကြိုးပြင်/တော | | ၁၅၄၈ | | | | ၁၅၄၈ | |
| VII | မလိဝမ်း ကြိုးပြင်/တော | | ၂၇၅၃ | | | | ၂၇၅၃ | |
| VIII | ချန်းဖန်း ကြိုးပြင်/တော | | ၂၃၈၅ | | | | ၂၃၈၅ | |
| IX | ချောင်းကဖီး ကြိုးပြင်/တော | | ၃၃၅၄၃ | | | | ၃၃၅၄၃ | ❖ |
| X | ရေင်ကြီး အဆိုပြု/ပြင်တော | | ၂၇၅၇၃ | | | | ၂၇၅၇၃ | ❖ |
| XI | ကြိုးပြင်တော | | | | | | | |
| | ကော့သောင်း | | | ၅၀ | ၂၀၀ | ၇ | ၂၅၇ | |
| | ဘုတ်ပြင်း | | | ၃၀ | - | ၇ | ၃၇ | |
| အလုပ်တိုက်နယ်ဧရိယာပေါင်း | | | ၁၃၀၃၀၇ | **၁၃၀** | **၂၀၀** | **၁၄** | **၁၃၀၆၀၁** | |

- ❖ ချောင်းကဖီးဒီရေတောကြိုးပြင်ကာကွယ်တောသည် (၃၅၆၄၁)ဧက ဖြစ်သော်လည်း ဌာနဒီရေတောစိုက်ခင်း (၁၂၀)ဧကတည်ထောင်ထားခြင်း၊ ကျူးကျော်နှစ်ရှည်၊ ဥယျာဉ်ခြံစိုက်ခင်းနှင့်အခြား (၈၂၂)ဧကရှိခြင်းတို့ကြောင့် ၎င်းတို့အား ချန်လှပ်၍ (၃၄၆၉၉)ဧကကိုသာ ဖွဲ့စည်းရခြင်း ဖြစ်ပါသည်။
- ❖ ရေငံကြီးအဆိုပြုကြိုးပြင်တောတွင် မူလအဆိုပြုဧရိယာသည် (၃၂၁၆၀)ဧကဖြစ်သော်လည်း ကြေးတိုင်ပုံစံများ ပြန်လည်ပြုစုရာတွင် စိုက်ပျိုးမြေများပါဝင်သဖြင့် (၂၈၇၀၃)ဧကသာ ဖွဲ့စည်းသင့်သည်ဟုတင်ပြထားပါသည်။ အဆိုပါ (၂၈၇၀၃)ဧကအနက်မှ ဌာနဒီရေတောစိုက်ခင်း (၁၈၀)ဧကတည်ထောင်ရန် လျာထားသဖြင့် ကျန် (၂၈၅၂၃)ဧကကိုသာ ဖွဲ့စည်းရခြင်းဖြစ်ပါသည်။

# ဒေသထောက်ပံ့ရေးအလုပ်တိုက်နယ်ဧရိယာစာရင်း

ဇယား(၉.၃.၂.၁.၁)က

| လုပ်ကွက်စဉ် | ကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တော/ကြိုးပြင် | ဧရိယာ(ဧက) Effective | ဧရိယာ(ဧက) Ineffective | စုစုပေါင်း (ဧက) | မှတ်ချက် |
|---|---|---|---|---|---|
| (၁) | (၂) | (၃) | (၄) | (၅) | (၆) |
| I | ပါချန်ကြိုးဝိုင်း | ၁၄၆၈၀ | ၁၀၃၂ | ၁၅၇၁၂ | |
| II | လေညာကြိုးဝိုင်း | | | | |
| | ထီးခီးဒေသ | ၂၂၇၀၂ | ၁၁၉၄ | ၂၃၈၉၆ | |
| | ရုံးတော်ဒေသ | ၄၁၁၀ | ၂၁၆ | ၄၃၂၆ | |
| | ရတနာပုံဒေသ | ၅၂၈၄ | ၂၇၈ | ၅၅၆၂ | |
| | ရွှာဟီးလူဒေသ | ၁၂၃၃၀ | ၆၄၈ | ၁၂၉၇၈ | |
| III | အောင်ဘာကြိုးပြင်ကာကွယ်တော | ၁၀၉၂ | ၃၇ | ၁၁၂၉ | |
| IV | စူငယ်ဘာလိုင်းကြိုးပြင်ကာကွယ်တော | ၁၁၆၂ | ၄၀ | ၁၂၀၂ | |
| V | ပုလောကျိုလိကြိုးပြင်ကာကွယ်တော | ၁၁၄၅ | ၃၉ | ၁၁၈၄ | |
| VI | အော်ကြီးချောင်းကြိုးပြင်ကာကွယ်တော | ၁၅၄၈ | ၅၃ | ၁၆၀၁ | |
| VII | မလိဝမ်းကြိုးပြင်ကာကွယ်တော | ၂၇၅၃ | ၉၄ | ၂၈၄၇ | |
| VIII | ချန်းဖန်းကြိုးပြင်ကာကွယ်တော | ၂၃၈၅ | ၈၂ | ၂၄၆၇ | |
| IX | ချောင်းကဖီးကြိုးပြင်ကာကွယ်တော | ၃၃၅၄၃ | ၁၁၅၆ | ၃၄၆၉၉ | |
| X | ရေငံကြီးအဆိုပြု ကြိုးပြင်/တော | ၂၇၅၇၃ | ၉၅၀ | ၂၈၅၂၃ | |
| XI | ကြိုးပြင်တော<br>ကော့သောင်း<br>ဘုတ်ပြင်း | | | | |
| | **စုစုပေါင်း** | **၁၃၀၃၀၇** | **၅၈၁၉** | **၁၃၆၁၂၆** | |

# ဒေသထောက်ပံ့ရေးအလုပ်တိုက်နယ်ဇရိယာစာရင်း

**ဇယား(၉.၃.၂.၁.၁)ခ**

| လုပ်ကွက်စဉ် | ကြိုးဝိုင်း/ကြိုးပြင် ကာကွယ်တော/ကြိုးပြင် | ထောင်ပံ့ရေးအကွက်(ဧက) | အနားပေးအကွက်(ဧက) | ကွက်လပ်(ဧက) | မှတ်ချက် |
|---|---|---|---|---|---|
| (၁) | (၂) | (၃) | (၄) | (၅) | (၆) |
| I | ပါချန်ကြိုးဝိုင်း | ၁၃၉၇၆ | ၇၀၄ | | |
| II | လေညာကြိုးဝိုင်း | | | | |
| | ထီးခီးဒေသ | ၂၁၅၆၇ | ၁၁၃၅ | | |
| | ရုံးတော်ဒေသ | ၃၉၀၅ | ၂၀၅ | | |
| | ရတနာပုံဒေသ | ၅၀၂၀ | ၂၆၄ | | |
| | ရှာဟီးလူဒေသ | ၁၁၇၁၄ | ၆၁၆ | | |
| III | ကော့သောင်းမြို့နယ် | | | | |
| | အောင်ဘာကြိုးပြင်ကာကွယ်တော | ၁၀၅၅ | ၃၇ | | |
| IV | စူငယ်ဘာလိုင်းကြိုးပြင်ကာကွယ်တော | ၁၁၀၄ | ၅၈ | | |
| V | ပုလောကျိုလိကြိုးပြင်ကာကွယ်တော | ၁၀၈၈ | ၅၇ | | |
| VI | အော်ကြီးချောင်းကြိုးပြင်ကာကွယ်တော | ၁၄၉၅ | ၅၃ | | |
| VII | မလိဝမ်းကြိုးပြင်ကာကွယ်တော | ၂၆၅၉ | ၉၄ | | |
| VIII | ချန်းဖန်းကြိုးပြင်ကာကွယ်တော | ၂၃၀၃ | ၈၂ | | |
| IX | ချောင်းကဖီးကြိုးပြင်ကာကွယ်တော | ၃၂၃၈၇ | ၁၁၅၆ | | |
| X | ရေင်ကြီးအဆိုပြု ကြိုးပြင်/တော | ၂၆၆၂၃ | ၉၅၀ | | |
| XI | ကြိုးပြင်တော | | | | |
| | ကော့သောင်း | | | | |
| | ဘုတ်ပြင်း | | | | |
| | | **၁၂၄၈၉၆** | **၅၄၁၁** | | |

# ဒေသထောက်ပံ့ရေးအလုပ်တိုက်နယ်ဧရိယာစာရင်း

ဇယား(၉.၃.၂.၁.၁)ဂ

R=20

| လုပ်ကွက်စဉ် | ကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တော/ကြိုးပြင် | ဧရိယာ(ဧက) A | သတ်ပတ်(နှစ်) R | နှစ်စဉ် ခွင့်ပြုပေးနိုင်သော ဧရိယာ A/R | မှတ်ချက် |
|---|---|---|---|---|---|
| (၁) | (၂) | (၃) | (၄) | (၅) | (၆) |
| I | ပါချန်ကြိုးဝိုင်း | ၁၄၆၈၀ | ၂၀ | ၇၃၄ | |
| II | လေညာကြိုးဝိုင်း | | | | |
| | ထီးခီးဒေသ | ၂၂၇၀၂ | ၂၀ | ၁၁၃၅ | |
| | ရုံးတော်ဒေသ | ၄၁၁၀ | ၂၀ | ၂၀၅ | |
| | ရတနာပုံဒေသ | ၅၂၈၄ | ၂၀ | ၂၆၄ | |
| | ရွာဟီးလူဒေသ | ၁၂၃၃၀ | ၂၀ | ၆၁၆ | |
| III | အောင်ဘာကြိုးပြင်ကာကွယ်တော | ၁၀၉၂ | ၂၀ | ၅၄ | |
| IV | စူငယ်ဘာလိုင်းကြိုးပြင်ကာကွယ်တော | ၁၁၆၂ | ၂၀ | ၅၈ | |
| V | ပုလောကျိုလိကြိုးပြင်ကာကွယ်တော | ၁၁၄၅ | ၂၀ | ၅၇ | |
| VI | အော်ကြီးချောင်းကြိုးပြင်ကာကွယ်တော | ၁၅၄၈ | ၂၀ | ၇၇ | |
| VII | မလိဝမ်းကြိုးပြင်ကာကွယ်တော | ၂၇၅၃ | ၂၀ | ၁၃၇ | |
| VIII | ချန်းဖန်းကြိုးပြင်ကာကွယ်တော | ၂၃၈၅ | ၂၀ | ၁၁၉ | |
| IX | ချောင်းကဖီးကြိုးပြင်ကာကွယ်တော | ၃၃၅၄၃ | ၂၀ | ၁၆၇၇ | |
| X | ရေငံကြီးအဆိုပြု ကြိုးပြင်/တော | ၂၇၅၇၃ | ၂၀ | ၁၃၇ | |
| XI | ကြိုးပြင်တော<br>ကော့သောင်း<br>ဘုတ်ပြင်း | | | | |
| | | ၁၃၀၃၀၇ | | ၅၂၇၀ | |

# ကျေးရွာသုံးစိုက်ခင်းများစိုက်ကွက်စဉ်

**စိုက်ကွက်စဉ်(I)** **ဇယား(၉-၃-၂-၁-၁)ဃ**

| နှစ်စဉ် စိုက်ကွက် | မြို့နယ် | စိုက်ခင်းတည်နေရာ | ဧရိယာ (ဧက) | ပန္နက် အကွာ အဝေး | တည် ထောင် သည့် ခုနှစ် | မှတ် ချက် |
|---|---|---|---|---|---|---|
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) |
| ၁ | ဘုတ်ပြင်း | ဟန်ကချင်းကျေးရွာ<br>တောဝိုင်းမော်ကျေးရွာ<br>မဏ္ဍိုင်ရပ်ကွက် | ၁၀<br>၁၀<br>၁၀ | ၆' × ၆'<br>၆' × ၆'<br>၆' × ၆' | ၁၉၉၈-၉၉ | |
| | | **နှစ်စဉ်စိုက်ကွက်(၁)ပေါင်း** | **၃၀** | | | |
| ၂ | ကော့သောင်း | ကြိုးပြင်၊(၅၅၅)တောင်<br>ကြိုးပြင်(၉၉၁)တောင် | ၅<br>၅ | ၆' × ၆'<br>၆' × ၆' | ၂၀၀၁-၀၂ | |
| | | **နှစ်စဉ်စိုက်ကွက်(၂)ပေါင်း** | **၁၀** | | | |
| ၃ | ကော့သောင်း | ကြိုးပြင်၊ (၉၉၁)တောင် | ၁၀ | ၆' × ၆' | ၂၀၀၂-၀၃ | |
| | | **နှစ်စဉ်စိုက်ကွက်(၃)ပေါင်း** | **၁၀** | | | |
| ၄ | ကော့သောင်း | ကြိုးပြင်၊ (၉၉၁)တောင် | ၅ | ၆' × ၆' | ၂၀၀၃-၀၄ | |
| | | **နှစ်စဉ်စိုက်ကွက်(၄)ပေါင်း** | **၅** | | | |
| ၅ | ကော့သောင်း | ပါချန်ကြိုးဝိုင်း(၂၆၅) | ၅ | ၆' × ၆' | ၂၀၀၄-၀၅ | |
| | | **နှစ်စဉ်စိုက်ကွက်(၅)ပေါင်း** | **၅** | | | |
| ၆ | ကော့သောင်း | ပါချန်ကြိုးဝိုင်း(၂၆၅) | ၅ | ၆' × ၆' | ၂၀၀၅-၀၆ | |
| | | **နှစ်စဉ်စိုက်ကွက်(၆)ပေါင်း** | **၅** | | | |
| ၇ | ကော့သောင်း | ကြိုးပြင်၊ (၁၄)မိုင်အနီး | ၂၅ | ၆' × ၆' | ၂၀၀၆-၀၇ | |
| | | **နှစ်စဉ်စိုက်ကွက်(၇)ပေါင်း** | **၂၅** | | | |
| ၈ | ကော့သောင်း | ပါချန်ကြိုးဝိုင်း(၂၈၃)<br>**နှစ်စဉ်စိုက်ကွက်(၈)ပေါင်း** | ၄၀<br>**၄၀** | ၆' × ၆' | ၂၀၀၇-၀၈ | |
| | **စိုက်ကွက်စဉ်(I)ပေါင်း** | | ၁၃၀ | | | |

**ဇစ်မြစ်- ခရိုင်သစ်တောဦးစီးဌာန၊ ကော့သောင်းမြို့**

## ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောများ စိုက်ကွက်စဉ်

**စိုက်ကွက်စဉ်(II)** **ဇယား(၉-၃-၂-၁-၁)င**

| နှစ်စဉ်စိုက်ကွက် | မြို့နယ် | အသုံးပြုသူများအဖွဲ့ | တည်နေရာ | ဧရိယာ (ဧက) | တည်ထောင်သည့်ခုနှစ် | မှတ်ချက် |
|---|---|---|---|---|---|---|
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) |
| ၁ | ကော့သောင်း | ဦးဝင်းနိုင်(ပါ) (၁၀)ဦး အောင်မြန်မာရွာ | အောင်မြန်မာရွာ အနီးရှိ ဒီရေတော | ၁၀၀ | ၂၀၀၅-၀၆ | ဖြူး၊ ဖြူး ခြေထောက်၊ သမဲ့ |
| | | **နှစ်စဉ်စိုက်ကွက်(၁)ပေါင်း** | | ၁၀၀ | | |
| ၂ | ကော့သောင်း | ဦးအုန်းညွန့်(ပါ) (၁၀)ဦး အောင်ဘာရွာ | အောင်ဘာရွာ အနီးရှိ ဒီရေတော | ၁၀၀ | ၂၀၀၆-၀၇ | ဖြူး၊ ဖြူး ခြေထောက်၊ သမဲ့ |
| | | **နှစ်စဉ်စိုက်ကွက်(၂)ပေါင်း** | | ၁၀၀ | | |
| | | **စိုက်ကွက်စဉ် (II)ပေါင်း** | | ၂၀၀ | | |

**ဖစ်မြစ်- ခရိုင်သစ်တောဦးစီးဌာန၊ ကော့သောင်းမြို့**

# ကျေးလက်အိမ်ရာထူထောင်ရေး ကျေးရွာပိုင်သစ်တောစိုက်ခင်း(တစ်ရွာတစ်ဧက) စိုက်ကွက်စဉ်

**စိုက်ကွက်စဉ်(III)** **ဇယား(၉-၃-၂-၁-၁)စ**

| နှစ်စဉ် စိုက်ကွက် | မြို့နယ် | စိုက်ခင်းတည်နေရာ | ဧရိယာ (ဧက) | ပန္နက် အကွာ အဝေး | တည် ထောင် သည့် ခုနှစ် | မှတ် ချက် |
|---|---|---|---|---|---|---|
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) |
| ၁ | ကော့သောင်း<br>ဘုတ်ပြင်း | အောင်ဘာကျေးရွာ<br>အေးချမ်းမြိုင်ကျေးရွာ | ၁<br>၁ | ၆' × ၆'<br>၆' × ၆' | ၂၀၀၉-၁၀ | |
| | | **နှစ်စဉ်စိုက်ကွက်(၁)ပေါင်း** | ၂ | | | |
| ၂ | ကော့သောင်း<br>ဘုတ်ပြင်း | မလိဝမ်းကျေးရွာ<br>တောင်ငယ်ကျေးရွာ | ၁<br>၁ | ၆' × ၆'<br>၆' × ၆' | ၂၀၁၀-၁၁ | |
| | | **နှစ်စဉ်စိုက်ကွက်(၂)ပေါင်း** | ၂ | | | |
| ၃ | ကော့သောင်း<br>ဘုတ်ပြင်း | ကပုံကျိုနားကျေးရွာ<br>ကရသူရိ (၃)ရပ်ကွက် | ၁<br>၁ | ၆' × ၆'<br>၆' × ၆' | ၂၀၁၁-၁၂ | |
| | | **နှစ်စဉ်စိုက်ကွက်(၃)ပေါင်း** | ၂ | | | |
| ၄ | ကော့သောင်း<br>ဘုတ်ပြင်း | အော်ကြီးရွာ<br>ဂလက်တိုကျေးရွာ | ၁<br>၁ | ၆' × ၆'<br>၆' × ၆' | ၂၀၁၂-၁၃ | |
| | | **နှစ်စဉ်စိုက်ကွက်(၄)ပေါင်း** | ၂ | | | |
| ၅ | ကော့သောင်း<br>ဘုတ်ပြင်း | ဘန်းကချွန်းကျေးရွာ<br>အတွင်းဘုတ်ပြင်း | ၁<br>၁ | ၆' × ၆'<br>၆' × ၆' | ၂၀၁၃-၁၄ | |
| | | **နှစ်စဉ်စိုက်ကွက်(၅)ပေါင်း** | ၂ | | | |
| ၆ | ကော့သောင်း<br>ဘုတ်ပြင်း | လုံးဖောကျေးရွာ<br>ကြိမ်မဲတောင်ကျေးရွာ | ၁<br>၁ | ၆' × ၆'<br>၆' × ၆' | ၂၀၁၄-၁၅ | |
| | | **နှစ်စဉ်စိုက်ကွက်(၆)ပေါင်း** | ၂ | | | |
| ၇ | ကော့သောင်း<br>ဘုတ်ပြင်း | ခမောက်ကြီး(၁)ရပ်ကွက်<br>ချောင်းကချက်ကျေးရွာ | ၁<br>၁ | ၆' × ၆'<br>၆' × ၆' | ၂၀၁၅-၁၆ | |
| | | **နှစ်စဉ်စိုက်ကွက်(၇)ပေါင်း** | ၂ | | | |
| | | **စိုက်ကွက်စဉ် (III)ပေါင်း** | ၁၄ | | | |

**ဇစ်မြစ်- ခရိုင်သစ်တောဦးစီးဌာန၊ ကော့သောင်းမြို့**

**၉.၃.၂.၁.၁.၁ သစ်ပင်ပေါက်ရောက်မှု အခြေအနေ**

ကျေးရွာသုံးစိုက်ခင်း (၁၃၀)ဧက၊ ဒေသခံ ပြည်သူအစုအဖွဲ့ပိုင် သစ်တော (၂၀၀) ဧက၊ ကျေးလက်အိမ်ရာထူထောင်ရေး တစ်ရွာ တစ်ဧက (၁၄)ဧက တည်ထောင်ပြီး ဖြစ်ပါသည်။ သဘာဝတော ဧရိယာများအဖြစ် ဒီရေတော (၈၉၁၀၄)ဧက၊ သဘာဝတော ( ၄၇၀၂၂) ဧက တို့ဖြစ်ပါသည်။

**၉.၃.၂.၁.၁.၂သစ်တောစိုက်ပျိုးပြုစုနည်းစနစ်**

ငုတ်တက်ပင်ချန်ခုတ်လှဲနည်းစနစ် (Coppie with Standards System) ကို ကျင့်သုံးလုပ်ကိုင်မည် ဖြစ်ပါသည်။ အခြားသစ်တော စိုက်ပျိုးပြုစု နည်းစနစ် တစ်ခုခုကို ကျင့်သုံးလုပ်ကိုင်မည်ဆိုပါက ညွှန်ကြားရေးမှူး တနင်္သာရီတိုင်း၊ သစ်တောဦးစီးဌာနထံ တင်ပြ၍ အတည်ပြုချက်ရ ယူပြီး မှသာ ဆောင်ရွက်လုပ်ကိုင်သွားမည် ဖြစ်ပါ သည်။

ကျင့်သုံးမည့် မျိုးဆက်ခြင်းနည်းစနစ်များမှာ-

၁။ သဘာဝမျိုးဆက်ခြင်းနှင့်

၂။ ပဝတ္တိမျိုးဆက်ခြင်းတို့ဖြစ်ပြီး အခြေအနေပေးလျှင် သဘာဝ မျိုးဆက်ခြင်းကို အလေးပေး ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**၉.၃.၂.၁.၁.၃သစ်ထုတ်မည့်စနစ်**

ငုတ်ချွန်ပင်ချန် ခုတ်လှဲနည်းစနစ်ကို အဓိကထား၍ ကျင့်သုံး လုပ်ကိုင်မည် ဖြစ်ပါသည်။ အပြောင်ရှင်းခုတ်လှဲခြင်းကို လုံးဝကျင့်သုံးမည် မဟုတ်ဘဲ၊ ကွက်လပ်ဖြည့်စိုက်ပျိုးခြင်းစနစ်ဖြင့်သာ လုပ်ဆောင်သွားမည်ဖြစ်ပါ သည်။

**၉.၃.၂.၁.၁.၄ခုတ်ပတ်**

ခုတ်ပတ်ကို နှစ်ပေါင်း(၂၀) သတ်မှတ်ပါသည်။

**၉.၃.၂.၁.၁.၅ ထုတ်လုပ်ခွင့်ပြုသည့် အရွယ်အစား**

ကုန်သွယ်မှုလုပ်ငန်းအတွက် ထုတ်ယူခြင်း:(Trade Extraction) အတွက် ထုတ်လုပ်ခွင့်ပြုသည့် အရွယ်အစားမှာ ရင်စို့လုံးပတ် ၆' ဖြစ်ပြီး၊ ကျေးရွာသုံးအတွက် ထုတ်ယူခြင်း(Village Extraction) တွင် လုံးပတ်ကန့်သတ်ချက် မရှိပါ။

**၉.၃.၂.၁.၁.၆ တောထွက်တွက်ချက်ခြင်း**

တောထွက်ကို ဧရိယာဖြင့် ထိန်းချုပ်လုပ်ကိုင်မည် ဖြစ်ပါသည်။ နှစ်စဉ်တောထွက်အနေဖြင့် ကော့သောင်းခရိုင်အတွင်း တည်ထောင်ထားသော ဒေသထောက်ပံ့ရေးအလုပ်တိုက်နယ်အတွင်းရှိ (၅၂၇၀)ဧကကို နှစ်စဉ်ခွင့်ပြုနိုင်မည် ဖြစ်ပါသည်။

ကော့သောင်းခရိုင်၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ဦးစီးဌာန၏ ၂၀၁၄ ခုနှစ်၊ လူဦးရေးနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်း၊ လူမှုစီးပွားရေးစစ်တမ်းများအား အခြေခံ၍ မြို့နယ်အလိုက် တစ်နှစ်လျှင် သစ်/ထင်း/မီးသွေး/ဓနို လိုအပ်ချက်များကို ဇယား(၉.၃.၂.၁.၁.၆)ဖြင့် ဖော်ပြထားပါသည်။

ကော့သောင်းခရိုင်အတွင်းရှိ ဒေသခံပြည်သူတို့၏ သစ်လိုအပ်ချက်များကို ထုတ်လုပ်ရေးအလုပ်တိုက်နယ်တွင် နှစ်စဉ်ခွင့်ပြုတောထွက်အတွင်းမှ ဒေသသုံးသစ်ထုတ်လုပ်ခြင်းဖြင့်ဖူလုံနိုင်မည်ဖြစ်ပါသည်။ ဝါး/ဓနို လိုအပ်ချက်များကို ခရိုင်တွင်းရှိ ထွက်ရှိသည့် ဝါး/ဓနို များဖြင့် ဖူလုံနိုင်မည်ဖြစ်ပါသည်။ ထင်း/မီးသွေးလိုအပ်ချက်ကိုမူထောက်ပံ့နိုင်မည့်အစီအစဉ်အနေဖြင့် သဘာဝတောများ၊ ကျေးရွာသုံးထင်းစိုက်ခင်းများ၊ ကိုယ်ပိုင်ခြံမြေများ၊ အစုအဖွဲ့ပိုင်သစ်တောများမှ ထောက်ပံ့ပေးသွားမည်ဖြစ်ရာ၊ ဒေသခံပြည်သူများသည် မိမိတို့၏ အိမ်ဝင်း၊ ခြံဝင်း၊ ဥယျာဉ်ဝင်း စသည့် မိမိပိုင်မြေများပေါ်တွင် သစ်ပင်များကို စိုက်ပျိုးအသုံးပြုသွားရန် လိုအပ်ပါသည်။ ကျေးလက်ဒေသရှိ မြန်မာလူမျိုးများသည်မိမိတို့၏ကိုယ်ပိုင်ခြံမြေများအတွင်းသစ်ပင်စိုက်ပျိုးခြင်း နှင့် အရွယ်ရောက်သောအပင်များမှ သစ်ကိုင်းချိုင်၍ သုံးစွဲခြင်းမှာ ရိုးရာဓလေ့ဖြစ်ပါသည်။ နိုင်ငံတော်မှ ပျိုးပင်များကို ထုတ်ဝေဖြန့်ဖြူးပေးပြီး မြို့ပြကျေးရွာများတွင် သစ်ပင်စိုက်ပျိုးခြင်းကို ဆက်လက် အားပေးသွားသည်နှင့်အမျှကိုယ်ပိုင်ခြံများမှ နှစ်စဉ်ဒေသခံပြည်သူတို့၏ အခြေခံ လိုအပ်ချက် များကို ဖြည့်ဆည်းပေးနိုင်မည် ဖြစ်ပါသည်။

ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောများစည်းရုံးအကောင်အထည်ဖော်ခြင်း၊ ကော့သောင်းမြို့နယ်နှင့်ဘုတ်ပြင်းမြို့နယ်များတွင်တစ်နှစ်လျှင် ကျေးရွာသုံးထင်းစိုက်ခင်း(၁၀)ဧကစီ၊ တည်ထောင်ဆောင်ရွက်ခြင်း၊ ဒေသခံပြည်သူများ၏ကိုယ်ပိုင်ခြံမြေများအတွက်သစ်ပင်များ ဖြန့်ဝေစိုက်ပျိုးစေခြင်းတို့ဖြင့် ဒေသခံပြည်သူတို့၏ အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်လိမ့်မည်ဟု မျှော်မှန်းပါသည်။

# ဒေသထောက်ပံ့ရေးအလုပ်တိုက်နယ်တွင် ဒေသအတွင်း အမှန်တကယ် ထောက်ပံ့ပေးနိုင်မည့် တိုင်း၊မျော၊ထင်း၊မီးသွေး၊ဝါး သစ်တောထွက်ပစ္စည်းပမာဏ

ဇယား(၉-၃-၂-၁-၁-၆)(က)

| စဉ် | ကြိုးဝိုင်း/ ကြိုးပြင်ကာကွယ်တော | ကျေးရွာထောက်ပံ့ရေးအတွက်အသုံးပြုနိုင်သောဧရိယာ (ဧက) | အကွက်အမှတ်များ | ကျေးရွာထောက်ပံ့ရေးအတွက် နှစ်စဉ်ထုတ်ယူခွင့်ပြုနိုင်သောပမာဏ | | | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | တိုင် | | | မျော | | | ထင်း | | | မီးသွေး | | | ဝါး | | |
| | | | | ဧရိယာ | တစ်ကွက်၏အပိုင်း | ပမာဏ (လုံး) | ဧရိယာ | တစ်ကွက်၏အပိုင်း | ပမာဏ (လုံး) | ဧရိယာ | တစ်ကွက်၏အပိုင်း | ပမာဏ (တန်) | ဧရိယာ | တစ်ကွက်၏အပိုင်း | ပမာဏ (တန်) | ဧရိယာ | တစ်ကွက်၏အပိုင်း | ပမာဏ (လုံး) (၀၀၀) |
| I | ပါချန်ကြိုးဝိုင်း | ၁၃၉၇၆ | | ၆၉၉ | ၅ | ၄၈၉၃ | ၆၉၉ | ၅ | ၆၂၉၁ | ၂၇၉၅ | ၂၀ | ၁၃၉၇၅ | ၂၇၉၅ | ၂၀ | ၈၃၈၅ | ၄၆၅၈ | ၃၃ | ၆၉၈၇ |
| II | လေညာကြိုးဝိုင်း | | | | | | | | | | | | | | | | | |
| | ထီးခီးဒေသ | ၂၁၅၆၇ | | ၁၀၇၈ | ၅ | ၇၅၄၆ | ၁၀၇၈ | ၅ | ၉၇၀၂ | ၄၃၁၃ | ၂၀ | ၂၁၅၆၅ | ၄၃၁၃ | ၂၀ | ၁၂၉၃၉ | ၇၁၈၉ | ၃၃ | ၁၀၇၈၄ |
| | ရုံးတော်ဒေသ | ၃၉၀၅ | | ၁၉၅ | ၅ | ၁၃၆၅ | ၁၉၅ | ၅ | ၁၇၅၅ | ၇၈၁ | ၂၀ | ၃၉၀၅ | ၇၈၁ | ၂၀ | ၂၃၄၃ | ၁၃၀၂ | ၃၃ | ၁၉၅၃ |
| | ရတနာပုံဒေသ | ၅၀၂၀ | | ၂၅၁ | ၅ | ၁၇၅၇ | ၂၅၁ | ၅ | ၂၂၅၉ | ၁၀၀၄ | ၂၀ | ၅၀၂၀ | ၁၀၀၄ | ၂၀ | ၃၀၁၂ | ၁၆၇၃ | ၃၃ | ၂၅၁၀ |
| | ရှာဟီးလူဒေသ | ၁၁၇၁၄ | | ၅၈၆ | ၅ | ၄၁၀၂ | ၅၈၆ | ၅ | ၅၂၇၄ | ၂၃၄၃ | ၂၀ | ၁၁၇၁၅ | ၂၃၄၃ | ၂၀ | ၇၀၂၉ | ၃၉၀၄ | ၃၃ | ၅၈၅၆ |
| III | အောင်ဘာကြိုးပြင်ကာကွယ်တော | ၁၀၅၅ | | ၅၃ | ၅ | ၃၇၁ | ၅၃ | ၅ | ၄၇၇ | ၂၁၁ | ၂၀ | ၁၀၅၅ | ၂၁၁ | ၂၀ | ၆၃၃ | ၃၅၂ | ၃၃ | ၅၂၈ |
| IV | စူငယ်ဘာလိုင်းကြိုးပြင်ကာကွယ်တော | ၁၁၀၄ | | ၅၅ | ၅ | ၃၈၅ | ၅၅ | ၅ | ၄၉၅ | ၂၂၁ | ၂၀ | ၁၁၀၅ | ၂၂၁ | ၂၀ | ၆၆၃ | ၃၆၈ | ၃၃ | ၅၅၂ |
| V | ပုလောကျိုလိကြိုးပြင်ကာကွယ်တော | ၁၀၈၈ | | ၅၄ | ၅ | ၃၇၈ | ၅၄ | ၅ | ၄၈၆ | ၂၁၈ | ၂၀ | ၁၀၉၀ | ၂၁၈ | ၂၀ | ၆၅၄ | ၃၆၂ | ၃၃ | ၁၀၈၆ |
| VI | အော်ကြီးချောင်းကြိုးပြင်ကာကွယ်တော | ၁၄၉၅ | | ၇၅ | ၅ | ၅၂၅ | ၇၅ | ၅ | ၇၆၅ | ၂၉၉ | ၂၀ | ၁၄၉၅ | ၂၉၉ | ၂၀ | ၈၉၇ | ၄၉၈ | ၃၃ | ၇၄၇ |
| VII | မလိဝမ်းကြိုးပြင်ကာကွယ်တော | ၂၆၅၉ | | ၁၃၃ | ၅ | ၉၃၁ | ၁၃၃ | ၅ | ၁၁၉၇ | ၅၃၂ | ၂၀ | ၂၆၆၀ | ၅၃၂ | ၂၀ | ၁၅၉၆ | ၈၈၆ | ၃၃ | ၁၃၂၉ |
| VIII | ချန်းဖန်းကြိုးပြင်ကာကွယ်တော | ၂၃၀၃ | | ၁၁၅ | ၅ | ၈၀၅ | ၁၁၅ | ၅ | ၁၀၃၅ | ၄၆၁ | ၂၀ | ၂၃၀၅ | ၄၆၁ | ၂၀ | ၁၃၈၃ | ၇၆၈ | ၃၃ | ၁၁၅၂ |
| IX | ချောင်းကဖီးကြိုးပြင်ကာကွယ်တော | ၃၂၃၈၇ | | ၁၆၁၉ | ၅ | ၁၁၃၃၃ | ၁၆၁၉ | ၅ | ၁၄၅၇၁ | ၆၄၇၇ | ၂၀ | ၃၂၃၈၅ | ၆၄၇၇ | ၂၀ | ၁၉၄၃၁ | ၁၀၇၉၅ | ၃၃ | ၁၆၁၉၃ |
| X | ရေငံကြီးကြိုးပြင်ကာကွယ်တော | ၂၆၆၂၃ | | ၁၃၃၁ | ၅ | ၉၃၁၇ | ၁၃၃၁ | ၅ | ၉၃၁၇ | ၅၃၂၅ | ၂၀ | ၂၆၆၂၅ | ၅၃၂၅ | ၂၀ | ၁၅၉၇၅ | ၈၈၇၄ | ၃၃ | ၁၃၃၁၁ |
| | **စုစုပေါင်း** | ၁၂၄၈၉၆ | | | | | | | | | | | | | | | | |

ဇစ်မြစ်- ၂၀၁၄ ခုနှစ်၊ ကော့သောင်းခရိုင်၊ လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ဦးစီးဌာန။

၂၀၁၄ခုနှစ်တွင် ကောက်ခံခဲ့သည့် သန်းခေါင်စာရင်း၊ လူမှုစီးပွားရေး စစ်တမ်းများအား အခြေခံ၍ခရိုင်အတွင်းရှိ မြို့နယ်များအလိုက် သစ်လိုအပ်ချက်၊ ဝါးလိုအပ်ချက်နှင့် ထင်း/မီးသွေးလိုအပ်ချက်များ တွက်ချက်ထားရှိမှုစာရင်း

ဇယား(၉-၃-၂-၁-၁-၆)(ခ)

| စဉ် | မြို့နယ် | အိမ်ထောင်စု | | | သစ်လိုအပ်ချက် | | | ဝါးလိုအပ်ချက် | | | ထင်း/မီးသွေးလိုအပ်ချက် | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | တောနေ | မြို့နေ | ပေါင်း | တောနေ | မြို့နေ | ပေါင်း | တောနေ | မြို့နေ | ပေါင်း | တောနေ | မြို့နေ | ပေါင်း |
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) | (၈) | (၉) | (၁၀) | (၁၁) | (၁၂) | (၁၃) | (၁၄) |
| ၁ | ကော့သောင်း | ၇၁၃၁၄ | ၆၈၇၀၆ | ၁၄၀၀၂၀ | ၂၂၁၀၇ | ၁၈၃၉၂ | ၄၀၄၉၉ | ၈၅၅၇၆၈၀ | ၁၃၇၃၄ | ၈၅၇၁၄၁၄ | ၁၅၃၃၂၅ | ၅၀၀၂၄ | ၂၀၃၃၄၉ |
| ၂ | ဘုတ်ပြင်း | ၇၁၂၇၆ | ၁၀၄၄၂ | ၈၁၇၁၈ | ၂၂၀၉၅ | ၂၇၉၅ | ၂၄၈၉၀ | ၈၅၅၃၁၂၀ | ၂၀၈၇ | ၈၅၅၅၂၀၇ | ၁၅၃၂၄၃ | ၇၆၀၃ | ၁၆၀၈၄၆ |
| | | ၁၄၂၅၉၀ | ၇၉၁၄၈ | ၂၂၁၇၃၈ | ၄၄၂၀၂ | ၂၁၁၈၇ | ၆၅၃၈၉ | ၁၇၁၁၀၈၀၀ | ၁၅၈၂၁ | ၁၇၁၂၆၆၂၁ | ၃၀၆၅၆၈ | ၅၇၆၂၇ | ၃၆၄၁၉၅ |

### ၉.၃.၂.၁.၁.၇ သစ်မထုတ်မီ သယံဇာစာရင်းကောက်ယူခြင်း

သစ်နှင့်အခြား သစ်တောထွက်ပစ္စည်းများမထုတ်မီ အမှန်တကယ် တောထွက် သိရှိနိုင်ရန်အတွက် အနည်းဆုံး(၁)နှစ် ကြိုတင် စာရင်း ကောက်ယူပါမည်။

### ၉.၃.၂.၁.၁.၈ သစ်ထုတ်ပြီးသယံဇာတစာရင်းကောက်ယူခြင်း

သစ်နှင့်အခြားသစ်တောထွက်ပစ္စည်းများ ထုတ်ပြီးနောက် တော၏အခြေ အနေကို သိရှိနိုင်ရန်နှင့် လိုအပ်သော သစ်တောစိုက်ပျိုးပြုစုခြင်းလုပ်ငန်း များ ဆောင်ရွက်နိုင်ရန် သစ်နှင့်သစ်တောထွက်ပစ္စည်းများ ထုတ်ပြီး(၁)နှစ် အတွင်း စာရင်းကောက်ယူခြင်းလုပ်ငန်းများကို လုပ်ကိုင်သွားမည် ဖြစ်ပါ သည်။

### ၉.၃.၂.၁.၁.၉ အုပ်ချုပ်လုပ်ကိုင်မှုဆိုင်ရာပြဌာန်းချက်များ

နှစ်စဉ်မည်သည့် လုပ်ကွက်စဉ်ကို ဖွင့်မည် သို့မဟုတ် ပိတ်မည်ကို ခရိုင်လက်ထောက်ညွှန်ကြားရေးမှူးမှ ဆုံးဖြတ်မည် ဖြစ်ပါသည်။ နှစ်စဉ် လုပ်ကွက်စဉ်တစ်ခုအတွင်း ဧရိယာကေ မည်မျှ ခွင့်ပြုမည်ကိုလည်း ခရိုင် လက်ထောက်ညွှန်ကြားရေးမှူးမှ ဆုံးဖြတ်မည်ဖြစ်ပြီး၊ ခရိုင်ခွင့်ပြု တောထွက်ဧရိယာထက်မပိုစေဘဲ ခွင့်ပြုလုပ်ကိုင်သွားမည် ဖြစ်ပါသည်။ အကယ်၍ ကုန်သွယ်မှုနှင့် ကျေးရွာသုံးအတွက် လိုအပ်ချက် မရှိပါက လုပ်ကွက်စဉ်များကို ဖွင့်မည် မဟုတ်ပါ ။ ထုတ်ယူ ခွင့်ပြုသည့်အကွက် များ၏ နယ်နိမိတ်များကို ထုတ်ယူခြင်းလုပ်ငန်း ပြီးဆုံးချိန်တွင် ပြန်လည် ပြင်ဆင်လုပ်ကိုင် သွားမည်ဖြစ်ပါသည်။ ကုန်သွယ်မှုလုပ်ငန်း အတွက် ထုတ်ယူခြင်း ပြီးဆုံးမှ ကျေးရွာသုံးအတွက် ထုတ်ယူခြင်းကို ဆောင်ရွက် စေမည် ဖြစ်ပါသည်။ ဒေသခံပြည်သူများအားစည်းရုံး၍ ဒေသခံပြည်သူအစု အဖွဲ့ပိုင် သစ်တောစိုက်ခင်း တည်ထောင်ခြင်း လုပ်ငန်းဆိုင်ရာ ညွှန်ကြား ချက်များအတိုင်း ဆောင်ရွက်သွားမည် ဖြစ်ပါ သည်။

## ၉.၃.၂.၂ ပြည်သူလူထုပူးပေါင်းပါဝင်ဆောင်ရွက်ခြင်း

ဒေသထောက်ပံ့ရေးအလုပ်တိုက်နယ်များ ဆောင်ရွက်ရာတွင် ပြည်သူလူထု၏ ပူးပေါင်းပါဝင် ဆောင်ရွက်မှုမှာ အဓိကအခန်းမှ ပါဝင်နေပါသည်။ သစ်တောဌာနမှ တည်ထောင်ပြီးစိုက်ခင်းများကို ပြည်သူလူထုမှကူညီဆောင်ရွက်မှုမရှိဘဲ၊ ဝင်ရောက် ခုတ်ယူပါက အကျိုးမရှိဖြစ်ပါမည်။ ဆက်လက်ထိန်းသိမ်းရန်နှင့် နီးစပ်ရာကျေးရွာ

များသို့လွှဲပြောင်း ဆောင်ရွက်သွားပါမည်။ တည်ထောင်ပြီး စိုက်ခင်းများတွင် မီးဘေးအန္တရာယ်မကျရောက်အောင်ထိန်းသိမ်းကာကွယ်ရေး၊ အချိန်မကျမီ ခွင့်ပြု ချက်မရှိဘဲ ဝင်ရောက်ခုတ်ယူခြင်းများမရှိအောင် ပြည်သူလူထုမှ နားလည်သဘော ပေါက်စွာဖြင့် ဝိုင်းဝန်းကူညီရမည်ဖြစ်ပါသည်။ အချို့မြို့နယ်များရှိ ဒေသထောက်ပံ့ ရေး အလုပ်တိုက်နယ်များတွင် ထင်းခုတ်ကွက်များကို ဖွင့်ပေးမည်ဖြစ်ရာ ပြည်သူ လူထုအနေဖြင့် မိမိနှင့်နီးစပ်ရာတောများမှ ခုတ်ယူခြင်းမပြုဘဲ သစ်တောဌာနမှ အကွက်ဖွင့်ပေးသော ထင်းခုတ်ကွက်တွင် စနစ်တကျ ဝင်ရောက်ခုတ်ယူခြင်းဖြင့် တောပျက်စီးမှုနည်းမည် ဖြစ်ပါသည်။ ထင်းခုတ်ပြီးအကွက်ကို သစ်တောဌာနမှ ဓမ္မတာမျိုးဆက်နည်းဖြင့် ဆက်လက်လုပ်ကိုင်ပြီး သစ်တောများကို ပြုစုပျိုးထောင် သွားမည် ဖြစ်ပါသည်။ သစ်တောများ ထိန်းသိမ်းကာကွယ်ခြင်းလုပ်ငန်းတွင် ပြည်သူများပူးပေါင်းပါဝင် ကူညီဆောင်ရွက်ရန် စည်းရုံးဆောင်ရွက်သွားရမည် ဖြစ်ပါသည်။ ပြည်သူလူထု အစုအဖွဲ့ပိုင်စိုက်ခင်းများ တည်ထောင်ရေးအတွက် သစ်တောဝန်ထမ်းများမှ ကျေးရွာသို့ ကွင်းဆင်းစည်းရုံးဆောင်ရွက်ရမည် ဖြစ်ပါ သည်။ ဒေသခံပြည်သူလူထုများ စိတ်ပါဝင်စားလာပြီး၊ ဒေသခံအစုအဖွဲ့ပိုင်စိုက်ခင်း များ တည်ထောင်လာရေးအတွက် ဦးတည်ကြိုးပမ်း ဆောင်ရွက်ကြရမည် ဖြစ်ပါ သည်။

### ၉.၃.၂.၃ သစ်တောပညာပေးခြင်း

သစ်တောများ ထိန်းသိမ်းကာကွယ်ခြင်းလုပ်ငန်းတွင် ပြည်သူများပူးပေါင်းပါဝင် ဆောင်ရွက်ရန်နှင့် ၎င်းတို့ပူးပေါင်းပါဝင်ဆောင်ရွက်ပါမှ အောင်မြင်မည် ဖြစ်ကြောင်း၊ အကျိုးကျေးဇူးကို ပြည်သူလူထုမှ ခံစားရမည်ဖြစ်ကြောင်းတို့ကို လက်တွေ့ဖြစ်ပေါ်နေသော အခြေအနေများနှင့် ထင်ဟပ်၍ သစ်တောပညာပေးခြင်း လုပ်ငန်းများကို သစ်တောဝန်ထမ်းများမှ ကျေးရွာများသို့ ရောက်ရှိသောအခါ ဟောပြောဆွေးနွေးခြင်းများပြုလုပ်ဆောင်ရွက်လျက်ရှိပါသည်။ ထို့အပြင် သစ်တော ဦးစီးဌာနမှ ဖြန့်ဝေပေးသော ကြော်ငြာများ၊ လက်ကမ်း စာစောင်များကိုလည်း ကျေးရွာများသို့အရောက် ဖြန့်ဖြူးပေးပါသည်။ သစ်တောသစ်ပင်ကို ချစ်တတ်လာ သော လူမျိုးများဖြစ်လာအောင်လည်း အခါအားလျော်စွာ ဟောပြောဆွေးနွေးခြင်း များ ပြုလုပ်လျက်ရှိပါသည်။

ကော့သောင်းခရိုင်တွင် ဒေသခံပြည်သူတို့၏ လူနေမှုအဆင့်အတန်း မြင့်မားရေး၊ ဝင်ငွေပိုမိုရရှိရေးအတွက် သစ်တောပညာရပ်ဆိုင်ရာ အတတ်ပညာ၊ နည်းပညာ

ဖြန့်ဖြူးခြင်း လုပ်ငန်းများဆောင်ရွက်နိုင်ခြင်း မရှိသေးပါ။ အခြား ပြည်တွင်း / ပြည်ပအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်မည့် အစီအစဉ်များလည်း မရှိသေးပါသဖြင့် ပူးပေါင်းပါဝင် ဆောင်ရွက်လာအောင် စည်းရုံးဆောင်ရွက်သွားပါမည်။

### ၄.၃.၃ အဖွဲ့အစည်းလုပ်ထုံးလုပ်နည်းနှင့် ဥပဒေစည်းမျဉ်းစည်းကမ်းများ ဆိုင်ရာ စီမံခန့်ခွဲမှု

ဒေသထောက်ပံ့ရေးအတွက်ထင်းခုတ်ကွက်များကို ဖွင့်ပေးပါက ထင်းခုတ်ကွက်ဖွင့်ခြင်းနှင့် ပက်သက်၍ လုပ်ထုံးလုပ်နည်းနှင့်အညီကြေငြာပြီး၊ ဝန်ထမ်းများကို တာဝန်ချထားပြီး စနစ်တကျ ခုတ်ယူရေးအတွက်ကြီးကြပ်ဆောင်ရွက်မည် ဖြစ်ပါသည်။ ခုတ်ကွက်ပိတ်သည့်အချိန်တွင် သစ်တောပြုစုပျိုးထောင်မှုစနစ်အရ ဓမ္မတာမျိုးဆက်ခြင်းနည်းဖြင့် ငုတ်တက်ချွန်ခြင်း ၊ ရှင်းလင်းခြင်းလုပ်ငန်းများကို သစ်တောဝန်ထမ်းများမှ စနစ်တကျ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ဒေသထောက်ပံ့ရေးထင်းစိုက်ခင်းများ တည်ထောင်ရာတွင် သစ်တောဝန်ထမ်းများအား တာဝန်ပေး၍ အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်မည် ဖြစ်ပါသည်။ တည်ထောင်ပြီးစိုက်ခင်းများ မီးဘေးအန္တရာယ်မကျရောက်ရေး၊ လူ၊ ကျွဲ၊ တိရစ္ဆာန်တို့၏ ဖျက်ဆီးမှုမှ ကာကွယ်ရေးကို သစ်တောဝန်ထမ်းများနှင့် ပြည်သူလူထုပူးပေါင်း ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ စိုက်ခင်းများအား အချိန်မှန်ပြုစုပျိုးထောင်ရေးလုပ်ငန်းများကိုလည်း ဝန်ထမ်းများမှ ကြီးကြပ်လုပ်ကိုင်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ပြည်သူလူထုအစုအဖွဲ့ပိုင်စိုက်ခင်းများ တည်ထောင်ခြင်းအတွက် ပြည်သူလူထု အစုအဖွဲ့ပိုင်စိုက်ခင်းများ တည်ထောင်ခြင်း ညွှန်ကြားချက်ပါ အချက်အလက်များအတိုင်း သစ်တောဝန်ထမ်းများမှ ဦးဆောင်၍ ပြည်သူလူထုများစိတ်ပါဝင်စား၍ ပါဝင်ဆောင်ရွက်လာအောင်စည်းရုံးဆောင်ရွက်သွားမည်ဖြစ်ပါ သည်။ တည်ထောင်ပြီးစိုက်ခင်းများ အုပ်ချုပ်ခြင်း၊ ထိန်းသိမ်းခြင်း၊ ထုခွဲရောင်းချခြင်းများတွင်လည်း ဝန်ထမ်းများမှ လိုအပ်သောနည်းပညာပိုင်းဆိုင်ရာ အကြံဉာဏ်များပေး၍ အောင်မြင်အောင် ဆောင်ရွက်သွား မည် ဖြစ်ပါသည်။

### ၄.၃.၄ ဘတ်ဂျက်နှင့်ဘဏ္ဍာရေး

ဒေသထောက်ပံ့ရေးအလုပ်တိုက်နယ်တွင် ထင်းခုတ်ခွင့်ပြုပါက ကျသင့်သော အခွန်ငွေများကို သတ်မှတ်ထားသည့် နှုန်းထားအတိုင်း ကောက်ခံသွားမည် ဖြစ်ပါသည်။ စိုက်ခင်းများမှ အချိန်ကျ၍ ထင်းထုတ်ယူခွင့်ပြုလျှင်လည်း ကျသင့်သောအခွန်များ

ကောက်ခံ၍ ခွင့်ပြုရမည်ဖြစ်ပါသည်။ ဒေသခံပြည်သူလူထု အစုဖွဲ့ပိုင်စိုက်ခင်းများ အနေဖြင့် ၎င်းတို့အသုံးပြု၍ပိုလျှံနေသော ပစ္စည်းများကို ပြင်ပသို့ရောင်းချပါက ရောင်းချသည့် ပစ္စည်းအပေါ် သတ်မှတ်ထားသော အခွန်ငွေကို လုပ်ထုံးလုပ်နည်း နှင့်အညီ ကောက်ယူမည်ဖြစ်ပါသည်။ ဒေသထောက်ပံ့ရေး အလုပ်တိုတ်နယ်အနေဖြင့် ထုတ်ယူခွင့်ပြုသော သစ်တောထွက်ပစ္စည်းများမှ အခွန်ငွေများကို ပြန်လည်ရရှိမည် ဖြစ်ပါသည်။ ဒေသထောက်ပံ့ရေး အလုပ်တိုက်နယ်တွင် ထင်းခုတ်ကွက်များ ဓမ္မတာ နည်းဖြင့် ပြန်လည်ပြုစုပျိုးထောင်ရာတွင် ကုန်ကျစရိတ်များကို နှစ်အလိုက် လိုအပ်မည် ဖြစ်ပါသည်။ လိုအပ်သော ရန်ပုံငွေ အားတွက်ချက်တင်ပြပြီး ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

## ၉.၄ ရေဝေရေလဲသစ်တောများ

### ၉.၄.၁ အုပ်ချုပ်လုပ်ကိုင်မှုရည်ရွယ်ချက်များ

(၁) ဆည်၊ ကန်၊ ရေလှောင်တမံများနှင့် သဘာဝရေထွက်ဒေသများ၏ ရေဝေ ရေလဲဒေသ များကို စနစ်တကျအုပ်ချုပ်ရာတွင် မူဝါဒနှင့်စီမံချက်များ ချမှတ် ရေးဆွဲဆောင်ရန်ဖြစ်ပြီး ယင်းမူဝါဒနှင့် စီမံချက်များကို ပြည်သူလူထုနှင့် အဖွဲ့အစည်းအသီးသီး၏ အင်အားများ ကိုရယူ၍ အောင်မြင်စွာ အကောင် အထည်ဖော်ဆောင်ရွက်ရန်။

(၂) ဆည်၊ ကန်၊ ရေလှောင်တမံများနှင့် သဘာဝရေထွက်ဒေသများကို ထိန်းသိမ်း စီမံ လုပ်ကိုင်ရာတွင် ဒေသခံပြည်သူများမှ အသိစိတ် ဓာတ်ရှိရှိဖြင့် လက်တွဲ ပါဝင်စေရေးကို ဦးတည် စည်းရုံးဆောင်ရွက် သွားရန်။

### ၉.၄.၂ အုပ်ချုပ်လုပ်ကိုင်မှုနည်းလမ်းများ

(၁) ရေဝေရေလဲဒေသ ထိန်းသိမ်းရေးနယ်မြေများကို လက်ရှိတည်ထောင်ပြီးသော ဆည်မြောင်း တာတမံများနှင့် တိုးချဲ့ဆောင်ရွက်လျက်ရှိသည့် ဆည်နှင့် တာတမံများ၏ ပတ်ဝန်းကျင် ဒေသများကို ရေဝေရေလဲသစ်တောများ သာမက ဆည်နှင့် တာတမံများ သို့ ရေဝင်မည့် အလားအလာဖြစ်သော မြစ်၊ ချောင်း၊ အင်း၊ အိုင်များ၏ ရေဦးရေညာ ဒေသများအထိ တိုးချဲ့သတ်မှတ်၍ ထိန်းသိမ်းကာကွယ် ပြုစုခြင်း နည်းလမ်းများဖြင့် ဆောင်ရွက်သွားပါမည်။

(၂) ဆည်၊ ကန်၊ ရေလှောင်တမံများ သက်တမ်းရှည်ကြာတည်တံ့စေရန်နှင့် ရေ အရည်အသွေးအစဉ်ကောင်းမွန်စေရေး၊ ရေဝင်ပမာဏကောင်းမွန်စေရေးအတွက်

ရေဝေရေလဲဒေသများတွင် ပြည်သူလူထုပါဝင်ပူးပေါင်း ဆောင်ရွက်မှုဖြင့် ရေဝေရေလဲစိုက်ခင်းများကို လိုအပ်သလို တည်ထောင်ခြင်းနှင့် စီမံအုပ်ချုပ်ထိန်းသိမ်းခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

(၃) ရေ၊ မြေတိုက်စားမှုထိန်းသိမ်းကာကွယ်ရန်အတွက် အောက်ပါ လုပ်ငန်းများ ဆောင်ရွက်သွားပါမည်-

- (က) ကွန်တိုကန်သင်းကန့်ပြုလုပ်ခြင်း ( Contour Bund)
- (ခ) ရေစိမ့်မြောင်းပြုလုပ်ခြင်း
- (ဂ) ရေလွှဲမြောင်းပြုလုပ်ခြင်း
- (ဃ) ကုန်းစောင်းနှင့်ရေစီးကြောင်းများတွင် သစ်ကိုင်းစည်းမြှုပ်၍ မြေတိုက်စားမှုထိန်းသိမ်းခြင်း
- (င) သက်ရှိစည်းရိုးငယ်များပြုလုပ်ခြင်း
- (စ) ကွန်တိုစည်းရိုးတန်းပြုလုပ်ခြင်း
- (ဆ) နုံးတားတမံငယ်တည်ဆောက်ခြင်း
- (ဇ) ဝါးစိုက်ပျိုးခြင်း

(၄) နုန်းပို့မှုကို လျော့နည်းစေမည့် နုန်းစစ်ကန်များ၊ နုန်းထိန်းဆည်များ၊ နှုံးတားတမံငယ်တည်ဆောင်သွားပါမည်။

### ၉.၄.၂.၁ ရေဝေရေလဲသစ်တောများ အလုပ်တိုက်နယ်

ကော့သောင်းခရိုင်အတွင်းတွင် တည်ဆောက်ထားသော ရေလှောင်တမံကြီးများ မရှိသော်လည်း ကော့သောင်းမြို့အား သုံးရေရရှိရန် တည်ဆောက်ထားသော ယင်းဝါရေကန်အား သန့်ရှင်းသောရေရရှိစေရန်နှင့် ရေရှည်တည်တံ့စေရန် ရည်ရွယ်၍ ယင်းဝါအဆိုပြု ကြိုးပြင်ကာကွယ်တော(၅၅၄)ဧကအား ရေဝေရေလဲ အလုပ်တိုက်နယ်အဖြစ် ယခင်(၁၀)နှစ်တာကာလအတွင်းက ဖွဲ့စည်းထားခဲ့ပါသည်။ သို့ရာတွင် လက်ရှိမြေပြင်အခြေအနေအရ အဆိုပါယင်းဝါအဆိုပြုကြိုးပြင်ကာကွယ်တော (၅၅၄)ဧကသည် ဒေသခံပြည်သူများ၏စိုက်ခင်း (၄၂၂)ဧကနှင့် တပ်ဧရိယာ (၁၃၀) ဧကပါဝင်နေပြီး၊ လက်ကျန် သဘာဝတောအနေဖြင့် (၂)ဧကခန့် သာကျန်ရှိ နေခြင်း၊ မြို့နှင့်နီးကပ်ခြင်း၊ မြို့နယ်စည်ပင်သာယာရေးနယ်နိမိတ် ကျရောက်နေခြင်း တို့ကြောင့် ကြိုးပြင်ကာကွယ်တောဖွဲ့စည်းရန် မသင့်တော့ကြောင်း တင်ပြထားသဖြင့် အဆိုပါဧရိယာကို ဤစီမံကိန်းကာလအတွင်း ရေဝေရေလဲ အလုပ်တိုက်နယ်တွင် ထည့်သွင်း ဖွဲ့စည်းခြင်း မပြုလုပ်တော့ပါ။

ဤအလုပ်တိုက်နယ်ကို ပါချန်ကြိုးဝိုင်းအတွင်း (၁၄)မိုင်အနီးရှိရေထွက် ထိန်းသိမ်းရန်အတွက် ဧရိယာ (၁၉၁၇)ဧက၊ ဆလုံဖူးနီချောင်းဖျားရေဝေရေလဲ အတွက် ဧရိယာ (၁၂၅၉၄)ဧက၊ ဟန်ကဒိုင်းချောင်းဖျားရေဝေရေလဲအတွက် ဧရိယာ

(၆၁၈၄)ဧက၊ လေညာကြိုးဝိုင်းအတွင်း တောင်မတ်စောက်သည့် ဧရိယာအား ရေတိုက်စားမှုမှ ထိန်းသိမ်းရန်အတွက် ဧရိယာ (၆၃၉၂)ဧက၊ စုစုပေါင်းဧရိယာ (၂၇၀၈၇)ဧကဖြင့် ဖွဲ့စည်းထားပါသည်။

**၉.၄.၂.၁.၁အလုပ်တိုက်နယ်နှင့်လုပ်ကွက်စဉ်များ ဖွဲ့စည်းခြင်း**

ဤအလုပ်တိုက်နယ်ကို အခြားအလုပ်တိုက်နယ်များနှင့် မထပ်ဘဲ သီးခြား သတ်မှတ်ဖွဲ့စည်း လုပ်ကိုင်ဆောင်ရွက်သွားမည်ဖြစ်ပြီး ဤအလုပ် တိုက်နယ်မှ စီးပွားဖြစ်သစ်ထုတ်လုပ်ခြင်း ပြုလုပ်ရန် မရည်ရွယ်ပါ၊ ကော့သောင်းခရိုင် ရေဝေရေလဲ အလုပ်တိုက်နယ်ကို လုပ်ကွက်စဉ် (၂)ခုဖြင့် ဖွဲ့စည်းထားပါသည်။

**စီမံကိန်းကာလအတွင်း ရေဝေရေလဲဒေသထိန်းသိမ်းခြင်းလုပ်ငန်းများ လျာထားချက်**

| စဉ် | လုပ်ငန်း | ရေတွက်ပုံ | ဆည်/ရေလှောင်းတမံအမည် | မှတ်ချက် |
|---|---|---|---|---|
| ၁ | ကွန်တိုကန်သင်းကန့်ပြုလုပ်ခြင်း | ပေ | -မရှိပါ- | |
| ၂ | ရေစိမ့်မြောင်းပြုလုပ်ခြင်း | ပေ | | |
| ၃ | ရေလွှဲမြောင်းပြုလုပ်ခြင်း | ပေ | | |
| ၄ | နံ့းတားတမံငယ်တည်ဆောက်ခြင်း | ခု | | |
| ၅ | ကုန်းစောင်းနှင့်ရေစီးကြောင်းများ အတွင်းသစ်ကိုင်းစည်းမြှုပ်၍ မြေ တိုက်စားမှုထိန်းသိမ်းခြင်း | ပေ | | |
| ၆ | သက်ရှိစည်းရိုးငယ်များပြုလုပ်ခြင်း | ပေ | | |
| ၇ | ကွန်တိုစည်းရိုးတန်းပြုလုပ်ခြင်း | ပေ | | |
| ၈ | ဝါးစိုက်ပျိုးခြင်း | ရုံ | | |

**ရေဝေရေလဲအလုပ်တိုက်နယ်ဧရိယာစာရင်း**

**ဇယား (၉.၄.၂.၁.၁)**

| လုပ်ကွက်စဉ် | ကြိုးဝိုင်းအမည် | ဧရိယာ (ဧက) | မှတ်ချက် |
|---|---|---|---|
| (၁) | (၂) | (၄) | (၅) |
| I | **ကော့သောင်းမြို့နယ်** | | |
| | ပါချန်ကြိုးဝိုင်း | ၁၉၁၇ | (၁၄)မိုင်ဒေသရေထွက်ထိန်းသိမ်းရန် |
| | ပါချန်ကြိုးဝိုင်း | ၁၂၅၉၄ | ဆလုံဖူးနီချောင်းဖျားရေဝေရေလဲ |
| II | **ဘုတ်ပြင်းမြို့နယ်** | | |
| | ပါချန်ကြိုးဝိုင်း | ၆၁၈၄ | ဟန်ကဒိုင်းချောင်းဖျားရေဝေရေလဲ |
| | လေညာကြိုးဝိုင်း | ၆၃၉၂ | မတ်စောက်သည့်တောင်တန်း |
| | | ၂၇၀၈၇ | |

**၉.၄.၂.၁.၁.၁သစ်ပင်ပေါက်ရောက်မှုအခြေအနေ**

ရေဝေရေလဲအလုပ်တိုက်နယ်ကို ရေဝေရေလဲ ဧရိယာအတွင်းရှိ ကြိုးဝိုင်းအတွင်းကိုသာ အဓိကဖွဲ့စည်းထားပါသည်။ သို့ဖြစ်ပါ၍ သစ်ပင်ပေါက်ရောက်မှု ကောင်းမွန်ပါသည်။ သို့ရာတွင် ဤရေဝေ ရေလဲ အလုပ်တိုက်နယ်တွင် ပါဝင်သည့် ဧရိယာများအတွင်း သစ်တောသယံ ဇာတစာရင်းကောက်ယူ ခြင်း မပြုလုပ်နိုင်ခဲ့သေးပါ။

**၉.၄.၂.၁.၁.၂သစ်ပင်စိုက်ပျိုးပြုစုခြင်းနည်းစနစ်**

ရေဝေရေလဲဒေသအတွင်းနှင့် ပတ်ဝန်းကျင်နေထိုင်သူများ၏ လူနေမှုအဆင့်အတန်းမြင့်မားရေးကို ဦးတည်၍ လူထုပူးပေါင်းပါဝင်မှုဖြင့် သစ်တောပြုစုထိန်းသိမ်းခြင်း၊ သစ်တောစိုက်ခင်းတည်ထောင်ခြင်း၊ ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောများ တည်ထောင်ခြင်းများကို လိုအပ်သလိုအသုံးပြု ဆောင်ရွက်သွားပါမည်။ မြေပြုပြင်ရာတွင် လက်ရှိပေါက်ရောက်နေသော သစ်ပင်များအား ခုတ်လှဲခြင်း မပြုဘဲ ကွက်လပ်များတွင် ပန္နက်ရိုက်၊ ကျင်းတူး၍ စိုက်ပျိုးမည် ဖြစ်ပါသည်။ ကွန်တိုလိုင်းတစ်လျောက် ၁၅ပေ × ၁၅ပေ အကွာအဝေးဖြင့် ဆောင်ရွက်မည်ဖြစ်ပြီး ကျင်းအရွယ်အစားမှာ ၁×'၁'×၁' ဖြစ်ပါသည်။ ဒေသနှင့်လိုက်လျောညီထွေမှု ရှိပြီးရေမြေတိုက်စားမှုကို ထိန်းသိမ်းပေးနိုင်သော သစ်မျိုးများအား ဦးစားပေးရွေးချယ် စိုက်ပျိုးမည် ဖြစ်ပါသည်။

**၉.၄.၂.၁.၁.၃ခုတ်ပတ်**

ရေဝေရေလဲအလုပ်တိုက်နယ်တွင် လုပ်ကွက်စဉ်များမှ အကြောင်း တစ်စုံတစ်ရာအခြေအနေတစ်ရပ်ရပ်ကြောင့် သစ်ထုတ်ရန်လိုအပ်ပါက ခုတ်ပတ်ကို သဘာဝတောတွင် ဆောင်ရွက်သည့်အတိုင်း ဆောင်ရွက်မည် ဖြစ်ပါသည်။

**၉.၄.၂.၁.၁.၄ထုတ်လုပ်ခွင့်ပြုသည့်အရွယ်အစား**

အခြေအနေတစ်ရပ်ရပ်ကြောင့် သစ်ထုတ်ရန်လိုအပ်ပါက သဘာဝတောတွင် ဆောင်ရွက်သည့်အရွယ်အစားအတိုင်းဆောင်ရွက်ပါမည်။

### ၉.၄.၂.၁.၁.၅တောထွက်တွက်ချက်ခြင်း

အခြေအနေတစ်ရပ်ရပ်ကြောင့် သစ်ထုတ်ရန်လိုအပ်ပါက တော၏ ဧရိယာနှင့် ထိန်းချုပ်လုပ်ကိုင်ပါမည်။

### ၉.၄.၂.၁.၁.၆အုပ်ချုပ်လုပ်ကိုင်မှုဆိုင်ရာပြဋ္ဌာန်းချက်များ

ဆည်၊ ကန်၊ ရေလှောင်တမံများနှင့် သဘာဝရေထွက်ဒေသများရှိ သစ်တောများကို အခွန့်ရှည်စွာ တည်တံ့စေရေးအတွက် ရေဝေရေလဲ သစ်တောအလုပ်တိုက်နယ်များ ဖွဲ့စည်း၍ စီမံအုပ်ချုပ်လုပ်ကိုင်ရာတွင် အောက်ပါအုပ်ချုပ်လုပ်ကိုင်မှုဆိုင်ရာ ပြဋ္ဌာန်းချက်များအတိုင်း လိုက်နာ ဆောင်ရွက်မည် ဖြစ်ပါသည်-

(က) လိုအပ်သောနေရာများ၌ သစ်တောသစ်ပင် ထိန်းသိမ်းခြင်း နှင့် သစ်တောစိုက်ခင်းများတည်ထောင်ရပါမည်။

(ခ) မြေစားမြေပြိုခြင်းကို ကာကွယ်သည့် ရေ မြေ ထိန်းသိမ်းရေး လုပ်ငန်း များဆောင်ရွက်ရပါမည်။

(ဂ) နုန်းပို့မှုကို လျော့နည်းစေမည့် နုန်းစစ်ကန်များ၊ နုန်းထိန်းဆည်များကို တည်ဆောက်ရပါမည်။

### ၉.၄.၂.၂ ပြည်သူလူထုပူးပေါင်းပါဝင်ဆောင်ရွက်ခြင်း

သစ်တောဦးစီးဌာနမှ နည်းဥပဒေများ အကူအညီပေးခြင်းနှင့် ငွေကြေးများ ပံ့ပိုးခြင်းနှင့် အထက်အဖွဲ့အစည်းများ၏ လမ်းညွှန်မှုကိုခံယူကာ ပြည်သူများ ပူးပေါင်းပါဝင်ကာဆောင်ရွက်သွားမည်ဖြစ်ပါသည်။

### ၉.၄.၂.၃ သစ်တောပညာပေးခြင်း

ရေဝေရေလဲအလုပ်တိုက်နယ်၏ ရည်ရွယ်ချက်များကို အကောင်အထည် ဖော်ရန်အတွက် ရေဝေရေလဲဒေသအတွင်း နေထိုင်သည့်ပြည်သူလူထုအား သစ်တောပညာပေးရာတွင်အောက်ဖော်ပြပါ နည်းလမ်းများဖြင့်လည်းကောင်း၊ လက်တွေ့အကောင်အထည်ဖော်မည့်နည်းလမ်းများဖြင့် သော် လည်း ကောင်း၊ ဖော်ပြရန် ဖြစ်ပါသည်-

(က) မြေတိုက်စားပြိုပျက်မှု နည်းပါးစေခြင်းနှင့် နုန်းပို့မှုနည်းစေမည့် ခေတ်မီ စိုက်ပျိုးနည်းစနစ်များကို ဒေသခံပြည်သူများအား ပညာပေး ၍ ဆောင်ရွက် စေခြင်း၊

(ခ) သစ်တောမြေများကို စနစ်တကျ အုပ်ချုပ်လုပ်ကိုင်ခြင်းဖြင့် ဝင်ငွေ တိုးတက် ရရှိစေမည့်အတွက် နည်းစနစ်နှင့် သီးနှံမှန်ကန်စွာ ရွေးချယ် စိုက်ပျိုးရေးကို ပညာပေး စည်းရုံးဆောင်ရွက်ရန်၊

(ဂ) ရေဝေရေလဲဒေသအတွင်း နေထိုင်သူများ၏ လူနေမှုအဆင့်အတန်း ကို မြှင့်တင်၍ ရေဝေရေလဲဒေသစီမံအုပ်ချုပ်မှုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက် စေရန် ပညာပေးခြင်း၊

ဤကဲ့သို့ဆောင်ရွက်ရာတွင် သစ်တောဦးစီးဌာနတစ်ခုတည်းအနေဖြင့် ဆောင်ရွက် ၍ မရနိုင်ပါက သက်ဆိုင်ရာအဖွဲ့အစည်းများ ၊ ဌာန ဆိုင်ရာများဖြင့်လည်း ပူးပေါင်း ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

## ၉.၅ သစ်မဟုတ်သည့်သစ်တောထွက်ပစ္စည်းများ

### ၉.၅.၁ အုပ်ချုပ်လုပ်ကိုင်မှုရည်ရွယ်ချက်များ

ကျေးလက်နေပြည်သူတို့၏ အခြေခံစားဝတ်နေရေးလိုအပ်ချက်များ ဖြည့်ဆည်းရန် သစ်မဟုတ်သော သစ်တောထွက်ပစ္စည်းအခြေပြု စက်မှုလုပ်ငန်းများမှတစ်ဆင့် အခြားဝင်ငွေများရရှိစေရန်အတွက် သစ်မဟုတ်သော သစ်တောထွက်ပစ္စည်းများ၏ အကျိုးပြုမှုကို ဖွံ့ဖြိုးစေလျက် အကျိုးရှိစွာ အသုံးချနိုင်ရန် ရည်ရွယ်ချက်ဖြင့် ဖွဲ့စည်း ထားပါသည်။ ဒေသအတွင်း စီးပွားရေးအရ ထုတ်လုပ်နိုင်သည့် သစ်မဟုတ်သည့် သစ်တောထွက်ပစ္စည်းများမှာ ဝါး၊ ကြိမ်၊ ဓနိ/သက်ကယ် စသည် တို့ပါဝင်ပါသည်။

ငှက်သိုက်အား အုပ်ချုပ်လုပ်ကိုင်မှု ရည်ရွယ်ချက်များအနေဖြင့်-

(က) ငှက်သိုက်ကျွန်းကြိုးဝိုင်းများနှင့် စားကျက်ဒေသများကို စနစ်တကျ ထိန်းသိမ်းအုပ်ချုပ်နိုင်ခြင်းဖြင့် ဇီဝဗိုးငှက်ဦးရေ တိုးတက်များပြားလာစေ ရန်၊

(ခ) ငှက်သိုက်ထုတ်လုပ်မှုစနစ်ကျပြီး တိုးတက်ထွက်ရှိလာခြင်းဖြင့် စီးပွားရေး တိုးတက် ဖွံ့ဖြိုးလာ စေရန်၊

### ၉.၅.၂ အုပ်ချုပ်လုပ်ကိုင်မှုနည်းလမ်းများ

သစ်မဟုတ်သည့် သစ်တောထွက်ပစ္စည်းများ လျော့ပါးပြုန်းတီးခြင်းမရှိစေရန် ထာဝစဉ် ညီ တောထွက်ရရှိရေးကို ဦးတည်လျက်ထားဝယ်ခရိုင်အတွင်း သစ်မဟုတ်သည့် သစ်တောထွက်ပစ္စည်းများကိုစီးပွားဖြစ်ထုတ်လုပ်နိုင်သည့် ဒေသများတွင် ထုတ်လုပ် မည့် သစ်တောထွက်ပစ္စည်းတစ်မျိုးစီအတွက် အလုပ်တိုက်နယ်များ၊ လုပ်ကွက်စဉ် များကို စနစ်တကျဖွဲ့စည်း၍ အုပ်ချုပ်လုပ်ကိုင်သွားမည်ဖြစ်ပါသည်။ တနင်္သာရီတိုင်း ဒေသကြီးအတွင်းရှိ ငှက်သိုက်ကြိုးဝိုင်းများမှ (၁) မလိအုပ်စု၊ (၂) မော်စကိုအုပ်စု၊ (၃) ရေအေးအုပ်စုနှင့် (၄) ကော့ဌား/ကဆိုင်းလှအုပ်စု ဟူ၍ အုပ်စု(၄)စု ခွဲခြားပြီး နှစ်စဉ် အိတ်ဖွင့်တင်ဒါဖြင့် ငှက်သိုက်စုသိမ်းခွင့် ပြုလျက် ရှိပါသည်။

ကျော့သောင်းခရိုင်အတွင်း အုပ်စု(၄) ဖြစ်သည့် ကျော့ဌား/ကဆိုင်းလှအုပ်စုတွင် ပါဝင်ပါသည်။

### ၉.၅.၂.၁ သစ်မဟုတ်သည့် သစ်တောထွက်ပစ္စည်းအလုပ်တိုက်နယ်

#### ၉.၅.၂.၁.၁ အလုပ်တိုက်နယ်နှင့် လုပ်ကွက်စဉ်ဖွဲ့စည်းခြင်း

ကျော့သောင်းခရိုင်အတွင်းသစ်မဟုတ်သည့် သစ်တောထွက်ပစ္စည်း အလုပ်တိုက်နယ်အား သစ်တောထွက်ပစ္စည်းများ စီးပွားဖြစ်ထုတ်လုပ်နိုင်ရေးကို ရည်ရွယ်၍ အလုပ်တိုက်နယ်(၃)ခု၊ ခုတ်စဉ်(၁၀)ခုဖြင့် ဖွဲ့စည်းထားပါသည်။ ထုတ်လုပ်ရေးအလုပ်တိုက်နယ်မှနှင့်ထပ်၍ဧရိယာ(၁၅၄၀၆၃)ဧကဖြစ်ပါသည်။ ၎င်းအလုပ်တိုက်နယ်အတွင်းမှ သစ်မဟုတ်သော သစ်တောထွက်ပစ္စည်းများဖြစ်သည့် ဝါး၊ ကြိမ်၊ ဓနိ/ သက်ကယ်စသည်တို့ကို စီမံကိန်းလျာထားချက်များနှင့်အညီ ထုတ်လုပ် သွားနိုင်ရေး အကောင်အထည်ဖော် ဆောင်ရွက်သွားပါမည်။

#### ၉.၅.၂.၁.၁.၁အပင်ပေါက်ရောက်မှု၊ ထွက်ရှိမှု အခြေအနေ

ဤအလုပ်တိုက်နယ်တွင် သစ်မဟုတ်သည့် သစ်တောထွက် ပစ္စည်းများနှင့် ပတ်သက်၍ အမျိုးအစား၊ ထွက်ရှိမှုအခြေအနေ၊ ထွက်ရှိသည့်ဒေသ စသည့်အချက်အလက်များကို လုပ်ကွက်စဉ်တစ်ခုချင်းအလိုက်အတွဲ(၂) ဇယား(၉.၅.၂.၁.၁.၁)တွင် သစ်တောထွက်ပစ္စည်းအမျိုး အစားအလိုက် အသေးစိတ် ဖော်ပြထားရှိပါသည်။

#### ၉.၅.၂.၁.၁.၂သစ်တောစိုက်ပျိုးပြုစုနည်းစနစ်

သစ်မဟုတ်သည့် သစ်တောထွက်ပစ္စည်းများ စဉ်ဆက်မပြတ်ထုတ် လုပ်နိုင်ရေးအတွက် သစ်တောထွက်ပစ္စည်းအမျိုးအစားကို ခုတ်ပတ်အလိုက် အလှည့်ကျ ခုတ်သိမ်းဆောင်ရွက်သွားပါမည်။

#### ၉.၅.၂.၁.၁.၃ခုတ်ပတ်

ထုတ်လုပ်မည့်သစ်တောထွက်ပစ္စည်း အမျိုးအစားအလိုက် ခုတ်ပတ်များ သတ်မှတ်၍ ထုတ်လုပ်သွားပါမည်။

#### ၉.၅.၂.၁.၁.၄ထုတ်လုပ်ခွင့်ပြုသည့် အရွယ်အစားနှင့်ပမာဏ

ထုတ်လုပ်ခွင့်ပြုသည့် အရွယ်အစားနှင့်ပမာဏအား သစ်တောဦးစီးဌာန၏ ညွှန်ကြားချက်များနှင့်အညီ သတ်မှတ်ခွင့်ပြုထားပါသည်။

### ၉.၅.၂.၁.၁.၅တောထွက်တွက်ချက်ခြင်း

စီမံကိန်းကာလအတွင်း နှစ်စဉ်ထုတ်လုပ်သုံးစွဲနိုင်မည့် တောထွက် (AAC) ကိုအခြေခံပြီး စီမံကိန်းပြန်လည်ပြင်ဆင်ရေးဆွဲသည့်နှစ် (၂၀၁၅-၁၆) အား မူတည်ပြီး တွက်ချက်ထားပါသည်။ နှစ်စဉ်တော ထွက်စာရင်းကို အောက် ဖော်ပြပါဇယားတွင် ဖော်ပြထားပါသည်။

**ဝါးနှစ်စဉ်တောထွက်တွက်ချက်ခြင်း**

| အသက် | လက်ရှိပေါက်ရောက်နေသည့်ဝါး (လုံးရေ) | ရှင်ပင်မှုရာခိုင်နှုန်း | ရှင်ပင်အရေအတွက်(လုံးရေ) |
|---|---|---|---|
| (၁) | (၂) | (၃) | (၄) |
| ၁ နှစ်သား (ဝါးနု) | ၈၂၁၀၀၀ | ၈၀% | ၆၅၆၈၀၀ |
| ၂ နှစ်သား( တညင်) | ၂၅၁၀၀၀ | | ၂၀၀၈၀၀ |
| အတန်းအစား(II) | | | ၈၅၇၆၀၀ |
| ၃ နှစ်နှင့်အထက်(ဝါးရင့်) | ၉၄၀၀၀ | ၉၀% | ၈၄၆၀၀ |
| အတန်းအစား(I) | | | ၈၄၆၀၀ |

နှစ်စဉ်တောထွက် = (၂.၅ × ၈၅၇၆၀၀ + ၂ × ၈၄၆၀၀)/၁၀
= ( ၂၁၄၄၀၀၀+၁၆၉၂၀၀)/၁၀
= ၂၃၁၃၂၀ ≈ ၂၃၁၃၂၀ လုံး

### ၉.၅.၂.၁.၁.၆သက်ပတ်

သစ်တောထွက်ပစ္စည်းများအား သစ်တောထွက်ပစ္စည်း အမျိုးအစား အလိုက် သတ်ပတ်များသတ်မှတ်သွားပါမည်။

### ၉.၅.၂.၁.၁.၇အုပ်ချုပ်လုပ်ကိုင်မှုဆိုင်ရာပြဋ္ဌာန်းချက်များ

သစ်မဟုတ်သည့်သစ်တောထွက်ပစ္စည်းများ အလုပ်တိုက်နယ်တွင် အုပ်ချုပ် လုပ်ကိုင်မှုဆိုင်ရာလုပ်ငန်းများဆောင်ရွက်ရာ၌ အောက်ပါအတိုင်း လိုက်နာ ဆောင်ရွက်မည်ဖြစ်ပါသည် -

(က) သစ်မဟုတ်သည့်သစ်တောထွက်ပစ္စည်း အလုပ်တိုက်နယ်ကို သစ်တော ဖုံးလွှမ်းလျှက်ရှိသော အစိုးရမြေ (ကြိုးပြင် တော)တွင် ဖွဲ့စည်းခဲ့ပါက ကြိုးပြင်ကာကွယ်တောအဖြစ် အမြန်ဆုံးဖွဲ့စည်းသွားရန်၊

( ခ )ဤအလုပ်တိုက်နယ်မှ ထုတ်လုပ်မည့် သစ်မဟုတ်သည့် သစ်တော ထွက်ပစ္စည်းများ၏ ပေါက်ရောက်/ထွက်ရှိမှု စာရင်းများကောက် ယူရန်၊

( ဂ )ဤအလုပ်တိုက်နယ်မှ ထုတ်လုပ်မည့် သစ်မဟုတ်သည့် သစ်တော ထွက်ပစ္စည်းများ၏ စီမံကိန်း (၁၀)နှစ်တာကာလအတွင်း ထုတ်လုပ်မှု

အစီအစဉ်ကို ခုတ်စဉ်အလိုက် ရေးဆွဲ၍အကောင်အထည်ဖော် ဆောင်ရွက်ရန်။

သစ်မဟုတ်သည့် သစ်တောထွက်ပစ္စည်းအမျိုးမျိုးတို့ကို သစ်တောဦးစီးဌာနမှ ထုတ်ပြန်သည့် အခွန်တော်နှုန်းထားများအတိုင်း စွမ်းဆောင်ရည်ထက်မြက်စွာဖြင့် ထုတ်ယူ၍ ထာဝစဉ်အသုံးချ အုပ်ချုပ်လုပ်ကိုင်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ထာဝစဉ် တည်တံ့ဖွံ့ဖြိုးစေမည့် အခြေခံမူအရ သစ်မဟုတ်သော သစ်တောထွက်ပစ္စည်းများကိုထုတ်လုပ်ခြင်းဖြင့် ဒေသနှင့် နိုင်ငံတော်စီးပွားရေးအား များစွာအကျိုးကျေးဇူးရရှိမည် ဖြစ်ပါသည်။ ထို့ကြောင့် အဆိုပါအခန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေး၊ အုပ်ချုပ်လုပ်ကိုင်ပြဌာန်းဆောင်ရွက်သွားပါသည်။

#### ၉.၅.၂.၁.၁.၁.၈ သယံဇာတစာရင်းကောက်ယူခြင်း

ကော့သောင်းခရိုင်ရှိ အလုပ်တိုက်နယ်များအတွင်း သစ်မဟုတ်သည့် သစ်တောထွက်ပစ္စည်းများမထုတ်မီထာဝစဉ်တိုးတက်ထုတ်လုပ်သွားနိုင်ရေးအတွက်အနည်းဆုံး(၁)နှစ်ကြိုတင် စာရင်းကောက်ယူ သွားပါမည်။ လောလောဆယ် အခြေအနေတွင် လျှက်တပြက်စာရင်းကောက်ယူသည့် နည်းစနစ်(One Shot Inventory) ကို အသုံးပြုမည်ဖြစ်ပါသည်။

### ၉.၅.၂.၂ ငှက်သိုက်အလုပ်တိုက်နယ်

#### ၉.၅.၂.၂.၁ အလုပ်တိုက်နယ်နှင့်လုက်ကွက်စဉ်များ ဖွဲ့စည်းခြင်း

ငှက်သိုက်ထွက်ရှိသည့် ကော့သောင်းခရိုင်၊ ကော့သောင်းမြို့နယ်တွင် ကဆိုင်းလှအုပ်စု၌ ပုလိုဘောဘ(၆.၅၀)ဧက၊ပုလိုစလန်ခင်း(ငှက်သိုက်ကျွန်း) (၁၆.၀၀)ဧက၊ ပုလိုပရီဝေါင်းပါဝင်သည့်တားရက်ကျွန်းများ(၉.၇၂)ဧက စုစုပေါင်း(၃၃)ဧက၊ ကော့ငှားကျွန်းများအုပ်စု ကျွန်းအမှတ်(၂၃)နှင့်(၂၄) (ဝိတိုရိယအငူအနောက်ဘက်မိုင်(၃၀)ခန့်ကွာရှိစိန်မက်သယူးကျွန်းအနောက်ဘက်တွင် တည်ရှိသည့်ကျွန်း၏ အမည်များကို တလက်မတမိုင်စကေးအိန္ဒိယမြေတိုင်း မြေပုံတွင်ဖော်ပြထား ခြင်းမရှိပါ။) ခန့်မှန်းဧရိယာ(၁၈၀)ဧကနှင့်ဘုတ်ပြင်းမြို့နယ်တွင် လန်ပိငှက်သိုက်ကျွန်းမှ(၅၃)ဧက စုစုပေါင်း(၂၆၆)ဧကကို အလုပ်တိုက်နယ်(၃)ခု လုပ်ကွက်စဉ်(၁၀)ခုဖြင့် ဖွဲ့စည်းထားပါသည်။ တစ်နိုင်ငံလုံးတွင် တနင်္သာရီတိုင်းဒေသကြီး တွင်သာရှိ၍ ထူးခြားသော သဘာဝအရင်းအမြစ်များဖြစ်သည့်ငှက်သိုက်ထွက်ရှိ ရာကျွန်းများအား တိမ်ကောပပျောက်မှုမရှိစေရေးနှင့် ငှက်သိုက်စဉ်ဆက်မပြတ် ရယူခံစားနိုင်စေရန် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

### ၉.၅.၂.၂.၂ ငှက်သိုက်ထွက်ရှိမှု အခြေအနေ

ကော့သောင်းခရိုင်အတွင်း ယခင်စီမံကိန်းကာလအတွင်း နှစ်အလိုက် ငှက်သိုက်ထုတ်လုပ်မှုများကို အောက်ပါအတိုင်း ဖော်ပြ အပ်ပါသည်-

| စဉ် | ခုနှစ် | ငှက်သိုက် ထုတ်လုပ်မှု (ပိဿာ) | စုသိမ်းခွင့်ရရှိသူ | မှတ်ချက် |
|---|---|---|---|---|
| (၁) | (၂) | (၃) | (၄) | (၅) |
| ၁ | ၂၀၀၆ | ၇၇၀ | ဦးပိုင်လိမိတတ် | |
| ၂ | ၂၀၀၇ | ၅၄၀ | ။ | |
| ၃ | ၂၀၀၈ | ၇၂၀ | ။ | |
| ၄ | ၂၀၀၉ | ၇၇၄ | ။ | |
| ၅ | ၂၀၁၀ | ၈၇၇ | ။ | |
| ၆ | ၂၀၁၁ | ၁၀၅၉ | ။ | |
| ၇ | ၂၀၁၂ | ၁၁၇၉ | ။ | |
| ၈ | ၂၀၁၃ | ၁၁၈၃ | ။ | |
| ၉ | ၂၀၁၄ | ၁၀၅၂ | ။ | |
| ၁၀ | ၂၀၁၅ | ၉၉၉ | ။ | |
| | **စုစုပေါင်း** | **၉၁၅၃** | | |

**ဇစ်မြစ်-ခရိုင်သစ်တောဦးစီးဌာန၊ ကော့သောင်းမြို့။**

လွန်ခဲ့သည့် စီမံကိန်း (၁၀)နှစ်ကာလ အတွင်း ငှက်သိုက်ပိဿာ တစ်နှစ် လျှင်ပျမ်းမျှ (၉၁၀)ပိဿာ ထုတ်လုပ်ခဲ့ပါသည်။ ငှက်သိုက်ကျွန်းကြိုးဝိုင်း များနှင့်စားကျက်ဒေသများကို စနစ်တကျ ထိန်းသိမ်း အုပ်ချုပ်နိုင်ခြင်းဖြင့် ဇီဝဖိုးငှက်တိုးတက်များပြားလာစေရန်နှင့် ငှက်သိုက်ထုတ်လုပ်မှုစနစ်ကျ ပြီး တိုးတက်ထွက်ရှိလာခြင်းဖြင့် စီးပွားရေးတိုးတက်ဖွံ့ဖြိုးလာစေရန် ရည်ရွယ် ချက်ဖြင့်ဖွဲ့စည်းလုပ်ကိုင်လျက်ရှိရာနှစ်စဉ်အိတ်ဖွင့်တင်ဒါခေါ်ယူ၍ဈေးပြိုင် စနစ်ဖြင့် ထုတ်လုပ်လျက်ရှိပါသည်။

## ၉.၅.၂.၂.၃ငှက်သိုက်ဆွတ်ခူးရာတွင် လိုက်နာဆောင်ရွက်ရမည့် လုပ်နည်းစနစ်များ

ငှက်သိုက်စုသိမ်းခွင့်ရရှိသူမှ အောက်ပါအတိုင်း မပျက်မကွက် လိုက်နာဆောင်ရွက်ရမည် ဖြစ်ပါသည်-

၁။ ငှက်သိုက်စုသိမ်းခွင့်ရသည့် ဒီဇင်ဘာလ(၁)ရက်မှစ၍ ဖေဖော်ဝါရီလကုန်အထိ လုပ်ငန်းပြင်ဆင်ခြင်း၊ စောင့်ကြပ်ကာကွယ်ခြင်း၊ ငှက်များ ဝင်ရောက်အသိုက်ပြုမှုကို မပြတ်လေ့လာခြင်း၊ ဖမ်းယူစားသောက်သည့် သဘာဝရန်သူများ နှိမ်နင်းခြင်း ဆောင်ရွက်ရန်ဖြစ်ပါသည်။

၂။ မတ်လ ပထမပတ်မှ ဒုတိယပတ်အထိ (၇)ရက်ခန့် ပထမ အကြိမ်ငှက်သိုက် အဖြူ ဆွတ်ခူးရပါမည်။ ငှက်သိုက်အမဲ လုံးဝမခူးရန် ဖြစ်ပါသည်။

၃။ မတ်လဒုတိယအပတ်မှ ဧပြီလ ပထမပတ်အထိ (၂၅)ရက်ခန့် အနားပေးခြင်းနှင့် ငှက်သိုက်အမဲ လုံးဝ မခူးရန် ဖြစ်ပါသည်။

၄။ ဧပြီလ ပထမပတ်မှ ဒုတိယပတ်အထိ (၇)ရက်မှ (၁၀)ရက်ခန့် ငှက်သိုက်အဖြူ ဆွတ်ခူးရပါမည်။ ငှက်သိုက်အမဲ လုံးဝ မခူးရန် ဖြစ်ပါသည်။

၅။ ဧပြီလ(၁၂)ရက် မှ ဇွန်လ လကုန်အထိ(၇၅)ရက်ခန့် ဗီဝဓိုး ငှက်များ ဥ ဥ ရန်အတွက် အသိုက်ပြုလုပ်ရခြင်း၊ ငှက်ငယ်များ ပေါက်ဖွားရန် ဝပ်ချိန်ပေးခြင်းနှင့် ငှက်ငယ်များ အတောင်စုံလင် ၍ လိုရာခရီးသို့ လှည့်လည်ကျက်စားနိုင်ရန်အတွက် ဥဥသား ဖောက်ရန် အနားပေးရပါမည်။

၆။ ဇူလိုင်လပထမပတ်မှ ဒုတိယပတ်ထိ (၁၄)ရက်ခန့် တတိယ အကြိမ်ငှက်သိုက် အဖြူ နှင့်အမဲဆွတ်ခူးရန် ဖြစ်ပါသည်။

၇။ ဩဂုတ်လ(၁)ရက်နေ့မှ နိုဝင်ဘာလ(၂၀)ရက်နေ့ထိ (၄)လခန့် ငှက်သိုက်လုပ်ငန်း ရပ်နားခြင်း၊ ပုဒ်မ(၁၄၄) ထုတ်ပြန်၍ ငှက်သိုက်တောင်များ အနီးတစ်ဝိုက် ရေယာဉ်များ မပတ်စေရန် နှင့် လူသူမတက်စေရန် လုံးဝကာကွယ် တားဆီးခြင်း၊ တောင်ပေါ် ၌ အစောင့်အဖွဲ့ကိုထားရှိခွင့်ပြုခြင်းများ ဆောင်ရွက်ရန် ဖြစ်ပါ သည်။

၈။ နိုဝင်ဘာလ(၂၁)ရက်နေ့မှ လကုန်ထိ စတုတ္ထအကြိမ် ငှက်သိုက် အဖြူနှင့်အမဲဆွတ်ခူးရန် ဖြစ်ပါသည်။

**၉.၅.၂.၂.၄ ၄က်သိုက်စုသိမ်းခွင့်ပြုသည့်ကာလ**

၄က်သိုက်များ စုသိမ်းထုတ်ယူခွင့်ရသူနှင့် ပတ်ဝန်းကျင်ထိန်းသိမ်း ရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ သစ်တောဦးစီးဌာနတို့ စာချုပ်လက်မှတ်ရေးထိုးသည့် ဒီဇင်ဘာလ(၁)ရက် နေ့မှစ၍ နိုဝင်ဘာလ (၃၀)ရက်နေ့အထိ တစ်နှစ်တာကာလ အတွင်းကို လုပ်ငန်းကာလဟု သတ်မှတ်ထားပါသည်။

**၉.၅.၂.၂.၅ ထုတ်လုပ်ခွင့်ပြုသည့် အရွယ်အစားနှင့်ပမာဏ**

၄က်သိုက်များကို သဘာဝအရွယ်အစားအတိုင်း သစ်တောဦးစီးဌာန၏ ညွှန်ကြားချက်များနှင့်အညီ သတ်မှတ်ခွင့်ပြုထားပါသည်။

**၉.၅.၂.၂.၆ ထွက်ရှိမှုတွက်ချက်ခြင်း**

စီမံကိန်းကာလအတွင်း နှစ်စဉ်ထွက်ရှိသည့်တွက်ချက်မှုကို အတွဲ(၂)ဇယား (၉.၅.၂.၁.၁.၁) ဖြင့် ဖော်ပြအပ်ပါသည်။

**၉.၅.၂.၂.၇ အနားပေးကာလ**

တစ်နှစ်တွင်သက်မှတ်ရက်များဖြင့် (၄)ကြိမ်စုသိမ်း၍ ကျန်ကာလများကို အနားပေးကာလအဖြစ်သတ်မှတ်ပါသည်။

**၉.၅.၂.၂.၈ အုပ်ချုပ်လုပ်ကိုင်မှုဆိုင်ရာပြဌာန်းချက်များ**

တနင်္သာရီတိုင်းအတွင်းရှိ ၄က်သိုက်ကျွန်းများကို ၄က်သိုက်ကျွန်း ကြိုးဝိုင်းများ အဖြစ် ၁၉၄၆ ခုနှစ်၊ နိုဝင်ဘာ(၁)ရက်မှ စတင်၍ ဖွဲ့စည်းခဲ့ပြီး ထိန်းသိမ်း ကာကွယ်ခဲ့ပါသည်။

၄က်သိုက်ထုတ်ယူခွင့်ပြုသည့် အရွယ်အစား၊ ထုတ်ယူခွင့်ပြုသည့် အချိန်ကာလ၊ ထုတ်ယူခွင့်ပြုသည့် နေရာဒေသ၊ ထုတ်ယူခွင့်ပြုမည့် နည်းစနစ် နှင့် အခွန်တော်နှုန်းထားများကို ၄က်သိုက်များစုသိမ်း ထုတ်ယူခွင့် သဘောတူညီစာချုပ်တွင် ထည့်သွင်းဖော်ပြထားပါ သည်။

၄က်သိုက်များစုသိမ်းထုတ်ယူခွင့်ပြုခြင်းနှင့် ထုတ်လုပ်ခွင့်ပြုရာတွင် ဇီဝဗိုး ၄က်ငယ်များ မျိုးမသုဉ်းရေး၊ မပျက်စီးမပြုန်းတီးစေဘဲ ဦးရေ တိုးတက်များပြားလာစေရန်နှင့် ၄က်သိုက်ထုတ်လုပ်ခြင်းကို စနစ်တကျ ထိန်းသိမ်း အုပ်ချုပ်နိုင်ရန်အတွက် လိုက်နာရမည့် တာဝန်နှင့် စည်းကမ်းချက်များ ပါဝင်သည့်စာချုပ်အရ ဆောင်ရွက်ရန် ဖြစ်ပါ သည်။

ငှက်သိုက်များ ပြုစုထိန်းသိမ်းခြင်းနှင့် ထုတ်လုပ်ခွင့်ပြုရာတွင် အောက်ပါအတိုင်း အုပ်ချုပ်လုပ်ကိုင်သွားမည် ဖြစ်ပါသည်-

၁။ ဇီဝဖိုးငှက်များ မျိုးမသုဉ်းစေရေးနှင့် ၎င်းတို့၏ နေရင်းဒေသများ မပျက်စီးရေးကို ဂရုပြုလျက် ၎င်းတို့၏ ဦးရေပိုမိုများပြား လာစေ မည့် လုပ်ဆောင်မှုနည်းစနစ်များဖြင့် ပြုစုထိန်းသိမ်း ဆောင်ရွက် သွားရန်၊

၂။ ငှက်သိုက် ထုတ်လုပ်ခြင်းကို စနစ်တကျ လုပ်ကိုင်သွားစေရန် လိုက်နာဆောင်ရွက်ရမည့်စည်းကမ်းနှင့် လုပ်ဆောင်ရမည့်တာဝန်တို့ ပါဝင်သည့် စာချုပ်များချုပ်ဆိုလျှက် ဆောင်ရွက်စေရန် တို့ဖြစ်ပါသည်။

## ၉.၅.၃ ဒီရေတောအလုပ်တိုက်နယ်

### ၉.၅.၃.၁အုပ်ချုပ်လုပ်ကိုင်မှု ရည်ရွယ်ချက်များ

(၁) ဒီရေတောများသည်သဘာဝဘေးအန္တရာယ်များဖြစ်သည့် ရေကြီးခြင်း၊ ဆူနာမီလှိုင်းဒဏ် ခံနိုင်စေခြင်း၊ လေမုန်တိုင်းအန္တရာယ် လျော့ပါးစေခြင်း၊ ရေနေသတ္တဝါ၊ ငါး၊ ပုစွန်၊ ဂဏန်းများ ပေါက်ဖွားရှင်သန်ရာ နေရင်းဒေသဖြစ်ခြင်း၊ သစ်နှင့်သစ်တောထွက်ပစ္စည်းများ ထုတ်လုပ် ပေးရာနေရာဒေသဖြစ်ခြင်း၊ ဒီရေတောများအား စနစ်တကျထိန်းသိမ်း ကာကွယ်ရာတွင် ပြည်သူလူထု ပူးပေါင်းပါဝင်ပြီး အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရန်၊

(၂) ဒီရေတောများ၏ အကျိုးကျေးဇူးရှိမှုအား ဒေသခံပြည်သူများအားလုံး သိရှိနားလည်သဘောပေါက်လာစေပြီး အသိစိတ်ရှိရှိဖြင့် လက်တွဲ ပါဝင်စေပြီး၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ ဒေသခံလူမှုအဖွဲ့ အစည်းများနှင့် ပူးပေါင်း၍ ဒီရေတောများ ပိုမိုရှင်သန်လာစေရေး ကြိုးပမ်းဆောင်ရွက်ရန်၊

(၃) သဘာဝဝန်းကျင်တည်ငြိမ်မှုနှင့် ဂေဟစနစ် မျှတမှုကို ပြန်လည်ရရှိ စေရန်၊

(၄) ဒေသခံပြည်သူလူထု၏ အခြေခံစားဝတ်နေရေး လိုအပ်ချက်များကို ဖြေရှင်းရာတွင် အထောက်အပံ့ ဖြစ်စေရန်၊

### ၉.၅.၃.၂အုပ်ချုပ်လုပ်ကိုင်မှုနည်းလမ်းများ

(၁) ဒီရေတောထိန်းသိမ်းရေးနယ်မြေများကို လက်ရှိတည်ရှိပြီးသော ဒီရေတောများ၊ သဘာဝတောများ၊ စိုက်ခင်းများအားအခြေခံပြီး ဒီရေတောများ

ထပ်မံပျက်စီးမှုမရှိစေရေးနှင့် ဒီရေတောများ ပိုမိုဖြစ်ထွန်းလာစေရေး၊ စိုက်ခင်းများတိုးချဲ့တည်ထောင်ခြင်း၊

(၂) ကြိုးပြင်တောရှိ ဒီရေတောများအား ကြိုးပြင်ကာကွယ်တောဖွဲ့စည်းခြင်း၊ ဒေသခံပြည်သူ အစုအဖွဲ့ပိုင်သစ်တောများအဖြစ် တည်ထောင်ပြီး၊ ဒေသခံများ ကိုယ်တိုင် စနစ်တကျ စီမံအုပ်ချုပ်နိုင်သည့်တောများ ဖြစ်လာစေရန် ဆောင်ရွက်ခြင်းဖြင့် အုပ်ချုပ်လုပ်ကိုင်သွားမည် ဖြစ်ပါ သည်။

## ၉.၅.၃.၂.၁ဒီရေတောသစ်တောများအလုပ်တိုက်နယ်

ဤအလုပ်တိုက်နယ်တွင် ကော့သောင်းခရိုင်အတွင်းရှိ ပါချန်ကြိုးဝိုင်း မှ ဒီရေတောဧရိယာ (၁၅၄၅၂)ဧက၊ ဖွဲ့စည်းတည်ထောင်ထားပြီးဖြစ်သည့် ဒီရေတော ကြိုးပြင်ကာကွယ်တောများဖြစ်သည့် အောင်ဘာဒီရေတော ကြိုးပြင်ကာကွယ်တော (၁၁၂၉)ဧက၊ စူငယ်ဘာလိုင်း ဒီရေတော ကြိုးပြင် ကာကွယ်တော (၁၂၀၂)ဧက၊ အော်ကြီးချောင်း ဒီရေတော ကြိုးပြင်ကာကွယ် တော (၁၆၀၁)ဧက၊ အော်ကြီး (ပုလောကျိုလိ) ဒီရေတောကြိုးပြင်ကာကွယ် တော (၁၁၈၄)ဧက၊ မလိဝမ်း ဒီရေတောကြိုးပြင်ကာကွယ်တော (၂၈၄၇) ဧက၊ ချန်းဖန်း (မပုတေး) ဒီရေတောကြိုးပြင်ကာကွယ်တော(၂၄၆၇)ဧက၊ ချောင်းကဖီး ဒီရေတောကြိုးပြင်ကာကွယ်တော (ဌာနမှ တည်ထောင်ထား သော ဒီရေတောစိုက်ခင်း(၉၀)ဧကအပါအဝင်) ဧရိယာ (၃၄၈၁၉) ဧက၊ ရေင်ကြီး အဆိုပြုကြိုးပြင်ကာကွယ်တောမှ ဧရိယာ (၂၈၇၀၃)ဧက၊ ဒီရေတော ကောင်းမွန်သည့် ကြိုးပြင်တောရှိ တောင်ငယ်ဒေသအနီးရှိ ဒီရေတော ဧရိယာ (၁၀၉၀၀) ဧက၊ ကြိမ်မဲဒေသအနီးရှိ ဒီရေတော (၉၂၁၄) ဧက၊ ဟန်ကချင်း ဒေသအနီးရှိ ဒီရေတော (၁၃၉၉၉)ဧက၊ ဟန်ကဒိုင်းဒေသ အနီးရှိ ဒီရေတော (၂၃၃၀)ဧက၊ ရွှေဂဲညိုဒေသအနီးရှိ ဒီရေတော (၉၃၀၀) ဧက၊ စုစုပေါင်း ဧရိယာ ( ၁၃၅၁၄၇)ဧကဖြင့် ဖွဲ့စည်းထားပါ သည်။

### ၉.၅.၃.၂.၁.၁ အလုပ်တိုက်နယ်နှင့် လုပ်ကွက်စဉ် ဖွဲ့စည်းခြင်း

ဒီရေတောအလုပ်တိုက်နယ်ကို ကော့သောင်းမြို့နယ်မှ လုပ်ကွက်စဉ် (၁)ခုနှင့် ဘုတ်ပြင်းမြို့နယ်မှ လုပ်ကွက်စဉ်(၁)ခု၊ စုစုပေါင်း(၂)ခု ဧရိယာ (၁၃၅၁၄၇)ဧကဖြင့် ဖွဲ့စည်းထားပါသည်။ ဒီရေတော လုပ်ကွက်စဉ် ဧရိယာစာရင်းကို **ဇယား(၉-၅-၃-၂-၁-၁)က** ဖြင့် ဖော်ပြအပ်ပါသည်။

ဒီရေတောစိုက်ခင်းစိုက်ကွက်စဉ်တွင် နှစ်စဉ် စိုက်ကွက်(၃)ကွက်ပါဝင်ပြီး ဧရိယာ (၉၀)ဧကရှိပါသည်။ ဒီရေတော စိုက်ခင်းစိုက်ကွက်စဉ်စာရင်းအား **ဇယား(၉-၅-၃-၂-၁-၁)ခ** ဖြင့် ဖော်ပြအပ်ပါသည်။

## ဒီရေတောအလုပ်တိုက်နယ်ဧရိယာစာရင်း

**ဇယား ၉-၅-၃-၂-၁-၁(က)**

| လုပ်ကွက်စဉ် | ကြိုးဝိုင်း/ကြိုးပြင် အမည် | သဘာဝ (ဒီရေတော) ဧရိယာ | ဒီရေတော စိုက်ခင်း (ဌာန) | စုစုပေါင်း | မှတ်ချက် |
|---|---|---|---|---|---|
| (၁) | (၂) | (၃) | (၄) | (၅) | (၆) |
| I | **ကော့သောင်းမြို့နယ်** | | | | |
| | ပါချန်ကြိုးဝိုင်း | ၁၂၄၂၈ | | ၁၂၄၂၈ | |
| | အောင်ဘာဒီရေတော | ၁၁၂၉ | | ၁၁၂၉ | |
| | စူငယ်ဘာလိုင်း | ၁၂၀၂ | | ၁၂၀၂ | |
| | ပုလောကျိုလိ | ၁၁၈၄ | | ၁၁၈၄ | |
| | အော်ကြီးချောင်း | ၁၆၀၁ | | ၁၆၀၁ | |
| | မလိဝမ်း | ၂၈၄၇ | | ၂၈၄၇ | |
| | ချန်ဖန်း(မပုတေး) | ၂၄၆၇ | | ၂၄၆၇ | |
| | **လုပ်ကွက်စဉ်(I)ပေါင်း** | **၂၂၈၅၈** | | **၂၂၅၈၅၈** | |
| II | **ဘုတ်ပြင်းမြို့နယ်** | | | | |
| | ပါချန်ကြိုးဝိုင်း | ၃၀၂၄ | | ၃၀၂၄ | |
| | ချောင်ကဖီးဒီရေတော | ၃၄၇၂၉ | ၉၀ | ၃၄၈၁၉ | |
| | ရေငံကြီးဒီရေတော | ၂၈၇၀၃ | | ၂၈၇၀၃ | ❖ |
| | တောင်ငယ်ကြိုးပြင် | ၁၀၉၀၀ | | ၁၀၉၀၀ | ❖ |
| | ကြိမ်မဲကြိုးပြင် | ၉၂၁၄ | | ၉၂၁၄ | |
| | ဟန်ကချင်းကြိုးပြင် | ၁၃၉၉၉ | | ၁၃၉၉၉ | |
| | ဟန်ကဒိုင်းကြိုးပြင် | ၂၃၃၀ | | ၂၃၃၀ | |
| | ရွှေဂဲညိုကြိုးပြင် | ၉၃၀၀ | | ၉၃၀၀ | |
| | **လုပ်ကွက်စဉ်(II)ပေါင်း** | **၁၁၂၁၉၉** | | **၁၂၂၈၉** | |
| | **စုစုပေါင်း** | **၁၃၅၀၅၇** | **၉၀** | **၁၃၅၁၄၇** | |

**ဇစ်မြစ်- ခရိုင်သစ်တောဦးစီးဌာန၊ ကော့သောင်းမြို့**

- ချောင်းကဖီးဒီရေတောကြိုးပြင်ကာကွယ်တောသည် (၃၅၆၄၁)ဧက ဖြစ်သော်လည်း ကျူးကျော်နှစ်ရှည်၊ ဥယျာဉ်ခြံ စိုက်ခင်းနှင့်အခြား (၈၂၂)ဧကရှိခြင်းတို့ကြောင့် ၎င်းတို့အား ချန်လှပ်၍ (၃၄၈၁၉)ဧကကိုသာ ဖွဲ့စည်းရခြင်း ဖြစ်ပါသည်။
- ရေင်ကြီးအဆိုပြုကြိုးပြင်တောတွင် မူလအဆိုပြုဧရိယာသည် (၃၂၁၆၀)ဧကဖြစ်သော်လည်း ကြေးတိုင်ပုံစံများ ပြန်လည်ပြုစုရာတွင် စိုက်ပျိုးမြေများပါဝင်သဖြင့် (၂၈၇၀၃)ဧကသာ ဖွဲ့စည်းသင့်သည်ဟုတင်ပြထားပါသဖြင့် ၎င်းဧရိယာကိုသာ ဖွဲ့စည်းရခြင်းဖြစ်ပါသည်။

## ဒီရေတောစိုက်ခင်းများစိုက်ကွက်စဉ်

ဇယား ၉-၅-၃-၂-၁-၁(ခ)

| နှစ်စဉ် စိုက်ကွက် | မြို့နယ် | စိုက်ခင်းတည်နေရာ | ဧရိယာ (ဧက) | ပန္နက် အကွာ အဝေး | တည် ထောင် သည့် ခုနှစ် | မှတ် ချက် |
|---|---|---|---|---|---|---|
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) |
| ၁ | ဘုတ်ပြင်း | ချောင်းကဖီးဒီရေတော ကြိုးပြင်ကာကွယ်တော | ၃၀ | ၆' × ၆' | ၂၀၁၃-၁၄ | |
| | | **နှစ်စဉ်စိုက်ကွက်(၁)ပေါင်း** | **၃၀** | | | |
| ၂ | ဘုတ်ပြင်း | ချောင်းကဖီးဒီရေတော ကြိုးပြင်ကာကွယ်တော | ၃၀ | ၆' × ၆' | ၂၀၁၄-၁၅ | |
| | | **နှစ်စဉ်စိုက်ကွက်(၂)ပေါင်း** | **၃၀** | | | |
| ၃ | ဘုတ်ပြင်း | ချောင်းကဖီးဒီရေတော ကြိုးပြင်ကာကွယ်တော | ၃၀ | ၆' × ၆' | ၂၀၁၅-၁၆ | |
| | | **နှစ်စဉ်စိုက်ကွက်(၃)ပေါင်း** | **၃၀** | | | |
| | | **စိုက်ကွက်စဉ်ပေါင်း** | **၉၀** | | | |

**ဇစ်မြစ်- ခရိုင်သစ်တောဦးစီးဌာန၊ ကော့သောင်းမြို့**

### ၉.၅.၃.၂.၁.၂သစ်ပင်ပေါက်ရောက်မှုအခြေအနေ

သဘာဝပေါက်ပင်များအနေဖြင့် ဖြူးခြေထောက်၊ ဖြူးအုပ်ဆောင်း၊ သမဲ့၊ ပင်လယ်အုန်း၊ ငုက် စသည့်သစ်မျိုးများပေါက်ရောက်လျှက်ရှိ သည်ကို တွေ့ရှိရပါသည်။ သို့ရာတွင် ဤအလုပ်တိုက်နယ်တွင် ပါဝင်သည့် ဧရိယာများအတွင်း သစ်တောသယံဇာတစာရင်း ကောက်ယူခြင်း မပြုလုပ်နိုင် သေးပါ ။

### ၉.၅.၃.၂.၁.၃ သစ်တောစိုက်ပျိုးပြုစုနည်းစနစ်

ဒီရေတောသစ်တောများ အနီးပတ်ဝန်းကျင်နေထိုင်သူများ၏ လူနေမှုအဆင့်အတန်းမြင့်မားလာစေရေးကို ဦးတည်၍ လူထုပူးပေါင်းပါဝင်သော ဒီရေတောပြုစုထိန်းသိမ်းခြင်း၊ဒီရေတောစိုက်ခင်းတည်ထောင် ခြင်း၊ ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောများ တည်ထောင်ခြင်းများ ဆောင်ရွက်သွားမည်။

### ၉.၅.၃.၂.၁.၄ ခုတ်ပတ်

ဒီရေတောသစ်တောများ အလုပ်တိုက်နယ်အတွင်းရှိ ဧရိယာများ အတွင်း သစ်နှင့်သစ်တောထွက်ပစ္စည်းများ ထုတ်လုပ်ရန် လိုအပ်ပါက သစ်တောသယံဇာတ စာရင်းကောက်ယူပြီး ရရှိလာသည့် အချက်အလက်များ အပေါ်မူတည်၍ ထုတ်လုပ်ခွင့်ပြုနိုင်သည့် သင့်တော်သည့် ခုတ်ပတ်ကို သတ်မှတ်ပေးသွားမည်ဖြစ်ပါသည်။

### ၉.၅.၃.၂.၁.၅ထုတ်လုပ်ခွင့်ပြုသည့် အရွယ်အစား

ဒီရေတောသစ်တောများ အလုပ်တိုက်နယ်အတွင်းရှိ ဧရိယာများ အတွင်း သစ်နှင့်သစ်တောထွက်ပစ္စည်းများ ထုတ်လုပ်ရန် လိုအပ်ပါက ထုတ်လုပ်ခွင့်ပြု သည့်အရွယ်အစားနှင့်ပမာဏကို သီးခြားသတ် မှတ်ပေးသွားမည်ဖြစ်ပါသည်။

### ၉.၅.၃.၂.၁.၆ တောထွက်တွက်ချက်ခြင်း

ဒီရေတောထိန်းသိမ်းခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ စိစစ်တွက်ချက် ဆောင်ရွက်သွားမည်။

### ၉.၅.၃.၂.၁.၇အုပ်ချုပ်လုပ်ကိုင်မှုဆိုင်ရာပြဋ္ဌာန်းချက်များ

ကော့သောင်းခရိုင်အတွင်းရှိ ဒီရေတောများ အခွန့်ရှည်ကြာစွာ တည်တံ့ခိုင်မြဲစေရေးအတွက် ဒီရေတော အလုပ်တိုက်နယ်များ ဖွဲ့စည်းစီမံအုပ်ချုပ်ရာတွင် အောက်ဖော်ပြပါ အုပ်ချုပ်လုပ်ကိုင်မှု ဆိုင်ရာပြဋ္ဌာန်းချက်များကို လိုက်နာဆောင်ရွက်ပါမည်-

(၁) ဒီရေတောများအား ဗဟိုဇုံ ( Core Zone)၊ ကြားခံဇုံ ( Buffer Zone)၊ ဖွံ့ဖြိုးရေးဇုံ (Development Zone) အဖြစ် ခွဲခြားစီမံအုပ်ချုပ်သွားမည်၊

(၂) ကမ်းပါးပြိုကျသည့်နေရာများအား ရေထိန်းနံရံများ ပြုလုပ်ပြီး ဒီရေတောအပင်များ ပြန်လည်စိုက်ပျိုးပြီး ခွဲခြားစီမံအုပ်ချုပ် သွားမည်၊

(၃) ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောတည်ထောင်မည့်နေရာများ တွင် ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းဆိုင်ရာ ညွှန်ကြားချက်များအတိုင်း ဆောင်ရွက်ပါမည်။

### ၉.၅.၃.၃ ပြည်သူလူထုပူးပေါင်းပါဝင်ဆောင်ရွက်ခြင်း

ဒီရေတောအလုပ်တိုက်နယ်များဆောင်ရွက်ရာတွင် ပြည်သူလူထု၏ ပူးပေါင်း ပါဝင်ဆောင်ရွက်မှုမှာ အဓိကအခန်းမှ ပါဝင်နေပါသည်။ သစ်တော ဌာနမှ တည်ထောင်ပြီးစိုက်ခင်းများကို ပြည်သူလူထုမှ ကူညီဆောင်ရွက်မှုမရှိဘဲ၊ ဝင်ရောက်ခုတ်ယူပါက အကျိုးမရှိဖြစ်ပါမည်။ ဆက်လက် ထိန်းသိမ်းရန်နှင့် နီးစပ်ရာကျေးရွာများသို့ လွှဲပြောင်း ဆောင်ရွက်သွားပါမည်။ တည်ထောင်ပြီး စိုက်ခင်းများတွင် မီးဘေးအန္တရာယ် မကျရောက်အောင် ထိန်းသိမ်းကာကွယ်ရေး၊ အချိန်မကျမီခွင့်ပြုချက်မရှိဘဲ ဝင်ရောက် ခုတ်ယူခြင်းများ မရှိအောင် ပြည်သူလူထုမှ နားလည်သဘောပေါက်စွာဖြင့် ဝိုင်းဝန်းကူညီရမည်ဖြစ်ပါ သည်။ ဒီရေတောသစ်တောများ ထိန်းသိမ်းကာကွယ်ခြင်းလုပ်ငန်းတွင် ပြည်သူများပူးပေါင်းပါဝင်ကူညီဆောင်ရွက်ရန် စည်းရုံးဆောင်ရွက်သွားရမည်ဖြစ်ပါသည်။ ပြည်သူလူထု အစုအဖွဲ့ပိုင်စိုက်ခင်းများ တည်ထောင်ရေးအတွက် သစ်တောဝန်ထမ်းများမှ ကျေးရွာသို့ ကွင်းဆင်းစည်းရုံးဆောင်ရွက်ရမည် ဖြစ်ပါသည်။ ပြည်သူလူထုများ စိတ်ပါဝင်စားလာပြီး၊ အစုအဖွဲ့ပိုင်စိုက်ခင်းများ တည်ထောင်လာရေးအတွက် ဦးတည်ကြိုးပမ်း ဆောင်ရွက်ကြရမည် ဖြစ်ပါသည်။

### ၉.၅.၃.၄ သစ်တောပညာပေးခြင်း

ဒီရေတောသစ်တောများထိန်းသိမ်းကာကွယ်ခြင်းလုပ်ငန်းတွင် ပြည်သူများပူးပေါင်း ပါဝင်ဆောင်ရွက်ရန်နှင့် ၎င်းတို့ပူးပေါင်းပါဝင်ဆောင်ရွက်ပါမှ အောင်မြင်မည် ဖြစ်ကြောင်း၊ အကျိုးကျေးဇူးကို ပြည်သူလူထုမှ ခံစားရမည်ဖြစ်ကြောင်းတို့ကို လက်တွေ့ဖြစ်ပေါ်နေသော အခြေအနေများနှင့် ထင်ဟပ်၍ သစ်တောပညာပေးခြင်း လုပ်ငန်းများကို သစ်တောဝန်ထမ်းများမှ ကျေးရွာများသို့ရောက်ရှိသောအခါ ဟောပြောဆွေးနွေးခြင်းများ ပြုလုပ်ဆောင်ရွက်လျက်ရှိပါသည်။ ထို့အပြင် သစ်တောဦးစီးဌာနမှ ဖြန့်ဝေပေးသော ကြော်ငြာများ၊ လက်ကမ်း စာစောင်များကို လည်း ကျေးရွာများသို့အရောက် ဖြန့်ဖြူးပေးပါသည်။ သစ်တောသစ်ပင်ကို ချစ်တတ်လာသော လူမျိုးများဖြစ်လာအောင်လည်း အခါအားလျော်စွာ ဟောပြော ဆွေးနွေးခြင်းများ ပြုလုပ်လျက်ရှိပါသည်။

ကော့သောင်းခရိုင်တွင် ဒီရေတောများအား စနစ်တကျ နည်းလမ်းမှန်ကန်စွာ ဖြင့် ထိန်းသိမ်းနိုင်ရေးအတွက် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ အစိုးရမဟုတ် သော အဖွဲ့အစည်းများ၊ ဒေသဆိုင်ရာ လူမှုရေးအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ဆောင်ရွက်သွားပါမည်။

### ၉.၅.၃.၅ အဖွဲ့အစည်းလုပ်ထုံးလုပ်နည်းနှင့် ဥပဒေစည်းမျဉ်းစည်းကမ်းများ ဆိုင်ရာ စီမံခန့်ခွဲမှု

ဒီရေတောများအတွင်း ဒေသခံအစုအဖွဲ့ပိုင်စိုက်ခင်းများ တည်ထောင်ခြင်း အတွက် ဒေသခံအစုအဖွဲ့ပိုင်စိုက်ခင်းတည်ထောင်ခြင်းဆိုင်ရာ ညွှန်ကြားချက်ပါ အချက် အလက်များအတိုင်း သစ်တောဝန်ထမ်းများမှ ဦးဆောင်၍ ပြည်သူလူထုများ စိတ်ပါဝင်စား၍ ပါဝင်ဆောင်ရွက်လာအောင် စည်းရုံးဆောင်ရွက် သွားမည်ဖြစ်ပါ သည်။ တည်ထောင်ပြီးစိုက်ခင်းများ အုပ်ချုပ်ခြင်း၊ ထိန်းသိမ်းခြင်း၊ ထုခွဲရောင်းချ ခြင်းများတွင်လည်း ဝန်ထမ်းများမှလိုအပ်သော နည်းပညာပိုင်းဆိုင်ရာ အကြံဉာဏ် များပေး၍ အောင်မြင်အောင် ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

## ၉.၆ သဘာဝထိန်းသိမ်းရေးနယ်မြေများ

သဘာဝထိန်းသိမ်းရေးနယ်ဆိုသည်မှာ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ၊ သက်ရှိ သက်မဲ့ ဖွဲ့စည်းမှုများ သို့မဟုတ် ထင်ရှားသော ပထဝီအနေအထားများ တည်ရှိသည့် ဒေသ များကို အရှည်တည်တံ့ရေးအတွက် ကာကွယ်ထိန်းသိမ်းရန်အလို့ငှာ ၁၉၉၄ ခုနှစ်တွင်

ပြဋ္ဌာန်းခဲ့သော တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင် များကာကွယ်ရေးနှင့် သဘာဝ နယ်မြေ ထိန်းသိမ်းရေး ဥပဒေအရ သတ်မှတ်သည့်နယ်မြေကို ဆိုလိုခြင်းဖြစ်ပါသည်။

ဤသစ်တောအုပ်ချုပ်လုပ်ကိုင်မှု စီမံကိန်းအပိုဒ် ၉.၆ ရှိသဘာဝထိန်းသိမ်းရေး နယ်မြေ များမှ သစ်တောဦးစီးဌာန၏ တည်ဆဲဥပဒေ၊ နည်းဥပဒေများအရ ကာကွယ်ထိန်းသိမ်း ထားသည့် သဘာဝနယ်မြေများကို ရည်ညွှန်းခြင်း ဖြစ်ပါသည်။ တည်ထောင်ပြီး သဘာဝ ထိန်းသိမ်းရေးနယ်မြေနှင့် အဆိုပြုတင်ပြထားပြီးဖြစ်သည့် သဘာဝထိန်းသိမ်းရေးနယ်မြေ အမျိုးအစားများနှင့် ဧရိယာ အကျယ် အဝန်းကို **ဇယား(၉-၆)**တွင် ဖော်ပြအပ်ပါသည်။

စီမံကိန်းကာလအတွင်း ဖွဲ့စည်းထားသည့် သဘာဝထိန်းသိမ်းရေးနယ်မြေစာရင်းအား **ဇယား(၉-၆)က**တွင် ဖော်ပြအပ်ပါသည်။

## ကော့သောင်းခရိုင်အတွင်း ဖွဲ့စည်းတည်ထောင်ပြီးနှင့်တည်ထောင်ရန် ရည်ရွယ်ထားသည့် သဘာဝထိန်းသိမ်းရေးနယ်မြေများစာရင်း

**ဇယား(၉-၆)**

| စဉ် | သဘာဝထိန်းသိမ်းရေး နယ်မြေများစာရင်း | တည်နေရာ | ဧရိယာအကျယ် အဝန်း (ဧက) | မှတ်ချက် |
|---|---|---|---|---|
| (၁) | (၂) | (၃) | (၄) | (၅) |
| ၁ | လန်ပိအဏ္ဏဝါ အမျိုးသားဥယျာဉ် | ဘုတ်ပြင်း | ၅၀၅၂၉ | ၄၀/(၂၀.၈.၁၉၉၆) |
| ၂ | လေညာအမျိုးသား ဥယျာဉ် | ဘုတ်ပြင်း | ၄၃၆၃၇၇ | ဝန်ကြီးရုံး၏ (၁၈.၃.၂၀၀၂) ရက်စွဲပါအမိန့်ကြော်ငြာစာ အမှတ်၊ ၂၁/၂၀၀၂ ဖြင့် ရည်ရွယ်ကြောင်း ကြေညာ ထားပါ သည်။ |
| | **စုစုပေါင်း** | | **၄၈၆၉၀၅** | |

**ဇစ်မြစ်- ၂၀၁၅ ခုနှစ်၊ ခရိုင်သစ်တောဦးစီးဌာန၊ ကော့သောင်းမြို့။**

**စီမံကိန်းကာလအတွင်းဖွဲ့စည်းထားသည့်သဘာဝထိန်းသိမ်းရေးနယ်မြေများစာရင်း**

**ဇယား(၉-၆)က**

| စဉ် | သဘာဝထိန်းသိမ်းရေး နယ်မြေများစာရင်း | တည်နေရာ | ဧရိယာအကျယ် အဝန်း (ဧက) | မှတ်ချက် |
|---|---|---|---|---|
| (၁) | (၂) | (၃) | (၄) | (၅) |
| ၁ | လန်ပိအဏ္ဏဝါ အမျိုးသားဥယျာဉ် | ဘုတ်ပြင်း | ၅၀၂၁၁ | ကျူးကျော်နှစ်ရှည်၊ ဥယျာဉ်ခြံနှင့်အခြား(၃၁၇) ဧကရှိသဖြင့် ၎င်းတို့အား ချန်လှပ်၍ ဖော်ပြထားခြင်း ဖြစ်ပါသည်။ |
| ၂ | လေညာအမျိုးသား ဥယျာဉ် | ဘုတ်ပြင်း | ၃၅၅၆၆၈ | အမျိုးသားဥယျာဉ်ဖွဲ့စည်းရန် ကြေးတိုင်ပုံစံများ ပြုစုလျက်ရှိရာ (၃၅၅၆၆၈)ဧကကိုသာ အမျိုးသားဥယျာဉ်ဖွဲ့စည်း သွားမည်ဖြစ်ပါသည်။ |
| | **စုစုပေါင်း** | | **၄၀၅၈၇၉** | |

**ဇစ်မြစ်- ၂၀၁၅ ခုနှစ်၊ ခရိုင်သစ်တောဦးစီးဌာန၊ ကော့သောင်းမြို့။**

## ၉.၆.၁ ဂေဟစနစ်များအုပ်ချုပ်လုပ်ကိုင်ခြင်း

သဘာဝထိန်းသိမ်းရေးနယ်မြေများ အုပ်ချုပ်လုပ်ကိုင်ရာတွင် မူလပတ်ဝန်းကျင် သဘာဝ အပင်များနှင့်သတ္တလောကတို့ အပြန်အလှန် အကျိုးပြုမြဲပြုစေရန် အတွက် ဖြစ်တည်လျက်ရှိသော ဂေဟစနစ်များကို ထိန်းသိမ်းအုပ်ချုပ် လုပ်ကိုင်သွားမည် ဖြစ်ပါသည်။

## ၉.၆.၁.၁ အုပ်ချုပ်လုပ်ကိုင်မှုရည်ရွယ်ချက်များ

ကော့သောင်းခရိုင်အတွင်း တည်ထောင်ထားရှိသော လန်ပိအဏ္ဏဝါ အမျိုးသား ဥယျာဉ်တွင် ဂေဟစနစ်များကို ထိန်းသိမ်းကာကွယ်အုပ်ချုပ်လုပ်ကိုင်ရာတွင် အောက်တွင်ဖော်ထားသော ရည်ရွယ်ချက်များကို အခိကထား၍ အကောင် အထည် ဖော်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

(က) တကမ္ဘာလုံး အတိုင်းအတာဖြင့် ခြိမ်းခြောက်ခံနေရသော အပင်နှင့် သတ္တဝါ များ အားလုံးသော အဏ္ဏဝါနေရင်းဒေသများ၊

(ခ) ပါဝင်ပတ်သက်သူများအကြား ဇီဝမျိုးစုံမျိုးကွဲများနှင့်လူမှုစီးပွားရေးဆိုင်ရာ တန်ဘိုးများဆိုင်ရာ ဗဟုသုတနှင့် နားလည်မှုများ မြှင့်တင် ရန်၊

(ဂ) ဒေသခံတို့၏ ဇီဝမျိုးစုံထိန်းသိမ်းရေးနှင့်သယံဇာတဖြစ်သော အသက်မွေးမှု လုပ်ငန်းများ၊ ၎င်းတို့၏ အသုံးပြုမှုန်၊ ဆလုံနှင့် ကမ္ဘာလှည့်ခရီးသွားဇုန် များ၌ လုပ်ငန်းအကောင်အထည်ဖော်ရေး၊ အုပ်ချုပ်ရေးများ ပူးပေါင်းပါဝင်မှု မြှင့်တင်ရန်

(ဃ) သဘာဝသယံဇာတများထိရောက်စွာ စီမံအုပ်ချုပ်နိုင်ရေးနှင့် ထိန်းသိမ်းရေး လုပ်ငန်းများအောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးတွင် လန်ပိအဏ္ဏဝါ အမျိုးသားဥယျာဉ် အုပ်ချုပ်မှုအဖွဲ့၏ စွမ်းဆောင်ရည်ကို တိုးမြှင့်သွားရန်၊

(င) လန်ပိအဏ္ဏဝါအမျိုးသားဥယျာဉ် အုပ်ချုပ်လုပ်ကိုင်မှုစီမံချက်ကို နှစ်စဉ်နှင့် (၅)နှစ်ပြန်လည်သုံးသပ်၊ ပြင်ဆင်တည်းဖြတ်ခြင်းအတွက် အခိကကျသော ဆက်စပ်သတင်းအချက်အလက်များရရှိရေး ရည်မှန်း ဇီဝသုတသနလုပ်ငန်း များ ဆောင်ရွက်ရန်၊

(စ) လန်ပိအဏ္ဏဝါအမျိုးသားဥယျာဉ်၏ ခြိမ်းခြောက်မှုများ လျှော့ချရေး အစီအစဉ်များနှင့်အတူ ဥပဒေစိုးမိုးရေးရည်မှန်းချက်များ အကောင်အထည် ဖော်ရန်။

## ၉.၆.၁.၂ အုပ်ချုပ်လုပ်ကိုင်မှုအမျိုးအစားများ

ဥပဒေဖြင့် သတ်မှတ်ထားသော သဘာဝထိန်းသိမ်းရေးနယ်မြေ အမျိုးအစား ကွဲပြားသည်နှင့်အမျှ ၎င်းတို့၏ ဂေဟစနစ်ကို ထိန်းသိမ်းအုပ်ချုပ်လုပ်ကိုင်သည့် နည်းလမ်းများ ကွဲပြားမည် ဖြစ်ပါသည်။

## ၉.၆.၁.၂.၁ လုံးဝကာကွယ်ထိန်းသိမ်းထားသော သဘာဝကြိုးဝိုင်း

ဖော်ပြရန် မရှိပါ။

## ၉.၆.၁.၂.၂ အမျိုးသားဥယျာဉ်

### လန်ပိအဏ္ဏဝါအမျိုးသားဥယျာဉ်

ကော့သောင်းခရိုင်၊ ဘုတ်ပြင်းမြို့နယ်တွင် လန်ပိကျွန်းအားလန်ပိ အဏ္ဏဝါ အမျိုးသား ဥယျာဉ်အဖြစ် သဘာဝနယ်မြေ သတ်မှတ် တည်ထောင်လျက်ရှိပါသည်။

၁၉၉၆ ခုနှစ်၊ ဖေဖော်ဝါရီလ(၂၈)ရက်နေ့တွင် ကျင်းပသည့် အစိုးရအဖွဲ့ အစည်းအဝေး အမှတ်စဉ်(၈/၉၆)မှ လန်ပိကျွန်းအား အမျိုးသားအဏ္ဏဝါဥယျာဉ် အဖြစ် တည်ထောင်ရန် သဘောတူဆုံးဖြတ်ခဲ့ပါသည်။

ပြည်ထောင်စုမြန်မာနိုင်ငံ၊ သစ်တောရေးရာဝန်ကြီးဌာန၊ ဝန်ကြီးသည် ၁၉၉၄ ခုနှစ်တွင် ပြဋ္ဌာန်းထားသည့် တောရိုင်းတိရစ္ဆာန်နှင့်သဘာဝအပင်များကာကွယ်ရေးနှင့် သဘာဝနယ်မြေများ ထိန်းသိမ်းရေးဥပဒေ ပုဒ်မ - ၈ ပုဒ်မခွဲ(က)အရ၊ အပ်နှင်းထားသည့် အခွင့်အာဏာများကိုသုံးစွဲလျက် တနင်္သာရီတိုင်းဒေသကြီး၊ ဘုတ်ပြင်းမြို့နယ်အတွင်းရှိ မြောက်လတ္တီတွဒ် ၁၀ ဒီဂရီ ၄၁ မိနစ်မှ ၁၀ ဒီဂရီ ၅၉ မိနစ် နှင့် အရှေ့လောင်ဂျီတွဒ် ၉၈ ဒီဂရီ ၀၄ မိနစ် မှ ၉၈ ဒီဂရီ ၁၈ မိနစ် အတွင်းတည်ရှိသော လန်ပိကျွန်းနှင့်၎င်း၏ အရံကျွန်းငယ်များပါဝင်သည့် ဧရိယာအကျယ်အဝန်း ၇၉.၀၉ စတုရန်းမိုင်ရှိ နယ်မြေဒေသကို လန်ပိအဏ္ဏဝါ အမျိုးသားဥယျာဉ်အဖြစ် ၁၉၉၆ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၈)ရက်နေ့မှစ၍ သတ်မှတ် တည်ထောင်ထားပါသည်။

သစ်တောရေးရာဝန်ကြီးဌာန၊ ဝန်ကြီးရုံး၏ (၂၀.၈.၉၆)ရက်စွဲပါ အမိန့် ကြော်ငြာစာအမှတ် (၄၀/၉၆)ဖြင့် လန်ပိအဏ္ဏဝါအမျိုးသားဥယျာဉ်ကိုနယ်နိမိတ် အလားအလာများ သတ်မှတ်ဖော်ပြထားပါသည်။

လန်ပိအဏ္ဏဝါ အမျိုးသားဥယျာဉ် သဘာဝနယ်မြေအတွင်း အောက်ဖော်ပြပါ တားမြစ်ချက်များကို မပြုလုပ်ရန် တားမြစ်ထားပါ သည်-

(က) လန်ပိကျွန်းပတ်လည် ရေစစ်မျဉ်းမှ(၂)မိုင် ပတ်ဝန်းကျင်တွင် မည်သည့် ငါးဖမ်းရေယာဉ်မှ ငါးဖမ်းခြင်း၊

(ခ) သဘာဝနယ်မြေအတွင်း သက်ရှိသက်မဲ့ ဖွဲ့စည်းမှုကိုဖြစ်စေ၊ သဘာဝအနေ အထား တစ်ခုခုကိုဖြစ်စေ ဖျက်ဆီးခြင်း၊

(ဂ) ကျူးကျော်ဝင်ရောက်နေထိုင်ခြင်း၊

(ဃ) အိမ်မွေးတိရစ္ဆာန်များ စားကျက်ချခြင်း သို့မဟုတ် ကျူးကျော်ဝင်ရောက် စေခြင်း၊

(င) ရေစီးရေလာပျက်စီးစေခြင်း၊ ရေတွင်အဆိပ်ခတ်ခြင်း၊ ဓာတုဗေဒပစ္စည်း သို့မဟုတ် ပေါက်ကွဲစေတတ်သော အရာများကို အသုံးပြုခြင်း၊

(စ) မြေကိုခုတ်ထွင်ခြင်း၊ ရှင်းလင်းခြင်း၊ တူးဆွခြင်း သို့မဟုတ် မူလအနေ အထားကို ယိုယွင်းစေခြင်း၊

(ဆ) တိရစ္ဆာန်များကို ဖမ်းဆီးခြင်း၊ အမဲလိုက်ပစ်ခတ်ခြင်း၊

(ဇ) မီးကူးစက်ပြန့်ပွားစေနိုင်သော မီးမွေးခြင်း၊ မီးဖိုခြင်း၊ မီးသယ်ယူခြင်း သို့မဟုတ် မီးကြွင်းမီးကျန်များထားရှိခြင်း၊

(ဈ) မည်သည့်သစ်ပင်ကိုမဆို ခုတ်ခြင်း၊ ပိုင်းဖြတ်ခြင်း၊ သင်းသတ်ခြင်း၊ ထစ်မှတ်ခြင်း၊ ချိုးဖြတ်ခြင်း၊ ဖောက်ထွင်းခြင်း သို့မဟုတ် အခြားနည်းဖြင့် ဖျက်ဆီးခြင်း စသည်တို့ကို တားမြစ်ထားပါသည်။

လန်ပိအဏ္ဏဝါအမျိုးသားဥယျာဉ် သဘာဝနယ်မြေအတွင်း ခွင့်ပြုသည့် ဆိုင်ရာ ဆိုင်ခွင့်နှင့် အခွင့်အရေးများမရှိပါ။ (သဘာဝနယ်မြေအဖြစ်ဖွဲ့စည်း သတ်မှတ် ရခြင်း၏ရည်ရွယ်ချက်မှာ ရေ၊ မြေ၊ တောတောင် ပတ်ဝန်းကျင်တို့ကို သဘာဝ အတိုင်း ထိန်းသိမ်းထားရန်နှင့် မြို့ရွာသာယာလှပတင့်တယ်စေရေးအတွက် ဖွဲ့စည်းသတ်မှတ်ထားခြင်းဖြစ်ပြီး အဆိုပါသဘာဝနယ်မြေအတွင်း မည်သည့် သစ်တောထွက်ပစ္စည်းကိုမျှ ထုတ်လုပ်ခွင့်ပြုမည်မဟုတ်ပါ။ သဘာဝနယ်မြေ အတွင်း လန်ပိကျွန်းပေါ်တွင် ငါးဖမ်းခြင်း၊ သတ္တုလုပ်ငန်းတူးဖော်ခြင်း တို့ကို လည်းခွင့်ပြုမည် မဟုတ်ကြောင်း ကာကွယ်တားမြစ်ထားပါ သည်။) အထက် ဖော်ပြပါတားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ပါက သစ်တော

ရေးရာဝန်ကြီးဌာန၊ တောရိုင်းတိရစ္ဆာန်နှင့်သဘာဝအပင်များကာကွယ်ရေးနှင့် သဘာဝနယ်မြေထိန်းသိမ်းရေး ဥပဒေအရ အရေးယူခြင်းခံရမည်ဖြစ်ကြောင်း ဖော်ပြပါ ရှိထားပါသည်။

**၉.၆.၁.၂.၃ သဘာဝထူးခြားသည့်မြေပြင်လက္ခဏာ**

သဘာဝအလျောက် ဖြစ်တည်လျက်ရှိသောထူးခြားရှားပါးသည့် မြေပြင်အသွင်သဏ္ဍာန်တို့ကို အပန်းဖြေရန်အဖြစ်လည်းကောင်း၊ ခရီးသွားလုပ်ငန်းကို အထောက်အကူပြုစေရန်အတွက်လည်းကောင်း ရည်ရွယ်၍ထိန်းသိမ်းကာကွယ် အုပ်ချုပ်လုပ်ကိုင်ရမည် ဖြစ်ပါသည်။

**၉.၆.၁.၂.၄ တောရိုင်းတိရစ္ဆာန်နှင့်သဘာဝဘေးမဲ့တော**

ဖော်ပြရန် မရှိပါ။

**၉.၆.၁.၂.၅ ကာကွယ်ထိန်းသိမ်းထားသော တောတောင်ရေမြေရှုခင်း**

ဖော်ပြရန် မရှိပါ။

**၉.၆.၁.၂.၆ သဘာဝသယံဇာတအရင်းအမြစ်ကြိုးဝိုင်း**

ဖော်ပြရန် မရှိပါ။

**၉.၆.၁.၂.၇ ဇီဝဆိုင်ရာသဘာဝနယ်မြေ**

ဖော်ပြရန် မရှိပါ။

**၉.၆.၁.၂.၈ ဘက်စုံအသုံးချရေးအုပ်ချုပ်လုပ်ကိုင်မှုနယ်မြေ**

ဖော်ပြရန် မရှိပါ။

**၉.၆.၁.၂.၉ ဇီဝဝန်းကျင်ကြိုးဝိုင်း**

ဖော်ပြရန် မရှိပါ။

**၉.၆.၁.၂.၁၀ ကမ္ဘာ့အမွေအနှစ်ထိန်းသိမ်းရေးကြိုးဝိုင်း**

ဖော်ပြရန် မရှိပါ။

**၉.၆.၁.၂.၁၁ အခြားကြိုးဝိုင်းများ**

ဖော်ပြရန် မရှိပါ။

### ၉.၆.၁.၃ ဥယျာဉ်စီမံအုပ်ချုပ်လုပ်ကိုင်ခြင်း

လန်ပိအဏ္ဏဝါအမျိုးသားဥယျာဉ်အား စီမံလုပ်ကိုင်ရာတွင် ဥယျာဉ်ဧရိယာအတွင်း ဖြစ်တည်လျက်ရှိသော ဂေဟစနစ်များကို ရေရှည်ကာကွယ်ထိန်းသိမ်းပြီး လူတို့၏ ဝင်ရောက်စွက်ဖက်မှုမှ ကင်းလွတ်စွာဖြင့် စီမံအုပ်ချုပ်လုပ်ကိုင်ပါသည်။

လန်ပိအဏ္ဏဝါအမျိုးသားဥယျာဉ်ဖွဲ့စည်း၍ စီမံအုပ်ချုပ်ခြင်း၏ အဓိကရည်ရွယ်ချက်များမှာ -

(က) ကုန်းပိုင်းနှင့်အဏ္ဏဝါပိုင်းဆိုင်ရာ ဇီဝမျိုးစုံမျိုးကွဲများနှင့် ၎င်းတို့၏ ဂေဟစနစ်များ ထိန်းသိမ်းကာကွယ်ရန်၊

(ခ) လန်ပိကျွန်းစုဒေသရှိ ဒီရေတောဂေဟစနစ်နှင့် ကမ်းခြေရေတိမ်ဒေသ ဂေဟစနစ်များ ထိန်းသိမ်းကာကွယ်ရန်၊

(ဂ) ပတ်ဝန်းကျင်မပျက်စီးစေသော နည်းစနစ်ဖြင့် ပြည်သူများအပန်းဖြေအနားယူနိုင်ရန်၊

(ဃ) အဏ္ဏဝါဇီဝဆိုင်ရာ သုတေသနလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန်တို့ဖြစ်ပါသည်။

ဥယျာဉ်ဧရိယာနယ်နိမိတ်အတွင်း ခါတ်သတ္တုတူးဖော်ခြင်း၊ သစ်ဝါး ထုတ်လုပ်ခြင်း၊ သားရိုင်းတိရစ္ဆာန်များအမဲလိုက်ခြင်း၊ ဆည်၊ ကန်၊ တာတမံများ တည်ထောင်ခြင်းများကို လုံးဝကာကွယ်တားမြစ်ထားပါသည်။ သို့သော် ဥယျာဉ်ဧရိယာအတွင်း တည်ရှိပြီးဖြစ်သော မကျုံဂလက် ကျေးရွာ၊ ဝါးကျွန်းကျေးရွာ နှင့် ဆလုံကျေးရွာများအတွက်ကိုမူ ၎င်းတို့၏လူမှုစီးပွားရေးကို မထိခိုက်စေရန်အတွက် ချွင်းချက်များထားရှိ ထားပါ သည်။

#### ၉.၆.၁.၃.၁ဝန်ထမ်းအင်အား

လန်ပိအဏ္ဏဝါအမျိုးသားဥယျာဉ် ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ရန် အုပ်ချုပ်ရေးမှူးရုံးကို ဘုတ်ပြင်းမြို့တွင် ဖွင့်လှစ်ပြီး လက်ရှိတွင် အရာထမ်း (၁)ဦး၊ အမှုထမ်း(၆)ဦး၊ စုစုပေါင်း(၇)ဦး၊ ပုတ်ပြတ်(၃)ဦး တို့ဖြင့် ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်နေပါသည်။

**၉.၆.၁.၃.၂ ဆောင်ရွက်ပြီးလုပ်ငန်းများ**

၂၀၀၃ ခုနှစ်တွင် အာဆီယံအမွေအနှစ်ဥယျာဉ် ( ASEAN Heritage Park-AHP) အဖြစ်သတ်မှတ်ပေးခဲ့ပြီး၊ အာဆီယံဇီဝမျိုးစုံမျိုးကွဲဗဟိုဌာန ( ASEAN Centre for Biodiversity-ACB)၏ အထောက်အပံ့ဖြင့် ဇီဝမျိုးစုံမျိုးကွဲများ ရေရှည်တည်တံ့ရေး ထိန်းသိမ်းရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါသည်။ သစ်တောဦးစီးဌာနနှင့် အီတလီနိုင်ငံ Istituto Oikos တို့ ၂၀၁၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလမှ ၂၀၁၁ ခုနှစ်၊ ဖေဖော်ဝါရီလ အထိ(၁)နှစ်သက်တမ်းရှိသော ဆွေးနွေးချက်မှတ်တမ်း ( Record of Discussion – RoD) အား လက်မှတ်ရေးထိုးပြီး ဇီဝမျိုးစုံမျိုးကွဲနှင့် ဒေသခံပြည်သူများဆိုင်ရာ အချက်အလက်များ ကောက်ယူခြင်းများ ပြုလုပ်ခဲ့ပါသည်။

ဘုတ်ပြင်းမြို့နယ်တွင် အုပ်ချုပ်ရေးမှူးရုံးတည်ဆောက်ခြင်း၊ ဝန်ထမ်း နေအိမ် (၂)ခန်းတွဲ (၁)လုံးတည်ဆောက်ခြင်း၊ ထိန်းသိမ်းရေးကင်းလှည့်စခန်းများ ဆောက်လုပ်ခြင်း၊ ဆက်သွယ်ရေးကိရိယာများနှင့် လုပ်ငန်းသုံးပစ္စည်းများ ဖြည့်ဆည်းခြင်းတို့အား ဆောင်ရွက်ခဲ့ပါသည်။

**၉.၆.၁.၃.၃ နိုင်ငံတကာအဖွဲ့အစည်းများနှင့်ပူးပေါင်းဆောင်ရွက်ခြင်း**

Istituto Oikos နှင့်ပူးပေါင်း၍ (၄)နှစ်သက်တမ်းရှိသော သဘောတူညီမှုစာချွန်လွှာ ( MoA)ကို ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ (၃)ရက်နေ့တွင် လက်မှတ်ရေးထိုးပြီး၊ လန်ပိအဏ္ဏဝါအမျိုးသားဥယျာဉ်အတွင်း ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းကာကွယ်ခြင်း၊ မျိုးစိတ်များလေ့လာဖော်ထုတ်ခြင်း၊ အုပ်ချုပ်လုပ်ကိုင်မှုစီမံချက် ( Park Management Plan)အား ဆက်စပ်ပတ်သက်သူများ အကြံပြုဆွေးနွေးမှုဖြင့် ရေးဆွဲဆောင်ရွက်ခဲ့ပြီး အုပ်ချုပ်လုပ်ကိုင်မှုစီမံချက် အကောင်အထည်ဖော်ခြင်းကို Istituto Oikos နှင့် သစ်တောဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

Istituto Oikos မှ ဝန်ထမ်းများ၊ ဥယျာဉ်မှ ဝန်ထမ်းများပူးပေါင်း၍ ကင်းလှည့်ထိန်းသိမ်းခြင်း၊ လူထုပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ တောရိုင်းတိရစ္ဆာန်များ မှတ်တမ်းတင်ခြင်း၊ သင်တန်းများ ပို့ချခြင်းလုပ်ငန်းများဆောင်ရွက်လျှက်ရှိပါသည်။ Istituto Oikos မှ ဥယျာဉ်အတွက် လိုအပ်သော လုပ်ငန်းသုံးပစ္စည်းများပံ့ပိုးပေးခြင်း၊ ဥယျာဉ်ဝန်ထမ်းများအား လုပ်ငန်းရာသီချိန်တွင် ရန်ပုံငွေ ပံ့ပိုးပေးခြင်းများ ဆောင်ရွက်ပေးလျှက်ရှိပါသည်။

## ၉.၆.၁.၃.၃ဥယျာဉ်ဝန်ထမ်းများမှ ဆောင်ရွက်လျက်ရှိသည့်လုပ်ငန်းများ

လန်ပိအဏ္ဏဝါအမျိုးသားဥယျာဉ်မှ ဝန်ထမ်းများ ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများအနေဖြင့် ကင်းလှည့်ထိန်းသိမ်းရေးလုပ်ငန်း၊ အပင်နှင့်တောရိုင်း တိရစ္ဆာန်ထိန်းသိမ်းရေးလုပ်ငန်း၊ လူထုပညာပေးရေးလုပ်ငန်း၊ ဝန်ထမ်းများ စွမ်းဆောင်ရည်မြင့်မားရေးလုပ်ငန်း၊ ငှက်မျိုးစိတ်စာရင်းလေ့လာခြင်း၊ ပညာ ပေးဆိုင်းဘုတ်နှင့်တားမြစ်ဆိုင်းဘုတ်များ စိုက်ထူခြင်းလုပ်ငန်းတို့ဖြစ်ပါသည်။

## ၉.၆.၁.၃.၄စီမံကိန်းကာလအတွင်း ဆောင်ရွက်မည့်လုပ်ငန်းအစီအမံ

လန်ပိအဏ္ဏဝါအမျိုးသားဥယျာဉ်မှ စီမံကိန်းကာလ (၂၀၁၆-၂၀၁၇ ခုနှစ် မှ ၂၀၂၅-၂၀၂၆ အထိ) ဆောင်ရွက်မည့်လုပ်ငန်းအစီအမံများကို **အတွဲ(၂)၊ ဇယား (၉-၆-၁-၃-၄)** ဖြင့် ဖော်ပြထားပါသည်။

## ၉.၆.၁.၄ တရားဥပဒေစိုးမိုးရေး

လန်ပိအဏ္ဏဝါအမျိုးသားဥယျာဉ်ကို တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေများထိန်းသိမ်းရေးဥပဒေကို ၁၉၉၄ ခုနှစ်တွင် ပြဋ္ဌာန်းပြီးဖြစ်ပါ၍ ယင်းဥပဒေတွင် ဖော်ပြထားသည့်အတိုင်း တိကျစွာ အကောင် အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ထို့အပြင်ဒေသတွင်းနှင့် အပြည်ပြည်ဆိုင်ရာ ပင်လယ်ပြင်ထိန်းသိမ်းရေး အစီအစဉ် အပါအဝင် "ပင်လယ်ပြင်ထိန်းသိမ်းရေးဥပဒေ(၁၉၉၄)" ၏ တာဝန်များ ဖြည့်ဆည်း ပေးနိုင်ရန်အတွက် ငါးလုပ်ငန်းဦးစီးဌာန၏ ငါးမဖမ်းရဇုန် ကြေငြာချက်နှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ မြို့နယ်အဆင့် ထပ်ဆင့်ကြေငြာချက်များဖြင့် ထပ်မံအားဖြည့်ခဲ့ပါသည်။

## ၉.၆.၁.၅ ကြားခံနယ်မြေအုပ်ချုပ်လုပ်ကိုင်ခြင်း

လန်ပိအဏ္ဏဝါအမျိုးသားဥယျာဉ်ကို အုပ်ချုပ်လုပ်ကိုင်ရာတွင် ဒေသခံပြည်သူ အစုအဖွဲ့များ၏ အခြေခံလိုအပ်ချက်ဖြစ်သော သစ်၊ ထင်း၊ ဝါး အစရှိသည့် သစ်တောထွက်ပစ္စည်းများကိုသာ စနစ်တကျထုတ်ယူစေ၍ ကြားခံနယ်မြေကို ဖွဲ့စည်းတည်ထောင်အုပ်ချုပ်လုပ်ကိုင်ပါသည်။ လန်ပိ အဏ္ဏဝါအမျိုးသားဥယျာဉ်ကို ဇုန်(၄)ခု ပိုင်းခြားသတ်မှတ်ထားပါသည်။ ၎င်းတို့မှာ-

(က) အဓိက သယံဇာတ ထိန်းသိမ်းရေးဇုန်

(ခ) သဘာဝတောရုန်းဇုန်

(ဂ) ဆလုံယဉ်ကျေးမှုဇုန်

(ဃ) ဒေသအသုံးပြုဇုန်နှင့်ကြားခံနယ်မြေဇုန် များဖြစ်ကြပါသည်။

## ၉.၆.၁.၆ ပညာပေးအစီအစဉ်

လန်ပိအဏ္ဏဝါအမျိုးသားဥယျာဉ်ရှိ ဂေဟစနစ်များကို ထိန်းသိမ်းအုပ်ချုပ်ရာတွင် သက်ဆိုင်ရာဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြင့်မားစေရန် အရေးကြီးသည်နှင့်အမျှ ဒေသခံပြည်သူများ တစ်ဦးချင်းသော်လည်းကောင်း၊ အစုအဖွဲ့အလိုက် သော်လည်းကောင်း၊ သဘာဝတောတောင် ရေမြေ ထိန်းသိမ်းကာကွယ်ရေး အသိစိတ်ဓါတ်များ နိုးကြားတက်ကြွပြီး မည်သို့ လုပ်ကိုင်ဆောင်ရွက်ရမည်ကို သိရှိနားလည်ရန် အလွန်အရေးကြီးပါ သည်။

သို့ဖြစ်ပါ၍ ဝန်ထမ်းများအတွက် လုပ်ငန်းခွင်သင်တန်းများ၊ သရုပ်ပြအစီအစဉ်များ၊ ပြည်တွင်းပြည်ပအဆင့်မြင့်သင်တန်းများ ဆင့်ကဲဆင့်ကဲပို့ချပေး သွားမည်ဖြစ်ပါသည်။ ဒေသခံ ကျေးလက်ပြည်သူ အမျိုးသမီးများအတွက် ဟောပြောပွဲများ၊ အလွတ်သဘော တွေ့ဆုံဆွေးနွေးပွဲများ၊ သစ်ပင်စိုက်ပျိုးရေး လက်တွေ့သင်တန်းများကို လက်ကမ်းစာစောင်၊ ရုပ်ရှင်၊ ဗွီဒီယိုများနှင့် တွဲဖက်၍ ဆောင်ရွက်ထားပါသည်။

သစ်တောဦးစီးဌာနနှင့် အပြည်ပြည်ဆိုင်ရာအပင်နှင့် တောရိုင်းတိရစ္ဆာန်အဖွဲ့ (FFI)တို့ ပူးပေါင်းကျင်းပသည့် မြန်မာ့ကမ်းရိုးတန်းရှိ သန္တာကျောက်တန်းများ လေ့လာမှုဆိုင်ရာသင်တန်း ( Training on coral reef survery by check method in costal water of Myanmar) ကို ၂၀၁၄ - ခုနှစ်၊ ဇန်နဝါရီလ (၂၄)ရက်နေ့မှ (၃၀)ရက် နေ့အထိ လန်ပိအဏ္ဏဝါအမျိုးသားဥယျာဉ်တွင် ကျင်းပဆောင်ရွက်ခဲ့ပါ သည်။

## ၉.၆.၁.၇ သဘာဝအခြေခံခရီးသွားလုပ်ငန်း

လန်ပိအဏ္ဏဝါအမျိုးသားဥယျာဉ်တွင် လေ့လာကြည့်ရှုအပန်းဖြေနိုင်သည့် အခွင့်အလမ်းများအနေဖြင့်-

(က) ပင်လယ်ကမ်းခြေတွင် အပန်းဖြေအနားယူကာ ရေကူးလှေလှော်ပြု လုပ်နိုင်ခြင်း၊

(ခ) ပင်လယ်ရေတိမ်ဒေသပတ်ဝန်းကျင်ရှုခင်းနှင့် ဇီဝမျိုးစုံများအားလေ့လာ ခံစားနိုင်ခြင်း၊

(ဂ) ပင်လယ်ရေတိမ်ပိုင်း၊ ရေအောက်ရှိ သန္တာကျောက်တန်း၊ ကျောက်ခတ်များ လေ့လာခံစားနိုင်ခြင်း၊

(ဃ) ဇီဝစိုးငှက်မျိုးစိတ်များ၏ငှက်သိုက်တည်ဆောက်မှုနှင့် ဂေဟစနစ်များလေ့လာနိုင်ခြင်း၊

(င) ဆလုံလူမျိုး၏ ဓလေ့ရိုးရာများကို လေ့လာနိုင်ခြင်း စသည့်အခြေခံ ကောင်းများကြောင့် သဘာဝအခြေခံခရီးသွားလုပ်ငန်း ဖော်ဆောင်ရန် အထူးကောင်းမွန်ပါသည်။

ဒီရေတောဆက်စပ်နေသော မြစ်ချောင်းများနှင့် သန္တာဂေစနစ်များမှ ရေလုပ်ငန်းဖွံ့ဖြိုးမှု၊ ဂေဟစနစ်များတည်ငြိမ်မှုနှင့် သဘာဝကိုအခြေခံသော ခရီးသွားလုပ်ငန်းဖော်ဆောင်ရေးအတွက်စီးပွားရေးအတွက် လွန်စွာအရေးပါသည့်အတွက်ထိန်းသိမ်းသွားရန် အထူးအရေးကြီးပါ သည်။

လန်ပိကျွန်း၌ သာတောင့်သာယာရှိသည့် ပတ်ဝန်းကျင်နယ်မြေနေရာရှိသော နေရာများနှင့် ရေချိုရရှိနိုင်သောနေရာများရှိရာ၊ ထိုနေရာများ၌ သဘာဝကို အခြေခံသော ခရီးသွားလုပ်ငန်းဖော်ဆောင်ရန် သင့်တော်ပါ သည်။

လန်ပိကျွန်းဒေသအတွင်း တည်ရှိသည့် သဘာဝသစ်တောများ၊ သဲသောင်ကမ်းခြေများ၊ မြစ်/ချောင်းများ၊ အဏ္ဏဝါရေပြင်အခြေအနေများမှ ခရီးသွားများအားကောင်းစွာ စွဲဆောင်နိုင်စွမ်းရှိပါသည်။

လန်ပိအဏ္ဏဝါ အမျိုးသားဥယျာဉ်ဒေသသည် ညစ်ညမ်းမှုကင်းမဲ့ခြင်း၊ သဘာဝအနေအထား လှပတင့်တယ်ခြင်း၊ ကျွန်းများအပေါ်တွင် သဘာဝသစ်တောပေါက်ရောက်မှု ကောင်းမွန်ခြင်း၊ ပင်လယ်ရေကြည်လင်ခြင်း၊ အဏ္ဏဝါဇီဝမျိုးစုံမျိုးကွဲများ စုံလင်နေခြင်းတို့ကြောင့် သဘာဝကို အခြေခံသော ခရီးသွားလုပ်ငန်းဖော်ဆောင်ရန် အထူးသင့်တော်ပါသည်။ သဘာဝကိုအခြေခံသော ခရီးသွားလုပ်ငန်းမှာ တောတောင်သဘာဝကို အခြေခံလာရာမှ နောက်ပိုင်းတွင် ပင်လယ်ပြင်ကို

အခြေခံကာ ရေငုတ်ခြင်းကို အဓိကစိတ်ဝင်စားလာကြောင်း သိရှိရပါသည်။ ရေတိမ်သောနေရာများတွင် သန္တာများ၊ ရေသတ္တဝါများနှင့် အပင်မျိုးစုံတို့၏ သဘာဝအလှကို ခံစားကြခြင်း၊ သဘာဝအကြောင်းလေ့လာကြခြင်း၊ ရေနက်ပိုင်းတွင် ငါးမန်းများနှင့် အခြားအရွယ်အစားကြီးမားသော ရေသတ္တဝါတို့နှင့် တရင်းတနှီး လက်ပွန်းတတီး ရေအောက်တွင်လှုပ်ရှားရသည့် စွန့်စားမှုဆန်သော အတွေ့အကြုံ တို့ကိုလည်း ပို၍ပို၍ ရှာမှီးလာကြသဖြင့် ရေငုတ်အဖွဲ့များမှာ ကမ္ဘာနှင့်အဝန်း ကျယ်ကျယ်ပြန့်ပြန့် ဖွဲ့စည်းလှုပ်ရှားလာကြပါသည်။

အတွေ့အကြုံရှိသူ ပညာရှင်များ၏ ပြောပြချက်အရ ငါးမန်းကြီးကဲ့သို့ သတ္တဝါများကျက်စားပါက နိုင်ငံတကာမှ ရေငုတ်ဝါသနာရှင်များမှာ မဖြစ်မနေလာရောက်ကြမည်ဖြစ်ကြောင်း သိရှိရပါသည်။ ဝေလငါးကြီးများမှာလည်း လန်ပိကျွန်းအနီးနှင့် မသေကမ်းခြေနေရာအနှံ့တွင် မကြာခဏ ကမ်းတင်လေ့ရှိရာ မိမိတို့ရေပြင်၌ အိန္ဒိယသမုဒ္ဒရာမှ ဝေလငါးများလည်း ကျက်စားနေသည်ဟု တွက်ဆရပါသည်။ လင်းပိုင်များမှာ ရေကြောင်းလမ်းခရီးတစ်လျှောက် နေရာအနှံ့အပြား တွေ့ရှိခဲ့ရာ ခရီးသွားများအား ဆွဲဆောင်မှုပြုလုပ်နိုင်သော အခြေခံကောင်းပင် ဖြစ်ပါသည်။

လန်ပိဒေသတွင် သဘာဝကို အခြေခံသောခရီးသွားလုပ်ငန်း ဖော်ဆောင်ရာတွင် အခြေခံအဆောက်အအုံတည်ရှိမှု၊ လုံခြုံရေးအခြေအနေတို့အပေါ် အခြေခံကာ စဉ်းစားရပါမည်။ လန်ပိကျွန်းမှာ ဝေးလံသောဒေသတွင် တည်ရှိပြီး သဘာဝကို အခြေခံသောခရီးသွားများ ရေငုတ်ရာတွင်လည်းကောင်း၊ တောသဘာဝကို လေ့လာရာတွင်လည်းကောင်း၊ အန္တရာယ်ရှိတန်သလောက် ရှိနိုင်သဖြင့် အန္တရာယ်ကင်းရှင်းရန်နှင့် ပေါ်ပေါက်လာပါကလည်း အမြန်ဆုံးအရေးယူဆောင်ရွက်သွားနိုင်ရန် နည်းလမ်းများကြိုတင် စီမံထားရန် လိုအပ်ပါမည်။ ထို့အတူ ရောဂါဘယ ကာကွယ်ကုသရေး အစီအမံများကိုလည်း ပြုလုပ်ထားရန် လိုပါမည်။ အရေးကိစ္စများပေါ်လာပါက အမြန်ဆုံးဆက်သွယ်အကြောင်းကြားရန်နှင့် ပို့ဆောင်နိုင်ရန် အစီအစဉ်များလည်း ရှိထားရပါမည်။

လန်ပိအဏ္ဏဝါအမျိုးသားဥယျာဉ်မှာ ဝေးလံသောဒေသတွင်တည်ရှိရာ ၎င်းနေရာသို့ သင်္ဘော/စက်လှေကြီးများဖြင့် သွားရောက်ရသည့်ခရီး အတွေ့အကြုံကို ခရီးသွားများ နှစ်ခြိုက်ကြမည် ဖြစ်ပါသည်။

အဏ္ဏဝါရေပြင်လေ့လာသူများအတွက် အခြေစိုက်စခန်းများအား ကမ်းခြေ နေရာနှင့် ကျွန်းအချို့တွင် တည်ထောင်ရန်လိုအပ်မည်ဖြစ်သလို လန်ပိကျွန်းမကြီးအတွင်းပိုင်း

သစ်တောများအတွင်း လေ့လာလိုသူများ နားနေနိုင်ရန် အခြေစိုက်စခန်းများလည်း တည်ထောင်ရန် လိုအပ်ပါသည်။ ထိုပုဂ္ဂိုလ်များအနေဖြင့် နေ့အချိန်ကျက်စားသည့် တိရစ္ဆာန်များနှင့် တွေ့ဆုံနိုင်သလို ညအချိန်ကျက်စားသည့် တိရစ္ဆာန်များလည်း တွေ့ရဖွယ်ရှိပါသည်။ အခြေစိုက်စခန်းများအား စနစ်တကျ စီမံအုပ်ချုပ်ထားခြင်းဖြင့် ခရီးသွားလုပ်ငန်း၊ ဥယျာဉ်စီမံအုပ်ချုပ်လုပ်ငန်းနှင့် လုံခြုံရေးလုပ်ငန်းများ အပြန်အလှန် အကျိုးပြုနိုင်ပါသည်။

ဒေသခံပြည်သူများ၏ မသိမှုကြောင့် ပတ်ဝန်းကျင်ထိခိုက် ပျက်စီးနိုင်သော်လည်း ၎င်းတို့အား ပညာပေးစည်းရုံးခြင်းဖြင့် မိမိတို့၏ဘက်တော်သားများ ဖြစ်လာကာ ဥယျာဉ်ထိန်းသိမ်းကာကွယ်မှုတွင် အကျိုးပြုလာနိုင်ပါသည်။ တစ်ဘက်တွင်လည်း လိုအပ်မည့်လုပ်အား၊ လမ်းပြ၊ လှေမောင်းသူများအဖြစ် ဆောင်ရွက်ပြီး လတ်ဆတ်သော ပင်လယ်ငါး၊ ပုဇွန် စသည့် အစားအစာများလည်း ထုတ်လုပ်ပေးနိုင်မည် ဖြစ်ပါ၍ ခရီးသွားများအတွက် စိတ်ဝင်စားဖွယ် ဖြစ်ပါသည်။

လန်ပိအဏ္ဏဝါအမျိုးသားဥယျာဉ်အတွင်း ခရီးသွားလုပ်ငန်းဆိုင်ရာ ညွှန်ကြားချက်များ ပြင်ဆင်ခြင်း၊ ဒေသခံဧည့်လမ်းညွှန်နှင့် ဥယျာဉ်ဝန်ထမ်းများအား သဘာဝအခြေခံခရီးသွားလုပ်ငန်းဆိုင်ရာ သင်တန်းပေးခြင်း၊ ဥယျာဉ်အတွင်းနှင့်ပြင်ပဩ ကျေးရွာသားများဦးစီးသော သဘာဝအခြေခံခရီးသွားလုပ်ငန်းများ မြှင့်တင်ဖွံ့ဖြိုးစေခြင်း၊ ဒေသခံနှင့်ကမ္ဘာလှည့်ဧည့်သည်များအတွက် သဘာဝအခြေခံခရီးသွားလုပ်ငန်းနှင့် ထိန်းသိမ်းရေးဆိုင်ရာ ပညာပေးဌာနတစ်ခုတည်ထောင်ရန် လိုအပ်ပါသည်။

လန်ပိအဏ္ဏဝါအမျိုးသားဥယျာဉ်အတွင်း ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေးကို တည်ဆဲမြန်မာနိုင်ငံဥပဒေများပါ ညွှန်ကြားချက်များကို လိုက်နာကာ ဆီလျော်အောင် အကောင်အထည်ဖော်သွားမည်ဖြစ်ပါသည်။

### ၉.၆.၁.၈ ဇီဝမျိုးစုံမျိုးကွဲစာရင်းကောက်ယူခြင်း

လန်ပိအဏ္ဏဝါအမျိုးသားဥယျာဉ်တွင် အမြဲစိမ်းသစ်တောမျိုး (၁၉၅)မျိုး၊ ဒီရေတောသစ်မျိုး (၆၃)မျိုး၊ ပင်လယ်ရေမှော်(၇၃) မျိုး၊ ပင်လယ်မြက် (၁၁) မျိုး၊ နို့တိုက်သတ္တဝါ မျိုးစိတ်(၁၉)မျိုး၊ ငှက်မျိုးစိတ်(၂၂၈)မျိုး၊ တွားသွား သတ္တဝါ (၁၉)မျိုး၊ ကုန်းနေ/ရေနေ သတ္တဝါ(၁၀)မျိုး၊ ငါးမျိုးစိတ်(၄၂)မျိုး၊ ဂဏန်း(၄၂)မျိုး၊ ပင်လယ်မျှော့ (၅၃)မျိုး တို့ကိုလေ့လာမှတ်တမ်းတင်ထား ရှိပါသည်။

### ၉.၆.၁.၉ နေရင်းဒေသပြန်လည်တည်ထောင်ထိန်းသိမ်းခြင်း

လန်ပိအထ္ထာဝါအမျိုးသားဥယျာဉ်တွင် အမျိုးမျိုးသောအထ္ထာဝါကျက်စား ဒေသများက ၇၅% ကိုယ်စားပြုတည်ရှိနေစဉ်တွင် အမြဲစိမ်းတော ၂၂%၊ ဒီရေတော ၂% နှင့်သဲခုံသောင်ခြေတော ၁% အသီးသီးလည်းပါဝင် ဖုံးလွှမ်းလျက်ရှိသည်။ အမြဲစိမ်းတော၊ ဒီရေတောနှင့် သဲခုံသောင်ခြေတော အစုအဝေးများသည် လန်ပိအထ္ထာဝါအမျိုးသားဥယျာဉ်အတွက် အရေးပါသောကျက်စားဒေသများ ဖြစ်ကြသည်။ ဤကျက်စားဒေသများက ဥယျာဉ်၏သားငှက်တိရစ္ဆာန်များအတွက် သာမက သန္တာကျောက်တန်းနှင့် ပင်လယ်ရေအောက် မြက်ခင်းတောများကဲ့သို့သော အထ္ထာဝါ ဂေဟစနစ်များ အတွက်ပါ အရေးကြီးသော သဘာဝထွက်ကုန်တစ်မျိုး ဖြစ်သည့် ရေချိုရေသန့် ထုတ်လုပ်ပေးလျက်ရှိသည်။

သဘာဝဘေးအန္တရာယ်ကြောင့်သော်လည်းကောင်း၊ လူတို့၏ဝင်ရောက် စွက်ဖက်မှုကြောင့်သော်လည်းကောင်း၊ ယိုယွင်းပျက်စီးလျက်ရှိသော နေရင်းဒေသ သဘာဝတောများကို ပြန်လည် တည်ထောင်ထိန်းသိမ်းသွားမည် ဖြစ်ပါသည်။

### ၉.၆.၁.၁၀ ကြီးကြပ်စစ်ဆေးခြင်းနှင့်အကဲဖြတ်ခြင်း

စီမံကိန်းကာလအတွင်း လုပ်ဆောင်ရမည့်လုပ်ငန်းများကို သတ်မှတ် ထားသောကာလအတွင်း ဆောင်ရွက်နိုင်မှု ရှိ/မရှိနှင့် ပြီးစီးမှုအခြေအနေတို့ကို တာဝန်ရှိသူအဆင့်ဆင့်မှ ကြီးကြပ်စစ်ဆေးခြင်း၊ အကဲဖြတ်ခြင်းတို့ကို စဉ်ဆက်မပြတ် လုပ်ကိုင်နေရမည်ဖြစ်ပြီး မူလရည်ရွယ်ချက် ပြည့်မြောက်အောင် ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

## ၉.၆.၂ တောရိုင်းတိရစ္ဆာန်နှင့်သဘာဝအပင်များအုပ်ချုပ်လုပ်ကိုင်ခြင်း

### ၉.၆.၂.၁ အုပ်ချုပ်လုပ်ကိုင်မှုရည်မှန်းချက်များ

ကော့သောင်းခရိုင်အတွင်း တည်ထောင်ထားရှိသော လန်ပိအထ္ထာဝါ အမျိုးသားဥယျာဉ်နှင့် လေညာအဆိုပြုအမျိုးသားဥယျာဉ်များရှိ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ၏ ဂေဟစနစ်များကို ထိန်းသိမ်းကာကွယ် အုပ်ချုပ် လုပ်ကိုင်ရာတွင် အောက်တွင်ဖော်ထားသော ရည်မှန်းချက်များကို အဓိကထား၍ အကောင်အထည် ဖော်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

(က) အစိုးရ၏ တောရိုင်းတိရစ္ဆာန်နှင့်သဘာဝအပင်များ ကာကွယ်ရေး ဆိုင်ရာ မူဝါဒကို အကောင်အထည်ဖော်ရန်။

(ခ) အစိုးရ၏ သဘာဝနယ်မြေများ ထိန်းသိမ်းရေးဆိုင်ရာမူဝါဒကို အကောင် အထည် ဖော်ရန်။

(ဂ) တောရိုင်းတိရစ္ဆာန်နှင့်သဘာဝအပင်များ၊ သက်ရှိသက်မဲ့ ဖွဲ့စည်းမှုများနှင့် ရာသီအလိုက် ဒေသပြောင်းရွှေ့ကျက်စားလေ့ရှိသော ငှက်များကို ကာကွယ် ထိန်းသိမ်းရေးနှင့်စပ်လျဉ်း၍ နိုင်ငံတော်က လက်ခံသဘောတူသော အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းများနှင့်အညီ ဆောင်ရွက်ရန်။

(ဃ) မျိုးသုဉ်းမည့်အန္တရာယ်ရှိသည့် တောရိုင်းတိရစ္ဆာန်များ၊ သဘာဝအပင်များ နှင့် ယင်းတို့၏နေရင်းဒေသများကို ကာကွယ်ထိန်းသိမ်းရေးနှင့် အခြား ထူးခြားသည့် အသွင်အပြင်လက္ခဏာရှိသောနေရာဒေသများအား နိုင်ငံတော် ၏ယဉ်ကျေးမှုအမွေအနှစ်အဖြစ် ထိန်းသိမ်းရန်။

(င) သဘာဝသိပ္ပံဆိုင်ရာသုတေသနလုပ်ငန်းများကို အထောက်အကူဖြစ်စေရန်။

(စ) တိရစ္ဆာန်ဥယျာဉ်နှင့် ရုက္ခဗေဒဥယျာဉ်များ တည်ထောင်ခြင်းဖြင့် တောရိုင်း တိရစ္ဆာန် နှင့် သဘာဝအပင်များကို ကာကွယ်ရန်။

(ဆ) တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ထိန်းသိမ်းကာကွယ်ခြင်း ဆိုင်ရာ အသိပညာများ ပြည်သူလူထုအတွင်း စိမ့်ဝင်ပျံ့နှံ့ စေရန်။

(ဇ) ပြည်သူလူထုအတွက် အပန်းဖြေအနားယူမှု အခွင့်အလမ်းများ ဖော်ထုတ်ပြီး သဘာဝ အခြေခံ ခရီးသွားလုပ်ငန်းကို မြှင့်တင်ရန်။

## ၉.၆.၂.၂ အုပ်ချုပ်လုပ်ကိုင်မှုနည်းလမ်းများ

တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များကို သဘာဝထိန်းသိမ်းရေးနယ်မြေများ သတ်မှတ်၍ ကာကွယ်ရာတွင် သဘာဝထိန်းသိမ်းရေးနယ်မြေ အမျိုးအစား ကွဲပြား သည့်အတွက် လည်းကောင်း၊ ရည်ရွယ်ချက်ကွဲပြားသည့်အတွက် လည်းကောင်း အုပ်ချုပ်လုပ်ကိုင်မှုနည်းလမ်းများ ကွဲပြားခြားနားခြင်းဖြင့် အုပ်ချုပ်လုပ်ကိုင်ရန် လိုအပ်ပါသည်။

## ၉.၆.၂.၂.၁ နေရင်းဒေသအတွင်း/ပြင်ပကာကွယ်ထိန်းသိမ်းခြင်း

### နေရင်းဒေသအတွင်း ကာကွယ်ထိန်းသိမ်းခြင်း

မျိုးရိုးဗီဇ အရင်းအမြစ်များနှင့်ထူးခြားသော သွင်ပြင်လက္ခဏာများကို မူရင်း ဂေဟစနစ်များ နှင့်သဘာဝ နေရင်းဒေသများ အတွင်း ကာကွယ် ထိန်းသိမ်းရန် ဖြစ်ပါသည်။

### နေရင်းဒေသပြင်ပကာကွယ်ထိန်းသိမ်းခြင်း

ဇီဝမျိုးစုံမျိုးကွဲများကို နေရင်းဒေသအပြင်ဘက်တွင် ကာကွယ်ထိန်းသိမ်းထား ခြင်း ဖြစ်ပါသည်။

## ၉.၆.၂.၂.၂မျိုးစိတ်အလိုက်

မျိုးသုဉ်းမည့် အန္တရာယ်ရှိသည့် တောရိုင်းတိရစ္ဆာန်များ သဘာဝအပင်များနှင့် ၎င်းတို့၏ နေရင်းဒေသများကို ကာကွယ်ထိန်းသိမ်းရန် ဖြစ်သည်။

## ၉.၆.၂.၂.၃ တောရိုင်းတိရစ္ဆာန်နှင့်သဘာဝအပင်များ စာရင်းကောက်ယူခြင်း

သဘာဝထိန်းသိမ်းရေးနယ်မြေများရှိ တောရိုင်တောရိုင်းတိရစ္ဆာန်နှင့် သဘာဝ အပင်များကိုသဘာဝနယ်မြေအမျိုးအစားအလိုက် စာရင်းကောက်ယူရန် ဖြစ်ပါ သည်။

လန်ပိအဏ္ဏဝါအမျိုးသားဥယျာဉ်တွင် အမြဲစိမ်းသစ်တောမျိုး (၁၉၅) မျိုး၊ ဒီရေတောသစ်မျိုး (၆၃)မျိုး၊ နို့တိုက်သတ္တဝါ မျိုးစိတ်(၁၉)မျိုး၊ ငှက်မျိုး စိတ်(၂၂၈)မျိုး၊ တွားသွားသတ္တဝါ (၁၉)မျိုးတို့ကို မှတ်တမ်း တင်ခဲ့ပါသည်။

သစ်တောဦးစီးဌာနနှင့် အပြည်ပြည်ဆိုင်ရာတောရိုင်းတိရစ္ဆာန်နှင့်သဘာဝအပင် အဖွဲ့(FFI)တို့ ပူးပေါင်း၍လေ့လာအဆိုပြုအမျိုးသားဥယျာဉ်အတွင်း ကွင်းဆင်း လေ့လာခဲ့ရာမှာ နို့တိုက်သတ္တဝါများအပြင် ကြွံသူတော်အပါအဝင် မျိုးစိတ် စုစုပေါင်း(၂၁)မျိုး၊ မျိုးသုဉ်းရန် အန္တရာယ်နှင့်ရင်ဆိုင်နေရသည့် ငှက်မျိုစိတ် များ(တောင်ငုံးရင်မဲငှက်) အပါအဝင် စုစုပေါင်းငှက်မျိုးစိတ် (၂၆၀)တို့ကို မှတ်တမ်းတင်ခဲ့ပါသည်။

## ၉.၆.၂.၂.၄ သုတေသနလုပ်ငန်း

တောရိုင်းတိရစ္ဆာန်နှင့်သဘာဝအပင်များ ဆိုင်ရာဖြစ်စဉ် ပြောင်းလဲမှုများနှင့် ပတ်သက်သည့်သုတေသနလုပ်ငန်းရှိပါက လုပ်ကိုင်နိုင်ရေးအတွက် သင့်တော် သည့် သုတေသနလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

### ၉.၆.၃ အဖွဲ့အစည်း၊ လုပ်ထုံးလုပ်နည်းနှင့် ဥပဒေ စည်းမျဉ်းစည်းကမ်းများဆိုင်ရာ စီစဉ်ခန့်ခွဲမှု

သဘာဝထိန်းသိမ်းရေးနယ်မြေအတွက် သစ်တောဦးစီးဌာန၊ သဘာဝဝန်းကျင်နှင့် သားငှက်တိရစ္ဆာန်ထိန်းသိမ်းရေးဌာနမှ ဘုတ်ပြင်းမြို့တွင် လန်ပိအဏ္ဏဝါအမျိုးသားဥယျာဉ်၊ အုပ်ချုပ်ရေးမှူးရုံးဖွင့်လှစ်ပြီး အုပ်ချုပ်ရေးမှူး (၁)ဦးအပါ ဝန်ထမ်း (၇)ဦး၊ ပုတ်ပြတ်(၃)ဦးတို့အား ခန့်ထားပြီး သဘာဝနယ်မြေထိန်းသိမ်းရေး လုပ်ငန်းကို ဆောင်ရွက်လျက်ရှိပါသည်။

### ၉.၆.၄ ဘတ်ဂျက်နှင့်ဘဏ္ဍာရေး

သဘာဝထိန်းသိမ်းရေးနယ်မြေများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လိုအပ်သည့် အသုံးစရိတ်များကို ဘုတ်ပြင်းမြို့ရှိ လန်ပိအဏ္ဏဝါအမျိုးသားဥယျာဉ်၊ အုပ်ချုပ်ရေးမှူးမှ တွက်ချက်၍ တင်ပြတောင်းခံသွားမည် ဖြစ်ပါ သည်။

## ၉.၇ သစ်တောကာကွယ်ခြင်း

### ၉.၇.၁ နယ်နိမိတ်သတ်မှတ်ပြင်ဆင်ထိန်းသိမ်းခြင်း

ကြိုးဝိုင်းနှင့် အကွက်နယ်နိမိတ်များကို ပြင်ဆင်ထိန်းသိမ်းရာတွင် လက်အောက်အမှုထမ်းများ အမြဲလိုက်နာရန် အမိန့်လက်စွဲ အခန်း(၆)၊ စာမျက်နှာ ၅၀-၅၇ တွင် ဖော်ပြထားချက်အတိုင်း ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

#### ၉.၇.၁.၁ ကြိုးဝိုင်းနယ်နိမိတ်

ခရိုင်အတွင်းရှိ မြို့နယ်အသီးသီးတွင် ကြိုးဝိုင်းများကို (၁၀) နှစ်တာ ကာလအတွင်း အစီအစဉ်ရေးဆွဲ၍ ပြင်ဆင်သွားမည် ဖြစ်ပါသည်။ ကြိုးဝိုင်းပြင်ဆင်ခြင်းလုပ်ငန်းနှင့်အတူ လူအများဖြတ်သန်းသွားလာပြီး လူနေရပ်နှင့်နီးစပ်သောနေရာများတွင် ပညာပေး၊ သတိပေးနှင့် ကြော်ငြာဆိုင်းဘုတ်များ ကို စိုက်ထူထားရှိမည်ဖြစ်ပါသည်။ ထို့အပြင် သစ်တောဝန်ထမ်းများမှ လုပ်ငန်းခွင်ဝင်ရောက်သည့်အချိန်များတွင် ကြိုးဝိုင်းနယ်နိမိတ်များကို ပျက်စီးနေကြောင်း တွေ့ရှိပါက လက်ထောက်ညွှန်ကြားရေးမှူးထံ တင်ပြ၍ အထူးခွင့်ပြုမိန့်တောင်းခံပြီး ပြင်ဆင်သွားမည် ဖြစ်ပါသည်။ ခရိုင်အတွင်းရှိ ကြိုးဝိုင်းများကို (၁၀)နှစ်တာ ကာလအတွင်း ပြင်ဆင်ရန် အစီအစဉ်ကို **အတွဲ(၂)၊ ဇယား(၉-၇-၁-၁)**တွင် ရေးဆွဲဖော်ပြထားပါသည်။

## စီမံကိန်းကာလအတွင်းကြိုးဝိုင်းနယ်နိမိတ်ပြင်ဆင်ရန်လျာထားချက်

ဇယား(၉-၇-၁-၁)

| မြို့နယ် | ကြိုးဝိုင်း | နယ်နိမိတ် အလျား (မိုင်) | ပြင်ဆင်ရမည့်နှစ်အလိုက်အလျားမိုင် (လျာထားချက်) | | | | | | | | | | မှတ် ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | ၂၀၁၆-၂၀၁၇ | ၂၀၁၇-၂၀၁၈ | ၂၀၁၈-၂၀၁၉ | ၂၀၁၉-၂၀၂၀ | ၂၀၂၀-၂၀၂၁ | ၂၀၂၁-၂၀၂၂ | ၂၀၂၂-၂၀၂၃ | ၂၀၂၃-၂၀၂၄ | ၂၀၂၄-၂၀၂၅ | ၂၀၂၅-၂၀၂၆ | |
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) | (၈) | (၉) | (၁၀) | (၁၁) | (၁၂) | (၁၃) | (၁၄) |
| ကော့သောင်း | ပါချန် | ၁၈၅ | ၁၀ | ၁၀ | ၁၀ | ၁၀ | ၁၀ | ၁၀ | ၁၀ | ၁၀ | ၁၀ | ၁၀ | |
| ဘုတ်ပြင်း | လေညာ | ၁၄၈ | - | - | - | - | - | ၁၀ | ၁၀ | ၁၀ | ၁၀ | ၁၀ | |
| | **စုစုပေါင်း** | **၃၃၃** | **၁၀** | **၁၀** | **၁၀** | **၁၀** | **၁၀** | **၂၀** | **၂၀** | **၂၀** | **၂၀** | **၂၀** | |

**ဇစ်မြစ်-၂၀၁၅ ခုနှစ်၊ ခရိုင်သစ်တောဦးစီးဌာန၊ ကော့သောင်းမြို့။**

ကြိုးဝိုင်းနယ်နိမိတ်ပြင်ဆင်ရာတွင် နှစ်စဉ်လျှာထားချက် အလျားမိုင်များမှာ နည်းသည့်အပြင် ခွင့်ပြုရန်ပုံငွေမှာလည်း အကျိုးရှိ ထိရောက်အောင် ပြင်ဆင်ရန် အခက်အခဲရှိပါသည်။ သင့်တော်လျော်ကန်သော ရန်ပုံငွေကို ခွဲဝေချမှတ်ပေးပြီး အထူးကိစ္စတစ်ရပ်အနေဖြင့် အလေးထား ဆောင်ရွက်ပါမှ သတ်မှတ်ကာလအတွင်း ကြိုးဝိုင်းများအားလုံးကို နယ်နိမိတ်ပြင်ဆင်ခြင်း လုပ်ငန်းပြီးစီးမည်ဖြစ်ပါသည်။

### ၉.၇.၁.၂ အကွက်နယ်နိမိတ်ပြင်ဆင်ခြင်း

သစ်တောလုပ်ငန်းများဖြစ်သည့် သစ်မာပင်ထောင်ရိုက်မှတ်ခြင်း လုပ်ငန်းများ ဆောင်ရွက်သည့်အခါတိုင်း အကွက်နယ်နိမိတ်များကို ပြင်ဆင်သွားရန် ဖြစ်ပါသည်။ သစ်တောလုပ်ငန်းမရှိသည့် မြို့နယ်များတွင် (၅)နှစ် တစ်ကြိမ် သို့မဟုတ် (၁၀)နှစ် တစ်ကြိမ် ရန်ပုံငွေ ခွင့်ပြုချက်ပေါ် မူတည်၍ အကွက်နယ်နိမိတ်များကို ပြင်ဆင်သွားမည် ဖြစ်ပါသည်။ သစ်တော လုပ်ငန်းဆောင်ရွက်တိုင်း သက်ဆိုင်ရာ တာဝန်ကျဝန်ထမ်းမှ အကွက် နယ်နိမိတ်များ အခြေအနေကို မြို့နယ်ဦးစီးအရာရှိထံ တင်ပြ အစီရင်ခံ နေမည်ဖြစ်ပါသည်။ ထို့ပြင် ကြိုးဝိုင်းအတွင်း ဖြတ်သန်းသွားသော မော်တော်ကားလမ်းများ၊ ရထားလမ်းများ၊ လှည်းလမ်းများရှိပါက အကွက် နယ်နိမိတ်များတွင် သတိပေး၊ ပညာပေးနှင့် ကြော်ငြာဆိုင်းဘုတ်များ စိုက်ထူထားရှိမည် ဖြစ်ပါသည်။

## ၉.၇.၂ မီးကာကွယ်ခြင်း

ရုံး၊ ဌာနပိုင် အဆောက်အဦးများ ၊ ပစ္စည်းနှင့် ဝန်ထမ်းနေအိမ်များ၊ မီးဘေး အန္တရာယ် ကင်းဝေးစေရန် နှစ်စဉ်နွေရာသီမရောက်မီ မီးဘေးကြိုတင်စီမံချက် ရေးဆွဲပြီး စီမံချက်ပါအတိုင်း မီးချိတ်၊ မီးကပ်များ၊ ရေပုံးများ၊ မီးသတ်ဘူးများ၊ ထားရှိခြင်းကို ဆောင်ရွက်ပါမည်။ ရေကန်များတွင် ရေများဖြည့်ထားပေးပါ မည်။ ဝန်ထမ်းများကို နေ့/ည တာဝန်ချထား၍ ကာကွယ်စောင့်ရှောက်ပါမည်။ မီးလောင်မှုဖြစ်ပွားပါက မိမိတာဝန်ယူရသောနေရာ မီးကူးစက်လောင်ကျွမ်းခြင်းမရှိရအောင် ဆက်သွယ်ရမည့် လမ်းကြောင်းများ အကူအညီရယူရသည့် နေရာများကို ကြိုတင်ပြောကြားထားပြီး မီးငြိမ်းသတ်ခြင်းလုပ်ငန်းကို လေ့ကျင့်သင်ကြားပေးထားပါမည်။ မီးဘေးအန္တရာယ် ဆိုးဝါးပုံကို ရုပ်ပုံ၊ ပိုစတာ၊ ရုပ်ရှင်၊ ရုပ်မြင်သံကြားတို့မှ ပညာပေးဖြန့်ဖြူးနေသည်ကို ကြည့်ရှုစေ၍ ဤသို့ အန္တရာယ်ဆိုးများ မကျရောက်အောင် မီးသတိပြုရေး လှုံ့ဆော် ဆောင်ရွက်သွား မည် ဖြစ်ပါသည်။

သစ်နှင့် သစ်တောထွက်ပစ္စည်းများ ထုတ်လုပ်သောအဖွဲ့အစည်းများ အနေဖြင့်လည်း မီးဘေးအန္တရာယ်မကျရောက်အောင် ကြိုတင်ကာကွယ်မှုကို လိုက်နာဆောင်ရွက်ရန် တွန်းအားပေးဆောင်ရွက်နေမည် ဖြစ်ပါသည်။ မီးဘေးကာကွယ်ထားသော ဧရိယာအတွင်း ဖြတ်သန်းသွားလာသော ကျေးရွာသားများအား မီးဘေးအန္တရာယ်ကာကွယ်ရေး စီမံချက်ပါအတိုင်း လိုက်နာဆောင်ရွက်ရန် ဆောင်ရွက်ရမည်ဖြစ်ပြီး မလိုက်နာပါ က ဥပဒေအရ ထိရောက်စွာ အရေးယူ ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

## ၉.၇.၃ ပိုးမွှားနှင့်ရောဂါအန္တရာယ်ကာကွယ်ခြင်း

ခရိုင်အတွင်းရှိ သဘာဝတောများနှင့် သစ်တောစိုက်ခင်းများတွင် ပိုးမွှားနှင့် ရောဂါအန္တရာယ်များကျရောက်ပါက ဖြစ်ပွားမှုအခြေအနေပေါ်မူတည်၍ သစ်တောသုတေသနဌာန၊ မြန်မာ့စိုက်ပျိုးရေးဌာနတို့နှင့် ညှိနှိုင်းပြီး လိုအပ်သော ပိုးသတ်ဆေး၊ မှိုသတ်ဆေးများကိုရယူ၍ ကျရောက်သော ပိုးမွှားရောဂါနှင့် အခြားရောဂါများကို ကာကွယ်သွားမည် ဖြစ်ပါသည်။ ယခင် မှတ်တမ်းများအရ ပိုးမွှားနှင့် ရောဂါအန္တရာယ်များ ဆိုးရွားစွာ ကျရောက် ခြင်း မရှိခဲ့ကြောင်း သိရှိရပါသည်။

## ၉.၇.၄ လှည့်လည်စစ်ဆေးခြင်း

ခရိုင်အတွင်းကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တောနှင့် သစ်တောစိုက်ခင်းများကို ကာကွယ်စောင့်ရှောက်ရန် ဘီနယ်တာဝန်ခံများက မိမိတာဝန်ယူရသော ဘီနယ်အတွင်း လှည့်လည် စစ်ဆေးပြီးတွေ့ရှိချက်များကို မြို့နယ်ဦးစီးမှူးထံ တင်ပြရမည်။ စိုက်ခင်းများတွင်လည်း စိုက်ခင်းတာဝန်ခံဝန်ထမ်းများကို သီးသန့်တာဝန်ပေးထားပါသည်။ မြို့နယ်မှလည်း သစ်တောထိန်းသိမ်းရေးလုပ်ငန်းအတွက် လှုပ်ရှားအဖွဲ့များဖွဲ့စည်း၍ အလျဉ်းသင့်သလိုလှည့်လည်စစ်ဆေးဆောင်ရွက်သွားပါမည်။ ၎င်းလှည့်လည်စစ်ဆေးသည့်အဖွဲ့များသည် ကြိုးဝိုင်း / ကြိုးပြင်ကာကွယ်များအတွင်း ကျူးကျော်တောင်ယာခုတ်ခြင်း၊ တရားမဝင်သစ်ထုတ်ယူခြင်းနှင့် အခြားသစ်တောပြစ်မှုများကို ဖောက်ဖျက်ကျူးလွန်ခြင်းများကို တွေ့ရှိရပါက မြို့နယ်ဦးစီးအရာရှိများမှ သစ်တောဥပဒေအရ အရေးယူဆောင်ရွက်ချက်များကို လက်ထောက်ညွှန်ကြားရေးမှူးထံ တင်ပြအစီရင်ခံနေမည်ဖြစ်ပါသည်။

## ၉.၇.၅ ကြိုးဝိုင်းတော၊ ကြိုးပြင်ကာကွယ်တောများဖွဲ့စည်းခြင်း

စီမံကိန်းကာလအတွင်း ကြိုးဝိုင်းတောဖွဲ့စည်းရန် အစီအစဉ်ရှိပါသည်။ ဘုတ်ပြင်းမြို့နယ်တွင် ရေငုံကြီးဒီရေတော(၃၂၁၆၀)ဧကအား သစ်တောရေးရာဝန်ကြီးဌာန၊ ဝန်ကြီးရုံး၏(၂၃.၁၀.၂၀၀၉)ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၄၈/၀၉)ဖြင့် ရည်ရွယ်ကြောင်းကြော်ငြာထားပြီးဖြစ်ပါသည်။

လက်ရှိတွင် ကြေးတိုင်ပုံစံများပြုစုဆောင်ရွက်ဆဲဖြစ်ပါသည်။

စီမံကိန်းကာလအတွင်း ကြိုးပြင်တောတွင် ဖွဲ့စည်းထားသော ထုတ်လုပ်ရေး အလုပ်တိုက်နယ်များ၊ ကြိုးပြင်တောတွင် ဒီရေတောကောင်းမွန်သည့် ဧရိယာများကို ကြိုးပြင်ကာကွယ်တောများ ဖွဲ့စည်းဆောင်ရွက်သွားပါမည်။

စီမံကိန်းကာလအတွင်း တိုးချဲ့ဖွဲ့စည်းသွားမည့် ကြိုးဝိုင်း/ ကြိုးပြင်ကာကွယ်တော စာရင်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

**စီမံကိန်းကာလအတွင်း တိုးချဲ့ဖွဲ့စည်းသွားမည့် ကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တောများ စာရင်း**

| စဉ် | ကြိုးဝိုင်းတော/ကြိုးပြင် ကာကွယ်တောအမည် | တည်ထောင် မည့်ခုနှစ် | ဧရိယာ (ဧက) | မှတ်ချက် |
|---|---|---|---|---|
| (၁) | (၂) | (၃) | (၄) | (၅) |
| ၁ | ရေင်ကြီးဒီရေတော ကြိုးပြင်ကာကွယ်တော | | ၂၈၇၀၃ | ရည်ရွယ်ကြောင်း အမိန့်ကြော်ငြာစာထွက်ပြီး |
| ၂ | ဘုံခွန်း ကြိုးပြင်ကာကွယ်တော | | ၃၄၉၁၄ | အဆိုပြုရန် |
| ၃ | မနိုးရုံး ကြိုးပြင်ကာကွယ်တော | | ၃၄၂၀၂ | ॥ |
| ၄ | ကြိမ်မဲဒီရေတော ကြိုးပြင်ကာကွယ်တော | | ၉၂၁၄ | ॥ |
| ၅ | ဟန်ကဒိုင်းဒီရေတော ကြိုးပြင်ကာကွယ်တော | | ၂၃၃၀ | ॥ |
| ၆ | ဟန်ကချင်းဒီရေတော ကြိုးပြင်ကာကွယ်တော | | ၁၃၉၉၉ | ॥ |
| ၇ | တောင်ငယ်ဒီရေတော ကြိုးပြင်ကာကွယ်တော | | ၁၀၉၀၀ | ॥ |
| ၈ | ရွှေဂဲညိုဒီရေတော ကြိုးပြင်ကာကွယ်တော | | ၉၃၀၀ | ॥ |
| | **စုစုပေါင်း** | | **၁၄၃၅၆၂** | |

## ၉.၈ လေ့ကျင့်ရေး၊ သုတေသနနှင့်ဖွံ့ဖြိုးရေး

### ၉.၈.၁ လေ့ကျင့်ရေး

ခရိုင်အတွင်းရှိ ဝန်ထမ်းများ၏ လုပ်ရည်ကိုင်ရည်၊ အရည်အသွေးမြင့်မား တိုးတက်ရန် အတွက် ပြည်တွင်းပြည်ပသင်တန်းများ၊ လေ့လာရေးခရီးစဉ်များ၊ အလုပ်ရုံဆွေးနွေး ပွဲများတက်ရောက်စေခဲ့ပါသည်။ စီမံကိန်းကာလအတွင်းတွင်လည်း သစ်တောဦးစီး ရုံးချုပ်၊ လေ့ကျင့်ရေးနှင့် သုတေသနဌာနခွဲနှင့်ညှိနှိုင်းပြီး သင်တန်းများ၊ အလုပ်ရုံ ဆွေးနွေးပွဲများကို ဝန်ထမ်းများတက်ရောက်ရေး အတွက် စီစဉ်ဆောင်ရွက်ပေးသွားမည် ဖြစ်ပါသည်။

### ၉.၈.၂ သုတေသန

ကော့သောင်းခရိုင်အတွင်း ကြိုးဝိုင်း၊ ကြိုးပြင်တောများအတွင်း သုတေသနလုပ်ငန်း အား ဆောင်ရွက်ထားခြင်း မရှိပါ။

### ၉.၈.၃ ဖွံ့ဖြိုးရေး

ခရိုင်အတွင်းဝန်ထမ်းများကို ပြည်တွင်းပြည်ပသင်တန်းများ၊ လေ့လာရေးခရီးစဉ်များ သွားရောက်စေခြင်းဖြင့် အသိဉာဏ်ပညာကြွယ်ဝခြင်း၊ နိုင်ငံတကာတွင် တိုးတက်နေ သော အတွေးအမြင်များကို ခံစားသိရှိရခြင်း၊ ဗဟုသုတများ တိုးပွားခြင်း၊ လုပ်ငန်းခွင် အတွေ့အကြုံပိုမိုရင့်ကျက်ခြင်း၊ ခေတ်မီနည်းပညာရပ်များကို ဆည်းပူးရမိခြင်း၊ စသော အကျိုးခံစားမှုများရရှိပြီး မိမိသိရှိရရှိလာသော အတွေ့အကြုံ၊ ဗဟုသုတများကို လုပ်ငန်းခွင်တွင် အသုံးချပြီးမိမိလုပ်ငန်းများ တိုးတက်အောင်ဆောင်ရွက်ခြင်းဖြင့် လည်းကောင်း၊ မိမိနှင့်အတူ လုပ်ငန်းခွင်တွင်ထိတွေ့နေသောဝန်ထမ်းများ၊ လုပ်သား ပြည်သူများကို ထပ်ဆင့်ဗဟုသုတ တိုးပွားအောင်ဆောင်ရွက်ပေးခြင်း၊ ၎င်းတို့နှင့်အတူ လုပ်ငန်းခွင်တွင် လုပ်ငန်းများတိုးတက်လာအောင် ဆောင်ရွက်ခြင်းဖြင့် လည်းကောင်း၊ ဝန်ထမ်းများနှင့် လုပ်သားပြည်သူများတွင် နည်းပညာပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု ရှိလာမည် ဖြစ်ပါသည်။

ဝန်ထမ်းများကိုလုပ်ငန်းခွင်သင်တန်းများ တက်ရောက်စေခြင်းဖြင့် ဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြင့်တက်လာပြီး ဗဟုသုတတိုးပွားရန် သင်တန်းတွင်ရရှိသော အတွေ့ အကြုံဗဟုသုတများကို လုပ်ငန်းခွင်တွင် အသုံးချခြင်းဖြင့် လုပ်ငန်းများ စွမ်းရည် မြင့်မားပြီး နိုင်ငံ့အတွက် အကျိုးရှိမည် ဖြစ်ပါသည်။ လုပ်ငန်းခွင် စွမ်းဆောင်ရည်

မြင့်မားပါမှလုပ်ငန်းတွင် ပါဝင်ဆောင်ရွက်နေကြသောလုပ်သားပြည်သူများနှင့်လုပ်ငန်း ရလာဒ်အပေါ် အကျိုးခံစားခွင့်ရှိသော ပြည်သူများ၏ လူမှုစီးပွားရေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုများ ဖြစ်ပေါ်လာမည် ဖြစ်ပါသည်။

## ၉.၉ သစ်တောအခြေခံလုပ်ငန်း

### ၉.၉.၁ ပြည်သူပိုင်ကဏ္ဍ

ခရိုင်အတွင်း မြန်မာ့သစ်လုပ်ငန်းပိုင် သစ်စက်မရှိပါ။

### ၉.၉.၂ သမဝါယမပိုင်ကဏ္ဍ

ခရိုင်အတွင်း သမဝါယမကဏ္ဍမှ သစ်တောအခြေခံစက်မှုလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ခြင်း မရှိသေးကြောင်းတွေ့ရှိရပါသည်။ စီမံကိန်းကာလအတွင်း သစ်တောအခြေခံ စက်မှုလုပ်ငန်းများတွင်သမဝါယမအဖွဲ့အစည်းများမှ ပါဝင်ဆောင်ရွက်လာစေရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားရမည် ဖြစ်ပါ သည်။

### ၉.၉.၃ ဖက်စပ်ပိုင်ကဏ္ဍ

မြန်မာ့သစ်လုပ်ငန်းမှ ထုတ်လုပ်သောသစ်များကို သစ်တောထွက်ပစ္စည်း ဖက်စပ်ကော်ပိုရေးရှင်းမှ ဝယ်ယူ၊ ခွဲစိတ်၊ ဖြန့်ဖြူးရောင်းချခြင်းဖြင့်လည်းကောင်း၊ မြန်မာ့သစ်လုပ်ငန်းအမည်ခံ၍ သစ်တောထွက်ပစ္စည်းဖက်စပ် ကော်ပိုရေးရှင်းမှ သစ်များထုတ်လုပ်၊ ခွဲစိတ်၊ ဖြန့်ဖြူးရောင်းချခြင်းများကို ခရိုင်အတွင်း၌ စီမံကိန်းကာလအတွင်း ဆောင်ရွက်လာရေးအတွက် စီစဉ်ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ဘုတ်ပြင်းမြို့နယ် သဘာဝနယ်မြေတွင် ဒီရေတောသစ်မျိုးများနှင့် သဘာဝသားငှက်တိရစ္ဆာန်များလေ့လာရေးအတွက် သဘာဝအခြေခံခရီးသွားလုပ်ငန်းကို သစ်တောဦးစီးဌာနနှင့် ရင်းနှီးမြှပ်နှံလိုသူများ သို့မဟုတ် ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းတို့နှင့်ဖက်စပ် လုပ်ကိုင်ဆောင်ရွက်သွားရမည် ဖြစ်ပါသည်။

### ၉.၉.၄ ပုဂ္ဂလိကပိုင်ကဏ္ဍ

ခရိုင်အတွင်းသစ်အခြေခံစက်မှုလုပ်ငန်းများဖြစ်သော ပရိဘောဂလုပ်ငန်းများ၊ သစ်ဆိုင်များ၊ သစ်တောထွက်ပစ္စည်းများအရောင်းဆိုင်များ၊ သစ်အချောထည်လုပ်ငန်းများ၊ လယ်ယာသုံးကိရိယာလုပ်ငန်းများ၊ ထုပ်ပိုးသေတ္တာလုပ်ငန်းများကို ပုဂ္ဂလိကများက လုပ်ကိုင်ဆောင်ရွက်နေကြပြီဖြစ်ရာ ဖွံ့ဖြိုးတိုးတက်စွာလုပ်ကိုင်နိုင်ရေးအတွက်စီမံကိန်း

ကာလအတွင်း ကုန်ကြမ်းပစ္စည်းဖြစ်သော သစ်နှင့်သစ်တောထွက်ပစ္စည်းများကို စနစ်တကျ ဆက်လက် ထုတ်လုပ်ဖြန့်ဖြူးရောင်းချပေးရေးကိုဆောင်ရွက်သွားရမည်ဖြစ်ပါသည်။ ကုန်ကြမ်းရရှိနိုင်မှုအပေါ် မူတည်၍ ပုဂ္ဂလိကလုပ်ငန်းရှင်များအနေဖြင့် လုပ်ငန်းများကို ရင်းနှီးလုပ်ကိုင်သွားကြမည်သာ ဖြစ်ပါသည်။

## ၉.၁၀သဘာဝဝန်းကျင်နှင့်ပတ်သက်၍ ထည့်သွင်းစဉ်းစားရမည့်အချက်များ

